www.burmeseclassic.com

BURMESE CLASSIC

လှိုင်စာပေ

မြပုလဲခင်

# ပုံဆောင်ခဲ

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်သူ
ဦးမောင်လှိုင် (မြဲ ဝ၃၈၅၄)
အမှတ် ၅၃၃၊ အင်းတော်လမ်း
၆၄ ရပ်ကွက်၊ စက်မှုဇုန် (၂)
ဒဂုံမြို့သစ်တောင်ပိုင်း။



ထုတ်ဝေသူ
ဦးမောင်လှိုင်
လှိုင်စာပေ
၁၉၆ (ပ) ထပ်၊ လ[illegible]
ကျောက်တံတားမြို့[illegible]

# မြပုလဲခင်

# ပုံ[illegible]ာင်ခဲ

လုံး[illegible]ဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - [illegible]
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၆၄၀၅၀၁
မျက်နှာဖုံးပန်းချီ - ကိုမြင့်သူရ
ကွန်ပျူတာစာစီ - Asia Glory
ပထမအကြိမ်
ဖေဖော်ဝါရီလ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - [illegible]၀ ကျပ်



BURMESE CLASSIC

## ဒို့တာဝန်အရေး (၃)ပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



မြပုလဲခင်

# ပုံဆောင်ခဲ

လှိုင်တပေ

www.burmeseclassic.com

www.burmeseclassic.com







တစ်ရံရောအခါ. . .

အလွန်မိုးသည်းထန်စွာ ရွာသွန်းနေသော သန်းခေါင်ယံ၏ညတစ်ညဌ် ဖြစ်သည်။

မြို့ကြီးပြကြီးနှင့်လည်း အလှမ်းဝေးကွာသော ရွာကြီးတစ်ရွာ၏ ရှေးဟောင်း နှစ်ဆောင်ပြိုင်အိမ်ကြီးအတွင်း၌ ဖြစ်သည်။ ပိတ်ထားသောအိပ်ခန်းတစ်ခန်း၏တံခါးဝရှေ့ ကြမ်းပြင်ပေါ်၌ ယောက်ျားလေး(၄)ယောက် စုရုံးကာ ထိုင်နေကြသည်။

အကြီးဆုံးကောင်လေးကမှ အသက် (၁၀)နှစ်သာသာရှိဦးမည်။ အငယ်ဆုံးကောင်လေးက နှစ်ခါလည်မျှသာ ရှိသေးသည်။

ကောင်လေးများ၏မျက်ဝန်းဝယ် ထိတ်လန့်တုန်လှုပ်မှုများ ပေါ်လွင်နေကြသည်။ သို့သော် ယောက်ျားကလေးသဖြင့်ကြောင့် မျက်ရည်များကတော့ကျဆင်းမလာကြချေ။

ထိုအခိုက်အတန့်လေးမှာပင် ပစ္စုန်မိုးမင်းက ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းပြီး ဝုန်းဒိုင်းကြဲရွာသွန်းချလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုးရေမိုးစက်တို့က နှစ်ဆောင်ပြိုင်အိမ်ကြီး၏သွပ်မိုးပေါ်
သို့ အရှိန်အဟုန်ပြင်းစွာ ကျဆင်းလာသောအခါ အိပ်ခန်းထဲ
ညည်းညူသံတို့ကို မကြားရတော့ပေ။ အမှန်တော့ ညည်းညူ
တို့သည် ထစ်ချုန်းမိုး၏အုပ်စိုးမှုအောက်မှာ ပျောက်ကွယ်သွား
ခြင်း ဖြစ်သည်။

'ကိုကြီး'

နှစ်ခါလည်ညီလေးကိုချီပိုးထားသော ဒေါ်နုဦး၏လက်
ဝဲဘက်၌ ထနောင်းညိုက ကပ်ထိုင်လိုက်သည်။

ထနောင်းညိုပေါင်ပေါ်သို့ ကျော်စံကားက ခေါင်းတင်
တိုးဝင်သည်။

'ဘာလဲ ကိုလတ်'

ဒေါ်နုဦးက ထနောင်းညိုကိုမေးလိုက်သည်။

'မေမေ ဘာလို့အော်နေတာလဲ'

'နာလို့ပေါ့ ဗိုက်နာလို့'

ဒေါ်နုဦးက ထနောင်းညို၏မေးခွန်းကို သူနားလည်သ
လို ဖြေလိုက်သည်။ ထိုအခါ ထနောင်းညိုပေါင်ပေါ်မှ ကျော်စံ
ကားက ခေါင်းလေးထောင်ကာ

'မေမေ ဗိုက်ဗိုက်ကြီးနာတာ ညီမလေးက ထွက်လာ
မို့လို့ပေါ့နော် ကိုလတ်'

'အင်း'

ထနောင်းညိုက ကျော်စံကား၏ခေါင်းကလေးကို ဖြ
လဲ့အိပ်နေစေပြီး လျှပ်ပန်း လျှပ်နွယ်တို့ လင်းလက်သွားသော



ကောင်းကင်ကြီးကို ကြည့်ကာ စိတ်ထဲ ကြောက်ရွံ့တုန်လှုပ်အား
ငယ်သွားသည်။

ခုအချိန်၌ အားကိုးရမည့်သူက ကိုကြီးဒေါ်နုဦးသာလျှင်
ရှိသည်။ ကိုကြီးသည် ညီလေး သော်ကဆန်ကို ပေါင်ပေါ်တွင်
သိပ်ထားပြီး ဘယ်လက်ဖြင့် ထနောင်းညိုကို ဖက်ထားလိုက်
သည်။

'ဖေဖေကလည်း ကြာလိုက်တာ'

'အမလေး အမေရေ. . .'

မိုးစက်မိုးပေါက်များ သွပ်ခေါင်မိုးပေါ် တဖြောင်းဖြောင်း
တဂျောင်းဂျောင်း ခုန်ပေါက်ဆင်းသံကြားက ဖောက်ထွင်းထွက်
ပေါ် လာသော မိခင်၏အသံနက်ကြီးကြောင့် ဒေါ်နုဦးပင်လျှင်
ကြည်သည်းမွှေးညင်းထသွားပြီး ငိုချင်လာသည်။

ထနောင်းညိုကတော့ ငိုလေပြီ။ ထနောင်းညို ငိုပြီဆို
တော့ ထနောင်းညိုပေါင်ပေါ်မှာ ခေါင်းတင်ပြီး အိပ်ရန်တာစူ
နေသော ကျော်စံကားသည် ထနောင်းညို ပေါင်ပေါ်သို့ လူတစ်
ကိုယ်လုံးတက်ထိုင်ကာ ထနောင်းညိုကိုဖက်ပြီး ငိုချလိုက်လေ
သည်။ ထိုအခါ ဒေါ်နုဦးပေါင်ပေါ်မှ နှစ်ခါလည်လူမမယ်လေး
သော်ကဆန်မှာ ထိတ်လန့်တကြားလန့်နိုးပြီးငိုလေသည်။

ကလေးများ၏ငိုသံက ကြွက်ကြွက်စီကာ ပေါ်ထွက်လာ
ချိန်၊ လေနီကြမ်းက ခပ်ရမ်းရမ်း မွှေ့လိုက်ရာ လျှပ်စစ်မီးများ
ဖြုတ်တောက်သွားပြီး အမှောင်ထုထဲသို့ ရုတ်ချည်း ကျရောက်
သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါနဦးမှာ ညီများကို လက်နှစ်ဘက်နှင့်သိမ်းကြုံးပွေ့ ပိုက်ထားလိုက်သည်။ ထိုအချိန်. . .

အူဝဲ. . အူဝဲ. . . အူဝဲ. .

အာခေါင်ခြစ်ကာ မိုးထစ်ချုန်းသံကို ဖောက်ထွင်းထွက် လာသော လူသားသစ်ကလေး၏လောကကို စိန်ခေါ်လိုက်သော ကြောင့် သူတို့အားလုံး၏ မျက်ရည်များသည် စီးဆင်းရာမှ ရပ်တန့်သွားလေတော့သည်။

*





## အပိုင်း(၁)



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

'ဟာ ကိုကြီးရာ။ ကျဉ်းတယ်ဗျာ ကျွန်တော် ဘယ်လို လုပ် ကစားရမှာလဲဗျ'

စိုးဇလပ်က တိုက်ခန်းထဲဝင်ဝင်ချင်း စိတ်မသက်သာစွာ နှင့်ပြောလိုက်သည်။

ကိုကြီးဒေါနဦးက -

'ကျဉ်းတာတွေကျပ်တာတွေ နောက်မှပြော လောလော ဆယ် ပတ္တည်းတွေသွားဝိုင်းသယ်၊ ကိုလတ်က ကားပေါ်မှာပစ္စည်း ကျန်မကျန်စစ်ဆေး၊ ကိုကြီးက ဒီမှာ တစ်ခါတည်းနေရာချေား လိုက်မယ်။ ဒေါ်မယ်က ကျွန်တော်နဲ့ပဲနေ၊ သွား . . ဆင်းတော့ အငယ်ကောင်'

ကိုကြီးဒေါနဦး၏စကားကို စိုးဇလပ်မှ ပွန်ဆန်ရဲ။

ကိုကြီးကို သူတို့ညီအစ်ကိုအားလုံးသည် ချစ်ကြောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသေခြင်း ဖြစ်သည်။ သူတို့ညီအစ်ကိုမှတင်မဟုတ်။ ဦးလေးမောင်နှင့်ဒေါ်မယ်ဥပင်လျှင် နာခံသည်။ နာခံလောက်အောင်လည်း ကိုကြီးဒေါနဦးသည် မှန်ကန်သောစကားကို ဆို၍ မှန်ကန်သောအလုပ်ကိုသာ လုပ်တတ်သူဖြစ်သည်။

စိုးဇလပ်တို့ ပြောင်းလာသည်ကို ကျန်တိုက်ခန်းများက ဝရံတာမှ ခေါင်းပြူကာ အလျှိုအလျှို ချောင်းကြည့်ကြသည်။ မည်သူတစ်ဦးတစ်ယောက်ကမှ 'ဘာလိုအပ်သေးသလဲ' 'ဝိုင်းကူသယ်ပေးရမလား'ဟု မမေးကြချေ။

အလုပ်သမားက သုံးယောက်ငှားထားသည်။ ကဒ်ထူစက္ကူပုံးများဖြင့် ပစ္စည်းများကိုထည့်ခဲ့သည်။ ကုတင်က ဆင်တူ ၅လုံး။

ဒါက ကိုကြီးဒေါနက ရန်ကုန်အရင်ဆင်းနှင့်ပြီး မှာယူထားခြင်း ဖြစ်သည်။ နယ်မှကားရောက်လာချိန်နှင့် တစ်ဆက်တည်းဆိုတော့ အလုပ်သမားခေါ်လာသည်ဟု အသေးစိတ်ကအစတွက်သော ကိုကြီးဖြစ်သည်။ တစ်နာရီပင် မပြည့်တတ်ခင်၌ ပစ္စည်းများအားလုံး အိမ်ပေါ်ရောက်ကုန်သည်။

'ကိုလတ် ပစ္စည်းတွေစုံပြီလားလို့ စစ်စမ်း၊ ဒေါ်မယ်ကားဆရာနဲ့အလုပ်သမားတွေကို စီပလပ်စ် တိုက်လိုက်ပါဦး'

ကားဆရာနှင့် စပယ်ယာက သူတို့နယ်မှ ဖြစ်သည်။ အလုပ်သမား ၃ဦးကတော့ ပရိဘောဂဆိုင်မှဖြစ်သည်။

'အကုန်လုံး စုံတယ် ကိုကြီး'

'ဟုတ်ပြီ ဒါဆို ကိုထွေး ကိုကြီးပိုက်ဆံအိတ်ပေးစမ်း'





ငွေကိုင်ကိုထွေး သော်ကဆန်က ကိုကြီး၏လက်ထဲသို့ ယောကျ်ားကိုင်ပိုက်ဆံအိတ်ကို ထည့်ပေးလိုက်သည်။

ကိုကြီးက ငွေအထပ်လိုက်ရေတွက်ပြီး ကားဒရိုင်ဘာလက်ထဲထည့်လိုက်သည်။ နောက် အလုပ်သမား၃ယောက်ကိုလည်း ငွေရှင်းပေးလိုက်သည်။

သူစိမ်းများပြန်သွားသည်နှင့် သံပန်းတံခါးကို ပိတ်ပြီး သစ်သားတံခါးကိုပါ ပိတ်လိုက်သည်။

'ဟင်း. . ကျဉ်းကျပ်လိုက်တာ ထောင်ထဲ ရောက်သွားသလိုပဲ'

စိုးဇလပ်က အမှုမဲ့အမှတ်မဲ့ ဦးထုပ်ကိုချွတ်ကာ ၄င်းနှင့်ပင် ယပ်ခတ်လိုက်ပြီး ပြောလိုက်လေသည်။ ကိုကြီးဒေါနဦးက သူ့ဘက် ဆတ်ခနဲလှည့်ကာ

'အငယ်ကောင် ဘာပြောလိုက်တာလဲ'

'ဟို. . .'

ကိုကြီး၏လေသံနှင့်အသံကြောင့် စိုးဇလပ် အမြီးကုပ်သွားသည်။ ထစ်ထစ်ငေါ့ငေါ့နှင့်အသံပင် မထွက်ရဲတော့. .။

'မဟုတ်နဲ့. . မင်း ထောင်ထဲရောက်ဖူးလို့လား ရောက်ဖို့အကြောင်းတော့ ရှိသလား နှုတ်က ပေါ့ပေါ့ဆဆနဲ့အပြောင်အပျက်ပြောတာမျိုးဖြစ်ပါစေ နမိတ်မရှိတဲ့စကား နိမ့်ပါးပြီးဒုက္ခရောက်စေတဲ့ မကောင်းတဲ့စကားမျိုး နောက်မပြောမိစေနဲ့ကြားလား။ ကိုလတ် မင်းအငယ်ကောင်ကို ဘယ်လိုထိန်းသိမ်းအုပ်ချုပ်ခဲ့သလဲကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ကိုကြီး ကျွန်တော်ညွှန်ဖွင့်သွားလို့ပဲ ထားလိုက်ပါတော့'

ကိုလတ်ထူနောင်းညိုက ကိုကြီး၏မကျေနပ်ချက်ကို သူ့အပေါ်သို့သာ စုပြုံကျရောက်စေသည်။

ကိုကြီးဒေါနဦးက

'ကိုင်း ပစ္စည်းတွေကို နောက်မှ နေရာချမယ်။ လောလောဆယ်ရေခဲသေတ္တာကို အရင်ဆင်လိုက်တော့ ကိုငယ်။ ကိုထွေးက Hot plate နဲ့ Rice cooker ဆင်ဖို့ လုပ်ပေးလိုက်။ ဒေါ်မယ်နဲ့ဦးလေးမောင် ဘုရားစင်ကို အရင်ပြင်ထားလိုက်ပါ။ ကိုလတ်က ဘယ်ပစ္စည်း ဘယ်လိုနေရာချမယ်ဆိုတာ စီစဉ်ထားလိုက်။ အငယ်ကောင်ကတော့ ရေချိုးနိုင်အောင် ရေချိုးခန်းသုံးပစ္စည်းပုံးကို အရင်ဖြည်။ နောက် ထမင်းစားဖို့ ပုံးနဲ့ အဝတ်အစားသေတ္တာကို အရင်ဖြည်ထား။ ပစ္စည်းစာရင်းက ကိုလတ်ဆီမှာနော်'

'ဟုတ်ကဲ့ ကိုကြီး'

"ကိုကြီး ဒီနေ့လည်စာအတွက် အပြင်သွားဝယ်လိုက်မယ် ကိုထွေး Rice cookerရရင် ထမင်းတည်ထားလိုက်တော့'

'ဟုတ်ကဲ့ ကိုကြီး'

ကိုကြီးက တားသော့ယူကာ ဆင်းခါနီး

'အငယ်ကောင် တံခါးလာပိတ်၊ နှစ်ထပ်စလုံးပိတ်ထား။ ကိုကြီးပြန်လာရင် သုံးချက်ခေါက်မယ်'

'ဘဲလ်ရှိသားနဲ့'





'ရှိ ရှိ ပစ္စည်းတွေ ဖရိုဖရဲဖြစ်နေချိန်မှာ ဘယ်သူစိမ်းမှ အဝင်မခံနဲ့ဦး အားလုံးကြားလား'

'ဟုတ်ကဲ့'

ညီအစ်ကိုလေးယောက်စလုံးက တညီတစ်ညွတ်တည်း 'ဟုတ်ကဲ့'လိုက်မှ ကိုကြီးဒေါနဦးသည် အောက်ထပ်သို့ ဆင်းသွားလေသည်။ ယခုမှ အားလုံး အသက်ရှူချောင်သွားသလို သက်ပြင်းချသူက ချ၊ ပင့်သက်ရှိုက်သူကရှိုက်နှင့် ဖြစ်သွားလေသည်။

'ကိုကြီးကဗျာ အသက်မကြီးသေးဘူး အဘိုးကြီးကျနေ့တာပဲ ပွစိပွစိနဲ့'

စိုးဇလပ်က မနေနိုင်ဘဲ ပြောလိုက်ရာ ဦးလေးမောင်က ...

'ကိုကြီးက ဒီလို စည်းကမ်းရှိလွန်းလို့ မင်းတို့ ခုလို လူတန်းစေ့နေနိုင်တာပေါ့ အငယ်လေးရာ မင်း ကိုကြီးရဲ့စေတနာကို နားလည်ထား။ ဘယ်တော့မှမစော်ကားမိစေနဲ့'

စိုးဇလပ်က ပုခုန်းတွန့်ကာ

'ဟုတ်ကဲ့ပါဗျာ ကျွန်တော့်ကိုဆိုရင် အားလုံးက အပြစ်ချည်းပဲမြင်နေကြတာပဲ ဘာလုပ်လုပ်ဘာပဲပြောပြော အကောင်းကို မမြင်ကြဘူး'

'အဲဒါ မင်းကောင်းစေချင်လို့ မှတ်ပါ အငယ်ကောင်လာလာ ကိုကြီးခိုင်းထားတာ ပြီးအောင်လုပ်ရအောင် ရေချိုးခန်းသုံးပစ္စည်းပုံးက နံပါတ် ၁၅မှာ အဲဒါအရင်ဖြည်။ မီးဖိုချောင်သုံး



www.burmeseclassic.com

www.burmeseclassic.com



တွေထဲက နေ့စဉ်ပန်းကန်ခွက်ယောက်ပုံးက ၉နဲ့ ၁၀ အဲဒါဖြည်၊ လောလောဆယ် ဝတ်ရန်က လက်ဆွဲအိတ် ၅။ ဒါတွေ အငယ်ကောင်ဖြည်။ ဘုရားစင်ပစ္စည်းက နံပါတ် ၁တဲ့။ ဦးလေးမောင်ဖြည်လိုက်။ ဘုရားပန်းကို ကိုကြီးရေချိုးခန်းမှာရေစိမ်ထားတယ်။ ဒေါ်မယ်ပဲ လုပ်လိုက်တော့ဗျာ'

ကိုလတ် ထနောင်းညိုကတော့ လူအေးဖြစ်သည်။ အိမ်၏ငွေနှင့် စာရင်းကိုင်ဖြစ်သည်။

စိုးဇလပ်က အတွင်းလှေကားမှအပေါ် ထပ်သို့တက်ပြီး ကြည့်လိုက်သည်နှင့်

'ဟာ. . ကိုငယ် ကိုထွေး၊ အပေါ်ထပ်မှာလေ လသာဆောင်ရှိတယ်ဗျ၊ ပွတာပဲ စွန်လွှတ်လို့ရပြီဗျ ညဘက် ဂီတာတီးလို့ရပြီ'

စိုးဇလပ်သည် လွတ်လပ်မှုကို ခုံမင်သည်။ စိတ်အလိုလိုက်ကာ လေဟုန်ဆန်ကာပျံသန်းချင်သောငှက်ငယ်ပမာ ဖြစ်သည်ဟု ထနောင်းညိုက နားလည်သည်။

ကိုငယ်နှင့်ကိုထွေးက အငယ်ကောင် စိုးဇလပ်အသံကြားလိုက်သည်နှင့် အလုပ်လုပ်နေရာမှဖင်တကြွကြွဖြစ်နေရာ ဟောင်ကောင်ပုံနှစ်လွှာတိုက်ခန်း၏အပေါ်ထပ်ကို ပြေးတက်လိုသော်လည်း သူ့အားလှမ်းကြည့်ကာ သူ့ခွင့်ပြုချက်တောင်းခံကြောင်းကို ထနောင်းညိုက သဘောပေါက်သဖြင့်

'ကဲ ကဲ သွားကြည့်လိုက် ခဏပဲ ချက်ချင်း ပြန်ဆင်းခဲ့ ကိုကြီးစိတ်တိုအောင် မလုပ်မိစေနဲ့'





'ဟုတ်ကဲ့ ကိုလတ်'

နှစ်ကောင်သား ဖောင်းမှလွတ်သော မြင်းနှစ်ကောင်အလား အပေါ်ထပ်သို့ပြေးတက်သွားလေသည်။ ထနောင်းညိုက ပင့်သက်ရှိုက်ပြီး အိပ်ခန်းအနေအထားကို လှည့်ပတ်ကြည့်လိုက်သည်။

အပေါ်ထပ်တွင် ဘုရားခန်းနှင့် အိပ်ခန်းသုံးခန်း၊ ရေချိုးခန်း၊ အိမ်သာနှင့် ၄င်းနားမှ အပေါ်ထပ်ရေလှောင်ကန်နှင့် လသာဆောင်ကို တက်သော ကြောင်လိမ်လှေကားနှင့် ထွက်ပေါက်ရှိနေရာ ထနောင်းညိုကပါ လိုက်တက်လိုက်သည်။

ရန်ကုန်မြို့လယ်ပင်ဖြစ်သော်လည်း အမြင့်လေ၏ တိုးဝှေ့မှုက အေးပြီး အနံ့အသက် ကင်းနေသဖြင့် ထနောင်းညို သဘောကျသွားသည်။ သို့သော် မခံစားအား။ လသာဆောင်အုတ်တံတိုင်းမှရပ်ကာ ဟိုဟိုဒီဒီကြည့်ကာစပ်စုနေသော ညီသုံးကောင်အား

'ဟော့ကောင် သုံးကောင် တော်လောက်ပြီ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်တော့ ညရောက်မှခံစားကြတော့'

'ခင်ဗျာ ဟုတ်ကဲ့ လာပါပြီ'

စိုးဇလပ်က အော်လိုက်ပြီး သူ့ဘက်လှည့်ကာ အလေးပြုလေသည်။

ထနောင်းညိုပြုံးလိုက်မိသည်။ ပေါ့ရွှတ်ရွှတ်နှင့်ပေါ့ပေါ်ပါးပါးပျော်ရွှင်စွာနေတတ်သော စိုးဇလပ်ကို သူ့ခွင့်လွှတ်ပြုံးနှင့်ပြုံးကာ ကြည့်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ရင်ထဲ၌ စိုးရိမ်လပ်သည်သာ နေရာအပြည့် ထားသည်။ သို့သော် ဘယ်သူကမှ စိုးရိမ်လပ်ကို မျက်နှာသာမပေး ရဲကြချေ။ အငယ်ကောင်စိုးရိမ်လပ်ကတော့ ရွက်ကျပင်ပေါက်ပြီး ကျရာနေရာ၌ ပျော်ပျော်ရွှင်ရွှင်အပင်ပေါက်တတ်သည့် အ အစားဖြစ်သည်။ လေလေးတချွန်ချွန်နှင့် သူလုပ်စရာ ရှိတာ ဆက်လုပ်နေလေသည်။

ဒေါ်မယ်ဥက အငယ်ကောင်နား ရစ်သီရစ်သီနှင့် အ အညီပေးတတ်လေသည်။

ဒါကလည်း ကိုကြီးဒေါနဦးမရှိမှ ဖြစ်လေသည်။

ခုနေများ တစ်ယောက်ယောက်က 'ကိုကြီးလာပြီ လို့ အော်လိုက်ကြည့် 'ဟဲ့ ပလုပ်စုတ် လာပြီ' ဟု ဒေါ်မယ် ယောင်လိမ့်မည်။

သူတို့ ဝိုင်းရယ်ကြမည် ဖြစ်သည်။

သို့သော် တကယ်တမ်း ကိုကြီးပြန်လာလျှင် သူတို့ ရွက်တောင်မခတ် ရဲချေ။

'အငယ်ကောင်က မင်းတို့နဲ့တူတာ မဟုတ်ဘူး. . သိ အကြမ်းပတမ်းမခိုင်းကြနဲ့ ကလေးတို့'

ဒေါ်မယ်ဥက ကိုကြီးမရှိခင် သူတို့အား လှမ်းဆရာ လိုက်သည်။

အငယ်ကောင်က -

'ဟုတ်တယ်. . ကျွန်တော် ဘုရားပန်းဝိုင်းလဲပေး နော် ဒေါ်မယ်'





'အေး အေး လဲ လဲ ဒေါ်မယ် ပန်းကန်ခွက်ယောက် တွေထုတ်ပြီး ဆေးထားလိုက်မယ်'

ဒေါ်မယ်နှင့် အငယ်ကောင် အပေးအယူ တည့်သွား ကြလေသည်။

ထနောင်းညို ဘာမှမပြော။

သူ့ကိုတော့ အငယ်ကောင်က မကြောက်ချေ။ နွဲ့ဆိုး ပင် ဆိုးချင်သေး။

အောက်ထပ်၌ အိပ်ခန်းတစ်ခန်းပဲ ရှိသည်။ ဒီအခန်း ကို ဦးလေးမောင်နှင့်ဒေါ်မယ်ဥတို့လင်မယားကို ပေးထားလိုက် မည်။

အပေါ်ထပ် သုံးခန်းကတော့ ကိုကြီးလာမှ ကိုကြီး စီ စဉ်သလို နေရမည်ဖြစ်သဖြင့် -

'ကုတင်တွေ အပေါ်ထပ်သာ ပို့ထားလိုက်တော့'

'တစ်ခါတည်း ထည့်လိုက်မယ်လေ ကိုလတ်'

ကိုထွေးကပြောရာ ထနောင်းညို ဖျတ်ခနဲ စဉ်းစားမိ လိုက်သည်နှင့် တပြိုင်နက် ကိုကြီးဆုံးဖြတ်ချက်ကို စောင့်မနေ ဘဲ -

'ကောင်းပြီ ခေါင်းရင်းဘက်နှစ်ခန်းကို နှစ်လုံးစီသွင်း၊ တစ်ခါတည်း ဆင်လိုက်၊ ခြေရင်းဘက်ကို တစ်လုံး[illegible]ည်းသွင်း လိုက်၊ ဗီရိုတွေ ဖဲဗီအခန်းထဲ ထည့်လိုက်၊ မှန်[illegible]ပြ ဘုရားခန်းမှာထားမယ်'

ထနောင်းညို သူ့စိတ်ကူးနှင့်သူ တစ်ခါတည်းနေရာချ

www.burmeseclassic.com



ခိုင်းလိုက်ပြီးနောက် သူအောက်ထပ်သို့ပြန်ဆင်းခဲ့သည်။ ထမင်းစားခန်းတစ်ပိုက်က ကဒ်ထူပုံများကို လူသွားလမ်း၌ကပ်ကာ ထပ်ထားလိုက်ပြီး ထမင်းစားပွဲကို ဦးလေးမောင်အကူအညီနှင့် ခင်းလိုက်သည်။

ရှစ်ယောက်စားပွဲ ဖြစ်သည်။ အကုန် အသစ်ဖြစ်နေသည်။ ကိုကြီးသည် အလွန်စေ့စပ်သေချာသူ ဖြစ်သည်။ တစ်ပြည်ဝင်ထမင်းအိုးလည်း ကျက်လေပြီ။ ရေနွေးအိုးလည်းဆူပြီ။

ဒေါ်မယ်က ထမင်းပန်းကန်နှင့်ဇွန်းခက်ရင်းများ လိုက်ချလိုက်သည်။

ငနောက် ကိုကြီးဝယ်လာလျှင် ဟင်းများထည့်နိုင်ရန် ပန်းကန်များ အဆင်သင့် ပြင်ထားလိုက်လေသည်။

သူတို့မိသားစု ယခုလို စည်းစနစ်နှင့်နေနိုင်ခြင်းမှာ ကိုကြီးကြောင့်ဆိုခြင်းကို သူတို့အားလုံးသိနေကြသဖြင့် ကိုကြီးကို ချစ်ကြောက်ရိုသေစွာဖြင့် ဖခင်တစ်ဦးပမာနှင့် မိခင်တစ်ဦးသို့ပင် အားထားခဲ့နေခြင်း ဖြစ်သည်။

ကိုကြီး၏စကားဆိုလျှင် အားလုံးက မပယ်ရှားရဲချေ။ စိုးဇလပ်ကသာ ကလေးပီပီ တစ်ခါတစ်ရံဆင်ခြေပေးချင်သည်။ ကိုကြီးက စိုးဇလပ်ကို မျက်နှာသာမပေးသော်လည်း ဆူသည်အော်ငေါက်သည်ကလွဲ၍ တစ်ခါမှလက်မပါဘူးချေ။

သူနှင့် ကိုငယ်၊ ကိုထွေးတို့က ကိုကြီး၏လက်သီးတောင်မြည်းစမ်းခဲ့ဖူးကြလေသဖြင့် ကိုကြီးကို ဖြုံကာ အကြောက်ကြီးကြောက်ကြသည်။





ဒေါက်. . ဒေါက်. . ဒေါက်. .

တံခါးဆင့်ခေါက်သံ သုံးချက်ကြောင့် သူ ခန္ဓာကိုယ်သည် ဆတ်ခနဲဖြစ်သွားပြီး -

'ကိုကြီးပြန်လာပြီ ဦးလေးမောင်ပဲ ဖွင့်လိုက်ပါ'

ဟု ကျန်ညီများ ကြားရန် အသံပြုသတိပေးလိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၂)

စိုးဇလပ်က အပြာနုရောင်သုတ်ထားသော အခန်းကို ကြိုက်။

ပန်းနုရောင်လေး ဒါမှမဟုတ် အဝါနုကလေးဆိုရင် ကောင်းမှာပဲဟု တွေးမိသော်လည်း ထုတ်မပြောရဲပေ။

ကိုကြီးဒေါနဦးစိတ်ကြိုက် ကြို့ပွိုင့်နှင့်ဝယ်ပြီး သူ့စိတ်တိုင်းကျ အခန်းဖွဲ့စည်းပြင်ဆင်၊ ဆေးရောင်သုတ်ထားခိုင်းခြင်း ဖြစ်သည်။

အိပ်ခန်းတံခါးများကို သော့ချ မအိပ်ရဟု ကိုကြီးက အမိန့်ထုတ်ထားသည်။

ကိုကြီးဒေါနဦးနှင့် ကိုလတ်ထနှောင်းညိုက ခေါင်းရင်းဘက်အခန်း။

အလယ်ခန်း၌ ကိုငယ်ကျော်စံကားနှင့် ကိုထွေးသော်က ခန်း။



www.burmeseclassic.com

www.burmeseclassic.com



ခြေရင်းခန်း၌ သူတစ်ယောက်တည်း။

တစ်ယောက်တည်းဟုဆိုသော်လည်း လွတ်လပ်စွာနေ ရလိမ့်မည်မထင်နှင့်။ အဝတ်ဘီရိုကြီးသုံးလုံးက စီတန်းကာ နေ ရာယူထားသဖြင့် အစ်ကိုလေးယောက်လုံး အဝတ်လဲလျှင် သူ့ အခန်းသို့ပင်ဝင်ရပေမည်။

ကုတင်ဘေး၌ စာကြည့်စားပွဲနှင့် စားပွဲတင်မီးအုပ် ဆောင်းလေးရှိနေသည်။

ဂီတာသံ ကြားရသည်။ အစ်ကိုတွေကတော့ မောမော နှင့် အိပ်မောကျနေလောက်ပြီ။ သူတို့က ဘာပဲပြောပြော သူ့ ထက်တော့ ပင်ပန်းကြသည်။

ခေါင်းလည်းသုံးရသည်။ လုပ်အားလည်းသုံးရသည်ဆို တော့ မောမောနှင့် အိပ်မောကျနေလောက်ပြီဟု စိုးဇလပ်တွေး တွက်ပြီး အသာအယာထကာ ကြောင်လိမ်လှေကားလေးမှ လ သာဆောင်သို့တက်ခဲ့သည်။

ထင်သားပဲ။

စိုးဇလပ်ထင်လျှင် လွဲခဲသည်။ သူတို့ ဖစ္စည်းသယ်နေ စဉ် မျက်နှာချင်းဆိုင်အခန်းမှကောင်လေးတစ်ယောက်၊ ချောင်း ကြည့်သည်။

'ဟေ့ ဘော်ဒါ ကိုယ်ဝိုင်းကူ ရမလား'

ဟု မေးဖူးသည်။

ကိုကြီးကျိုကြောက်သဖြင့် သူက အသံပင်မထွက်ရဲဘဲ ခေါင်းခါပြလိုက်သည်။



'မင်းတို့က အထာကိုင်နိုင်တာပေါ့ ညီအစ်ကိုချည်း ငါး ယောက်တောင်ကိုးကွ'

ဟု ကောင်ကလေးက လှမ်းပြောသေးသည်ကို အမှတ် ရမိသည်။ ကောင်လေးက ဖြူဖြူချောချော။ သူနှင့်ရွယ်တူဖြစ် သည်။ သူငယ်ချင်းရပြီဟုဆိုကာ သူအလွန်ပျော်ခဲ့သော်လည်း ကိုကြီးကိုကြောက်သဖြင့် အမြီးကုပ်နေရသည်။

ကောင်လေးနှင့် သူတို့လသာဆောင်ကို ၅ပေအမြင့်ရှိ အုတ်တံတိုင်းက ကာခြားထားသည်။ အုတ်ရေလျှောင်ကန်တစ် ခုက ရှိနေသည်။ ထိုရေလျှောင်ကန်ပေါ် သို့သူတက်လိုက်သည်။ ဂီတာသံက ရပ်သွားပြီး သူ့အား လှမ်းကြည့်လိုက်သော ကောင် လေးကို သူတွေ့လိုက်ရသည်။

'ဟေ့ ဘော်ဒါ'

ကောင်လေး၏အသုံးအနှုန်းအတိုင်း သူပြန်သုံးလိုက် သည်။

'အေး အတော်ပဲ ကိုယ်လည်း မင်းကိုတွေ့ချင်နေတာ'

ကောင်လေး၏တုန့်ပြန်မှုကလည်း အားရစရာကောင်း လေသည်။

သူ့ကဲ့သို့ပင် အုတ်ကန်ပေါ်မှတစ်ဆင့်တက်ပြီး နယ်နိ မိတ်အဖြစ်ပိုင်းခြားထားသော အုတ်တံတိုင်းပေါ်၌ တင်ပလ္လင်ခွေ လိုက်ကြရင်း ခေါင်မိုးစွန်းမျက်နှာကျက်၌ထွန်းထားသော ညမီး ရောင်၊ သူတို့ဘက်က အစိမ်းရောင်နှင့် ဟိုဘက် ကောင်လေး အခန်းမှအဝါရောင်အားကို လည်းကောင်း၊ ဆွန်းလသော်တာ

www.burmeseclassic.com



အကွေ့ားလေးနှင့် ကြယ်တာရာတို့၏ အလင်းရောင်ပျပျအားကို လည်းကောင်းယူကာ သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ကောင်လေးကလည်း ဖြူဖြူချောချောနှင့် အရပ်က သူ့ထက်ပင် ပိုမြင့်ချင်သေးသည်။

'မင်းလာမယ်လို့ ငါထင်လို့ တမင်ဂီတာတီးရင်း စောင့်နေတာ'

'အေးကွ ငါလည်း မနက်ကတည်းက မင်းနဲ့စကားပြောချင်နေတာ ဒါပေမယ့် ငါ့ကိုကြီးကိုကြောက်လို့ကွ'

'အေးကွ မင်းကိုကြီးကိုတော့ ငါတို့က မြင်နေကျပဲ သူ တိုက်ခန်းလာပြင်နေကတည်းက တွေ့နေတာ သူ့မျက်နှာထား တင်းလွန်းလို့ ငါ့အစ်မက သွားအရောမဝင်ရဘူးမှာထားလို့ ငါလည်း မရောရဲဘူး'

'ဟုတ်မယ် ငါ ယုံပါတယ် မင်းနာမည် ဘယ်လိုခေါ်သလဲ'

'ဇွဲကောင်းထက် မင်းကော'

'စိုးဇလပ်'

'ဘယ်နှတန်းလဲ'

'ဆယ်တန်းဖြေခဲ့တယ်'

'ဘယ်က ပြောင်းလာတာလဲ'

'တောင်ကြီး မင်းတို့ကော ဒီမှာနေတာကြာပြီလား'

'မကြာသေးဘူး ဒီတိုက်က တိုက်သစ်ဆိုတော့ မမက





သာပြင်ပြီး ပြောင်းလာတာ ဆယ်ရက်ပဲရှိသေးတာ'

'မမ'

စိုးဇလပ်နားထဲ စိမ်းသောအခေါ်အဝေါ်သစ်လေးတစ်ခု ဝင်လာလေသည်။

'ဟုတ်တယ် ငါတို့က မောင်နှမနှစ်ယောက်တည်း နေတာ မိဘတွေက တောင်ငူမှာကွ။ ဒီတိုက်ခန်းက ကျောင်းလာတက်ဖို့ဝယ် ပေးထားတဲ့တိုက်ခန်းပဲ။ ငါလည်း ဆယ်တန်းဖြေခဲ့ပြီးသား'

'ဒီဘယ်နှလုံးမှန်းထားလဲ'

စိုးဇလပ်က မေးလိုက်သည်။ ဇွဲကောင်းထက်က ရယ်ကျဲကျဲနှင့်

'မှန်းထားတာကတော့ အောလ်ဒီပဲ ဘယ်လောက်ရမလဲဆိုတာတော့ အောင်စာရင်းထွက်မှသိမှာပဲ မင်းကော'

'ငါလည်း မင်းလိုပဲပေါ့ကွာ'

'အိုကေ ဒီနေ့ ဒီအချိန်ကစပြီး မင်းနဲ့ငါ သွေးသောက်ညီအစ်ကိုဖွဲ့လိုက်ပြီကွ'

ဇွဲကောင်းထက်က ညာဘက်လက်ဝါး ထောင်လိုက်သည်။

စိုးဇလပ်ကလည်း လက်ထောင်ကာ လက်ဖဝါးချင်း ဖြောင်းခနဲရိုက်လိုက်ကြသည်။

'ဖြောင်း'

'စိုး မင်းအစ်ကိုတွေအကြောင်း ပြောပြပါဦး ငါ့အစ်မ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြရအောင် ငါ့အစ်မက မာနကြီးသလိုနေပေမယ့် စပ်စုတတ်တယ် မိန်းမသဘာဝကိုးကွ'

စိုးဇလပ်က သူ့အား 'စိုး'ဟု ကာမွှည်းတင်လိုက်ခြင်းကို ကျေနပ်သွားသည်။

ထို့ကြောင့် သူကလည်း --

'ဒွဲအစ်မအကြောင်း အရင်ပြော မင်းက တစ်ဦးတည်းသောအစ်မဆိုတော့ ကိုယ့်ထက်တော့ လေကုန်သက်သာမှာပဲ'

'မင်းက ရယ်စရာပြောတတ်သားပဲ အင်း ပြောမယ်ကွ။ မမနာမည်က သီရိကျက်သရေတဲ့။ အမ်စီဝမ်းမှာတက်နေတယ်။ ဒီနှစ် ဖိုင်နယ်ပဲ အမ်စီကွင်းပေါ့'

'ဟာ တော်တော်ချောမှာပဲ မမြင်ဖူးသေးဘူး'

'ဘယ်မြင်ဖူးမလဲ ညီအစ်ကိုငါးဖော်ဆိုတော့ မမတောင် မျက်လုံးပြူးသွားပြီး ကွက်ညီနောင်ငါးဖော်ပါလားဆိုပြီး ချောင်းကြည့်ရုံပဲ ကြည့်ရဲတယ်'

'ဟဲ့တ် ဟား ဟား'

စိုးဇလပ် သဘောကျစွာ ရယ်လိုက်ပြီးမှ အခြေအနေကိုသတိရကာ ပါးစပ်ပိတ်လိုက်သည်။

ကိုကြီး မနိုးလောက်ပါဘူးဟု တွေးမိလိုက်မှ စိတ်သက်သာရာရသွားသည်။

'ကိုင်း မင်းနောင်တော်တွေအကြောင်း ပြောပါဦး'

'ကိုကြီးက ဒေါနဦး၊ ဆယ်တန်းအောင်ပြီး စီးပွားရေးပဲ လုပ်ပြီး အဝေးသင်နဲ့ ဥပဒေဘွဲ့ယူခဲ့တယ် တောင်ကြီး-ရန်ကုန်





အဝေးပြေးကုန်တင်ကား ထောင်ထားတယ်။ ကိုကြီးက ငါတို့ရဲ့ အဖေဆိုလည်း မမှားဘူး'

စိုးဇလပ်၌ ပြောစရာစကားများက သူတကာထက် ပို၍ရှိနေလေသည်။ ဒွဲကောင်းထက်က သူ့စကားကို စိတ်ဝင်စားသွားပြီး -

'မင်းမိဘတွေကကော'

'အမေက ငါ့ကိုမွေးရင်း ဆုံးသွားတယ်။ အဲဒီနေ့မှာပဲ ငါ့အဖေက ကားမှောက်ပြီး အောက်ပိုင်းသေသွားလို့ ဒုက္ခိတဘဝရောက် သွားတယ် မိန်းမဆုံးသွားလို့ စိတ်က ဖြေဆည်ရာမရဘဲ အရက်ကျေးကျွန်ဖြစ်သွားလိုက်တာ ကိုကြီး ဆယ်တန်းနှစ်မှာပဲ အသည်းရောင်ရောဂါနဲ့ဆုံးသွားလို့ ငါတို့ညီအစ်ကိုတွေရဲ့ ဘဝဟာ ကိုကြီးသာ အဖေ၊ ကိုကြီးသာ အမေ၊ ကိုကြီးသာအစ်ကိုအကြီးဆုံးဆိုပြီး ဆုံးမမှုအောက်မှာ ရပ်တည်ခဲ့ရတာပဲ'

စိုးဇလပ်သည် မိသားစုအကြောင်း တွေးမိလိုက်တိုင်း ရင်ဝယ်စူးနစ်စွာနာကျင်ခဲ့ရသည်။

ဖခင်ဆိုလျှင် သေသာ သေသွားသည်။ သူ့အား တစ်ခါမှ ကြည်ကြည်သာသာ မဆက်ဆံခဲ့ဖူးချေ။

သေခါနီး နောက်ဆုံးကြည့်သွားသောအကြည့်ကတော့ သူ့အား စိတ်မချသော အကြည့်ဟု ဒေါ်မယ်ဥက ပြောပြလေသည်။

သူကတော့ ထိုစဉ်က ၆နှစ်သားသာရှိသေးသဖြင့် ဘာမှနားမလည်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကို ကြောက်ရွံ့၍ ရှောင်နေဖို့ပဲ နားလည်တတ်သည်။

'ဩော်ဖြစ်ရလေ ငါက သိပ်ကိုက်ကောင်းတယ် မိစုံဖေ ရှိတယ်။ ငါ့ကို သိပ်ချစ်တဲ့ အစ်မတစ်ယောက်လည်း ရှိတယ် ကိုင်း. . မင်းဘာမှမပူနဲ့ မင်းမှာ သွေးသောက်ညီအစ်ကိုသူငယ် ချင်းရှိနေပြီလို့မှတ် ကိုင်း. . ဆက်ပြောပါဦး စိုး'

ဖွဲ့ကောင်းထက်က သူ့ကဲ့သို့ သူ့ဘက်သို့ခြေချကာ ပြင် ထိုင်လိုက်ပြီး သူ့ပုခုံးစွန်းကို ဖက်လိုက်သည်။

စိုးဇလပ် ရုတ်တရက်ဆတ်ခနဲဖြစ်သွားသည်။ သို့သော် အချင်းချင်းတွေပဲဟု ခံယူလိုက်ပြီးနောက် -

'ကိုလတ်က ထနောင်းညို၊ သူက ကွန်ပျူတာနဲ့ကျောင်း ပြီးပြီ ဒီမှာ ဆိုင်ဖွင့်မလား၊ သင်တန်းကျောင်းပဲ ထောင်မလား တစ်ခုခုပဲ'

'နာမည်တွေက လှတယ်ကွာ၊ ကိုကြီးက ဒေါနဦး၊ ကို လတ်က ထနောင်းညို၊ နောက်နှစ်ယောက်ကကော. . .'

'ကိုငယ်က ကျော်စံကား၊ သူက နည်းပညာတက္ကသိုလ် ဒီကိုပြောင်းဖို့ လျှောက်ထားတယ်။ ကိုထွေးက သော်ကဆန်း အမ်စီကွ သူလည်း ဒီကိုအပြောင်းတင်ထားတယ်၊ အတူပါလာ တဲ့ ဦးလေးက ဦးလေးမောင်နဲ့ ဒေါ်မယ်ဥတဲ့ လင်မယား။ ဦး လေးမောင်က ကုန်တင်ကားတွေကိုလိုက်ကြည့်ကြပ်ပေးတယ်၊ ဒေါ်မယ်ဥကတော့ ထမင်းချက်ပေါ့'

'အင်း. . မင်းတို့ညီအစ်ကိုတွေဘာဝက စိတ်ဝင်စားစရာ





ကောင်းတယ်။ မိသားစုအချို့ဟာ ဒီလို စည်းစည်းလုံးလုံး ရှိခဲ တယ်နော်'

ဖွဲ့ကောင်းထက်က စိုးဇလပ်အား ရှာဖွေကာ နှစ်သိမ့် လိုက်သည်။

အမေ့ရင်ခွင်ဆိုတာ မည်ကဲ့သို့ရှိမှန်း မသိခဲ့ရှာသော စိုးဇလပ်ကို သူ ကရုဏာသက်မိသည်။

'ကိုကြီးက စည်းကမ်းကြီးတယ်. . သူဟာ မိသားစုအ တွက် အနစ်နာခံပြီး သူဖြစ်ချင်တဲ့ဆရာဝန်လိုင်းကိုစွန့်လွှတ်ပြီး စီးပွားရေးထဲ ခြေစုံပစ်ဝင်ခဲ့ရတယ်။ ကိုလတ်ကတော့ အမေ နေရာမျိုးယူပြီး ငါတို့အငယ်သုံးယောက်အပေါ် နွေးနွေးထွေး ထွေးဆက်ဆံပေးခဲ့လို့ ငါတို့လည်း နည်းနည်းအသက်ရှူချောင် ရတာပေါ့ကွာ။ စကားသိပ်ကောင်းနေလို့ မဖြစ်သေးဘူး ကိုကြီး အိမ်မှာရှိရက် ဆိုတော့ အနေအထိုင်ဆင်ခြင်မှဖြစ်မယ် ငါပြန် မယ်ကွာ'

ဖွဲ့ကောင်းထက်က သူ့ပုခုံးကို တစ်ချက်ပုတ်လိုက်ပြီး

'ကောင်းပြီ မင်းကို ငါမတားတော့ဘူး မင်းကို ငါ သီ ချင်းသံနဲ့သိပ်မယ် မင်း ဘာသီချင်းကြိုက်သလဲ ပြော'

'ချစ်လူမိုက်'

'အိုကေ ဆီးယူတူမောရိုး ဂွတ်နိုက်'

'ဂွတ်နိုက် ဖွဲ့'

သူ အုတ်တံတိုင်းပေါ်မှ ငုပေအမြင့်ရှိ ရေကန်ဘောင် ပေါ်မှ တစ်ဆင့် လသာဆောင်ပေါ်သို့ ကြောင်တက်ကောင်လို



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးစွာ ခုန်ချလိုက်ပြီးနောက် လသာဆောင်မှ ကြောင်လိမ့် လှေကားအတိုင်းဆင်းခဲ့ပြီး အိပ်ခန်းထဲသို့ အသာဝင်အိပ်လိုက် လေသည်။

လသာဆောင် တံခါးပိတ်လိုက်သည်ဖြစ်သဖြင့် သီချင်း သံက ခပ်သဲ့သဲ့သာကြားတော့သည်။

ပင့်ပန်းသည်ကလည်း ပါသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားလေသည်။ ဖွဲကောင်းထက်ကတော့ ချစ်လူမိုက် ဟစ်နေဆဲပင်။

*





## အခန်း (၃)

သီရိကျက်သရေသည် မောင်ငယ်ဖွဲကောင်းထက်ပြော သော လူ့ဂွစာတို့ညီအစ်ကိုတွေ အကြောင်း ကြားသိလိုက်ရ သာအခါ လှေကားအတက်အဆင်းဆုံမိသောအခါ၌ သူ့အား ခဲ မကြည့်ဘဲ မျက်နှာထားတင်းတင်းနှင့် ခပ်သုတ်သုတ်ပင် တက်အဆင်းပြုလုပ်သွားတတ်သည့် လူ့ဂွစာအပေါ် စိတ်ထဲ ကျေမနပ်ဖြစ်ခဲ့ရသမျှတို့သည် အလိုအလျောက် ကျေပျက်သွား သည်။

ထိုမျှမကသေး။ ကရုဏာပင်ဖြစ်မိလေသည်။

ဒေါ်ဒါနဦးတဲ့။

သူ့ထက်တော့ ကြီးနိုင်သည်။ လောကကိုငယ်ငယ်ရွယ် ယ်နှင့်ရင်ဆိုင်ခဲ့ရ၍လားမသိ။ အသက်ထက် ပို၍ရင့်ကျက်သန့် ယောင်ထင်ရသည်။

သွားရောက်နှုတ်ဆက်ချင်သော်လည်း မနှုတ်ဆက်ရဲ။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဂွစာက ဘုတောလိုက်မှာ စိုးရိမ်၏။

'အေးလေ မင်းသူငယ်ချင်းဖြစ်သွားပြီ ဆိုတော့လည်း အိမ်ကိုဝင်ထွက်နိုင်တယ်ဆိုတဲ့အကြောင်း ပြောလိုက်ပါ။ မမတို့က မောင်နှမနှစ်ယောက်တည်းဆိုတော့ အိမ်နီးချင်းကောင်းမှ ဖြစ်မှာ။ ယောကျ်ားလေးတွေချည်းပဲဆိုတော့ မမအတွက် အနေမကျုံ့စေဖို့ မိတ်ဆွေဖြစ်ထားရင် ပိုကောင်းတယ်။ အတော်ပဲ ဒီအပတ် မေမေတို့လာရင် အိမ်တက်ဆွမ်းကျွေးလုပ်ရင်း သူတို့တွေကို ဖိတ်လိုက်မယ်'

'အင်း ကောင်းတယ် မမအကြံကောင်းတယ်'

ဖွဲ့ကောင်းထက် ကျေနပ်သွားသည်။

စိုးဇလုပ်ဆိုသောသူငယ်ချင်းတော့ ရလိုက်ပြီ။

သို့သော် လွတ်လပ်စွာ တွေ့ကြုံခွင့်ရမရတော့ မသိသေး။ ဝရံတာသို့ထွက်ကာ အဝတ်အစားများလှန်းလိုက်သည်။ အဝတ်လျှော်စက်က အခြောက်ခံစက်ပါ ပါသဖြင့် ရေစစ်နေသော အထည်များကို အိမ်ရှေ့၌ လှန်းလိုက်စဉ် ညီအစ်ကိုနှစ်ယောက်ကလည်း အဝတ်လှန်းနေသည်နှင့်ကြုံရသည်။

'ရှုတ်'

စိုးဇလပ်ပါနေသဖြင့် သူက လှမ်းအသံပြုလိုက်သည်။ စိုးဇလပ်က ခေါင်းပြုပြီး လက်မဖြင့် အိမ်ထဲသို့ ညွှန်ပြပြီး မဲ့ပြလိုက်သဖြင့် အကင်းပါးသောဖွဲ့ကောင်းထက်က သဘောပေါက်လိုက်သည်။

သူ့အစ်ကိုကြီးဒေါနဦးကို ကြောက်နေပုံရသည်။





'ဖွဲ့ရေ မမ သွားတော့မယ် အိမ်ကို ပစ်မထားနဲ့ဦးနော် စားခါနီး ဟင်းတွေ နွေးစား၊ အားလုံးစားပွဲပေါ်မှာ အုပ်ထားပြီးသား'

'ဟုတ်ကဲ့ စိတ်ချပါ'

ပြောသာ ပြောလိုက်သည်။ သူ တစ်ခါမှနွေးစားသည် မရှိ။

အိမ်မှာက ထမင်းချက်စားဖို့ရာကလည်းမဖြစ်၊ အမျိုးထဲက လူကြီးအဖော် လိုက်နေပေးဖို့ကလည်း မဖြစ်။ နောက်ကြောင်းတွေက တသီကြီးနှင့် မီးရထားတွဲလိုလိုက်ပါလာတတ်သဖြင့် မမက ပြတ်သားစွာပင်

'အဝတ်လျှော်စက်နဲ့ဂက်စ်မီးဖိုသာဝယ်ပေး၊ ပြုတ်တယ် ထမင်းနဲ့ဟင်းက စာကျက်ရင်းတည်လိုက်လို့ရတယ် မောင်လေးသာ ကိုယ့်ပန်းကန်ကိုယ်ဆေး၊ ကိုယ့်အကျီကိုယ်မီးပူတိုက်ရင် ပြီးတယ် ကျန်တာ စာကျက်ရင်း အညောင်းပြေလုပ်နိုင်တယ် အဆောင်နေခဲ့လို့ကျင့်သားတောင် ရနေပါပြီ'

ဟု မမကငြင်းပယ်ပြီး မောင်နှမနှစ်ယောက်တည်းနေခဲ့သည်မှာ ၃ပတ်ပင် ရှိလာပြီ။ အားလုံးအဆင်ချောနေသည်။ ဈေးဝယ်လျှင်လည်း city mart လိုမျိုးက ဝယ်လာသည်။ ကိုယ်ပိုင်ကားလေးမောင်းကာ ကျောင်းတက်နေသော မမအတွက် ဘာမှပို၍ ဒုက္ခခံစရာမရှိချေ။

'ဖွဲ့ရေ တံခါးလာပိတ်လိုက်တော့'

'ဟုတ်ကဲ့ မမ'



www.burmeseclassic.com

www.burmeseclassic.com



တံခါးနှစ်ခု မျက်နှာချင်းဆိုင်မှပွင့်လာသည်။

သီရိကျက်သရေက ဦးစွာဆင်းလိုက်သည်။ ရှေ့ဆက်ရနိုး နောက်ဆုတ်ရနိုးဖြစ်နေသော ကိုကြီးဒေါနဦးကို ကြည့်ပြီး ဖွဲကောင်းထက်က လှမ်းပြုံးပြလိုက်သည်။ မျက်နှာပြောင့်တိုက်ကာ -

'အဟဲ အစ်ကိုကြီးတို့ကပျော်စရာကြီး ညီအစ်ကိုချည်း ငါးယောက်တောင်နော်'

'အင်း'

ဟု မကောင်းတတ်၍ မဖြေချင့် ဖြေချင် ဖြေပြီး လှေကားအတိုင်း အပြေးတစ်ပိုင်းဆင်းသွားပြီးမှ ဆင်မယဉ်သာဟန်နှင့်ဆင်းနေသော သီရိကျက်သရေကြောင့် ကိုယ်ရှိန်သပ်လိုက်ရလေသည်။

ဒေါနဦး စိတ်ထဲခိုးလိုးခုလုဖြစ်သွားသည်။

မိန်းမချောများစွာကြုံခဲ့ဖူးသော်လည်း စိတ်မဝင်စားခဲ့ချေ။ သူစိတ်ဝင်စားသည်က ညီလေးတွေ၏အနာဂတ်နှင့် ဘဝအခြေခိုင်မာစေရန်အတွက် လုပ်ဆောင်ပေးရန်သာဖြစ်သည်။

ဒီမျက်နှာချင်းဆိုင်တိုက်ခန်းမှမိန်းမချောနှင့် အိမ်လာပြင်စဉ် ၃/၄ ခါမျှ ဆုံမိသဖြင့် မျက်မှန်းတန်းမိနေပြီ။

အပြစ်အနာအဆာကင်းစင်သော မိန်းမချောလေးဟု အသိအမှတ်ပြုမိသော်လည်း အချစ်နှင့်အိမ်ထောင်ရေးတို့သည် မိမိနှင့် မသက်ဆိုင်သည့်အလား ဥပေက္ခာပြုထားလိုက်လေသည်။





ကြိုးသိုင်းဒေါက်ဖိနပ်ကလေးနှင့် ဟန်ချက်ညီညီဆင်းသွားသော မိန်းမချောထံ မျက်စိ မရောက်စေရန် သတိထားသည့်ကြားက တစ်ချက်တစ်ချက်ရောက်သွားလေသည်။

သူ၏ဟိုင်းလပ်လေးချိတ်နှင့် မိန်းမချော၏စူပါဆလွန်းလေးက ယှဉ်လျက်ရပ်ထားလေသည်။

မျက်နှာချင်းဆိုင်နှစ်ခန်းတွဲလေးထပ်တိုက်တွင် ငါးခန်းသာ လူနေထိုင်သေးသဖြင့် အောက်၌ သူတို့ကားနှစ်စီးသာ ရှိသေးသည်။

ညီလေးတွေအတွက် ဒီကားကို သူ ထားခဲ့ပေးရမည်။ နယ်မှာက ဆိုင်ကယ်နှင့် အလုပ်ဖြစ်သည်။

သူကားပေါ်တက်လိုက်စဉ် မိန်းမချောလေးက ကားစက်နှိုးပြီးဖြစ်နေသည်။ နောက် မိန်းမချောက ကားကို လမ်းမပေါ်နောက်ဆုတ်ပြီး ခေါင်းချိုးကာ မောင်းထွက်သွားပြီးမှ သူလည်း မိန်းမချောကဲ့သို့ပြုမူပြီး လိုက်ထွက်ခဲ့သည်။

အပေါ်ထပ်သို့ လှမ်းကြည့်လိုက်တော့. . အငယ်သုံးကောင်က သူ့အား တာ့တာလုပ်ပြသည်။ သူနှုတ်ခမ်းတွန့်ရှုံ့ပြုံးပြီး မျက်နှာလွှဲလိုက်သည်။

စိုးဇလပ်က ကိုကြီးဒေါနဦးကား မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် ခြေ့ခန်းထဲပြန်ဝင်ကာ

'ကိုလတ်'

'ဘာလဲ အငယ်ကောင်'

'ကျွန်တော် သူငယ်ချင်းတစ်ယောက်ရှိ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင် ဘယ်တုန်းကလဲ'

'ညက'

'ဟုတ္တေါ မင်း ညကြီး ဘယ်သွားပြီး ဘာတွေလုပ်ခဲ့သလဲ'

ကိုလတ်ထနောင်းညို မျက်လုံးအစုံ ပြူးထွက်လာသည်မှာ မျက်မှန်အောက်က ဖောက်ထွင်းထွက်လာတော့မည့်အလားပင်။

'ကိုငယ် ကိုထွေး လာပါဦး ကျွန်တော် ပြောပြမယ်'

စိုးဇလပ်က ညက. . လသာဆောင်၌ ဖွဲကောင်းထက်နှင့် တွေ့ဆုံသည့်အကြောင်းနှင့် ဖွဲကောင်းထက်တို့မောင်နှမအကြောင်း ဖောက်သည်ချလိုက်သည်။

'အဲဒီမမက အရမ်းလှတယ်ကွ ကိုကြီးနဲ့ကိုလတ် တစ်ယောက်ယောက်နဲ့ဖန်ပေးရမယ်'

ကိုလတ် ထနောင်းညိုက မျက်နှာတင်းလိုက်ပြီး -

'ပေါ့ပေါ့ပျက်ပျက်စကားတွေမပြောနဲ့ မင်းတို့က ကိုကြီးမရှိဘူးဆိုတာနဲ့ ထကြွကုန်တာပဲ ယောကျ်ားဆိုတာ အားနွဲ့သူ မိန်းမသားတစ်ယောက်ကို သိက္ခာရှိရှိစောင့်ရှောက်ပေးမယ်ဆိုတဲ့စိတ်ကလွဲလို့ အခြားဘာမှတွေလီကာလီမစဉ်းစားနဲ့ သွား. . ဒီနေ့ စာအုပ်ဘီရိုကို ကိုငယ် တာဝန်ယူ။ ကိုထွေးနဲ့ အငယ်ကောင်က အဝတ်အစားတွေ ဘီရိုထဲထည့်တော့'

စိုးဇလပ် ထပ်ဆင့်မပြောရဲတော့။

စိတ်ထဲ၌ ဖွဲကောင်းထက်နှင့် တွေ့ချင်နေသည်။

ရပ်ကွက်ထဲ၌ ဘာတွေရှိသနည်း။ လက်ဖက်ရည်ဆိုင်





ကောင်းကောင်း ထိုင်ချင်သေးသည်။ ဒေါ်မယ်ဥတို့လင်မယားက ဈေးဝယ်ထွက်လေပြီ။ ဆိုက်ကားနှင့်ဖြစ်သည်။ နံနက်စာကတော့ ထမင်းကြော်နှင့် ဆတ်သားခြောက်မုတ်နှင့် လွေးပြီး လက်ဖက်ရည်သောက်ထားပြီးကြလေပြီ။

'ကိုထွေး အဝတ်ယူပေးမယ် မင်းက စီထည့်လိုက်'

'ဟုတ်ကဲ့'

'ဖွဲကောင်းထက်က မင်းကိုလှမ်းကြည့်နေတယ် သူတစ်ယောက်တည်း ပျင်းမှာပဲ လာလည်ချင်လည်ပါစေ မင်းက သွားမလည်နဲ့ ကြားလား'

'ဟုတ်ကဲ့'

ကိုကိုများသည် သူ့အား ချုပ်ချယ်လွန်းသည်ဟု တစ်ခါတစ်ရံတွေးမိလေတိုင်း စိတ်ညစ်ရလေသည်။

သို့သော် စားစရာ ဝတ်စရာဆိုလျှင် ကိုကိုအားလုံးက သူ့ကိုသာ တညီတညွတ်တည်း ဦးစားပေးတတ်သည်။

ကိုထွေးက အနည်းငယ်ကျေမွနေသောအကျႌများ ရှိလျှင် မီးပူပြန်ထိုးခိုင်းသည်။ အကျႌဘောင်းဘီတွေက ချိတ်ဆွဲတွေသာ များသည်။ ပုဆိုးပဲ ခေါက်ထားသည်မှာ ရှိသည်။ ကိုထွေး သော်ကဆန်က မိန်းကလေးတစ်ယောက်လို အကျႌများကိုသူ့နေ ရာနှင့်သူ ချိတ်လေသည်။ စိုးဇလပ်က မီးပူသာထိုးရသည်။ စိတ်ကတော့ ဖွဲကောင်းထက်ထံသို့ရောက်နေလေသည်။

'ကိုထွေး'

'ဘာလဲ အငယ်ကောင်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဟိုဘက်အိမ်ခဏသွားချင်တယ်'

'ဘာသွားလုပ်မှာလဲကွ'

'ဇွဲကို သွားခေါ်ပြီး ကိုကိုတို့နဲ့ မိတ်ဆက်ပေးမလို့ပေါ့ဗျာ'

ကိုထွေးသော်ကဆန်က ခေါင်းကုတ်လိုက်ပြီး

'မင်းကတော့ ပြဿနာကို မီးထွန်းရှာချင်တဲ့ ကောင်။ ကိုလတ်ကိုသွားပြောကွာ'

စိုးဇလပ် ဝမ်းသာသွားသည်။

ကိုထွေးက စိုးဇလပ်နှင့်အထက်အောက်ဖြစ်သဖြင့် စိုးဇလပ်အပေါ်၌ ဆူဆူပူပူမရှိ။ သူငယ်ချင်းကဲ့သို့လည်း စိုးဇလပ် ပေါင်းခြင်းအပေါ် ခွင့်လွှတ်လေသည်။

'မီးပူတိုက်စရာကုန်ပြီလား ကျွန်တော် သွားတော့မယ်နော်'

'သွားကွာ'

သော်ကဆန်ကလည်း နားပူသက်သာစေရန် ခွင့်ပြုလိုက်လေသည်။

စိုးဇလပ် အောက်ထပ်သို့ဆင်းလိုက်သည်။ ကိုလတ်တနံရံမီးကို အလှဆင်နေလေသည်။

'ကိုလတ် ကျွန်တော့်သူငယ်ချင်းသစ်နဲ့ မိတ်ဆက်ပေးချင်လို့ ခဏလေးဗျနော်'

'ဒီကောင် ကိုကြီး မသိဘဲ မင်း ညက အပြင်ထွက်တာတောင် လွန်လှပြီ'





'ကိုလတ်ကလဲဗျာ တစ်မိုးအောက်မှာနေကြတဲ့ လူသားအချင်းချင်း ဒီလောက်တော့ ခင်ခင်မင်မင်ရှိသင့်ပါတယ် ခဏလေး ခဏလေး'

ကိုလတ်၏ခွင့်ပြုချက်ကို စိုးဇလပ် မစောင့်တော့ဘဲ တံခါးမကြီးကိုဖွင့်ပြီး မျက်နှာချင်းဆိုင်ခန်းမှသျှပ်စစ်ခေါင်းလောင်းကို သွားနှိပ်လိုက်သည်။

ချက်ချင်းပင် တံခါးပွင့်လာပြီး ဇွဲကောင်းထက်က ဘွားခနဲပေါ်လာသည်။

'ဟေ့ကောင် ဇွဲ မင်းဒီဘက်ကူးခဲ့ကွာ ငါ့အစ်ကိုတွေနဲ့ မိတ်ဆက်ပေးမယ်'

'အေး'

ရေငတ်တုန်း ရေတွင်းထဲကျသလို သူငယ်ချင်းအသစ်ရှာနေသော ဇွဲကောင်းထက်က ဝမ်းသာအားရပင် သူတို့ဘက်အခန်းကို ကူးလာလေသည်။ သံပန်းတံခါးကိုသာ လှမ်းစေ့ထားလိုက်သည်။ ထနောင်းညိုလည်း မနေသာတော့။

'ညီလေး တံခါးကို သော့ခတ်ခဲ့ပါဦးလားကွာ တိုက်မှာက အခန်းစေ့ လူရှိသေးတာ မဟုတ်တော့ လူစိမ်းလူကျက် ခွဲခြားနိုင်ဦးမှာ မဟုတ်ဘူး'

ဟု သတိလှမ်းပေးလိုက်မှ ဇွဲကောင်းထက်က

'ဟုတ်ကဲ့ အစ်ကို'

ဟု ဆိုကာ သူ့အခန်းထဲ ပြန်ဝင်ပြီး သော့တွဲယူကာ ကျွန်းတံခါးကိုသာ ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းညိုက ဇွဲကောင်းထက်ကို သေသေချာချာကြည့်မိတော့ စိတ်ထဲ၌ 'လူချောလေးပဲ' ဟု ကောက်ချက်ချမိလေသည်။

မေးစေ့အကွဲလေးကြောင့် မျက်နှာပွင့်ကာ ချစ်ခင်သူပေါမည့်သူဟုလည်း မှတ်ယူပြီး စိုးဇလပ်ကို လှမ်းကြည့်မိကာ ပင့်သက်ရှိုက်လိုက်မိလေသည်။

စိုးဇလပ်ကတော့ အိမ်နီးချင်း၌ ရွယ်တူသူငယ်ချင်းသစ်ရှိခြင်းအတွက် ဝမ်းသာနေလေသည်။ အပေါင်းအဖော်ကို ခင်မင်တတ်သောအရွယ်ပေပဲဟု ထနောင်းညိုကတွေးကာ ညီငယ်ကျေနပ်စေရန် ဇွဲကောင်းထက်ကို အသိအမှတ်ပြုပေးလိုက်ရသည်။

'ညီလေး မင်းကတော့ ကိုလတ်တို့အိမ်ကို အချိန်မရွေး ဝင်ထွက်ပေါ့ကွာ အစ်ကိုတို့ကတော့ မင်းအိမ်ကို လာလည်မှာ မဟုတ်ဘူး ဒါပေမယ့် အဲရေးအကြောင်းရှိရင်တော့ အစ်ကိုတို့ကို ပြောပေါ့ကွာ ဒီဘက်ကတော့ ညီနောင်ငါးဖော်ဆိုတော့ အင်အားတောင့်တယ်ကွ'

ဟု ဖော်ရွေစွာဖြင့် ပြောလိုက်သည်။

စိုးဇလပ်က

'မင်းကို အထူးမိတ်ဆက်ပေးစရာ မလိုတော့ဘူး လူနဲ့နာမည်တွဲမှတ်ဖို့ပဲလိုတော့မယ် ကိုလတ်က. .'

'ကိုထနောင်းညိုမှတ်လား ငါမှတ်မိပါတယ် စိုးရ'

ဇွဲကောင်းထက်က ဖြတ်ပြောလိုက်သည်။





စာအုပ်ထည့်နေသော ကိုငမွှေကိုကြည့်ကာ -

'ဒါက ကိုငယ် ကိုကျော်စံကားမှတ်လား'

'ဟာ မင်းက တယ်ဟုတ်ပါလား ကိုထွေးရော. .'

'လာပြီဟေ့'

ဟု လှေကားမှဆင်းလာရင်း ကိုထွေးက လှမ်းအသံပြုလိုက်သည်။

'လာပြီဟေ့ ဇွဲရေ မင်းတော့ စိုးနဲ့ပေါင်းရင် သတိသာထားတော့ ဒီကောင်က ခပ်ဆိုးဆိုးကွ သူငယ်ချင်းကို စွဲစွဲမြဲမြဲပေါင်းတတ်တဲ့ကောင် မဟုတ်ဘူး'

ဇွဲကောင်းထက်က အပြုံးမပျက်

'ကျွန်တော်က နာမည်နဲ့လိုက်အောင် ဇွဲကောင်းပါတယ် ကိုထွေး၊ အဲ. . ကျွန်တော်လည်း စိုးလိုပဲ ကိုကြီး ကိုလတ် ကိုငယ် ကိုထွေးလို့ခေါ် ခွင့်ပြုမါနော်'

'အေးပါကွာ'

'နောက်ပြီး ကိုကိုတို့ ဘယ်အချိန် ထမင်းစားကြသလဲ နေ့လည်စာလေ'

'ဘာလုပ်မလို့လဲ'

'နေ့လည်စာတော့ ကျွန်တော့်အိမ်က ဟင်းထမင်း ယူလာပြီး ဒီဘက်လာစားခွင့်ပြုပါဗျာ တစ်ယောက်တည်းပျင်းလွန်းလို့ နောက်ပြီး ကျွန်တော့်အခန်းလည်း လာလည်ကြပါ'

'မင်းအစ်မက ကြိုက်ပါ့မလား'

'မမက ခေတ်မီပြီး နားလည်မှုရှိပါတယ်။ အောက်ထပ်

www.burmeseclassic.com



က မမအပိုင်စီးထားတာ ကျွန်တော်က အပေါ်ထပ်အပိုင်စီး
တော့ လွတ်လပ်ပါတယ်ဗျာ'

ထိုနေ့ကစ၍ ဇွဲကောင်းထက်သည် သူတို့အိမ်သား
နှင့် ရင်းနှီးသွားခဲ့လေသည်။

သို့သော် ထိုအိမ်သားများထဲတွင် ဒေါ်နုဦး မပါချေ။

ဇွဲကောင်းထက်က သူတိုက်ခန်းမှတယ်လီဖုန်းသံကြော
ပြန်သွားစဉ် ထနောင်းညိုက

'ဟော့ကောင် အငယ်ကောင်'

'ဗျာ'

အပြစ်ကင်းစင်သောမျက်နှာလေးနှင့်ညီငယ်ကို သူလှ
ကြည့်လိုက်ပြီး ပြင်းပြင်းထန်ထန်မပြောရက်ချေ။

ထို့ကြောင့် လေသံလျှော့ကာ

'ဇွဲအခန်းကို မင်းတစ်ယောက်တည်းဘယ်တော့မှမသွား
ရဘူးနော် မှတ်ထား'

'ဗျာ ဟုတ်ကဲ့'

'နောက်ပြီး ညဘက်ကို လသာဆောင်ပေါ်တစ်ယော
တည်း မတက်ရဘူး ဂီတာတီးချင်ရင် ကိုထွေးနဲ့ကိုငယ် ဖြစ်ဖြ
ပါမှတက်တီးရမယ် ကြားလား'

စိုးဇလပ်က ခေါင်းကုတ်လိုက်ပြီးမှ

'ဟုတ်ကဲ့ပါ ခင်ဗျာ ကိုကြီးနဲ့ကိုလတ်စကားအတိုင်း နေ
ထိုင်ခဲ့လို့ ခေါက်ရိုးကျိုးနေပါပြီ ဘာမှထူးထူးထွေထွေ အပိုမလု
ရဲပါဘူးခင်ဗျာ'





ထနောင်းညိုစိတ်ထဲ ပျော့ပျောင်းသွားသည်။

ရင်ထဲ၌ကရုဏာမိုးက စိုးဇလပ်အပေါ်၌ တစိမ့်စိမ့်ကျ
ရောက်နေလေသည်။

'အေးပါ ငါ့ညီလေးက လိမ္မာပါတယ်။ ဒါပေမယ့်
တ်ဝန်းကျင်အသစ်ဆိုတော့ ဟိုမှာခေါက်ရိုးကျိုးခဲ့တာ ဒီရောက်
တော့ မဆိုင်ဘူးအထင်နဲ့ အသစ်ပြန်ဖြစ်နေမှာစိုးလို့ပါကွာ ကွန်
တာနဲ့စပီကင်တက်ဖို့ စုံစမ်းပေးရဦးမယ်'

'ဟိုကောင် ဇွဲ တက်နေတဲ့ဆီဆိုရင်ကော ကိုလတ်'

'ဇွဲက တက်နေပြီလား'.

'၃ ၄ရက်ပဲ ရှိသေးတယ်တဲ့'

'ဒါဆိုရင် မေးထားလိုက် ကိုလတ် လိုက်အပ်ပေးမယ်'

စိုးဇလပ် ဝမ်းသာသွားသည်။

သူငယ်ချင်းအသစ်နှင့် ရန်ကုန်မြို့တော်ကြီးကို လည်
တ်ခွင့်ရတော့မည်။

'ခု သွားမေးမယ်'

'နေဦး ကိုထွေးပါ လိုက်သွား'

'ရှုပ်လိုက်တာ အငယ်ကောင်ရာ'

သော်ကဆန်က စိုးဇလပ်ပုခုန်းကို တစ်ချက်ပုတ်ပြီး

'မင်းနေခဲ့ ငါပဲသွားမယ် အဝတ်တွေ ပြီးအောင် သွား
ထည့်တော့'

စိုးဇလပ် နှုတ်ခမ်းစူကာ အပေါ်ထပ်သို့တက်သွားလေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းညိုက သက်ပြင်းချလိုက်သည်။

ကိုကြီး တောင်ကြီးသွားနေစဉ် ဒီညီတွေကို သူနိုင်နင်းအောင်အုပ်ချုပ်နိုင်ပါ့မလားဟုတွေးလိုက်မိတိုင်း ဖျှသက်အခါခါချမိလေသည်။

ဒေါ်မယ်ဥက

'မစိုးရိမ်ပါနဲ့ ကိုလတ်ရယ် လူရည်သန့်တဲ့ရပ်ကွက်ဖဲကွယ် တေလေဂျပိုးတွေနဲ့ပေါင်းမိမှာ မဟုတ်ပါဘူး ဒေါ်မယ်ဈေး ဝယ်ရတာကအစ စိတ်ချမ်းသာတယ် ဈေးက သန့်တယ် ဈေးခေါင်းလည်းရှိတော့ အလေးမခိုးရဲကြဘူး ငါးပုစွန်ပေါတာကိုကပဲ တောင်ကြီးထက်တစ်ပန်းသာတယ်'

'အင်း ဒေါ်မယ် စိတ်ချမ်းသာဖို့လည်း အရေးကြီးပါတယ် ဆိုက်ကားသမား ဖောက်သည်လုပ်ထားနော် အပေါ်ပါတင်ခိုင်း ကလေးတွေကတော့ သိတဲ့အတိုင်းပဲ ဟင်းကောင်းစားဖို့ ပူဆာတတ်တာကလွဲရင် မီးဖိုချောင်ကိစ္စ ဈေးကိစ္စတော့ ကူမှာမဟုတ်ဘူး'

'အေးပါ ဒေါ်မယ် နိုင်ပါတယ် ဟော. . ကိုကြီးကားသံထင်တယ်'

ကိုထွေးအတွက် စိုးရိမ်သွားစဉ် ကိုထွေးက လှစ်ခနဲရောက်လာသည်။

ထနောင်းညို ပြုံးလိုက်မိလေသည်။

ကြွက်ကလေးတွေ ကြောင်ကြီးအနံ့ရရုံနှင့် အမြီးကုတ်ကာ ချောင်မှာခိုကြတော့မည်။





ထိုအထဲတွင် သူလည်း အပါအဝင်ပင်။

လေးနှစ်ကြီးသော အထက်အောက် အစ်ကိုပင် ဖြစ်သော်လည်း သူသည် လေးစားရိုသေရသည်။

လေးစားရိုသေစရာကောင်းလောက်အောင်ပင် ကိုကြီးကလည်း အစ်ကိုကြီး အဖအရာ ပီသခဲ့ရှာသည်ကိုး။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၄)

ဇွဲကောင်းထက်နှင့် စိုးဇလပ်ကို ထနောင်းညိုက ခေါ်လိုက်သည်။

အငိ့လိပ်ပုံစကားပြောကို ဆရာငှားပြီး အိမ်မှာမဲ့သင်ရန် ကိုကြီးက အမိန့်ချမှတ်သဖြင့် သူတို့မလွန်ဆန်ရဲ။

ကွန်ပျူတာကလည်း အိမ်မှာစက်ရှိနေပြီး ကွန်ပျူတာနှင့်အွဲ့ရသူ ထနောင်းညိုတစ်ယောက်လုံးရှိနေမှတော့ အပြင်မှာသင်စရာမလို။ ထနောင်းညို၏ဆိုင်မှာ ဝိုင်းလုပ်ရင်း ထနောင်းညိုက သင်ပေးလိုက်ဟုဆိုသည်။

ကိုကြီးအမိန့်ကို ဘယ်သူမှမလွန်ဆန်ဝံ့ကြချေ။ ဒါကလည်း ကိုကြီးပြောတာက သဘာဝကျနေသည်ကိုး။ ရှာလွန်ပြီး ရှက်တိုက်စရာမှမလိုတာ။

ထနောင်းညိုက ဘားလမ်း၌တိုက်ခန်းငှားကာ ကွန်ပျူတာစာစီစာရိုက်၊ ဒီဇိုင်းချုံ့ခဲ့မိတ္တူဆိုင်ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက သူတို့ထံ၌ တစ်ပတ်နေပြီး ပြန်သွားသည်။ ကားထားခဲ့သည်။ ဦးလေးမောင်လည်း ကိုကြီးနှင့် ပါသွားလေသည်။

'ဇွဲ သင်တန်းက တော်တော်ရောက်ပြီလား'

'အကြောင်းပြသက်သက်ပါ။ အိမ်မှာ အင်တာနက်ချိတ်မလို့ နည်းနည်း ထပ်လေ့လာနေတာ ကျောင်းမဖွင့်ခင် အပျင်းပြေပေါ့'

ထနောင်းညိုက

'အင်းဟုတ်တယ် မင်းပြောမှ ကိုလတ်လဲ အင်တာနက်ချိတ်ပြီး Game ဖွင့်ရင်ကောင်းမလားလို့ စဉ်းစားထားတယ်'

'လုပ်လိုက်လေ ကိုလတ်ကလဲ ရှယ်ယာလိုရင် ကျွန်တော်ပါမယ်'

ဇွဲကောင်းထက်သည် ထက်မြက်သောလူငယ်လေးဖြစ်သည်။ ခေတ်အမြင်ရှိသည်။

စိုးဇလပ်ကတော့..

'ကောင်းတယ်-ကျွန်တော်ကတော့ ဘာမှဝိုင်းမလုပ်ပေးနိုင်ဘူး Game ပဲဆော့မယ်'

စိုးဇလပ်သည် အရာရာကို အလေးအနက်မထားဘဲ ပေါ့ပါးစွာပင် နေလိုသည်။ ကွန်ပျူတာစာစီစာရိုက်လည်း ဝါသနာမပါ။ လျှပ်စစ်ပစ္စည်းနှင့်ပတ်သက်၍ အိမ်မှာ ချို့ယွင်းမှုများရှိလျှင် သူနှင့်မဆိုင်သည့်အလားပင်။ ယောင်၍မျှပင် မထိ။

သူဝါသနာပါသည်မှာ ဝေ့မင်းနှင့် သီချင်းနားထောင်





သည်။ ဂီတာတီးမည်။ ကာရာအိုကေလိုက်ဆိုမည်။ စာအုပ်တွေ ဖတ်သမျှဖတ်မည်။ ဒါပဲ။

'ကိုကြီး ဒီတစ်ခေါက်ပြန်လာမှတိုင်ပင်ကြည့်ဦးမယ် မင်းက ကျောင်းတက်ရမှာဆိုတော့ မင်း ကူနိုင်မှာမဟုတ်ဘူးထင်တယ် ဇွဲ'

'ဒါလည်း ဟုတ်တာပဲ..ကျွန်တော်က ငွေအားပဲ စိုက်နိုင်မှာ'

ဇွဲကောင်းထက်က အစွန်၊ စိုးဇလပ်က အလယ်မှာထိုင်သည်။

ထနောင်းညိုက ကားမောင်းရင်း ခေါင်းထဲ၌တွေးလာသည်။ လုပ်ငန်းကြီး ချဲ့လုပ်ချင်သည်။ အခုတိုက်ခန်းငှားပြီး ပစ္စည်းချထားရုံပဲရှိသေးသည်။ တွဲဘက်အလုပ်သမားကွန်ပျူတာကျွမ်းကျင်သူ ရှာရဦးမည်။ ယခုလောလောဆယ် ဇွဲကောင်းထက်နှင့် စိုးဇလပ်ကို လုပ်အားပေးခေါ်လာရသည်။

'ဇွဲသူငယ်ချင်းထဲက ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူတွေ အလုပ်လုပ်ချင်တဲ့လူရှိရင် ပြောကွာ'

'ကျွန်တော်ကလည်း ရန်ကုန်ရောက်တာ မကြာသေးတော့ သူငယ်ချင်း သိပ်မရှိသေးဘူး ဂျာနယ်ထဲကြော်ငြာလိုက်ပါလား။ အာ..နေဦး ကျွန်တော်နဲ့ ကွန်ပျူတာတက်နေတဲ့ ကောင်မလေးက အလုပ်လိုချင်တယ်ပြောတယ် သူက နယ်က ဘော်ဒါနေပြီး အလုပ်လာလုပ်တာ ကွန်ပျူတာကျွမ်းကျင်ရင် ကုမ္ပဏီတွေမှာအလုပ်ရမယ်ဆိုပြီး တက်တာ။ ခု ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



အချို့တွေက သိပ်နလံမထူနိုင်တဲ့ နွားအိုကြီးတွေလို ဖြစ်လာတော့ သူလည်း စိတ်ပျက်နေတယ်။ သူ့ကို ကျွန်တော်မေးကြည့်ပေးမယ်'

ငြိမ်သက်နေသော စိုးဇလပ်က

'ယောကျ်ားလေးလား မိန်းမလေးလား'

'မိန်းမလေး'

စိုးဇလပ်က ဆတ်ခနဲ ဇွဲကောင်းထက်ကိုငဲ့စောင်းကြည့်လိုက်လေသည်ကို ထနောင်းညိုက မြင်လိုက်မိလေသည်။

'ဘာဖြစ်လို့လဲ ကိုလတ်က မိန်းကလေး လက်မခံဘူးလား'

'လက်ခံပါတယ် မိန်းကလေးတွေက ပိုတော့င် ဖင်ဖြိုးသေးတယ်'

'ကောင်းပြီ သူ စိတ်ဝင်စားတယ်ဆိုရင် ခေါ်ခဲ့ကွာ ကိုလတ်ရှိနေမှာပဲ'

'ဟုတ်ကဲ့'

စိုးဇလပ်က ငြိမ်သက်နေသည်။

ထနောင်းညိုထို့ညီအစ်ကိုတွေ စိုးဇလပ်ကို အားမလိုအားမရဖြစ်မိသည်။ ဇွဲကောင်းထက်နှင့် ယှဉ်ကြည့်လိုက်သောအခါမှ စိုးဇလပ်သည် အလိုလိုငြိမ်သက်သော ပျော့တိ ပျော့ဖတ်နိုင်သော ကောင်ကလေးတစ်ယောက်ဖြစ်နေသည်ကိုအားမလိုအားမရဖြစ်နေမိသည်။

[illegible]ဒေါ်နှင်း[illegible]ကလည်း သူပုံသွင်းသလိုဖြစ်မလာသော





စိုးဇလပ်အပေါ် အားမလိုအားမရဖြစ်ခြင်းကိုလည်း အပြစ်မမြင်မိတော့။

ဘားလမ်း 'မိုးကောင်းကင်'ကွန်ပျူတာစာစီစာရိုက်ရှေ့၌ ကားရပ်လိုက်သည်နှင့် စိုးဇလပ်က အရင်ဆင်းသွားပြီးတော့ ဖွင့်လိုက်သည်။

ဇွဲကောင်းထက်က လိုက်ဝင်ရာ

'မင်းက မသွားသေးဘူးလား'

'အချိန်စောသေးလို့ ဘာဝိုင်းလုပ်ပေးရမလဲ စိုး'

'ရပါတယ် ကိုယ့်ဘာသာကိုယ်လုပ်မယ်'

စိုးဇလပ်က ဘုရားပန်းကို အရင်လဲလိုက်သည်။

သောက်တော်ရေဘန်းကို ဇွဲကောင်းထက်က ယူကာ ဘောဇင်သို့ လိုက်ပို့ပေးသည်။

'စိုးလက်ချောင်းကလေးတွေက လှတယ် မိန်းကလေးလက်ကျနေတာပဲ လှုကောင် ထွားသလောက် လက်က သွယ်တယ်'

'ဘာ'

စိုးဇလပ်က ဇွဲကောင်းထက်၏အမှတ်တမဲ့စကားကြောင့် မျက်နှာနီရဲကာ ဇွဲကောင်းထက်အား ဒေါသထွက်သောမျက်နှာဖြင့် ဆတ်ခနဲလှည့်ကြည့်ကာ ရင်ဆိုင်လိုက်သည်။

'ဟုတ်တယ် အကြောစိမ်းလေးတွေက သေးသေးလေးတွေ ဝါဝါတို့လက်ထက်တောင် လှသေး'

'ဘာဝါဝါလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့သူငယ်ချင်းလေ'

'မင်းသူငယ်ချင်းက ငါတစ်ယောက်တည်း မဟုတ်
လား'

ဇွဲကောင်းထက်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြ

'ဘယ်ကလာ အများကြီး မင်းနဲ့မိတ်ဆက်ပေးချင်သေ
တာ ကိုလတ်တို့ မကြိုက်မှာစိုးလို့ လာမယ့် တနင်္ဂနွေမှာ အ
တက်လုပ်မယ် အဲဒီအခါ ဒီရောက်ပြီးမှရတဲ့ သူငယ်ချင်းသ
တွေနဲ့ မိတ်ဆက်ပေးမယ်'

'ရတယ် မိတ်မဆက်ပေးလည်း ရတယ် သူငယ်ချ
မရှိဘဲလည်း နေတတ်တယ် ဒီလိုပဲနေလာတာပဲ'

စိုးဇလပ်က ဘောက်ပြောပြီး ဘုရားပန်းအိုးကို ယူ
ရှေ့ဘက်ခန်းသို့ ပြန်ထွက်သွားလေသည်။ ဇွဲကောင်းထက်
သောက်တော်ရေပန်းကန်ကို ရေသွန် ဆေးကြောပြီးနောက် 
ဇလပ်နောက်သို့လိုက်သွားလိုက်သည်။

နောက် ရေသန့်ဗူး ဖောက်ကာ သောက်တော်ရေ
လိုက်ပြီး စိုးဇလပ်အား ပေးလိုက်သည်။

'ကိုယ့်ဘာသာကိုယ် ကပ်ပါလား'

စိုးဇလပ်မျက်နှာပေါ်၌ မကျေနပ်သော အရေး
ကြောင်းများကို ဇွဲကောင်းထက် တွေ့နေလေသည်။

ဘာကြောင့်ရယ်မသိ။ စိုးဇလပ်ကို ဇွဲကောင်းထက် 
ချင်နေသည်။

သို့သော်. .





'ကိုလတ် ကျွန်တော် နာရီဝက်အချိန်ရသေးတယ် ဘာ
ရိုက်စရာရှိသလဲ ပေးလေဗျာ'

ထနောင်းညိုကိုကူညီပေးချင်နေသဖြင့် စိုးဇလပ်အား
မစတော့ဘဲ ထနောင်းညိုဘက်လှည့်ကာ ပြောလိုက်သည်။

ထနောင်းညိုက သူ့အား စာရွက်တစ်ရွက် ထုတ်ပေး
လိုက်သည်။ ဇွဲကောင်းထက်က သေသပ် မြန်ဆန်စွာ ကွန်ပျူ
တာ တိုင်လိုက်သည်။

ထနောင်းညိုကလည်း ကွန်ပျူတာတစ်လုံး၌ထိုင်ကာ
အလုပ်ရှုပ်နေသည်။ စိုးဇလပ်က ဘုရားကို မတ်တပ်ရှိခိုးလိုက်
ပြီး ကိုလတ်နှင့်သူငယ်ချင်းသစ်ဇွဲကို ကြည့်လိုက်သည်။

ကိုလတ် မေးနှင့်နှုတ်ခမ်းမွေးနေရာတို့၌စိမ်းနေသည်။
ဇွဲလည်း အနည်းငယ်စိမ်းရောင်သမ်းနေလေပြီ။ စိုးဇလပ် သူ့
နှုတ်ခမ်းနှင့် မေးစေ့ကို ပွတ်သပ်ကြည့်လိုက်သည်။ ချောမွတ်
နေသည်။ သက်ပြင်းချလိုက်မိသည်။

နောက် လည်ပင်း။ ဇွဲနှင့် ကိုလတ်ကဲ့သို့ မထင်မရှား
ချွန်ယယောင်ယောင်ရှိနေသောဇလုတ်လည်း မစမ်းမိချေ။ ရင်
ထဲ အသက်ရှူကြပ်သလိုခံစားရပြီး ကွန်ပျူတာတစ်လုံး၌ထိုင်ကာ
မနေ့က သွင်းထားသောစာများကို ဆက်ရိုက်လိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၅)

ဒေါ်မယ်ဥအုပါအဝင် ညီအစ်ကိုငယောက်စလုံးကို ဇွဲကောင်းထက်တို့မောင်နှမက လာခေါ်သည်။

သီရိကျက်သရေနှင့် စိုးဇလပ်တို့ညီအစ်ကို ငယောက်စလုံး ရင်းနှီးနေကြပြီ။ သီရိကျက်သရေက ထနောင်းညိုထက်ပင် တစ်နှစ် ကြီးလေသည်။ အလုပ်သင်ဆရာဝန်အဖြစ် ကွင်းဆင်းနေသူဖြစ်သည်။

'မေမေ ဖေဖေ ဒါ သမီးတို့ပြောနေတဲ့ ထနောင်းညို။ သူက ကျော်စံကား၊ သူက သော်ကဆန်၊ ဒါလေးက အငယ်ဆုံးလေး စိုးဇလပ်တဲ့ မောင်နှလေးနဲ့ရွယ်တူပဲ'

သီရိကျက်သရေနှင့် ဇွဲကောင်းထက်တို့၏မိဘများဖြစ်သော ဦးလှစိုးနှင့် ဒေါ်ဝေဝေမြတ်မှာ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ဥပမိရုပ်လည်း ကောင်းမွန်ကြသော ညီအစ်ကိုလေးယောက်ကိုကြည့်ကာ ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် စိတ်လည်း ချသွားသည်။

'လာ လာ ထိုင်ကြ သားတို့ အန်ကယ်က မင်းတို့ညီ အစ်ကိုတွေအကြောင်း တယ်လီဖုန်းနဲ့တစ်ဆင့်နားရည်ဝပြီးသား ဖြစ်နေပေမယ့် ခုမှ လူတွေကိုမြင်ဖူးရတာ လူချောလေးတွေ ထိုင်ကြ သားတို့'

ထနောင်းညိုတို့ညီအစ်ကိုက လွတ်နေသော ဝိုင်းတစ် ဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

ဒေါ်မယ်ဥကို သီရိကျက်သရေက လက်ဆွဲကာထိုင်စေ သည်။

'ဒေါ်မယ်အတွက် အဖော်ရတော့မယ်'

'ဘာဖြစ်လို့လဲ'

'ဒွေးလေးရေ လာပါဦး'

ဒေါ်မယ်ဥအရွယ် အသက်၅၀ ဝန်းကျင်၊ ခပ်သေးသေး ခပ်ညိုညိုအမျိုးသမီးတစ်ယောက်ထွက်လာသည်။

'မေမေ့ညီမဝမ်းကွဲလေ တို့က ပို့စတင်ကျရင် အနည်း ဆုံး နယ်ကိုနှစ်နှစ်လောက်ပြောင်းရမှာပဲ အဲဒီအခါ မောင်လေး တစ်ယောက်တည်း စားသောက်ဖို့ခက်မှာစိုးလို့ ခေါ်ထားရတာ ဒွေးလေး ဒါလေ ဒေါ်မယ်ဥ တဲ့။ ဒေါ်မယ် ကျွန်မ ဒွေးလေး ဒေါ်သေးတဲ့'

'အင်း အင်း ကျွန်မက ဒေါ်သေးထက် တစ်လလောက် စောနေတဲ့သူဆိုတော့ ဈေးဘာညာသွားချင်ရင် ကျွန်မကိုသာ ခေါ် လိုက်ပို့ပေးမယ်'



'ဟုတ်ကဲ့ မမယ် ကျေးဇူးပါပဲ'

'ကိုင်း နှစ်အိမ့်တစ်အိမ်လိုသာနေကြပါ အန်တီတော့ သားဖွဲ့အတွက် သားတို့တွေနဲ့အိမ်နီးချင်းဖြစ်ရတာကို ကျေနပ် သွားပြီကွယ် အစ်ကိုတွေက ညီငယ်နဲ့တန်းတူထားပြီးတော့သာ ဆုံးမပေးပါကွယ်'

သီရိကျက်သရေ၏မိခင် ဒေါ်ဝေဝေမြတ်က ထနောင်း ညိုတို့အနီးထိုင်ကာ ပြောလေသည်။

ထိုစဉ် သီရိကျက်သရေ၏သူငယ်ချင်းတစ်သိုက်ရောက် လာသည်။ သီရိကျက်သရေက ထသွားကာ နေရာပေးရသည်။

ဖွဲ့ကောင်းထက်က စိုးဇလပ်အနီး ထိုင်ကာ သူတို့ဝိုင်း ထဲဝင်၍စားနေစဉ်..

'ဖွဲ့ရေ သားဧည့်သည်ထင်တယ်'

စိုးဇလပ်က တံခါးဝသို့လှမ်းကြည့်ပြီး မျက်နှာလွှဲလိုက် သည်။

ဝါဝါလင်းထိန်နှင့် ဆူးပန်းဖြစ်သည်။

မိန်းမတွေကိုက ဖွဲ့နှင့်သူ့အား ကြည့်သောမျက်လုံးကို က အရည်လည်နေသည်။ စိုးဇလပ်ကြည့်မရ။ ချက်ချင်းမျက် နှာလွှဲလိုက်သည်။

'ဟော့ကောင် စိုး၊ လာ ဒီဘက်ဝိုင်း လာထိုင်ပါလား'

ဝါဝါလင်းထိန်က ထနောင်းညိုကို နှုတ်ဆက်လိုက်စဉ် ဖွဲ့ကောင်းထက်က သူ့ပန်းကန်ကို မ,ရင်း စိုးဇလပ်ကိုပါ ခေါ် လေသည်။

www.burmeseclassic.com



'မင်းပဲသွား'

'မင်းကလည်းကွာ လာပါ ဒီမှာလည်း ကျပ်နေတာပဲ'

'မင်းသွားရင် ချောင်သွားပြီ'

ထနောင်းညိုက ညီဝယ်စိုးဇလပ်ကို ဖျတ်ခနဲကြည့်လိုက်သည်။

'ဒီကောင်လေး ဘာဖြစ်၍မျှား ဖါပါလင်းထိန်ကို ကြည့်မရဖြစ်နေပါလိမ့်'ဟု သူတွေးသည်။

အဖြေရှာမရ။

'ဆူးပန်းနဲ့မိတ်ဆက်ပေးဦးမယ်လေကွာ'

ဖွဲ့ကောင်းထက်က စိုးဇလပ်အပေါ် သည်းညည်းခံကာ ပေါင်းရှာသည်။

'ဆူးပန်းဆိုမှတော့ ကိုယ့်အတွက်အန္တရာယ်ရှိနိုင်တယ် နေပါစေ မသိချင်ဘူး'

'အငယ်ကောင်တလဲကွာ လိုက်သွားလိုက်'

ထနောင်းညိုက လှမ်းပြောလိုက်သည်။ စိုးဇလပ်က သူ့အား ဖျတ်ခနဲကြည့်ပြီး ဖွဲ့ကောင်းထက်ဝိုင်းဘက်သို့ ကူးသွားလေသည်။

နောက်ထပ် ဖွဲ့ကောင်းထက်၏သူငယ်ချင်းနှစ်ယောက် ထပ်ရောက်လာသည်။

'လာ ဝဏ္ဏမျိုး'

'လာဟေ့ ထူးကျော် ဒီမှာ ဝါဝါတို့နဲ့တစ်ခါတည်းထိုင်'

ဖွဲ့က ထကာ နေရာပေးလေသည်။





ဝဏ္ဏမျိုးနဲ့ ထူးကျော်က သူတို့နှင့်မျက်နှာစိမ်းနေသော စိုးဇလပ်ကို ကြည့်ကာ ပြုံးပြလိုက်သည်။

'စိုးဇလပ်လေ'

ဖွဲ့ကောင်းထက်က မိတ်ဆက်ပေးလိုက်သည်။ စိုးဇလပ်က လိုက်လှဲစွာပြုံးပြလိုက်သည်။

'ဖွဲ့က မင်းတို့နာမည်တွေပြောထားလို့ ရင်းနှီးပြီးသား'

'အေးကွ ကိုယ်တို့လည်း ဒီတိုင်းပဲ ဖွဲ့ပြောတာထက်ကို မင်းက ပိုချောတယ် မော်ဒယ်အေဂျင်စီမှာ သင်တန်းတက်ပြီး မင်းသား လုပ်ပါလား တို့မြန်မာပြည်က မင်းသားရှားတယ်ကွ'

ဝဏ္ဏမျိုးက အားပါးတရပြောလိုက်ရာ စိုးဇလပ်က

'လုပ်ချင်တာပေါ့ကွာ အစ်ကိုတွေက ခွင့်မပြုလို့'

'ဆူးပန်းကိုတော့ သူ့မိဘတွေက ခွင့်ပြုလိုက်ပြီ'

'ဟုတ်လား'

စိုးဇလပ် ဆူးပန်းကို ဖျတ်ခနဲကြည့်လိုက်သည်။

ဆူးပန်းက ချောသည်။ ကိုရီးယားမင်းသမီးလေးလို ဖြူစင်ဝင်းမွတ်ကာ ပင်ကိုယ်အလှနှင့်တောက်ပြောင်နေသည်။

ဆူးပန်းကလည်း သူ့ကို ထူးဆန်းသော မျက်ဝန်းနှင့် ကြည့်သည်။

'ဟွန်း ကြာမျက်လုံး။ မိန်းမကိုက ငန်းငန်းတက် ငါ့ကို များ လာညို့နေသေးတယ်'

ဟု စိုးဇလပ်က စိတ်တွင်းမှ ချက်ချကာ မျက်နှာလွှဲလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူးပန်းမှာ ပြုံးပြနေသည့်အထွက်တိုးလို့တန်းလန်းဖြစ်သွားရာ စိုးဇလပ်ကိုမျက်စောင်းထိုးပြီး ဇွဲဘက်လှည့်ကာ

'ဇွဲ နင့်အိမ်နီးချင်းက ရောဂါရှိတယ်ထင်တယ်'

ဇွဲက

'ဘာ'ဟု ဆိုလိုက်ရာ ဆူးပန်းက ဆက်၍

'ဘဝင်မြင့်ရောဂါလေ သူ့ကို ဝဏ္ဏက ချောတယ် လို့ မြှောက်လိုက်လို့ မြင့်သွားတဲ့ ဘဝင်ရောဂါပြောတာ'

ဆူးပန်းက ဆတ်ဆတ်ကြဲပင်။ စိုးဇလပ်က

'ဇွဲ ဒါကြောင့် မင်းကိုပြောတာ လူကိုကြည့်ပေါင်းရတယ် တစ်လုံးချိုင့်နဲ့ ငါ တစ်ဝိုင်းတည်းမထိုင်ချင်ဘူး မင်းတို့ကိုတော့ ခင်ပါတယ် ဆောရီးပဲ'

စိုးဇလပ်က သူ့ပန်းကန်ကို မ,ကာ အစ်ကိုများဝိုင်းသို့ ပြန်ကူးရာ ဇွဲက မျက်စိမျက်နှာပျက်သွားပြီး ဆူးပန်းအား မဲလေသည်။

'ဆူးပန်း နင်ကလဲ. .'

'ညှော်သည်ချင်းအတူတူပဲ ဘက်မလိုက်နဲ့နော်'

'ဇွဲ ဒီဘက်လာခဲ့'

စိုးဇလပ်က မခံချင်။ ဇွဲကိုလှမ်းခေါ်လိုက်သည်။

ဇွဲဘာလုပ်ရမှန်းမသိ။

ထနောင်းညို မနေသာ။

'အငယ်ကောင် အေးအေးဆေးဆေးစားစမ်း ထိုင်နေ ဇွဲ ရတယ်'





စိုးဇလပ် ထပ်မခေါ်ရဲတော့။ ဆူးပန်းကို မကျေမနပ် စမ်းကြည့်လိုက်ရာ ဆူးပန်းက သူ့အား အောင်နိုင်သူအပြုံးနှင့် ပြုံးပြလိုက်ပြီး ဇွဲနား ပို၍တိုးကပ်လိုက်သည်။

စိုးဇလပ် စိတ်ထဲ ထောင်းခနဲဖြစ်သွားသည်။ ညှော်သည် အသွသာ မရှိဘူးဆိုလျှင် ဆူးပန်းကို ဆံပင်ကိုင် လှုပ်ရမ်းပစ်လိုက် ချင်သည်။

'မိန်းကလေးဖြစ်ပြီး ကြန္ဒြေရရ နေစမ်း ဇွဲနားကို ဒီ လောက်တောင်ကပ်ရသလား'ဟုလည်း အော်ဟစ်ကြိမ်းမောင်း လိုက်ချင်ပါဘိ။ ထနောင်းညို ပင့်သက်ရှိုက်လိုက်မိသည်။ အခြေ အနေအရပ်ရပ်ကို သုံးသပ်ကြည့်မိသည်။ အငယ်ကောင်က လှ သောဆူးပန်းကို စိတ်ဝင်စား၍ ဇွဲနားကပ်ခြင်းကို မနာလိုဖြစ် တာလား။ သို့တည်းမဟုတ် သူ့သူငယ်ချင်းဇွဲက ဆူးပန်းကို ပို ခင်သွားမှာ စိုး၍ အငယ်ကောင်မကျေမချမ်းဖြစ်နေတာလား။

သို့သော် အငယ်ကောင်စိတ်ကို နားမလည်နိုင်အောင် ဖြစ်နေတာကတော့ သေချာသည်။

အရွယ်ရောက်စပြုလာသောအငယ်ကောင်ကို သူဆက် လက်ထိန်းသိမ်းနိုင်ပါ့မလားဟုလည်း စိုးရိမ်ကာ ရင်ထဲ ရတက် မအေးနိုင်အောင် ဖြစ်မိလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၆)

စိုးဇလပ် လသာဆောင်ပေါ်သို့တက်ခဲ့သည်။

ထနောင်းညိုက 'ချွတ်ခနဲ'အသံကြားလိုက်သဖြင့် ငြိမ်သက်ပြီး နားစွင့်နေလိုက်သည်။ ဂီတာတက်တီးတာလောက်ကို ထနောင်းညိုစိတ်မပူချေ။ စိုးဇလပ်ထံမှ ဂီတာတီးသံသာ ကြားရသည်။ အသံသေးအသံကြောင်နှင့် လိုက်ဆိုသော သီချင်းသံ ထွက်မလာ။

စိုးဇလပ် ဘာကိုအလိုမကျဖြစ်နေသည်ကို ထနောင်းညို သဲသဲကွဲကွဲမသိသော်လည်း ဖွဲကောင်းထက်နှင့်ပတ်သက်မည်ကိုတော့ ရိပ်မိလေသည်။

တစ်အောင့်လောက်နေပြီးမှ ထနောင်းညိုက အသာလေး လသာဆောင်သို့တက်သော ကြောင်လိမ်လှေကားပေါ် တက်လိုက်သည်။

'စိုး ငါ တောင်းပန်ပါတယ် မင်းငါ့ကို မခေါ်ဘဲမနေပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ကွာ ငါ သူငယ်ချင်းတွေကို ခင်ခင်မင်မင်ပဲဆက်ဆံတတ်လို့ပါ မင်းကို ငါအခင်ဆုံးပဲ'

ဇွဲကောင်းထက်အသံကြားလိုက်သဖြင့် သူက လှေကားမှာပင် အသာရပ်ပြီး နားစွင့်နေလိုက်သည်။

'ဆတ်စလူးဆူးပန်းကို မင်းကြိုက်နေသလား'

စိုးဇလပ်ထံမှ ဆူဆူအောင့်အောင့်အသံထွက်လာသည်။

ဇွဲကောင်းထက်က မဆိုင်းမတွပင်

'မကြိုက်သေးပါဘူး လှတာသက်သက်လောက်နဲ့တော့ ငါ့အချစ်ကိုမပေးနိုင်ဘူး ငါရွေးချယ်မယ့်ချစ်သူက အဆင်းရော အချင်းပါပြည့်စုံရမယ် ဆူးပန်းကို မင်းတွေ့တဲ့အတိုင်း လှတယ် သွက်တယ်'

'ကလက်တာပါ'

စိုးဇလပ်က ဖြတ်ပြောလိုက်သည်။ ဇွဲကောင်းထက်ထံမှ ရယ်သံထွက်လာသည်။

'အေး အေး ကလက်တယ်ဆိုလည်း ကလက်တယ်ပေါ့ကွာ ထားပါ သူ့အလှက ငါ့ရင်ကို လှုပ်ခတ်သွားအောင် မဖမ်းစားနိုင်သေးပါဘူး စိုးရာ'

'ဝါဝါကရော'

'တော်ဒါတွေပဲ အချစ်ကိုငါမရှာသေးဘူး ဘာလဲ မင်းက ကောင်မလေးတွေကိုစိတ်ဝင်စားနေပြီလား ဆူးပန်းက မင်းကိုစိတ်ဝင်စားနေပုံရတယ် ဒါကြောင့် မထိခလုတ် ထိခလုတ်နဲ့ လိုက်လိုက် စ,နေတာပေါ့ကွ'





'သွားစမ်းပါ'

'ငါ့ကို မေးသေးတယ် စိုးဇလပ်က တောင်ကြီးမှာ သူ့ရည်းစားကျန်ခဲ့လို့ မှုန်ကုပ်ကုပ်ဖြစ်နေတာလားတဲ့'

'ကျန်ခဲ့တယ် တစ်ဒါဇင်လို့ပြောလိုက်ကွာ ယောကျ်ားလေးတွေကို လိုက်စိတ်ဝင်စားပြီး မေးစရာလား မျက်လုံးကိုက ဘာမျက်လုံး။ ညှုကလီးယားများလိုက်တာ'

ဇွဲကောင်းထက်က ရယ်မောလျက်

'သူကလည်း မင်းမျက်လုံးက ညို့ဓာတ်အပြည့်ရှိတယ် သူတောင် ရင်ခုန်တယ်တဲ့'

'သွားစမ်းကွာ ဒီလေဘက်ပြောရဲဆိုရဲတဲ့ကောင်မလေးနဲ့ သူငယ်ချင်းတော်ရဲတဲ့မင်းကို ငါ့သူငယ်ချင်းအဖြစ်က ဖြုတ်တယ်ကွာ'

'ဟာ မလုပ်ပါနဲ့စိုးရာ မင်းကို ငါအချစ်ဆုံးပါ တကယ် မင်းတို့ညီအစ်ကိုတွေပြောင်းလာမှ ငါလည်း နေပျော်သွားတာ အစက တောင်ငူပြန်ပြေးမလို့ စိတ်ကူးနေတာ'

'ပြန်ပါလားကွ ကောင်းတာပေါ့'

'မလုပ်ပါနဲ့ စိုးရာ မင်းရောက်လာကတည်းက ငါပျော်သွားပြီကွ ငါ့အတွက် ဤနေရာဟာ ဘုမ်နက်သန်နေရာမှန်ဖြစ်သွားပြီ စိတ်ချပါစိုးရာ မင်းဆူးပန်းကို မတွဲစေချင်ရင် ငါမတွဲပါဘူး တီးလေကွာ ငါဆိုမယ်'

'တော်ပြီ ငါအိပ်တော့မယ်'

'နေပါဦး လသာနေတာ ငါ့ကို စိတ်ဆိုးပြေတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'မပြောဘူး'

'ဟာကွာ မမက ငါ့ကိုတစ်ခါတစ်ခါ စိတ်ကောက်တယ် ငါ တစ်ခါချော့ရုံ မင်းက ယောက်ျားလေးပဲ စိတ်ကောက်တာ တော့ မဟုတ်နိုင်ဘူး စိတ်ဆိုးတာလား'

'အေး'

'ငါ ဆုးပန်းနဲ့ မရောတော့ပါဘူး ကျေနပ်မလား စိတ် ဆိုးပြေပြီလား'

'သွားစမ်းပါ မင်းဘာသာ မင်း ဆူးပန်းနဲ့တင်မကဘူး ဘယ်နှယောက်တွဲတွဲရတယ် ဒါပေမယ့် မင်းဟာတွေနဲ့ငါ့ကိုလာ မပတ်သက်စေနဲ့ ဒါပဲ'

'အိုကေ ကိုယ်နားလည်ပြီ ကိုင်းဗျာ စိုး မင်းသွားအိပ် တော့ မင်းကို ငါ သီချင်းဆိုပြမယ် ကြားရတယ်မှတ်လား မင်း အခန်းက'

'အေး'

ထနောင်းညို လျှင်မြန်စွာပြန်ဆင်းပြီး သူ့အိပ်ခန်းထဲ သို့ဝင်လိုက်သည်။

မကြာခင် စိုးဇလပ် တံခါးပိတ်ပြီး ဆင်းလာသံကြားရ လေသည်။

နောက် ရှပ်ချော့သလို အတီးကောင်း အဆိုလည်း ပိုင် သော ဇွဲကောင်းထက်က 'စွန့်သွားတော့ နေခြည်'ကို သံစဉ်မှန် မှန်နှင့်သီဆိုသံကိုကြားလိုက်ရလေသည်။

ထနောင်းညိုမှာ တောင်တွေးမြောက်တွေးနှင့် အိပ်မ





ပျော်နိုင်အောင်ဖြစ်နေလေသည်။ ဇွဲကောင်းထက်အသံပျောက် သွားပြီး အတန်ကြာမှ ထနောင်းညိုအိပ်ရာမှအသာလေးထပြီး ညီများ၏အိပ်ခန်းကို တစ်ခန်းချင်း ဝင်ကြည့်လိုက်သည်။

တိုက်ခန်းက အဲယားကွန်းတပ်ထားပြီး ခြင်လုံဇကာပါ တပ်ထားသဖြင့် ခြင်ထောင် ထောင်အိပ်စရာမလိုပေ။ ကိုထွေး နှင့်ကိုယ်တို့ကတော့ ခြေလွတ်လက်လွတ်ကိုအိပ်နေကြသည်။ ဘုတင်အောက်ကျနေသောစောင်များကို ကောက်ကာ ညီနှစ် ယောက်ကို ခြုံပေးလိုက်သည်။

စိုးဇလပ်အခန်း ရောက်တော့ စိုးဇလပ်က မှောက်ခုံ လေးအိပ်နေရှာသည်။ ညအိပ်အနွေးထည်ရှည်နှင့် ဘောင်းဘီ ရှည်ဝတ်ထားပြီး မှောက်ခုံလေးအိပ်ပျော်နေရှာသော ညီအငယ် ဆုံးလေးကိုကြည့်ပြီး ပင့်သက်ရှိုက်လိုက်မိလေသည်။ နောက် ခြေရင်းမှစောင်ခေါက်လေးကိုအသာယူဖြန့်ကာ စိုးဇလပ်ကို ခြုံ ပေးလိုက်လေသည်။

နောက် သူတို့အထပ်၌တပ်ထားသော အဲယားကွန်းကို အအေးရှိန်လျှော့လိုက်သည်။ ဒီအလုပ်မျိုးကို ကိုကြီးရှိလျှင် ကို ကြီးက အမြဲလုပ်တတ်သည်။ ကိုကြီးမရှိသည့်အခါ သူလုပ်ပေး သင့်လေသည်။

ကိုကြီးကိုသတိရမိသောအခါ ကိုကြီးအကြောင်းကိုစပ် စုတတ်သော တစ်ဘက်ခန်းမှ သီရိကျက်သရေကိုပါ ပြေးမြင် လိုက်မိသည်။ ကိုကြီးအတွက် ငြိမ်းအေးသောရင်ခွင်တစ်ခုကို သူလက်ဆောင်ပေးချင်သောဆန္ဒ ဖြစ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းညိုအိပ်ယာထဲပြန်ဝင်ခဲ့သည်။

တစ်ဘက်ကုတင်လွတ်ကိုလှမ်းကြည့်ပြီး ကိုကြီးငြိုသတိရလွမ်းဆွတ်သလိုခံစားလိုက်ရသည်။ တစ်ယောက်တည်း ပင်ပန်းနေရှာရော့မည်။ သူလိုက်ကူမည် ဆိုတော့လည်း လက်မခံချေ။ ညီသုံးယောက်ကိုသာ အထူးသဖြင့် အငယ်ကောင်တို့ ပိုဂရုစိုက်ပါဟု အထပ်ထပ်အခါခါမှာသွား သော ကိုကြီးစကားကို သူနာခံလျက်ရှိကြောင်း ကိုကြီးယုံကြည်နေမည်ဟု သူထင်ပါသည်။

*





## အခန်း(၇)

ထနောင်းညို၌ ကွန်ပျူတာ ၅လုံးရှိသည်။ မိတ္တူကူးစက် ချုံ့ချဲ့တို့နှင့် ဝန်ထမ်း၅ဦး၌ စိုးဇလပ်၊ ဖွဲ့ကောင်းထက်၊ ဝါဝါလင်းထိန်နှင့် ဝဏ္ဏမျိုး၊ ထူးကျော်တို့ဖြစ်သည်

သူတို့အားလုံး စိတ်ဝင်စားသည်။ သူကလည်း လစာသဘောမျိုး မုန့်ဖိုးပေးသည်။

'ကိုလတ် လူရှာရင်ထပ်ရှာထားလေ။ ကျောင်းဖွင့်ရင် ကျွန်တော်တို့ ကူနိုင်တော့မှာမဟုတ်ဘူး'

ဖွဲ့ကောင်းထက်က ပြောသည်။ စိုးဇလပ်ကတော့

'ကျွန်တော်လည်း ကျောင်းပဲတက်မှာနော် ကိုလတ်'

ထနောင်းညိုက သူ့ထုံးစံအတိုင်း ပြုံးကာ

'အေးပါ ညီလေးတို့ကိုလည်း ကိုကိုက ဆွဲမထားပါဘူး'

'ဝါဝါကတော့ ကိုလတ်ကို ခွင့်တောင်းမလို့'

ဝါဝါက စိုးဇလပ်တို့ထက် တစ်နှစ်ကျော်ကျော် ကြီး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆယ်တန်းနှစ်နှစ်ဖြေထားသူဖြစ်သည်။

'ဝါဝါငှားနေတဲ့အဆောင်က ဈေးတက်လာပြီဆိုတော့ ဝါဝါ ထပ်ပြီးအဆောင်ပြောင်းရမလိုဖြစ်နေတယ်။ ကိုလတ် ဒီမှာ ထပ်ခိုးက အားနေတာပဲ ဝါ့ဝါ့ကို ပေးနေပါလား'

စိုးဇလပ်က ဆဲတ်ကနဲ ဖြစ်သွားပြီး ကိုလတ်ကို တစ်လှည့် ဝါဝါလင်းထိန်ကိုတစ်လှည့် ကြည့်လိုက်သည်။

ကိုလတ်က

'ညည်း တစ်ယောက်တည်းနေရဲပါ့မလား။ နောက်ပြီး တာဝန်များ သိပ်ကြီးနေမလား'

'နေရဲပါတယ်'

'ဘာပဲပြောပြော ညည်းအတွက် တာဝန်ကြီးသလို ငါ့အတွက်လည်းတာဝန်ရှိသွားမယ် ဝါဝါ။ ငါက ညည်းအဆောင်ခတိုးလာတာကိုလည်း ငါပဲ ပေးပါ့မယ်။ ထပ်ခိုးက စက္ကူတွေလှောင်ဖို့ရှိတယ်။ ငါတော့ မထားချင်ဘူး၊ ညည်းအတွက်ပြောတာဝါဝါ'

ဝါဝါလင်းထိန်က နယ်မှဖြစ်ခြင်းကြောင့် ဇွဲကောင်းထက်တို့ကလည်း အစစအရာရာအကူအညီပေးနေလေသည်။ ဝတ္ထုမျိုးက

'နင် အဆောင် ထပ်ပြောင်းချင် ပြောင်းပါလား။ ငါ့အဒေါ်က လှည်းတန်းမှာ အဆောင်ဖွင့်ထားတယ်။ ငါ ရှမ်းပေးမယ်'

ဟုလည်းကောင်း၊ ဇွဲကောင်းထက်က





'နင်သာ ယောကျ်ားလေးဆိုရင် ငါကခေါ်ထားပါတယ်ဟာ'

စိုးဇလပ်က ဇွဲကောင်းထက်ကို ဆတ်ကနဲလှမ်းကြည့်လိုက်ရာ ဇွဲကောင်းထက်ကရယ်ပြလိုက်သည်။ စိုးဇလပ်က မျက်နှာလွှဲလိုက်သည်။

စိုးဇလပ်စိတ်ထဲ ဝါဝါလင်းထိန်ကို အမြင်ကတ်မိလေသည်။

'ဟွန်း သူ့အပေါ် ကရုဏာသက်အောင် ပြောနေတာ။ ဒီယုန်မြင်လို့ ဒီချုံထွင်တာ မသိရင်ခက်မယ်'

'ဒီအပတ် ဆန်းဒေး အောင်စာရင်းတွေထွက်မယ် ဆိုတာ ကျိန်းသေသွားပြီ'

'ဟုတ်လား'

'ဝါဝါ အဆောင်ရွှေ့ချင်တဲ့နေ့ပြော ကိုလတ်တို့ လိုက်ပြောင်းပေးမယ်'

ကိုလတ်ကို စိုးဇလပ်မကျေမနပ်ကြည့်မိသည်။

သဘောကောင်းလွန်းအားကြီးနေသည်။ ကိုလတ်ကတော့ ရိုးသားမှာပါ။ ဝါဝါလင်းထိန်ကတော့ ပြောရမည်မဟုတ်။

'ကိုင်း ဒီနေ့တော့ စောစောပဲ သိမ်းကြမယ်။ မင်းတို့ကို ဒီလအထိပဲ ကိုလတ်က ပေးလုပ်မှာ။ လဆန်းမှာ အလုပ်ဝင်ဖို့ ၃ ဦးကိုရွေးထားပြီးပြီ။ ဒါပေမယ့် မင်းတို့ကစားချင်ရင် ဝိမ်းကစားရအောင် ထပ်ခိုးမှာ တစ်လုံးထားပေးမယ်။ အချိန်မရွေး လာကစားကြပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်ကို အပြစ်မဆိုချင်။

ထပ်ခိုးမှာ နေရာလပ်မရှိအောင် စီစဉ်လိုက်ခြင်း ဖြစ်သည်။

နောက်ထပ် အသစ် ၃ဦးက ယောက်ျားလေး ၂ဦးနှင့် မိန်းကလေး၁ဦးဖြစ်သည်။ ဝါဝါလင်းထိန်နှင့်ဆို ၄ဦးဖြစ်သည်။

'ဒီလ ပြီးတာနဲ့ အင်တာနက်ချိတ်မယ် မှတ်လား ကိုလတ်'

'ခအားကွာ အဆင်ပြေမယ်ထင်တယ်။ ကိုလတ်သူငယ်ချင်းနှစ်ဦးက ရှယ်ယာဝင်မယ်။ လုပ်အားပါယူရတာ'

စိုးဇလပ်က အလုပ်ကိစ္စလည်း စိတ်မဝင်စားချေ။ အစ်ကိုတွေက ဒါလုပ်ဆို လုပ်ပေးလိုက်သည်။ သူ့၌ ရည်မှန်းချက် ဘာမှမရှိ။

ကိုလတ်ကလည်း ဒါကိုရိပ်မိပုံရသည်။ ကွန်ပျူတာဂိမ်းဆော့နေလျှင်လည်း ဘာမှမပြော။ သူငယ်ချင်းတွေနှင့် ရုပ်ရှင်သွားကြည့်မည်ဆိုလျှင်လည်း ကိုထွေးနှင့်အတူလွှတ်ပေးလိုက်သည်။

ကိုထွေးက ဖွဲ့တို့သူငယ်ချင်းတစ်သိုက်နှင့် အသက်သိပ်မကွာခြင်းကြောင့် ဝင်ဆန့်လေသည်။ ပေါင်းလို့ရသည်။

'စိုး အချဉ်ထုပ်စားဦးမလား'

'မစားဘူး ငါအချဉ်မကြိုက်ဘူး'

ဝါဝါလင်းထိန်ကလည်း သူ့အပေါ် ရှုတည်တည်နှင့် ဆက်ဆံတတ်သော စိုးဇလပ်ကို မထိခလုတ်ထိခလုတ်နှင့် လိုက်



စတတ်သည်။

'ဒါဖြင့် အချိုကြိုက်သလား။ ဆွဲပါတယ် စားမလား'

'အချိုလည်း မကြိုက်ဘူး'

'ဒါဖြင့် ဘာကြိုက်သလဲ'

'အခါး အခါးမှ တူးခါးနေတာမျိုးမှ ကြိုက်တယ်'

'ဟုတ်လား ဒါဆို အတော်ပဲ တို့က ကြက်ဟင်းခါးသီးဟင်းချက်တတ်တယ်။ စိတ်ကူးမလွဲနဲ့နော် တို့တအိမ်ရှင်မကောင်းဖြစ်နိုင်တယ် စိုးရဲ့'

ကိုလတ် နည်းနည်းလစ်တာနှင့် သူ့အားလာစနေသော ဝါဝါလင်းထိန်ကို လက်သီးနှင့်ရွယ်လိုက်ပြီး

'သွားစမ်းကွာ မိန်းကလေးမို့လို့ညှာနေတာနော် လက်သီးစာမိသွားမယ်'

'မိပါစေ မင်းလက်သီးနုနုလေးက နာမယ်မင်ပါဘူး'

'ဘာ'

'ဒုန်း'

စိုးဇလပ်က ဝါဝါလင်းထိန်ကို ထိုးရန်ရွယ်လိုက်ပြီးမှ မထိုးလိုက်ရသဖြင့် လက်သီးကို စားပွဲပေါ်သို့ထိုးချလိုက်သည်။

ဖွဲ့က ကျောခိုင်းထားသောစားပွဲမှာ ထိုင်၍ပုံဆွဲနေရာမှာ ရုတ်တရက် စိုးဇလပ်ဆီသို့ မည်ကဲ့သို့ရောက်သွားမှန်းမသိ။ မြန်းဆိုရောက်သွားရာ ပါးစပ်လေးအဟောင်းသားနှင့် ဝါဝါလင်းထိန်ပင်လျှင် မျက်နှာငယ်လေးနှင့် ကြောင်တက်တက်လေးရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ ငါ'

'မင်းကလဲ စိုးရာ ပြစမ်း'

ဖွဲ့က စိုးဇလပ်လက်ကိုဆွဲယူကာကြည့်ရန် ကြိုးစားသော်လည်း စိုးဇလပ်က လက်ကိုမပြ ရှုန်းဖယ်ကာ အခန်းထဲကထွက်သွားသည်။

ထိုစဉ်အချိန်က ကိုလတ်က အပြင်ထွက်၍ သူတို့ အတွက် နေ့လယ်စာသွားဝယ်နေချိန်ဖြစ်သည်။

ဝဏ္ဏမျိုးက

'ဟေ့ကောင် ဖွဲ့ လိုက်သွားလိုက်။ ဒီကောင်က ဒေါသကြီးမှန်းသိရက်နဲ့ ဝါဝါရာ နင်ကိုက ကဲတာ'

ဖွဲ့က သူတို့စကားကို စောင့်မနေတော့ဘဲ စိုးဇလပ်၏ နောက် ပြေးလိုက်သွားသည်။

စိုးဇလပ်က 'ကက'တစ်စီးကိုလှမ်းတားရာ ဖွဲ့က မှီသွားသည်။

'စိုး ကိုလတ်စိတ်ပူနေလိမ့်မယ်ကွာ'

'မင်းနေခဲ့ ငါ အိမ်ပြန်သွားပြီပြောလိုက်'

'မနေဘူးကွာ ငါလည်း လိုက်မယ်'

ထူးကျော်ကပါ သူတို့အား မှီလာသဖြင့် ဖွဲ့က ကားပေါ်တက်ကာ စိုးဇလပ်ဘေး ဝင်ထိုင်လိုက်သည်။

'ကိုလတ်ကို ပြောလိုက် ငါ စိုးနောက် လိုက်သွားတယ် စိတ်မပူနဲ့လို့'

'အေး အေး စိုးရာ ဝါဝါအစား တောင်းပန်ပါတယ်'





စိုးဇလပ်က ဘာမှမပြော မျက်နှာကြီးနီရဲရာမှ မျက်ရည်များပင် ရီဝေနေလေသည်။ ကားဆရာက

'ဘယ်ကိုမောင်းရမလဲ'

'ဘုရား ရွှေတိဂုံဘုရား'

စိုးဇလပ်က ဆတ်ဆတ်ပြောလိုက်သည်။ ကားဆရာက ဖွဲ့ကောင်းထက်ကိုလှမ်းကြည့်သည်။ လူငယ်တွေ ဘာတွေစိတ်ဆိုးပြီး ပြဿနာတက်လာမှန်းမသိသော်လည်း ကားမောင်းပေးသင့်မသင့်ကို ပုံမှန်အနေအထားရှိသူထံမှအဖြေယူရသည်။

ကောင်လေးတွေက ရည်ရည်မွန်မွန်နှင့် ခပ်ချောချောလေးတွေဖြစ်သည်။ ဖွဲ့ကောင်းထက်က ခေါင်းညိတ်ပြလိုက်သည်။

'အဆင်ပြေတဲ့ မုခ်ဦးဘက်ကိုသာ မောင်းလိုက်ပေးပါ ကားဆရာကြီး'

စိတ်ဆိုးလွယ်သလို ပြေလွယ်သောစိုးဇလပ်အကြောင်းကို တစ်လကျော်နှစ်လပေါင်းလာသည်ဆိုတော့ ဖွဲ့ကောင်းထက်ကောင်းကောင်းသဘောပေါက်လာလေပြီဖြစ်ရာ စိုးဇလပ်၏ညာလက်ကို ကြည့်လိုက်သည်။

လက်ဆစ်များ၌အရေပြားများပွန်းပဲ့ကာ သွေးစအနည်းငယ်စို့နေသည်။ ဖွဲ့ကောင်းထက်က

'ငါတောင်းပန်ပါတယ်စိုးရာ မင်းလက် နာသွားပြီ'

'နာပါစေ မိန်းမတွေကို ငါကြည့်လို့မရဘူး'

ဖွဲ့ကောင်းထက်က တုန့်ပြန်စကား ပြန်ရသဖြင့် ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ စိုးဇလပ်လက်ကို ဆတ်ကနဲဆွဲယူလိုက်ရာ

'အာ'

စိုးဇလပ်ထံမှ မပီမပြင်အာမေဋိတ်သံထွက်ပြီး ရုတ်တရက် သူ့လက်ကို ပြန်ဆွဲယူလိုက်သည်။

ဇွဲကောင်းထက်အကိုင်ကိုမခံရအောင် ကား၏တစ်ဖက်သို့တိုးကပ်ထိုင်လိုက်သည်။ ဇွဲကောင်းထက်က ဘာမှထပ်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ တော်ကြာအခန့် မသင့်၍ စိုးဇလပ်က ကားပေါ်ကဆင်းသွားလျှင်ခက်မည်။

စိုးဇလပ်က စိတ်ဆိုးလွယ်သည်။ မိန်းမများကို ကြည့်မရဘူးဟု ကြွေးကြော်သော်လည်း ဒေါ်မယ်၊ ခွေးလေးနှင့် သူ့အစ်မသီရိကျက်သရေတို့နှင့် အလွန်တည့်လေသည်။ အသက်ကြီးသောမိန်းမများကိုတော့ သူကြည့်၍ရပုံရပါသည်။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ ကားရပ်ပေးလိုက်သည်။ သူက ကားခရှင်းပေးလိုက်ပြီး ဓာတ်လှေကားဆီ လျှောက်လာခဲ့သည်။

ဓာတ်လှေကားအတက်အဆင်း ဖိနပ်အပ်ရန် နေရာ၌ ဖိနပ်အပ်ခဲ့ကြသည်အထိ စိုးဇလပ်က စကားမပြောသေးပေ။

'စိုး မင်းက အင်္ဂါသားမှတ်လား'

'အင်း'

'မင်းနဲ့ငါအတွက် အထူးတလည် ဘာမှ လုပ်စရာမလိုဘူး။ အင်္ဂါထောင့်တစ်နေရာမှာ ဘုရားရှိခိုးမယ်။ ရေသပ္ပါယ်မယ်။ ဆီမီးပူဇော်မယ်ကွာ။ ပြီးရင် မင်းဘယ်သွားချင်သေးလဲ





ဇွဲကောင်းထက်က အမှန်တော့ စိုးဇလပ်စိတ်ဆိုးပြေစေရန် လိုက်ချော့နေခြင်းဖြစ်သည်။

စိုးဇလပ်မျက်နှာမှုန်ကုတ်ကုတ်ကလေး ဖြစ်နေခြင်းကို ဇွဲကောင်းထက် ဘဝင်မကျနိုင်ပါ။ စိုးဇလပ်က ရယ်လိုက်လျှင် ပါးချိုင့်လေးပေါ်သွားပြီး သွားတက်လေးများ လင်းကနဲ လက်တနဲမေါ်လာပြီး မျက်လုံးလေးများတောက်ပသွားပုံမှာ သောက်ရူးကြယ်ညီနောင်အလား လင်းလက်သွားသည်။ စိုးဇလပ်ကို ပြုံးပျော်နေတာပဲ သူမြင်ချင်သည်။

'ငါ့မေမေက ပြောသွားတယ်။ စိုးက မိန်းမချောပုံမျိုးတဲ့'

စိုးဇလပ်က ဇွဲကောင်းထက်ကို ဖျတ်ကနဲကြည့်လိုက်သည်။ ဇွဲကောင်းထက်မျက်နှာသည် ပကတိဖြူစင်နေသည်။ ကြည်လင်နေသည်။

'ဒါဆို မင်းကကော'

'မေမေပြောတာကို ပြောရမှာလား'

'အင်း'

'သားက ယောကျ်ားချော ခန့်တယ်။ ခန့်ချောပေါ့ကွာ စိုးက ပိုချောတယ်။ မိန်းမချောပုံမျိုးတဲ့'

စိုးဇလပ်မျက်နှာလွှဲကာ အင်္ဂါထောင့်၌ ရေသပ္ပါယ်နိုင်သောဆင်းတုရုပ်ပွားတော်နေရာဝင်လိုက်သည်။

စိုးဇလပ်စိတ်ထဲ မွန်းကြပ်နေသည်။ အသက်ရှူမဝသလိုခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနေ လူသူကင်းမဲ့သောနေရာတစ်နေရာရာသို့ရောက်ရှိနေပါက သူသည် အားပါးတရ ဟစ်အော်ငိုကြွေးမိမှာ သေချာသည်။

ဇွဲကောင်းထက်က ဆီမီးအနေနှင့်ဖယောင်းတိုင်တစ်ထုပ်လုံးဖောက်ကာ ထွန်းလိုက်သည်။ အမွှေးတိုင်လည်း ထိုနည်းတူပင်။ နောက် အောင်သပြေပန်းများကို ငြိုဟ်တိုင်ရုပ်ပွားရှေ့က ပန်းအိုး၌ထိုးလိုက်ပြီး သူ့အနီးလာလေသည်။

စိုးဇလပ်ကို

'မင်းသက်စေ့ဆိုရင် ရပ်သင့်ပြီနော်လေ။ ဘုရားကိုယ်တော်ကြီးတော့ ချမ်းနေလောက်ပြီ'

ဇွဲကောင်းထက်က သူ ပြုံးလေစေရန် တမင်နောက်ပြောင်နေခြင်းဖြစ်ကြောင်း စိုးဇလပ် ကောင်းစွာသိလေသည်။

ရေခွက်လေးကိုချပြီး အလှူခံပုံး၌ ငွေနှစ်ရာတန်တစ်ရွက်ထည့်လိုက်သည်။ နောက် ခြောက်သွေ့သောရင်ပြင်နေရာတွင် ဒူးထောက်ကာ ဘုရားဝတ်ပြုလိုက်သည်။

ဇွဲကောင်းထက်က ရေစခွက် သပွါယ်အပြီးတွင် စိုးဇလပ်အနီး၌ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလိုက်သည်။ လက်အုပ်ချီပြီးမှ စိုးဇလပ်ဘုရားရှိခိုးပုံကထူးသည်ဟုထင်၍ ငဲ့ဆောင်းကြည့်လိုက်သည်။ ဒူးထောက်ကာ လက်အုပ်ချီထားပြီး ငြိမ်သက်နေသည်။ နှုတ်ခမ်းလှုပ်သည်လည်း မတွေ့ရချေ။

ဇွဲကောင်းထက် မျက်နှာလွှဲလိုက်ပြီး ဦးခုကြိမ်ချလိုက်လေသည်။ သူရှိခိုးပြီးသွားသည့်တိုင် စိုးဇလပ်က မပြီးသေး။





စိုးဇလပ်သည် ကလေးဘဝကို မည်ကဲ့သို့ ဖြတ်သန်းခဲ့ရသည်ကို သူတစ်ခါမှ မေးမကြည့်မိသော်လည်း သူ့ကဲ့သို့သော ပြည့်စုံမှု၊ လုံခြုံမှုနွေးထွေးမှုရှိသောရင်ခွင်ဆိုတာ ဘာမှန်းမသိ ဖြတ်သန်းခဲ့ရရှာမည်ကတော့ ကျိန်းသေလေသည်။

ဇွဲကောင်းထက် စိုးဇလပ်ကို စိတ်ရှည်လက်ရှည်စောင့်ကြည့်နေစဉ်မှာပင် ပိတ်ထားသော မျက်ခွံတံခါးကိုတိုးဝေ့ကာ မျက်ရည်ချောင်းလေး ဖြတ်သန်းစီးဆင်းလာသည်ကို သူတွေ့လိုက်ရသောအခါ ဇွဲကောင်းထက်ရင်ဝယ် ဟာကနဲ ဖြစ်သွားသည်။

ယောကျ်ားမျက်ရည်ဆိုတာမြင်တွေ့ရခဲသည်။ သူ နားလည်စအရွယ်ကစပြီး ငိုသောအလုပ်ကို သူမလုပ်တော့။

အဘယ်ကြောင့်ဆိုသော် ဖေဖေ မေမေနှင့် မမက

'ယောကျ်ားဆိုတာ မျက်ရည်မကျရဘူးကွ။ လိုချင်တာကိုမျက်ရည်ခံထိုးပြီးရယူတတ်တာက မိန်းမအလုပ် ယောကျ်ားက မျက်ရည်ခံမထိုးရဘူး။ လိုချင်တာကို ကိုယ့်ဉာဏ်အား ကိုယ့်ခွန်အားနဲ့စိုက်ထုတ်ပြီးရအောင်ယူတတ်ရတယ်။ဒါမှယောကျ်ားပီသမှာကွ ကြားလား သား'

ဟုပြောခဲ့သောစကားများက သူ့နားမှာစွဲခဲ့လေသည်။

အင်း အစ်ကိုတွေလက်ပေါ်ကြီးခဲ့ရသော စိုးဇလပ်ကိုအစ်ကိုတွေကလည်း မျက်ရည်မကျရဘူးဟုပြောမှာပါ။ ဒါပေမယ့် စိုးဇလပ်ကိုကလည်း စိတ်က နုလွန်းသည်။ ထိလွယ်ရှလွယ်လေး။ ဒီသူငယ်ချင်းနှင့် ရေရှည်တွဲဖြစ်ပါ့မလား။ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စိုးဇလပ်အပေါ် ကရုဏာနှင့် သံယောဇဉ်ဖြစ်မိသည်ကတော့ သေချာသည်။

စိုးဇလပ်မျက်စိဖွင့်ပြီး ဦးချလိုက်သည်။ ဦးခုကြိမ်ချပြီး ခေါင်းပြန်မတ်ချိန်၌ စိုးဇလပ်မျက်ဝန်းရိပ်ဝယ် မျက်ရည်ချောင်းလေး ခြေရာထင်ကျန်ရစ်ခဲ့ခြင်းမရှိတော့ချေ။

'ဆောရီးပဲဗွဲ မင်း စောင့်နေရတာကြာပြီထင်တယ်'

'သိပ်မကြာပါဘူး ကွမ်းတစ်ယာညက်လောက်ပါ'

သူက ပြုံး၍ပြောလိုက်သည်။ စိုးဇလပ်မျက်နှာက ပြန်လည်ကြည်လင်နေသည်။ တိမ်ညိုတိမ်တိုက်မည်းတို့အောက်မှ လွတ်ကင်းသွားသောလပြည့်ဝင်းနှယ် ဝင်းဝင်းပပကြည်ကြည်လင်လင်။

'စို မင်းဘယ်သွားချင်သေးသလဲ'

'အိမ်ပဲပြန်ကြရအောင် အိမ်ရောက်ရင် ကိုလတ်တို့ဆီ ဖုန်းဆက်မှ ကိုလတ်စိတ်ပူနေလိမ့်မယ်'

ခုတစ်မျိုး တော်ကြာတစ်မျိုး အမျိုးမျိုးပဲ။ တတ်လည်းတတ်နိုင်တဲ့စိုးပဲဟူသောစကားကို ဇွဲကောင်းထက်က ရင်ထဲ၌သာ ပြောလိုက်လေသည်။

*





## အခန်း(၈)

စိုးဇလပ်ကို ကွန်ပျူတာဆိုင်သို့ခေါ်မသွားတော့ဘဲ အိမ်မှာရှိသောကွန်ပျူတာ၌ပင်လျှင် လက်ကွက်များကိုလေ့ကျင့်နိုင်စေရန် အလုပ်အနည်းငယ်ပေးထားခဲ့လေသည်။

စိုးဇလပ်ကို သူတို့ညီအစ်ကိုတတွေ မကျေမနပ်ဖြစ်ရသည်။

သချ်ာတစ်ဘာသာတည်း ဂုဏ်ထူးပါသည်။ ကျန်ဘာသာရပ်တွေမပါ။ သူတို့မှန်းထားသည်က ဆရာဝန်လုပ်ခိုင်းမည်တဲ့။ ဉာဏ်လည်းကောင်းရဲ့သားနှင့် ဘယ်လိုဖြေခဲ့သလဲ။ တမင်ပဲ မှဲ့ရေချန်ခဲ့သလားဟု တွေးကာ စိတ်ဆိုးခဲ့သော ကိုလတ်ပင်လျှင် စိုးဇလပ်ကိုစိတ်ဆိုးကာ စကားဟဟမပြောတော့။

ကိုကြီးကတော့ ဒီအပတ်ထဲရောက်လာမည်ဟု ဖုန်းနှင့်ပြောပြီး စိုးဇလပ်ကို အပြင်မလွှတ်နဲ့တော့ဟု တားမြစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးဇလပ်က အပြင်မထွက်ရလည်း အရေးမကြီး။ သီချင်းနားထောင်ရင်း လုံးချင်းဝတ္ထုတွေ မဂ္ဂဇင်းတွေ တစ်အုပ်ပြီး တစ်အုပ်ဖတ်နေလေသည်။

ဇွဲကောင်းထက်က

'ပျင်းစရာကြီးစိုးရာ လာ ဂိမ်းကစားရအောင်'

ဟု ခေါ်ကာကစားလျှင်လည်း ခဏသာ။

'ဇွဲ'

'ဘာလဲစိုး'

'နင် ဆရာဝန်အလုပ်ကို ဝါသနာပါလို့လား'

ဇွဲကောင်းထက်က ဘာသာစုံဂုဏ်ထူးထွက်သဖြင့် မိဘများက ဟိုတယ်၌ ညစာလိုက်ကျွေးသည်။

သူတို့ညီအစ်ကိုတစ်သိုက်နှင့်သိရှိကျက်သရေ သူငယ်ချင်းများ ဝက္ကူမျိုးတို့တစ်သိုက်ကိုဖြစ်သည်။

'မဟုတ်ပေါ့စိုးရ ငါ့အမေကော အဖေကောက ဆရာဝန်ပဲဟာ။ ဖေဖေက တောင်ငူဆေးရုံအုပ်ကြီး မေမေကတော့ ထွက်လိုက်တယ်။ ဒါပေမယ့် အိမ်မှာ ဆေးခန်း ဖွင့်ထားတယ်လေ။ အခြားလုပ်ငန်းက ဆေးဆိုင်ဖွင့်ထားတယ်'

'မင်းတို့က မျိုးရိုးလိုက်တာပေါ့'

'အင်း. . စိုး ငါ တစ်ခု မေးချင်တယ်။ မင်း မှန်မှန်ဖြေကွာ'

ထိုအချိန်တွင် ဒေါ်မယ်က သူတို့ကွန်ပျူတာဂိမ်းကစားနေရာ ဘုရားခန်းသို့တက်လာပြီး





'စိုးနဲ့ဇွဲ ရှောက်သီးသုပ်နဲ့ ကြာဇံဟင်းခါး စားရအောင် အောက်ထပ်ဆင်းလာခဲ့ဦး'

ဇွဲက ရယ်ကာ

'ကျွန်တော် ရှောက်သီးသုတ်မကြိုက်ဘူး ဟင်းခါးတော့သောက်မယ်လေ။ ခွေးလေးရောက်နေရင် ကျွန်တော်ကို ကော်ဖီခါးခါးလေးတစ်ခွက်ဖျော်ပေးပါလို့ ပြောပေးပါ ဒေါ်မယ်'

'ဆင်းခဲ့ကြလေ'

'ခဏလေး ဒီမှာ ပြီးခါနီးပြီ'

'ရှောက်သီးသုတ်တွေ ခါးကုန်မယ် ငါသွားနှင့်မယ်'

စိုးဇလပ်က ဇွဲကောင်းထက်ကိုထားခဲ့ပြီး အောက်ထပ်သို့ဆင်းလိုက်သည်။

ဒေါ်မယ်ဉလက်ရာချဉ်ချဉ်ငန်ငန်စပ်စပ်ကို အားပါးတရစားနေသည်မှာ မျက်ရည်ကော နှပ်ကောပင် ထွက်နေသည်။

ထစ်အောင့်နေမှ ဇွဲကောင်းထက်က သူတို့ထမင်းစားခန်းကိုရောက်လာရာ စိုးဇလပ်စားနေသည်ကိုကြည့်ကာ အံ့အားသင့်နေသည်။

စိုးဇလပ်သည် အချဉ်ထုပ်များကိုလည်းအလွန်စားလေသည်။

'လာ ဇွဲ စားကြည့်ပါလား'

ဒေါ်မယ်က ပြောလိုက်သည်။

ဇွဲကောင်းထက် ခေါင်းခါကာ

'နေပါစေ ဟင်းခါးပဲသောက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မယ်က [ink blot]ကင်နှင့်ကြာဇံ မှိုခြောက်ပန်းခြော[က်]များနှင့်ဟင်းခါးချက်ထားသည်။ ကြက်သွန်ဖြူမေးပြားရိုက်နှ[င်း]ငရုတ်ကောင်းမှုန့်ကိုခတ်ထားသည်။

'များတယ် လျှော့ပေးပါ ဒွေးလေးရယ်'

ဒွေးလေးနှင့်ဒေါ်မယ်က နေ့လည်ဘက်ဆိုလျှင် ဒီအိမ်၌ဆုံချင် ဆုံ။ မဆုံချင်လျှင် ဖွဲ့တို့အခန်း၌ဆုံကာ နေ့လည်စာတစ်မျိုးမျိုးလုပ်စားနေကျဖြစ်သည်။

စိုးဇလပ်နှင့် ဝါဝါလင်းထိန် ပြဿနာဖြစ်ပြီးသွားတာတည်းက စိုးဇလပ်ကို ကိုလတ်က ဆိုင်မခေါ်တော့။

သူလည်း လကုန်သည်နှင့် ကိုလတ်ဆိုင်မလိုက်တော့။ ကိုလတ်ဆိုင်၌ ဝန်ထမ်းတွေရောက်နေလေပြီ။ ကိုငယ်နှင့် ကိုထွေးက ကျောင်းသွားသည်။ အမြဲတော့ မဟုတ်။ တစ်ခါတစ်ရံ ကျောင်းမတက်ဘဲ အိမ်၌ပင်စာကျက်သည့်အခါကျက်သည်။

'စိုးရာ မင်းကို ကြည့်ရတာ စိတ်ပျက်ဖို့ ကောင်းလိုက်တာ'

'ဘာဖြစ်လို့လဲ'

ဘေးမှာ တစ်သျှူးထုပ်ကို ချပြီး နှပ်သုတ် ချွေးသုတ်မျက်ရည်သုတ်နှင့် စားရသော အစားအစာမျိုးကို ခုံမင်ရတယ်လို့။

ဖွဲ့ကောင်းထက်အတွက် စိုးဇလပ်သည် စိတ်ဝင်စားစရာကောင်းသော အထူးအဆန်းသတ္တဝါ ဖြစ်နေသည်။ ဟင်းသောက်ပန်းကန်ထဲမှ ဟင်းခါး တစ်ဝက်ကို အလယ်တည်ပန်း





ကန်ထဲပြန်ထည့်ပြီး ကျန်တစ်ဝက်ကိုသာသောက်သည်။ နောက်ဒွေးလေးယူလာပေးသော ပေါင်မုန့်အသားညှပ်နှင့် ကော်ဖီကိုသာ သူစားသောက်လိုက်သည်။

'စိုး စားပါလား'

'မကြိုက်ဘူး မင်းပဲစား'

'စိုး ဒါကြောင့် မင်းက ရှုံ့ရှုံ့ရှားရှားဖြစ်လွယ်တာ'

စိုးဇလပ် မျက်ဝန်းနက်ကြီးနှင့် လှမ်းကြည့်လိုက်သည်။

မျက်တောင်များက ကော့ယှက်ကာသန်စွမ်းသဖြင့် ညို့စာတ်အပြည့်ရှိသော မျက်ဝန်းကို အနားသတ် ဖြည့်စွက်ပေးသလောင်ဖြစ်နေရာ ဖွဲ့ကောင်းထက်က ဟက်ကနဲတစ်ချက် ရယ်လိုက်ပြီး

'ချစ်လို့ကျီစယ်တာနော်။ ငါ့ကို စိတ်ကောက်ပြီးလျှောက်ထွက်မသွားနဲ့ဦး မကျေနပ်ရင် ငါ့ကိုဆွဲထိုးလိုက်ကွ'

'သွားစမ်းပါ လူတစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းအမြဲတူနေမှတော့ ငြိမ်းချမ်းတဲ့ကမ္ဘာဆိုတာ ဖြစ်လာတော့မှာမဟုတ်ဘူး'

စိုးဇလပ်ကပြောပြီး ထသွားကာ ဗေဇင်၌ ပလုတ်ကျင်းပြီးမျက်နှာသစ်လိုက်သည်။ ဖွဲ့ကောင်းထက်က အိမ်ရှေ့ဝရံတာသို့ ပြေးထွက်သွားပြီး အဝါနုရောင်မျက်နှာသုတ်ပုဝါကိုတန်းမှသွားယူပြီး စိုးဇလပ်အား ပေးလိုက်ရာ စိုးဇလပ်မှာအံ့ဩသောမျက်ဝန်းညိုကြီးနှင့်ကြည့်ကာ

'ပုံမှန်အတိုင်း ဆက်ဆံရင်ကောင်းမယ်ထင်တယ်။ ငါ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပေးစရာနမမရှိဘူးကွ'

'အဟဲ တော်ကြာ မင်းနဲ့ငါက အမျိုးတော်ချင်တော်နေ ရမှာ မင်းမှာ အစ်ကိုတွေရှိသလို ငါ့မှာလည်း အစ်မတစ်ယောက် ရှိတယ်လေကွာ'

စိုးဇလပ်က မျက်နှာသုတ်ပုဝါကိုမျက်နှာသုတ်ပြီး ဝင်း တာ၌ရှိသောကြိုးတန်း၌ ပြန်လှမ်းလိုက်သည်။ ဇွဲကောင်းထက်ထ လိုက်ထွက်လာရာ

'နေစမ်းပါဦး ဇွဲရ ငါတို့ညီအစ်ကိုတွေက မျက်နှာသုတ် ပုဝါကိုတောင် တစ်ယောက်တစ်ထည်စီ ထားတာ။ မင်းက ငါ့ မျက်နှာသုတ်ပုဝါကို ဘယ်လိုလုပ်သိသလဲ'

'သိတာပေါ့ကွ ငါ့ဗိုက်ထဲမှာ ပုရွက်ဆိတ်လေးရှိတယ် သူပြော တာ'

ဇွဲကောင်းထက်က စိုးဇလပ်ပခုံးကို သိုင်းဖက်လိုက်ရာ စိုးဇလပ်က ဆတ်ကနဲ တွန့်သွားပြီး လက်ကို ဆွဲဖယ်ပစ်လိုက် သည်။

'မင်း ငြိမ်ငြိမ်နေစမ်း ငါ့ကိုမဖက်နဲ့ ငါ ကျဉ်းကျပ်တယ်'

'အရင်တုန်းက မင်း မပြောဖူးပါဘူး'

'ခုပြောတယ်ကွာ ငါမေးတာ ဖြေစမ်း ငါမျက်နှာသုတ် ပုဝါမှန်း မင်းဘယ်လိုလုပ်သိသလဲဆိုတာ'

'မင်း အိပ်ရာခင်း ခေါင်းအုံး စောင်က အဝါလေ ပြီး တော့ မင်းဝတ်တဲ့စပို့ရှပ်တွေက အဝါရောင်တွေများတာကိုးကွ'

စိုးဇလပ်က ဇွဲကောင်းထက်ကို အံ့အားသင့်သလိုလှမ်း





ကြည့်ရာမှ အောက်ထပ်မှကားဟွန်းသံကြောင့် လှမ်းကြည့်လိုက် ရာ

'ဗုဒ္ဓေါ ကိုကြီးလာပြီ မင်းပြန်တော့'

'ဘာဖြစ်လဲကွ ကိုလတ်က ခွင့်တောင်းပြီးသားပဲဟာ။ မင်းအစ်ကိုကြီးမှာ အထုပ်အပိုးတွေ ပါတယ်။ ဝိုင်းသယ်ပေးရ အောင် ငါ လိုက်ဆင်းမယ်ကွာ'

စိုးဇလပ်ထက်ဦးအောင် ဇွဲကောင်းထက်က အောက် ထပ်သို့ပြေးဆင်းသွားလေသည်။ စိုးဇလပ်မှာ တုန်လှုပ်စွာဖြင့် နောက်မှလိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

'အငယ်ကောင် ဒါ မင်း ငါတို့ကို အရွဲ့တိုက်တာလား ကိုကြီးတို့အပေါ် ဘယ်လိုမြင်နေလဲ။ ရန်သူလို မြင်နေသလား ပြောစမ်း'

ကိုကြီးဆို စိုးဇလပ် မော်၍မှင်မကြည့်ရဲအောင် ဖြစ်နေလေသည်။

ညနေစာ ထမင်းစားချိန်အထိ ကိုကြီးသည် ဘယ်သူ့ကိုမှစကားဟဟမပြောဘဲ ထမင်းစားပြီး ညေ့ခန်း၌စုထိုင်နိုင်းပြီးမှ စကားစသည်။

စသည်နှင့် စိုးဇလပ်ကို အရင်စပြောသည်။

'အငယ်ကောင် မှန်မှန်ပြောစမ်း မင်းဘာရည်ရွယ်ချက်နဲ့ စာတွေကို ပုဒ်စေ့မဖြေခဲ့တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



စိုးဇလပ် အံ့အားသင့်သွားသည်။

သချာ်ဘာသာရပ်ကလွဲ၍ တစ်ပုဒ်စီ ချန်ဖြေခဲ့သည်ကို **ကိုကြီး** ဘယ်လိုလုပ် သိသွားပါလိမ့်။

ကုတ်နံပါတ်နှင့်ဆိုတော့ အဖြေလွှာကို လိုက်၍မလွယ်**ပါ။**

**ကိုကြီး**မှကိုထွေးအထိလည်း ဘယ်သူ့အလှည့်မှအဖြေ**လွှာနောက်**လိုက်ကာ ကြိုးသိဖို့ ကြိုးစားခဲ့သည်မှ မရှိခဲ့လေဘဲ။ **ညီ**တွေကို ယုံကြည်မှုအပြည့်ထားခဲ့သည်။

'**ငါ့ကိုညာ**ဖို့ မကြိုးစားနဲ့ အငယ်ကောင်'

'**ဟုတ်**တယ် မင်းအမှန်အတိုင်းဖြေစမ်း**အငယ်ကောင်။** **ဒါမှ မင်းရဲ့**အနာဂတ်အတွက် ငါတို့ ဘာလုပ်ပေး**ရမယ်ဆိုတာ** **ကို သိမှာပေါ့ကွ**'

**စိုး**ဇလပ် နှုတ်ခမ်းကိုကိုက်ထားလိုက်သည်။

ပေကပ်ကပ်နှင့် ခေါင်းငုံ့ကာထိုင်နေသည်။ ကိုထွေးက စိုးဇလပ် ပခုံးကိုဖက်ကာ

'စိုး မင်းရင်ထဲရှိတာကိုပြောလိုက်ပါ ညီလေး'

စိုးဇလပ် ကျောက်ရုပ်လိုငြိမ်သက်နေသည်။

ဒေါ်မယ်ဥနှင့်ဦးလေးမောင်က ထမင်းစား**နေရာမှ စိတ်** မသက်သာစွာဖြင့် တစ်ယောက်**မျက်နှာ**တစ်ယောက်ကြည့်လိုက်လေသည်။

'**အငယ်ကောင် ထစမ်း**'

**စိုးဇလပ်** မလှုပ်မယှက်ငြိမ်သက်နေဆဲ။





ကိုထွေးက စိုးရိမ်တကြီး **သူ့အား**တွဲထူကာ **သူ**ပါ ထ ရပ်ဟန်ပြင်သည်။

'စိုး ညီလေး ထလေ'

'ကိုထွေး ခင်းဖယ်စမ်း'

ကိုကြီးက ဝုန်းကနဲထလိုက်စဉ် စိုးဇလပ်နားထဲ မိုးထစ်ချုန်းသံအလားထစ်ချုန်းသွားပြီး သူ့တစ်ကိုယ်လုံး **ချောက်ကမ်း**ပါးတစ်ခုထဲ ကျရောက်သွားလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၀)

ဒေါ်နုဦး စိုးဇလပ်မျက်နှာလေးကိုကြည့်ကာ သူ့ရင်ဝယ် နာကျင်လာသည်။ စူးစူးရှရှနာကျင်လာခြင်းကြောင့် မျက်ဝန်းဝယ် မျက်ရည်များပင် ရစ်ဝဲလာသည်။

ဖြူဖွေးကာ သွေးမရှိသလို-နှုတ်ခမ်းကအစ ဖွေးအုနေသော စိုးဇလပ်ကို ရုတ်တရက် အထူးကုဆေးခန်းတစ်ခု၌တင် လိုက်ရသည်။ ဒေါ်မယ်ဥသာပါမလာလျှင် အနာတခြား ဆေးတခြားနှင့် အဖြေရှာရတော်တော်ခက်ပေမည်။

ယခုတော့ ဒေါ်နုဦး၏ ပိတ်နေသောစိတ်မျက်စိပွင့်သွားလေပြီ။

စိုးဇလပ်၏နဖူးပေါ်မှ ဆံစလေးများကို သပ်တင်ပေးလိုက်သည်။ ပါးပြင်လေး၌ သွေးကြောစိမ်းလေးများပင် ယှက်ဖြာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



Dripသွင်းထားသော ဘယ်ဘက်လက်ကောက်ဝတ်က လေး၌ ယှက်ဖြာသွယ်တန်းနေသော သွေးကြောစိမ်းကလေး ထဲကို မညှာမတာနစ်ဝင်နေသောအပ်ကိုပင် ဆွဲဖြုတ်ချင်သလို ဖြစ်ပေါ်လာသည်။

ဒီည ဒေါ်မယ်နှင့်သူပင် စောင့်အိပ်မည်။

သူနာပြုဆရာမလည်း ငှားထားပြီးဖြစ်သည်။

'ကိုကြီး မင်း ပြန်နားလိုက်ပါလား။ ဒေါ်မယ်နဲ့ ဆရာမ နဲ့တင် လုံလောက်ပါတယ်'

'ရပါတယ်'

'တစ်လမ်းလုံးလည်း ကားတောက်လျှောက်မောင်းလာ တာ မှတ်လား။ တော်ကြာ ဖိုးသူတော်လဲမှ တောင်ဝှေးမထူနိုင် ဖြစ်နေဦးမယ်နော်'

'ကိစ္စမရှိပါဘူး။ ကျွန်တော် ခံနိုင်ရည်ရှိပါတယ်။ ဒေါ် မယ် အိပ်လိုက်လေ'

ထို့အချိန်တွင် ကိုလတ်နှင့် ကိုထွေး၊ နောက် ဟိုဘက် ခန်းက ဖွဲ ဆိုသောကောင်လေး ပါလာသည်။

ဒရင်းဘက်နှင့် လိုအပ်မည် ထင်သော အိပ်ယာလိပ်၊ ခေါင်းအုံး စောင်တို့ကို လာပို့ပေးခြင်းဖြစ်သည်။

'မင်းတို့ကလည်း ငါမမှာဘဲ အာလို့လိုက်လာတာလဲ'

ဖွဲပါလာသည့်အတွက် ဒေါနဦး မကျေနပ်နိုင်ပေ။

ဒါတောင် ဟိုမိန်းမ မရှိ၍၊ ရှိလျှင် ပါလာဦးမှာ ကျိန်း သေသည်။





နယ်လှည့်ကွင်းဆင်းရ၍ ပါမလာခြင်း ဖြစ်သည်။ ဖွဲကို မြင်ကတည်းက လူနာမှတ်တမ်းဖိုင်ကို သူက အံဆွဲထဲထည့်သိမ်း ထားလိုက်သည်။

ဖွဲက စိုးဇလပ်၏ မျက်နှာအနေအထားကိုကြည့်ကာ

'စိုး အိပ်ပျော်နေတာလား ကိုကြီး'

'အင်း'

မကောင်းတတ်၍ဖြေလိုက်ရသည်။ ကိုလတ်နှင့်ကိုထွေး တို့က ဖွဲ၏ကူညီပေးမှုက အများကြီးပါသည်ဟု ပြောထားခြင်း ကြောင့်လည်း ဖြစ်သည်။

ကိုးတန်းအောင်ပြီးနှစ်မှစ၍ စိုးဇလပ်၏အပြုအမူတွေ တပြောင်းလဲလာသည်။ ယုန်ငယ်လေး သိုးငယ်လေးလို အဖြစ် မကောင်းစင်တော့။ ရန်လိုတတ်သော ကျားနာတစ်ကောင်လိုဖြစ် နေသည်။

ရွယ်တူမိန်းမချောမိန်းမလှလေးများကို စိတ်ဝင်စားစွာ စိတ်ကစားရမည့်အစား ကြည့်မရဖြစ်ကာ ရန်လိုတတ်လာသည် ဟု ကိုလတ်ကပြောသည်။

ရန်ကုန်ရောက်ပြီးမှ ပိုဆိုးလာသည်တဲ့။ သူနှင့်ကင်းကွာ သွားလို့များလားဟု ကိုကြီးကတွေးနေစဉ် ဖွဲက ဓားပြောင်းပြန် နှင့် ပန်းသီးတစ်လုံးကို ခွာလေသည်။

နူတ်ကလည်း

'စိုးမှာ အဖျားမရှိပါဘူးနော် ကိုကြီး။ သူ ကျွန်တော့်ကို ပန်းသီးဝယ်ခိုင်းထားတာ နှစ်ရက်ရှိပြီ။ ကျွန်တော်မအားတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်မပေးဖြစ်ဘူး။ ဒီနေ့တော့ သီရိမင်္ဂလာဈေးကိုပြေးပြီး ဝယ်ခဲ့တာ ကျွန်တော် ခွာပေးခဲ့မယ်နော်'

ပန်းသီးကို နှစ်လုံးမျှခွာကာ စိပ်ပြီး အစေ့အိမ်အမာနေရာကိုကွင်းထုတ်ပြီး ရေဆေးကာ ပန်းကန်တစ်ချပ်နှင့်ထည့်ကာရေခဲသေတ္တာထဲထည့်လိုက်သည်။

ဖွဲ့ဆိုသောကောင်လေးကတော့ သွက်လက်ဖျတ်လတ်ကာ ကိုယ့်ကိုကိုယ် ယုံကြည်မှု အပြည့်ရှိသည်။ လောကကြီးကို အောင်မြင်မှုသရဖူဆောင်းကာ အမြဲတမ်းအနိုင်ရနေမည်ဟူသော ယုံကြည်ချက်မျိုးကြောင့် သူညီဇွေကြောက်သော သူ့ကိုပင် မကြောက်မရွံ့ ရင်ဆိုင်ရဲသည်ဟု သူသုံးသပ်မိသည်။

'ဒေါ်မယ် စိုး ဘာစားချင်တယ်ပြောသလဲ ကျွန်တော် ဘာဝယ်ပေးရမလဲ'

'ဘာမှ မပြောသေးဘူး။ စကားကို မပြောတာ'

'ဟာ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ ဒီကောင်က အတွေးသမား။ ကိုလတ် သူငြိမ်နေတာ ကျွန်တော်မကြိုက်ဘူး။ မနက်ဖြန်နေ့လည် ကျွန်တော်လာစောင့်ပေးရမလား'

ဒေါ်နုဦးက ဖွဲ့ကိုဖျတ်ကနဲကြည့်လိုက်သလို ကိုလတ်ကလည်း သူ့အားကြည့်ကာ အဖြေတောင်းလိုက်သည်။

'ကိုကြီး သဘောကရော'

'ရောဂါမရှိရင် ဆေးရုံက ဆင်းရမှာပါ ဒုက္ခမရှာကြနဲ့ သွေးအားနည်းတာပဲ ရှိတာပါ ကိုင်း ပြန်ကြတော့ ညဥ့်နက်နေပြီ'





ဆေးခန်းကလည်း အခန်းလွတ်ရှိနေခြင်း၊ ဒရစ်သွင်းဖို့ကလည်း လိုနေခြင်းကြောင့် ဆေးရုံတင်လိုက်ခြင်းဖြစ်သည်။

ရောဂါက သွေးအားနည်းသည်။ ဒါပဲဖြစ်သည်။

'ကိုကြီး မနက်စာ ကျွန်တော် ဘာဝယ်ပေးရမလဲ'၊

'ရတယ် ဖွဲ့ ကိုလတ်တို့တွေရှိတယ် မင်းဒုက္ခမရှာနဲ့'

'ဒုက္ခ မဟုတ်ပါဘူး ကျွန်တော့်သူငယ်ချင်းစိုးကို ကျွန်တော် ကူညီချင်လို့ပါ'

'အေး မင်းက သူငယ်ချင်းအနေနဲ့တောင် စိုးအတွက် ကူညီပေးချင်နေရင် ငါတို့အစ်ကိုတွေကို မင်းဘယ်နားသွားထားမလဲဖွဲ့'

'ဆောရီး ကိုကြီး ကျွန်တော်ဆန္ဒစောသွားတယ် ကိုကြီးတို့သဘောပါပဲဗျာ ဒါပေမယ့် ကျွန်တော့်ကိုတော့ လာခွင့်ပြုပါဗျာ။ လူနာသတင်းမေးသဘောမျိုးပါ။ သူငယ်ချင်းနဲ့အစ်ကိုတွေ ခြားနားချက်တော့ရှိမှာပါ'

တော်တော်ဖွဲ့ကောင်းသည့် ကောင်လေးဟု ဒေါ်နုဦးက စိတ်ထဲမှတ်ချက်ချပြီး အားလုံးကို ပြန်ခိုင်းလိုက်သည်။

အားလုံးပြန်သွားပြီး အခန်းထဲ၌ သူရယ် ဒေါ်မယ်ဥရယ်သာ ကျန်သောအခါ

'ဒေါ်မယ် အငယ်ကောင်နဲ့ဖွဲ့ဆိုတဲ့ကောင်လေး တော်တော်ရင်းနှီးနေပြီထင်တယ်'

'သက်တူ ရွယ်တူချင်း ဆိုတော့ ရင်းနှီးချစ်ခင်ကြတဲ့သဘောပါ မင်းညီစိုးက ထစ်ခနဲရှိ ပေါက်ကွဲတတ်တော့ ဖွဲ့က



www.burmeseclassic.com

www.burmeseclassic.com



အဲလျှော့ပေးသမားပါ။ ဇွဲက စိတ်ရှည်တယ်။ သဘောလည်း ကောင်းတယ်'

'မိဘ့တွေကကော'

'လာသွားကြသေးတယ် ဆရာဝန်ကြီးတွေပဲ'

အငယ်ကောင်ပေါ် ထားရှိသော သူမျှော်လင့်ချက်သည် သဲထဲ ရေသွန်ချလိုက်သကဲ့သို့ ဘာမှအရာမထင်ဘဲ ကျန်ရစ်ခဲ့လေသည်။

ဒေါ်နဦးသည် ဒေါ်မယ်အား အိပ်ခိုင်းလိုက်ပြီးနောက် သူကတော့ အငယ်ကောင်အနီး ဒရင်းဘက်ခင်းပြီး ခေတ္တခေါင်းဆန့်လက်ဆန့်ထိုင်အနားယူရင်းမှ စဉ်းစားခန်းဝင်လိုက်သည်။ အငယ်ကောင်အတွက် ဘာလုပ်ပေးသင့်သလဲ။ အငယ်ကောင်အပေါ် ထားသော သူတို့၏စေတနာနှင့်ရည်ရွယ်ချက်သည် မှားများ မှားနေပြီလား။

ဒေါ်နဦးတော်ရုံနှင့်အိပ်မပျော်။ မိုးလင်းခါနီးမှနှစ်ခြိုက်စွာအိပ်ပျော်သွားလေသည်။ ဒါကလည်း သူနာပြုဆရာမက ဒရစ်တစ်ပုလင်း လာလဲပေးပြီးမှ ဖြစ်သည်။ အငယ်ကောင်မျက်နှာသွေးရောင် လွှမ်းလာပြီး နှစ်ခါမျှ အပေါ့ထသွားပြီး ချက်ချင်းပြန်ပြန်အိပ်မောကျသွားလေသည်။ စိတ်ချရပြီဖြစ်မှသူအိပ်ပျော်သွားခြင်းဖြစ်သည်။

*





## အခန်း(၁၁)

စိုးဇလပ် နိုးလာသည်။

လက်မှ ဒရစ်ပုလင်း ဖြုတ်လိုက်လေပြီ။ ဆေးများနှင့်ပုလင်းကြီး ၃ပုလင်းသည် စိုးဇလပ်ကို အားအင် ဖြစ်သွားစေသည်။

စိုးဇလပ်က မျက်နှာသစ် ကိုယ်လက်သန့်စင်အပြီးတွင် ဒေါ်မယ် ဖျော်ပေးသော ဖောလစ်ကို သောက်လိုက်သည်။

ကိုကြီး အိပ်မောကျနေသည်။

မုတ်ဆိတ်မွေးနှုတ်ခမ်းမွေးတို့က ထိုးထိုးထောင်ထောင်ငုတ်စိစိဖြစ်နေလေသည်။ ကိုကြီးက အသက်ရှိရင်းစွဲထက်ပို၍ကြီးရင့်နေသယောင်ဖြစ်နေလေသည်။

စိုးဇလပ် ပင့်သက်ချလိုက်မိသည်။

ကိုကြီးသည် ဆယ့်ခြောက်နှစ်သားအရွယ်ကတည်းက အိမ်ထောင်ကြီးတစ်ခု၏တာဝန်ကို ထမ်းဆောင်ခဲ့ရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အင်မတန်ဝါသနာပါသော ဆရာဝန်လိုင်းကို မေ့ပျောက်ပစ်လိုက်ပြီး ညီများ၏ဘဝအတွက် အနစ်နာခံရသူဖြစ်သည်။ ဒါကို့ , သူ ဘာဖြစ်၍များ မေ့ပျောက်ထားမိရသနည်း။ ကိုလတ်က ကိုကြီးကို ကူညီချင်စိတ်နှင့် ကွန်ပျူတာသဘောယူခဲ့ပြီး ကိုငယ်ကတော့ ငယ်စဉ်ကတည်းက အင်ဂျင်နီယာဖြစ်လိုသူဖြစ်ခြင်းကြောင့် ကိုကြီးက ခွင့်ပြုခဲ့သည်။

ကိုထွေးနှင့်သူ့ကိုတော့ ဆရာဝန်လိုင်း ရအောင် ကြိုးစားရမည်ဟု ဆိုခဲ့သည်။

ဒါကို သူက စိတ်ထဲကြိတ်ကာ ဆန့်ကျင်ခဲ့သည်။

လူတစ်ယောက်ကို စက္ကူတစ်ရွက်လို ခေါက်ရိုးချိုး၍ ရမည်လား။ လူတစ်ယောက်၏ဘဝကို အရည်ကြိုပြီး ပုံစံခွက်ထဲ ထည့်၍ရမည်လား။

လူတစ်ယောက်သည် မွေးလာကတည်းက သူ၏ ကံကြမ္မာက သူနှင့်အတူကပ်ငြိပါလာပြီးသားဖြစ်သည်။

ကိုကြီးနှင့်အစ်ကိုများကိုမကျေနပ်စိတ်နှင့် သူ စာမေးပွဲကို သချာဘာသာမှလွဲ၍ ကျန်ဘာသာများကို တစ်ပုဒ်စီ လျှော့ဖြေလိုက်သည်။

ထွက်လာသည့်ရလာဒ်က သချာတစ်ဘာသာ ဂုဏ်ထူးတစ်ခုသာ ပါလာသည်။ ဘယ်နည်းနှင့်မှ ဆေးမှတ်မှီနိုင်တော့မည်မဟုတ်ချေ။

ဂုဏ်ထူးရသည့်အရေအတွက်ကလည်း တစ်စတစ်စ တိုးပွားလာလိုက်သည်မှာကြောက်ခမန်းလိလိပင်။





အရည်အတွက် များသလို အရည်အချင်းလည်း များမည် ဆိုပါက နိုင်ငံတိုးတက်ရန် မျှော်လင့်ချက်အလားအလာကောင်း ဖြစ်သည်။

'ဟင် အငယ်ကောင် ဘာထိုင်လုပ်နေတာလဲ လုံ့နေလေ'

'ကျွန်တော် ဆေးရုံက ဆင်းလို့ ရပြီတဲ့ ဒါပေမယ့် နေချင်သေးရင် ညဆယ့်နှစ်နာရီအထိ ရတယ်တဲ့'

စိုးဇလပ်က ကိုကြီးကို မျက်နှာချိုသွေးလိုက်သည်။

သူလုပ်ခဲ့သော အမှားက ကိုကြီး လုံးဝခွင့်မလွှတ်နိုင်သောအမှားမျိုးဖြစ်နေခဲ့သည်ကိုး။

'ညီလေး နေချင်သေးလို့လား'

'ကြုံကြုံဖန်ဖန်ကိုကြီးရာ ဆေးရုံဆေးခန်းဆိုတာ နေသင့်တဲ့အရပ်မှမဟုတ်တာ'

'ဒါဖြင့် ဆင်းတာပေါ့ ဒါမယ် ပစ္စည်းသိမ်းထား ကျွန်တော်တာဝန်ကျဆရာဝန်နဲ့သွားတွေ့လိုက်ဦးမယ် အငယ်ကောင်ကိုလ ကို လာကြိုဖို့ ဖုန်းဆက်လိုက်တော့'

ဟုတ်ကဲ့ ကိုကြီး'

ကိုကြီးမျက်နှာက သူ၏ စိတ်ချရသော အနေအထားကြောင့် စိုးရိမ်ပူပန်ရိပ်များ လွင့်ပြယ်သွားပြီး ကြည်သာ ရွှင်မြနေလေသည်။ စိုးဇလပ် ကိုကြီးထွက်သွားမှပင့်သက်ရှိုက်မိသည်။

'စိုး မင်းအတွက် ဖွဲ့က ပန်းသီးအခွံခွာပြီး စိတ်ပေးသွားတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မယ်ဥက ရေခဲသေတ္တာထဲမှ ပစ္စည်းများကို ခြင်းတောင်းတစ်လုံးထဲထည့်သိမ်းရာမှ ပန်းသီးစိတ်ထည့်ထားသော ပန်းကန်ကို သူ့အား လှမ်းပေးလိုက်သည်။

'ဖွဲ့ လာသွားသလား'

မျက်နှာထူပူသွားသလို ခံစားလိုက်ရသည်။

'အင်း ညက စိုးအိပ်နေတုန်း'

ပန်းသီးတစ်စိတ်ကို လှမ်းယူလိုက်ပြီး

'ကျန်တာသိမ်းခဲ့ပေး ဒေါ်မယ်၊ အိမ်ရောက်မှပဲ ကျွန်တော် စားတော့မယ်'

'အေး အေး'

ကိုကြီးပြန်ဝင်လာပြီး အံဆွဲထဲထည့်ထားသောဖိုင်ကိုယူကာ ပြန်ထွက်သွားသည်။

စိုးဇလပ် အိမ်သို့ဖုန်းလှမ်းဆက်လိုက်သည်။

'ဟဲလို'

'ကိုလတ် ကျွန်တော် စိုးပါ ကိုလတ်'

'ဟာ အငယ်ကောင် ကောင်းသွားပြီလား'

'ဟုတ်ကဲ့ ဆင်းရမယ် ကိုလတ်လာကြိုတော့တဲ့ ကိုကြီးက'

'စိတ်ချရမှဆင်းရင် မကောင်းဘူးလား'

'စိတ်ချရပါတယ် ကျွန်တော် လန်းဆန်းပါတယ်'

'ဒါဖြင့် ခုပဲ ထွက်လာခဲ့မယ်'

'ဖွဲ့ကို ခေါ်မလာနဲ့နော်'





'ဘာဖြစ်လို့လဲ'

'ကိုကြီးက သိပ်ကြည်တာမဟုတ်ဘူး'

ဘာကြောင့် ကိုကြီးအပေါ် အတာချလိုက်မိသည် မသိ။

ဖွဲ့၏ သူ့အပေါ် သည်းခံမှု အလိုလိုက်မှုက သူ၏ မသိစိတ်ကို စွဲနေအောင် ဖန်တီးနေတာလား။

ဖွဲ့က လူလည်လား။

သူ လူတစ်ယောက်အကြောင်း၊ ထိုလူတစ်ယောက် အကြောင်းတွင် ယောကျ်ားဖြစ်စေ၊ မိန်းမ ဖြစ်စေ အကျုံးဝင်သည်။ စိုး အမှန်တကယ်ပင်လူတစ်ယောက်အကြောင်းကို နားမလည်ပါချေ။

ယုတ်စွအဆုံး မိမိအကြောင်းကိုပင် မိမိနားမလည်နိုင်အောင်ဖြစ်ရသည်။

ဒေါ်မယ်က ပီနန်ဇစ်တပ်အိတ်ထဲ စောင် ခေါင်းအုံး မျက်နှာသုတ်ပုဝါထည့်ပြီးသွားပြီ။

ခြင်းတောင်းထဲကို ရေခဲသေတ္တာထဲမှ သူတို့ပစ္စည်းများအားလုံး ထည့်ပြီးသွားပြီ။

အဝတ်အစားက အိတ်တစ်လုံး။

ဘာမှမယ်မယ်ရရမရှိခြင်းကြောင့် တစ်ခဏတွင်း ပြီးကာ ကိုလတ်လာအခေါ်ကို ထိုင်စောင့်နေရုံသာ ရှိတော့သည်။

ကိုကြီး ကိုလတ်နှင့် ကိုငယ် ရှေ့ဆင့်နောက်ဆင့် ဝင်လာကြသည်။

ကိုလတ်က သူ့ပုခုံးကိုဖက်ကာ ကားဆီသို့ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကိုကြီးတို့က ပစ္စည်းများယူကာ နောက်မှ လိုက်ခဲ့ကြ သည်။

'ညီအစ်ကိုတွေထင်တယ် ရုပ်တွေဆင်တူ အရပ်အရှည် တစ်ညီတည်းတွေဆိုတော့ ကြည့်လို့ကောင်းလိုက်တာနော်'

ဟူသော ဝေဖန်သံသဲ့သဲ့က စိုးဇလပ်နားထဲဝင်လာ လေသည်။

ကြည်နူးရမည့်အစား စိတ်ထဲနောက်ကျိသွားလေသည်။

*





## အခန်း (၁၂)

'ဟော့ကောင် ဘယ်သူမှမရှိဘူးလား'

ဇွဲက ရုတ်တရက်ရောက်လာသဖြင့် စိုးဇလပ်လန့်ဖျတ် သွားသည်။

စိုးဇလပ် ခေါင်းနည်းနည်းမူးသဖြင့် အိပ်ခန်းထဲ၌ လှဲ နေချောင်းနေခြင်းဖြစ်သည်။ ဇွဲရောက်လာသဖြင့် ရုတ်တရက်ထ လိုက်ရာ မိုက်ခနဲဖြစ်ပြီး မူးသွားသဖြင့်

'အား'

'ဟာ စိုး ဘာဖြစ်လို့လဲ'

ဇွဲက သူ့အား ဝင်ကာ ထိန်းလိုက်သည်။

'ရတယ် ရတယ်'

စိုးဇလပ်က ဇွဲလက်ကို အသာတွန်းဖယ်ကာ ပြန်လှဲနေ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့က

'မင်းကြည့်ရတာ ဖြူဖတ်ဖြူလျော်နဲ့ကွာ အားမရဘူး'

ဖွဲ့က သူ့ဘေးကုတင်လွတ်နေရာ၌ကပ်ထိုင်လိုက်သည်။

စိုးဇလပ် စိတ်ကျဉ်းကျပ်လာလေသည်။ ပို၍မူးချင်လာသည်။ သို့သော် ခြေဖျား လက်ဖျားတို့က အေးစက်လာသည်။ မူးဝေလာခြင်းကြောင့် ပျို့ကာ အန်ချင်လာသဖြင့် သူ ကမန်းကတန်းခေါင်းထောင်လိုက်သည်။

'ဝေါ့'

သူ ပြေးလွှားကာ ဘေဇင်၌ ထိုးအန်ချလိုက်သည်။ ဖွဲ့က နောက်ကြောကို နှိပ်ပေးသည်။

'စိုးရာ မင်းက ချူချာလိုက်တာကွာ ငါနဲ့ စောစောက ပြောပါဆိုတော့ မပြောဘူး'

ဖွဲ့က အန်ဖတ်များ ရေဆင်းပိုက်ထဲ ဆင်းသွားစေရန် ဘုံဘိုင်ခေါင်းကို အရှိန်များများဖွင့်ချပေးလိုက်သည်။

'နားငြီးတယ်ကွာ'

စိုးဇလပ်က အန်လိုက်တော့ နည်းနည်းပေါ့သွားပြီး ဖွဲ့အား တုန့်ပြန်လိုက်သည်။

ဖွဲ့က ဘုံဘိုင်ပြန်ပိတ်ပြီး

'မူးသေးလား ဘီစစ်သောက်လိုက်ပါလား ရှိလား'

'မသိဘူး ဆေးဘီရိုထဲကြည့်လိုက်'

'ရှုပ်ပါတယ် အိမ်ပြန်ယူလိုက်မယ်'

ထိုအခါမှ ဖွဲ့သည် အပေါ်ထပ် လသာဆောင်မှ သူတို့





အပေါ်ထပ်သို့ ကူးလာခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

ဖွဲ့ သွားတုန်း အန်ဖတ် အနည်းငယ်ပေသွားသောကြောင့် အင်္ကျီကိုလဲလိုက်သည်။ စောင်ကိုပြန်ခေါက်ကာ ကုတင်ခြေရင်းတင်လိုက်ပြီး အောက်ထပ်သို့ဆင်းခဲ့လိုက်သည်။

ဒေါ်မယ်ဥက ရွာ ခေတ္တပြန်သွားသည်။ ဒေါ်မယ်ဥ၏ အစ်မကြီးတစ်ယောက် ဆုံးသည်တဲ့။ နောက် ကြွေးမြီကိစ္စရှင်းစရာလည်းရှိသည်ဟုဆိုသည်။ မနေ့က လင်မယားနှစ်ယောက်စလုံး ပြန်သွားကြသည်။

ကိုကြီးရှိနေသော်လည်း ကိုကြီးက အိမ်မကပ်နိုင်သေး။ သူ့ကိစ္စတွေက ကိုကြီးအရင်ရောက်နှင့်သည်။

'စိုး ဟော့ကောင် မင်းအောက်မှာလား'

'အေး'

ဖွဲ့က အပေါ်ထပ်မှအသံပြုပြီး အောက်ထပ်သို့ ဆင်းလာသည်။

စိုးဇလပ်က အမူးအမော် ပြေစေရန် တစ်ခုခု ဖျော်ရန်ဖြစ်သည်။ ဒီရောက်ပြီးမှ ချူချာသောသူ့ကိုယ်သူ အားမလိုအားမရဖြစ်မိသည်။

'မင်း ဘာလိုချင်လို့လဲ စိုး'

'တစ်ခုခုဖျော်သောက်မလားလို့'

'လိမ္မော်ရည်သောက်ကွာ ငါ ဖျော်ပေးမယ် မင်း ထိုင်နေ ရော့ ဘီစစ် အရင်သောက်ထားလိုက်'



www.burmeseclassic.com

www.burmeseclassic.com



ဆေးတက္ကသိုလ်တောင် မတက်ရသေးဘဲ ဆရာလုပ်နေသော ဖွဲ့ကို သူကျေနပ်စွာ မျက်လုံးထောင့်ကပ်ကြည့်လိုက်သည်။ ဖွဲ့ကတော့ နံရံကပ်ဘီရိုထဲမှ လိမ္မော်ရည်မှုန့်ပုလင်းကိုယူ သကြားနှင့် ဆားအနည်းငယ်ပါ ထည့်ပြီး ရေခဲရေအဖြေနေတော် ထည့်ကာ ဖန်ခွက်ကို တဂွပ်ဂွပ်နှင့်ဇွန်းနှင့်မွှေနှောက်ကာ ခေါက်ရင်း

'မမ ပို့စတင်က ဘယ်ကျတယ်ထင်သလဲ'

'ဘယ်သိမှာလဲ'

'တောင်ကြီးစဝ်စံထွန်းဆေးရုံကိုကျတယ်။ မမက တမင်တောင်းထားတာလို့ပြောအယ်ကွ'

'ဟုတ်လား ဒါဆို မင်းကကော လိုက်သွားမှာလား'

'ကျောင်းမဖွင့်ခင်တော့ မမနဲ့အဖော်လိုက်နေပေးလိုက်ဦးမယ် စိတ်ကူးတာပဲ မမကလည်း ခေါ်တယ်'

စိုးဇလပ်ရင် ဟာကနဲဖြစ်သွားသည်။

'ကိုကြီးကို နေထိုင်ဖို့ အိမ်ရှာခိုင်းရမယ်'

'ငါတို့အိမ်ရှိတယ် အဲဒီမှာပဲ နေပါလား'

စိုးဇလပ်က ဘာမှမစဉ်းစားဘဲ ပြောလိုက်ရာ ဖွဲ့က

'သင့်တော်ပါ့မလား မင်းကိုကြီးက နေနေတဲ့ဟာကို'

'အင်း ဒါလည်း ဟုတ်တာပဲ. . . အိမ်က အကျယ်ကြီး အပေါ်ထပ်အောက်ထပ်ရှိတယ် ဘေးမြေတစ်ဝက်ရောင်းပြီး ဒီတိုက်ခန်းဝယ်တာ'

'အေးကွာ စ,ပြောင်းခါစတော့ ကိုကြီးရဲ့အကူအညီကို





ယူရဦးမှာပဲ ရော့သောက်လိုက်ဦး စိုး'

'မင်းကော'

'ငါ ကော်ဖီသောက်ခဲ့တယ်'

စိုးဇလပ်က ဖွဲ့ပေးသော လိမ္မော်ရည်ကို တစ်ငုံ နှစ်ငုံ သောက်လိုက်သည်။

'နောက် ကြွားစရာရှိသေးတယ်'

'ဘာများလဲ'

'ဖေဖေက မမ ကားယူသွားရင် ငါ့အတွက် ခက်မှာစိုးလို့ ကားတစ်စီးဝယ်ပေးမယ်တဲ့ကွ မေမေက ဂျီအက်စ်အမ်ဖုန်းတစ်လုံးဝယ်ပေးမယ် ပြောတယ် ဆုချတာလေ'

စိုးဇလပ်ရင်ထဲ၌ ထိရှသွားလေသည်။

အစ်ကိုတွေ၏မျက်နှာကို ပြေးမြင်မိလေသည်။

သူ သင်္ချာတစ်ဘာသာတည်း ဂုဏ်ထူးပါတယ်ဟု ကြားလိုက်ရသည်နှင့် ပြုံးမယောင်မိုးကောင်းကင်လိုမည်းမှောင်သွားသော မျက်နှာများကို ပြန်လည်မြင်ယောင်မိကာ သက်ပြင်းချလိုက်လေသည်။

သူ အမှားကြီးမှားသွားခဲ့ပြီဟု နောင်တရမိသည်။

ဖွဲ့က မျက်နှာညှိုးသွားသောသူ့အား အားပေးရန် သူ့အနီး၌ ပူးကပ်ကာထိုင်ချရင်း သူ့ပုခုံးကိုဖက်လိုက်သောအခါ စိုးဇလပ် ဆတ်ခနဲဖြစ်သွားပြီး ဖွဲ့လက်ကို ဖယ်ကာ နေရာရွှေ့ပြောင်းထိုင်လိုက်သည်။

ဖွဲ့က ရယ်လျက်



www.burmeseclassic.com

www.burmeseclassic.com



'ငါမေ့လို့ပါကွာ မင်း ယားတတ်တယ်ဆိုတာကို'

'မင်း တမင်လုပ်တာ'

'တမင်လုပ်ရအောင် မင်းက ငါ့ရည်းစားမှ မဟုတ်ဘဲ စိုး ငါတို့ရည်းစားထားကြည့်ကြရင် ကောင်းမလားမသိဘူး'

'ရှုပ်ရှုပ်ယှက်ယှက်ကွာ'

စိုးဇလပ်ရင်ထဲ မကျေမချမ်းဖြစ်သွားသည်။ ဖွဲ့က ရယ်ကျဲကျဲနှင့်

'အေးကွာ အချစ်ဆိုတာဘယ်လိုနေမလဲ ချိုသလား ခါးသလား ချဉ်သလား စိမ့်သလားဆိုတာတော့ မြည်းကြည့်စမ်းချင်တယ် လာကွာ ရှေ့တိုက်က ကောင်မလေးက လှတယ်ကွာ ဟော့ရှော့ပဲ မင်းမြင်ပြီးပြီလား'

'တော်စမ်းပါ ငါ့ကို ကောင်မလေးတွေအကြောင်း လာမပြောနဲ့'

'မင်းက အစ်ကိုတွေကိုကြောက်လို့လား ကိုလတ်ကပြောပြီးသား စီနီယာအလိုက် မိန်းမယူကြမှာပါ ခုနေတော့ ကိုကြီးကို ဦးစားပေးရမယ်တဲ့ အချစ်ကို လူတိုင်းကကြုံမှာပဲ နှေးတာနဲ့မြန်တာပဲ ကွာမယ်'

'အရင်စောတွေ့တာနဲ့ နောက်ကျမှတွေ့တာ ဒါပဲကွာတယ် ပြောစမ်းပါ'

'အေး ဒါကျတော့ သိသားပဲ'

'သိတာပေါ့ လူပဲဟာ လူဆိုတာ အချစ်ရှိမှာပဲ'

ဖွဲ့က သူ့မျက်ဝန်းကိုစိုက်ကြည့်ကာ 'ဟက်ခနဲ' ရယ်မော





လိုက်သည်။

'ဒါဖြင့် အချစ်ကိုလက်တည့်စမ်းကြည့်ဖို့က ယောက်ျားလေးတွေအလုပ်မဟုတ်ဘူးလား'

'မဟုတ်ဘူး အချစ်ဟာ သဘာဝသာသူ တည်ငြိမ်အေးချမ်းစွာရှိနေတဲ့ စိတ္တဇနာမ်တစ်ခုပါကွာ ဒါကို လူတွေက တစ်ခါတစ်ရံ သူတို့စိတ်နဲ့အခန့်မသင့်တာနဲ့ အမျိုးမျိုးစွပ်စွဲသတ်မှတ်ကြတာ ရစရာမရှိအောင် ဖြစ်သွားရတယ်'

ဖွဲ့က အရယ်ရပ်ကာ သူ့အား စိုက်ကြည့်လေသည်။

စိုးသည် သူ့အစ်ကိုလေးယောက်စလုံးနှင့်မတူ တစ်ဘာသာဖြစ်နေသည်။ ဂျစ်ကန်ကန် ဂျစ်တူးတူးနှင့် ဖြစ်သည်။ ပြောလိုက်သော အချစ်အဘိဓာန်ကို သူ့သဘောကျမိလေသည်။

စိုးက သူဖျော်ပေးထားသောလိမ္မော်ရည်ကို ကုန်အောင်သောက်ချလိုက်ပြီး ထဆေးလေသည်။

'ထမင်းဆာရင် တစ်ခါတည်းစားမလား'

'ကိုကြီး ဟင်းသွားဝယ်နေတယ်'

'ဟာ ဒွေးလေးချက်ပေးမှာပေါ့ကွာ ဒွေးလေးက ရွာမှာ အိုးကြီးချက်တွေတောင် နိုင်တဲ့ဟာ မပြောမိဘူးကွာ ဒီနေ့တောင် ...က လူကြုံက ဆတ်သားလာပို့ပေးလို့ ချက်ထားတယ် စားလိုက်ပါလား ငါသွားယူပေးမယ်'

'နေစမ်းပါဖွဲ့ရာ မင်းနဲ့ငါတို့ အခန်းမျက်နှာချင်းဆိုင်နေပါလို့သာပဲ မင်း ခြေတိုလိမ့်မယ်'

'ဘာဖြစ်လဲကွာ ကိုကြီးလာတော့ စုစားကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကြီးလာမှပဲ ကူးလာပါကွာ မင်းပြန်တော့'

စိုးဇလပ်က ပြောလိုက်သည်။

ဇွဲက မရ။

'ဘာဖြစ်လဲ ငါလာနေကျပဲ'

စိုးဇလပ် သက်ပြင်းချလိုက်ပြီး ဝရံတာဘက်သို့ ထွက်ခဲ့လိုက်သည်။

ကိုကြီးနှင့်ဇွဲတို့အိမ်သားများ မေးခေါ်ထူးခေါ်တော့ မ... နေလေပြီ။

ကိုကြီးသည် သူမေ့မျောပြီး ဆေးခန်းသို့ တစ်ညအိပ် တင်လိုက်ရကတည်းက ကိုကြီး အချိုးအနည်းငယ်ပြောင်းသွားသည်။

ဆယ်တန်းအောင်စာရင်းကိစ္စနှင့်ပတ်သက်ပြီး လုံး... လေသံမဟတော့ချေ။

'မင်းနေကောင်းပုံမရဘူး ဒေါ့ပေါင်ချိန်ကြည့်ပါလား'

ဝရံတာသို့ ဇွဲကောင်းထက်ကပါ လိုက်ထွက်လာရင်း ပြောလိုက်သည်။

စိုးဇလပ်က စိတ်ရှုပ်စွာဖြင့် ဝရံတာရှိ ပလပ်စတစ် ... လားထိုင်၌ ထိုင်ချလိုက်လေသည်။

'ကိုကြီးက အမှန်တော့သဘောကောင်းပါတယ်ကွ... စိတ်တိုင်းမကျတာရယ် အားမလိုအားမရ ဖြစ်တာရယ်ကြောင့် မင်းအပေါ် ချုပ်ချယ်နေတာပဲဖြစ်မယ် ကိုယ်နဲ့ကိုထွေးအပေါ် မှာကျတော့ ဘယ်မှာချုပ်ခြယ်လို့လဲ'





ဇွဲကောင်းထက်ကို သူလန့်လာပြီ။

ဇွဲသည် အရာရာ မြင်တတ် သိတတ် စူးစမ်းတတ်လေသည်။

'ဇွဲ မင်းက စပ်စုလွန်းတယ်ကွာ'

'စပ်စုတာ မဟုတ်ဘူး လေ့လာ စူးစမ်းတတ်တာပါကွာ ဒါထက် မင်း နှုတ်ခမ်းမွေးမပေါက်သေးဘူးလား ငါတောင် ရိပ်နေရပြီ'

စိုးဇလပ် ဆတ်ခနဲ ဖြစ်သွားပြီး မျက်နှာတစ်ခုလုံး နီရဲသွားကာ

'ဟာကွာ မင်းရှုပ်တယ်ကွာ တကယ့်လူရှုပ်ပဲ ပြန်တော့ကွာ'

စိုးဇလပ် ဝရံတာမှအောက်ကိုငုံ့ကြည့်ကာ ကိုကြီးမြန်မြန် ပြန်လာပါစေတော့ဟု မတမ်းတာစဖူး တမ်းတလိုက်လေသည်။

'မင်းတစ်ယောက်တည်း မှုးလဲနေမှာစိုးလို့ ငါက တမင်စောင့်ပေးနေတာ လူက ဖြူဆွတ်နေတာပဲ မမဆီ လာပြပါလား ဒါမှမဟုတ် မမ ပြန်လာရင် ခေါ်လာခဲ့ပေးရမလား'

'ဇွဲ မင်းပါးစပ်ပိတ်ထားရင်ကောင်းမယ်ကွာ ငါ နားငြီးလွန်း၍လို့ပါကွာ'

ဇွဲက သူ့ပါးစပ်ကိုသူ ညာလက်ဝါးဖြင့်အုပ်ကာခေါင်းညိတ်လိုက်ရာ စိုးဇလပ် မနေနိုင်ဘဲ ရယ်ကာ ဇွဲလက်မောင်းကို လက်သီးဆုပ်နှင့်ဖွဖွထိုးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွဲကို သူ စိတ်ဆိုး၍မရအောင်ကို သူ့အနွံ့အတာကို
လေသည်။

'ကိုကြီးကား လာပြီ ငါ ဝိုင်းသယ်ပေးရင်း မင်းကို
အောင် တိုင်ထားလိုက်မယ်'

ဟုပြောပြီး ငွဲကာ တံခါးဖွင့်ကာပြေးဆင်းသွားလေသည်။

စိုးဇလပ်ကတော့ ငွဲကိုလက်မြှောက်အရှုံးပေးထားလိုက်
လေသည်။

*





## အခန်း(၁၃)

သီရိကျက်သရေ ဒေါ်နဦးကိုစိုက်ကြည့်လိုက်သည်။ သူ့ထံမှအပျော့ပြောင်းဆုံးလေသံကို ပထမဦးဆုံးကြားသိလိုက်ခြင်းဖြစ်သည်။

'ဒေါက်တာ ဆန္ဒရှိတယ်ဆိုရင် ကျွန်တော့်အိမ် အပေါ်ထပ်မှာပဲနေလို့ရပါတယ်။ အတွင်းလှေကားကိုပိတ်ထားပေးပြီး ဘေးလှေကားကိုပဲသုံးလိုက်ရင် အပေါ်ထပ်နဲ့အောက်ထပ် သီးခန့်ဖြစ်သွားပါတယ်'

ဒေါ်နဦး၏ နှုတ်ခမ်းမွေး မုတ်ဆိတ်ကျင်စွယ်တို့ ရိတ်သင်ပြီးစဖြစ်၍ စိမ်းစိုပြီး မျက်နှာနုနုလေးပေါ်လာသည်။

သီရိကျက်သရေက ပြုံးကာ

'ကျေးဇူးတင်ပါတယ် ကိုကြီး ကျွန်မက သူငယ်ချင်းတစ်ယောက်အတွက်ပါ တာဝန်ယူထားရတာ ဆိုတော့ နေဖို့လောဆယ် ရောက်တာနဲ့ ကိုကြီးအိမ်တည်းရမှာပဲ'

'ကျွန်တော့်ကိုတော့ အားမနာပါနဲ့ . ကျွန်တော်ကသာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကို အားနာရမှာပါ။ အောက်ထပ်မှာ ဦးလေးမောင်နဲ့ ကျွန်တော်ကတော့ ချည့်သည်သွား ချည့်သည်လာပဲ နေမှာ ဦးအိုက်စံကတော့ ခြံစောင့်အိမ်စောင့်နဲ့ အမြဲရှိနေမှာ'

'ကောင်းပါတယ်။ ကျွန်မတို့လိုဝန်ထမ်းတွေအတွက် ဒေသစိမ်းမှာ ဒေသခံတွေရဲ့အကူအညီက တစ်တပ်တစ်အားပေါ့ပဲ'

'ဒေါက်တာ ဘယ်နေ့သွားဖြစ်မလဲ'

'ကားနဲ့က တောင်တက် တောင်ဆင်း ဖြစ်မှာမဟုတ်ဘူးဆိုပြီး မေမေက ကားပေးမမောင်းချင်လို့ ဒရိုင်ဘာ ရှာနေတယ်'

'ဒီလိုလုပ်ပါလား ဒေါက်တာ'

အရင်တစ်ခေါက်နှင့်မတူ။ ယခုအခေါက်၌ စိုးဇလပ်မေ့မျောကာ ဆေးခန်းတင်လိုက်ရကတည်းက ဒေါနဦး ပြောင်းလွဲသွားသည်ဟု ဖွဲ့ပြောတာဟုတ်နေပြီ။

'ဒေါက်တာ ကားယူမယ်လို့ ဆုံးဖြတ်ထားရင် အခြားဒရိုင်ဘာမငှားနဲ့ ကျွန်တော်ပဲ မောင်းသွားပေးပါမယ်။ အဲဒီလိုဆိုရင်ကောဖြစ်မလား ဒေါက်တာ'

'အတိုင်းထက်အလွန်ပေါ့ ကိုကြီးရယ်။ ကျွန်မက တော်တော်ကံကောင်းတာပဲ။ ကျေးဇူးတင်ပါတယ် ကိုကြီး။ ပို့စတင်က တစ်ရက်စောလေ တစ်ရက်ပိုပြီး စီနီယာကျလေမို့ သန်ဘက်ခါသွားရင် ဖြစ်မလားဟင်။ ကိုကြီး ဒီကကိစ္စလည်းပြတ်ပြီ ဆိုရင်ပါ'

သိရိကျက်သရေ၏ဖူးစင်နေသော မျက်နှာလေးကို စူး





စူးစိုက်စိုက် မကြည့်မိစေရန် ဒေါနဦး သတိထားလိုက်ရသည်။ ကိုလတ်နှင့် ဖွဲ့က ရှိနေသည်ဖြစ်ရာ ဖွဲ့ကိုပါတစ်ဆက်တည်းမေးလိုက်သည်။

'ဖြစ်ပါတယ်။ ကျွန်တော့်အလုပ်က ဒီကကိစ္စ ဒီနေ့ပဲပြတ်ပါတယ်။ ဒီမှာက ပွဲရုံတွေ ငွေလိုက်သိမ်းရုံနဲ့ ဟိုက မှာတဲ့ ကုန်ဖိုးငွေတွေလိုက်ချေရုံပါပဲ။ ပြီးပါပြီ။ ဒါထက် ဖွဲ့ကော လိုက်မှာလား'

'မလိုက်သေးဘူး ကိုကြီး မမ ဟိုမှာအထာကျမှ လိုက်မယ်။ မိုးတွင်းကြီးဆိုတော့ ပျင်းသေးတယ်။ နွေမှ လိုက်လည်တော့မယ်။ စိုးတို့နဲ့အတူလေ'

ဖွဲ့က ဆုံးဖြတ်ချက်ကို သူ့ဘာသာချပြီးပြောလိုက်လေသည်။ ဖွဲ့ကဲ့သို့ စိုးဇလပ်ကိုဖြစ်စေချင်သော သူ့စေတနာသည် ဝေဒနာအဖြစ်သို့ကူးပြောင်းသွားကြောင်း သိလိုက်ရသောအခါ သူ နှောင်တရမိလေသည်။

'အမှတ်စာရင်းထုတ်ဖို့နဲ့ ဝင်ခွင့်တင်ဖို့ကိစ္စကလည်း ရှိနေသေးတယ်။ ဖွေးလေးခေါ်သွားပါလား မမ'

'ဖွေးလေးက ဖွဲ့ အတွက်တဲ့လေ။ မေမေက ကျွန်မက သူငယ်ချင်းနှစ်ယောက်ဆိုတော့. . အဖော်ရှိပြီးသားပဲတဲ့လေ။ တကယ်လို့ ဆေးရုံက အဆောင်ပေးရင် အဆောင်မှာပဲ နေရမှာဆိုတော့ အဖော်မလိုဘူးတဲ့လေ'

'ဟုတ်တယ်လေ မသိရိက အလုပ်ခွင်တောင်ရောက်ပြီ ဆိုတော့ လူကြီးဖြစ်ပြီပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က ဝင်ပြောလိုက်သည်။ ကိုလတ်နှင့် သီရိကျော်သရေလည်း ရင်းရင်းနှီးနှီးရှိကြသည်ကို ဒေါ်နုဦး ရိပ်မိလိုက်လေသည်။

ထောင့်တစ်ထောင့်ရှိဆက်တီဝယ် ငြိမ်သက်ပြီး စာဖတ်နေသည့် စိုးဇလပ်ထံမှ အသံ ထွက်မလာ။ သူတို့စကားဝိုင်းကိုလည်း စိတ်ဝင်စားပုံမရဘဲ ဥပေက္ခာပြုထားဟန်တူသည်။

'ဪ ဒေါက်တာ'

'ကျွန်မကို သိရိလို့ပဲခေါ်ပါ ကိုကြီး ကျွန်မတောင် စိုးတို့ ဖွဲတို့ခေါ်သလို ကိုကြီးခေါ်နိုင်သေးတာပဲ'

ဒေါ်နုဦးက ပြုံးလိုက်သည်။

ဒေါ်နုဦးပြုံးခြင်းကို သိရိကျော်သရေက ခုမှ ပထမဦးဆုံးမြင်ဖူးသဖြင့် ဖျတ်ကနဲကြည့်ကာ မျက်နှာလွှဲလိုက်သည်။

စိုးဇလပ်နှင့် တူသည်။ ပါးချိုင့်နှင့်သွားတက်လေးများက ညီအစ်ကိုငါးယောက်၌ အကြီးဆုံးနှင့်အငယ်ဆုံး၌ ပါသည်။ မေးစေ့အကွဲကြောင်းလေးလှုပ်ရှားသွားပုံကအစ တူလေသည်။

'ကောင်းပြီ မသိရိ'

'အို ဘယ်နှယ့်မကြီးက ပါလာရပြန်တာတုန်း။ ကိုလတ်က ကျွန်မကို သူ့ထက်တစ်နှစ်ကြီးတယ် ဆိုပြီး မထည့်ခေါ်တာ'

'ဟုတ်ပြီဟုတ်ပြီ သိရိ အဲ ကုတင်ကုလားထိုင် စားပွဲကအစ ပရိဘောဂတွေယူခဲ့ဖို့ မလိုဘူးနော်။ မွေ့ယာကအစ ဟိုမှာရှိတယ်။ အဆောင်နေပစ္စည်းစာလောက်ဆိုရင် ရပါတယ်'

'ကျေးဇူးပဲ ကိုကြီး ကျွန်မက စာမေးပွဲတွေဆက်ဖြေဦး





မှာဆိုတော့ အဲဒီမှာလည်း အမြဲနေမှာမဟုတ်တော့ ပေါ့ပေါ့ပါးပါးလောက်ပဲ သယ်ချင်တာ။ အတော်ပဲဖြစ်သွားတယ်။ အရမ်းကိုကျေးဇူးတင်ပါတယ်ကိုကြီး တကယ်ပါ'

ဒေါ်နုဦးက သိရိကျော်သရေက လိုက်လိုက်လှဲလှဲ ပြုံးကာပြောနေသဖြင့် မျက်နှာမထားတတ်အောင်ဖြစ်သွားရှာသည်ကို စိုးဇလပ်က ဂျာနယ်ဖတ်နေရာမှစွေစောင်းကြည့်ကာ တွေ့မြင်လိုက်ရသည်။

ဆယ်ကျော်သက်အရွယ်ကတည်းက အချစ်ရေးကို ဦးစားမပေးနိုင်ရှာဘဲ ညီတွေ၏ပညာရေးအတွက်ပြည့်စုံစေရန် စီးပွားရေးထဲ နစ်မြုပ်ခဲ့ရရှာသော ကိုကြီးတာဝန်ကို ကိုလတ် လွှဲပြောင်းယူသင့်ပြီဟု စိုးဇလပ်တွေးမိလိုက်လေသည်။

'ဟေ့ကောင် စိုး ဂိမ်းကစားရအောင်ကွာ'

'ဝါသနာမပါဘူး စာဖတ်နေတာမတွေ့ဘူးလား'

'မင်းအမှတ်တော့ ကောင်းမှာပဲ ဘာ့မေဂျာယူမလဲ'

'ဘာယူယူ စာဖတ်နေတုန်းစကားလာပြောတာမကြိုက်ဘူးကွာ'

ကိုလတ်က လှမ်းဟန့်လိုက်သည်။

ဖွဲ့က ရယ်ကာ ကိုလတ်အား လက်ကာပြလိုက်သည်။

'ကျွန်တော့်ကို အားမနာနဲ့ ကိုလတ် သူ့ကို ဘေးမဲ့ပေးပြီးသား'

'ဘာ'

'သွားပြီ ဂွတ်နိုက်'



www.burmeseclassic.com

www.burmeseclassic.com



ခွဲကဲ ထွက်သွားတော့ သီရိကျက်သရေကလည်း နေရာမှထလိုက်သည်။

'ဩော် ကိုကြီး တောင်ငူမှာတော့ တစ်ထောက်နားမယ် နော် ဖြစ်မလား'

'ညအိပ်လား'

'ကိုကြီးသဘောပါ'

'သီရိသဘောပါ ကျွန်တော်က သီရိဒရိုင်ဘာပဲဟာ သီရိသဘောပါဗျာ'

သီရိကျက်သရေက အစာညပေါက်နောက်လိုက်သော ဒေါ်နဦးစကားကြောင့် ရယ်လိုက်ကာ

'ဒါဖြင့် ညအိပ်နားမယ်လို့ မေမေတို့ဆီ ဖုန်းဆက်ထားလိုက်တော့မယ်'

'သီရိသူငယ်ချင်းတကော တူတူလိုက်မှာလား'

'သူက အောင်လံဘက်ကဆိုတော့ သူ့ဘာသာသူ လာလိမ့်မယ်။ သူကတော့ နောက်တစ်ပတ်မှလာမယ်ပြောတယ်'

'ဩော်'

ဒေါ်နဦး ရင်မခုန်စဖူးခုန်သွားလေသည်။

ခရီးလမ်း၌ သူတို့နှစ်ယောက်တည်းလား သင့်တော်ပါ့မလား။ အရွယ်ရောက်ပြီး ပညာတတ်သော ဂုဏ်သရေရှိအမျိုးသမီးတစ်ယောက်ပေပဲ။ လင်းလင်းထင်းထင်း ခရီး၌ မိတ်ဆွေအကူအညီနှင့်သွားလာခြင်းပေပဲ။

ထိခိုက်နစ်နာစရာကိစ္စမှ မဟုတ်ပေပဲ။





'ဂွတ်နိုက် ကိုကြီး'

'ဂွတ်နိုက် ဒေါက်တာ အဲ သီရိ'

သီရိကျက်သရေက ပြုံးကာ တံခါးနှစ်ထပ်ပိတ်လိုက်လေသည်။

သူလည်း တံခါးနှစ်ထပ်ပိတ်ပြီး နောက်သို့ လှည့်လိုက်သည်။ ကိုလတ်နှင့်အငယ်ကောင်တို့နှင့် မျက်လုံးချင်းရင်ဆိုင်ရမှာ စိုးသဖြင့် မီးဖိုခန်းဘက် တန်းဝင်လိုက်လေသည်။

ဒါတောင် ကိုငယ်နှင့် ကိုထွေးက အပေါ်ထပ်မှာ စာကျက်နေ၍ သူမျက်နှာအပူသက်သာခြင်းဖြစ်သည်။

သီရိကျက်သရေ၏မျက်နှာလေးက သူ့စိတ်ထဲ စွဲထင်လျက်ရှိလေပြီဟု. . . .

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၄)

'ဒေါ်မယ်ပြန်မရောက်သေးတာ ခက်နေတယ်။ အငယ်ကောင်ကို တစ်ယောက်တည်း အိမ်မှာထားခဲ့ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား ကိုလတ်'

ညီအစ်ကိုနှစ်ယောက်က အားလုံးအိပ်ပြီးအထင်နှင့် အောက်ထပ်ဧည့်ခန်းသို့ဆင်းကာ စကားခပ်တိုးတိုးပြော၍ တိုင်ပင်နေကြလေသည်။

'ဖွဲ့ကတော့ လူတော်လူကောင်းတစ်ယောက်ပါ။ အငယ်ကောင်ကိုမှာထားလိုက်ရင် သူသဘောပေါက်မှာပါ'

'အင်း ငါတော့ သဘာဝကို လွန်ဆန်အန်တုလို့မရဘူးဆိုတဲ့သင်ခန်းစာကို ကောင်းကောင်းရလိုက်ပြီ ကိုလတ် အငယ်ကောင်ကို သူစိတ်တိုင်းကျနေခွင့်ပြုလိုက်တော့မလားလို့ စဉ်းစားမိတယ်'

'ကျွန်တော်လည်း အဲဒီကိစ္စကို ကိုကြီးနဲ့တိုင်ပင်ချင်နေတာ။ လူမလစ်တာနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနှင့်ကိုလတ်သည် သူ့အကြောင်းကိုသာ အဓိကထားတိုင်ပင်နေကြကြောင်း စိုးဇလပ်သိသည်။

လှေကားထစ်များ၌ ထိုင်ကာ ကိုကြီးတို့ စကားသံကို နားစွင့်နေလိုက်သည်။

'အငယ်ကောင်ရဲ့မသိစိတ်က သူ့ဘဝအမှန်ကို လိုလားနေပြီထင်တယ်'

'ဘာကြောင့်လဲ'

'သက်တူရွယ်တူမိန်းမချောလေးတွေအပေါ် စိတ်မဝင်စားဘဲ မုန်းတီးစိတ်မနာလိုစိတ်ဆိုတာ ပုံမှန်မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်'

'သူ့ဆန္ဒကို မေးကြည့်ပြီး သူ့ဆန္ဒအတိုင်း ပြောင်းလဲချင်ရင် ပြောင်းလဲခွင့် ပေးလိုက်ပါလား။ ဒါပေမယ့် ခေါက်ရိုးကျိုးပြီးသားကို ပကတိပြန်ရဖို့ ဆိုတာကတော့ မလွယ်ဘူးထင်တယ်နော် ကိုလတ်။ တကယ်လို့ သူလိုက်ချင်တယ်ဆိုရင် ငါ တောင်ကြီးကိုပြန်ခေါ်သွားမယ်လေ'

'ကိုကြီးက ပွဲရုံတွေသွားတာနဲ့ ဒီကောင် ဆိုင်ကယ်တစ်စီးနဲ့ လျှောက်လိမ့်နေတာ ဟိုကအပေါင်းအသင်းတွေထက် ဖွဲ့က ပိုပြီးတော်တယ်။ ကိုကြီး ပင်ပန်းလှပါပြီ။ ကျွန်တော်လည်း ကျောင်းပြီးပြီဆိုတော့ ကျွန်တော့်တာဝန်ထားပါ။ ကိုကြီးနားပါ။ အိမ်ထောင်ပြုချင်လည်း ပြုတော့ မသီရိက ကိုကြီးကို စိတ်ဝင်စားနေပုံပဲ'

'ဟာကွာ ရိုးရိုးဖြစ်မှာပါ။ အငယ်ကောင်ကို မင်းတာဝန်





ထားနိုင်တယ်ဆိုရင်လည်း မင်းသဘောပဲ ကိုလတ် ဘာအမှားအယွင်းမျိုးမှ ငါလက်မခံနိုင်ဘူးနော် ဒါပဲ'

'စိတ်ချပါ ကိုကြီးရာ'

'အငယ်ကောင်တွေဟာ မင်းနဲ့ငါတို့ရဲ့ဘဝဆိုတာ မင်းမမေ့ထားပါနဲ့'

'ကိုကြီးရယ် ကိုကြီးထက်မသာစေရင်သာနေရမယ်။ ကိုကြီးထက်မလျော့တဲ့စေတနာမျိုးနဲ့ ကျွန်တော်အငယ်ကောင်တွေအပေါ် ထားခဲ့တာပါဗျာ'

'အေးပါ ကိုလတ်ရာ မင်းကိုငါယုံကြည်ပါတယ်။ ကိုင်း အိပ်ကြစို့'

စိုးဇလပ်လှေကားမှထကာ အသံမမြည်အောင်ပြန်ပြေးတက်ပြီး အိပ်ခန်းထဲပြေးဝင် ကုတင်ပေါ်၌ရှိသော ဂွမ်းစောင်ပုံထဲပြန်ဝင်ကာ မှောက်ခုံလေးပြန်အိပ်လိုက်သည်။

ထင်သည့်အတိုင်း ခြေသံ ကြားရသည်။ ကိုကြီးကော ကိုလတ်ကောဖြစ်လိမ့်မည်။ စောင်လွတ်မနေသဖြင့် သူတို့ပြန်ဖြင့်မဖုံးပေးတော့။ Aircon ၏ အအေးဓာတ်ကိုတော့ အနည်းငယ်လျှော့လိုက်ပုံရသည်။ အအေးဓာတ် လျော့နည်းသွားလေသည်။

စိုးဇလပ်ချက်ချင်းပင် မျက်တောင်စင်းကာ အိပ်ပျော်သွားလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၅)

'အငယ်ကောင် ကိုလတ်နဲ့ စီးတီးမတ် သွားရအောင် ဒေါ်မယ်တို့ပြန်မရောက်ရင် ဆိုင်ထမင်းဟင်းက နင့်နေတာပဲ'

စိုးဇလပ်က ကိုလတ်စကားကြောင့် ပြုံးမိလေသည်။

'ကျွန်တော်ချက်ပေးမယ် ပြောသားပဲ'

'မင်းချက်တတ်လို့လား'

'ဒေါ်မယ်ချက်တာကြည့်ထားတာပဲ။ ဒေါ်မယ်လောက်တော့မကျွမ်းကျင်ဘူးပေါ့ ကိုလတ်ရာ. . ဒါပေမယ့် ချက်တတ်မယ် ထင်တာပဲ'

ကိုငယ်က ကော်ဖီပန်းကန်ကိုဆေးနေရာမှ

'ဟုတ်မှလည်းလုပ်ပါ ကိုလတ်ရာ ဆင်ဖိုးထက် ချွန်းဖိုးကြီးဆိုသလို ဟင်းဝယ်စားတာထက် ဟင်းအိုးပစ်ရတာကုန်ဆိုးနေမယ်'

စိုးဇလပ်က ပခုံးတွန့်ကာ



www.burmeseclassic.com

www.burmeseclassic.com



'အထင်စမောတယ်ပေါ့ စောင့်ကြည့်ပါ . . . နောက်မှ ကောင်းလွန်းလို့ သာဓိတစိုစိုဖြစ်နေဦးမယ်'

'ဘာပဲဖြစ်ဖြစ် အောလ်ဒီမထွက်တဲ့ကောင်ကို စားပိုမှု ရာထူးပေးလိုက်တာ အကောင်းဆုံးပဲဖြစ်မှာ'

ကိုထွေးက မခံချင်အောင် စလေသည်။

စိုးဇလပ်စိတ်မဆိုး။

သူလုပ်ခဲ့သည့်အလုပ်က ခွင့်လွှတ်ချင်စရာမှ မရှိပေဘဲ။ ကိုထွေးက ဆေးတက္ကသိုလ်တူတူတက်မည်။ စာလည်း ပြပေးမည်။ စောင့်ရှောက်ပေးမည်ဟူသောစေတနာနှင့် သူ့ဆယ်တန်းဖြေစဉ် နေ့မနား ညမနား အနီးကပ်ကိုဒ်လုပ်ကာ သူ့ပါ စာဝိုင်းကျက်ပေးခဲ့သည်။ ထိုကျေးဇူးကိုမှမငဲ့ကွက်တော့ သူလည်း အတော် စိတ်ဆိုးသွားသည်။

၃-၄ရက် စကားမပြော။

ခုလည်း အမှတ်က ဂုဏ်ထူးမှတ်နားကပ်နေရက် တစ်မှတ်လိုနှစ်မှတ်လိုဖြစ်နေခြင်းကြောင့် အမှတ်က အမ်စီနားကပ်ကာ ကျန်ရစ်ခဲ့သည်။

'ကျွန်တော် နည်းပညာတက်မယ်ဗျာ။ ဗိသုကာယူမယ်။ အီလက်ထရောနစ်တော့ မယူဘူးဗျ'

'ဒါဆို မင်းက ကိုယ့်ညီဖြစ်သွားပြီ ကောင်းတယ် ဒါပေမယ့် မင်းလုပ်လိုက်တဲ့အလုပ်ဟာ အစ်ကိုတွေကို ဘယ်လောက် သိက္ခာကျစေသလဲ'

စိုးဇလပ်က လက်နှစ်ဖက်ကိုဆုပ်ကာ ရင်၌ကစ်လျက်





'ကျွန်တော်မှားသွားပါတယ်။ ကျွန်တော်မျိုးကြီး သေသင့်ပါတယ်'

'သေသင့်တာနောက်ထား ခြင်းယူ တောင်းကြီးကြီး'

'ဟာ ကျွတ်ကျွတ်အိတ်တွေနဲ့ထည့်ပေးမယ့်ဟာကို ခြင်းတောင်းကြီးက အောက်ပါတယ်'

ကိုလတ်က စိုးဇလပ်ကိုဖျတ်ကနဲကြည့်လိုက်သည်။ ခြင်းတောင်းကိုင်ရမှာကို အောက်တယ်ထင်သော ယောကျ်ားလေးစရိုက်ကတော့ ညီအစ်ကိုငါးယောက်စလုံး၌ရှိနေဆဲပင်။

ထိုအချိန် ဖွဲ့ကောင်းထက်က သူတို့အခန်းဘက်ကူးလာပြီး

'စျေးသွားမလို့လား'

'အေးကွ သားငါးက မကိုင်တတ်ကြတော့ ရယ်ဒီမိတ်ချက်လို့ရတဲ့ ကြက်သား ငါး ပုဇွန်နဲ့အသီးအနှံတွေ သွားဝယ်မလို့ကွ'

'အိုကေ ကျွန်တော်လိုက်ပို့ပေးမယ်'

'ဟ ကားဝယ်ပြီးပြီလား'

'ညကပဲ ဖေဖေရောက်လာပြီး မိုးလင်းတာနဲ့သော့ပေးတယ်'

ကိုလတ်က ဖွဲ့ကိုကြည့်လိုက်သည်။ စိုးကို ထည့်ပေးသင့်မသင့်။

'အတော်ပဲ ကျွန်တော်တို့ကိုပို့ပေးပြီး ကိုလတ်ဆိုင်သွားတော့ပေါ့။ အလုပ်တစ်ခု သက်သာသွားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ကိုငယ်က ဆုံးဖြတ်ချက်ပေးနေသည်။ မျိုးရိုးကောင်းပြီး ထက်မြက်ထူးချွန်သောဖွဲကို သူတို့ညီအစ်ကိုတွေသဘောကျနေကြသည်။

စိုးကို ဖွဲနှင့်ပေါင်းသင်းခြင်းအားဖြင့် အရှုံးမရှိနိုင်။ လူဆိုးလူတေမဖြစ်နိုင်ဟု တွက်ထားကြပုံရလေသည်။

'ဖွဲ မင်းကောင်းကောင်းမောင်းတတ်လို့လား လိုင်စင်ကော'

'ကျွန်တော် ဆယ့်ရှစ်နှစ်ဒီနေ့ပဲပြည့်တယ်။ နယ်လိုင်စင်အရ ၆လကြီးထားလို့ လိုင်စင်လည်း ရပြီးပါပြီ မပူပါနဲ့ ကိုတိုးဖေဖေတောင် စိတ်ချလက်ချသော့ပေးပြီး ပြန်သွားပြီ'

'ဟောဗျာ အန်ကယ်လ်နဲ့တောင်မတွေ့လိုက်ရဘူး'

ကိုလတ်က ဖွဲကို စစ်ဆေးပြီးမှ စိုးဇလပ် လက်ထဲ ငါးသောင်းအုပ်တစ်အုပ် ထည့်လိုက်သည်။

'ကော်ဖီမစ်လည်း ကုန်ပြီ တစ်ပတ်စာ သားငါးဟင်းသီးဟင်းရွက်ကြည့်ဝယ်ကွာ။ ခေါက်ဆွဲခြောက်ထုပ်တွေကော'

စိုးဇလပ်က ကော်ဖီပန်းကန်များကို ပန်းကန်စင်ပေါ်၌ မှောက်လိုက်ပြီး စားပွဲကို ရေဝတ်နှင့်သုတ်လိုက်သည်။

နောက် ကိုလတ်ကမ်းပေးသော ၅၀၀ကျပ်တန် တစ်အုပ်ကို လှမ်းယူလိုက်သည်။

'နေ့လည်စာပြန်စားမှာလား'

'မစားဘူး။ ညနေစာပဲ စားကြမယ်'

'ဒါဖြင့် ကိုလတ် ကျွန်တော် ရွှေညောင်ပင်ကို ကားသွားပြီးမှ ဈေးဝယ်မယ် ဖြစ်မလား'

'ဖြစ်ပါတယ်'

ကိုလတ်စိတ်ထဲ၌ အတွေးနှင့်ဆုံးဖြတ်ချက်တို့က ရှိပြီးသားဖြစ်သည်။

အပွေးမြင် အပင်သိသည်က ကိုလတ်၏ပါရမီတစ်မျိုးပင်။ ကိုလတ် ဖွဲကောင်းထက်မိဘများ၏ကြွယ်ဝမှုနှင့် မျိုးရိုးဗီဇကောင်းမှုကို လေ့လာစုံစမ်းပြီးသားဖြစ်နေသည်။

စိုး ဖွဲနှင့်သူငယ်ချင်းဖွဲ့ခြင်းက အရှုံးမရှိဟု ကိုလတ်က စီးပွားဆန်ဆန်တွက်ချက်ပြီးသားဖြစ်သည်။

'ဒါဆို စိုးသွားတော့ ကိုငယ်နဲ့ ကိုထွေး မင်းတို့အပေါ်ထပ်ခါးတွေပိတ်ပြီးမပြီးသွားကြည့်ကြဦး အရင်ကလပ်စ်ပြီးမယ့်သူက သော့တစ်တွဲ ယူသွား စိုးက တစ်တွဲယူ ကိုလတ်ဆီမှာက ပင်တိုင်သော့တစ်တွဲအမြဲရှိပြီးသား'

စိုးဇလပ်က ယောက်ျားကိုင်လက်ကိုင်အိတ်ထဲ သော့တွဲနှင့် ပိုက်ဆံထပ်ကို ထည့်လိုက်သည်။

နောက် ဖွဲနောက်မှ လိုက်ဆင်းသွားလေသည်။

ကိုလတ် ဝရံတာမှထွက်ကြည့်လိုက်သလို အပေါ်ထပ်မှ ကိုငယ်နှင့် ကိုထွေးကလည်း ကြည့်နေလေသည်။

ဖွဲက ကားသော့ကိုဖွင့်လိုက်သောကားကိုကြည့်ပြီး သူတို့ညီအစ်ကိုတွေ သွားရေယိုသွားကြသည်။

လင့်ခရူဆာ ငွေမှင်ရောင်ဖြစ်နေသည်။ မော်ဒယ်လ်ကလည်း မြင့်သည်။







www.burmeseclassic.com

www.burmeseclassic.com



စိုးကတော့ ကားကို စိတ်ဝင်စားပုံ မရ။ ဇွဲဘေး၌ အ
တည်တည်နှင့် တက်ထိုင်ကာ လိုက်သွားလေသည်။

စိုးဇလပ် ကားကောင်းကောင်းကိုလည်း နားမလည်
သို့သော် အိမ်လှလှလေးများကိုတော့မက်သည်။ ပန်း
နှင့်မြက်ခင်းကိုလည်း သဘောကျတတ်သည်။

'ဘယ်နှယ်လဲ စိုး လှရဲ့လား'

'မဆိုးပါဘူး မင်းနဲ့လိုက်တယ်'

'ဘာလဲကွ'

'ကားကလည်း လှတယ်၊ အဘိုးတန်တယ်။ ပိုင်ရှင်
လည်း လှတယ်လေ ကျောင်းတက်ရင် ဘေးနားမှာ မိန်းမချော
လေးတစ်ယောက်မဟုတ်တစ်ယောက် အမြဲပါနေမှာမှတ်လား

ဇွဲက ဟက်ကနဲရယ်ကာ

'မင်းက ကျေနပ်မှာမို့လို့လား'

'သူစိမ်းမိန်းမ တင်ပြီးသွားရင် မင်းကား ငါမစီးတော့
ဘူးလို့ ဆုံးဖြတ်ထားတယ်'

ဇွဲက တဟဲဟဲရယ်ကာ

'တကယ်လား'

'မယုံရင် စမ်းကြည့်လေ'

ဇွဲက် ဘယ်လက်နှင့်ဆလံပေးလိုက်ပြီး

'မစမ်းရဲပါဘူး သူငယ်ချင်းကောင်းက ရှားတယ်။ ရည်
စားက ထားချင်ရင် လွယ်တယ်။ စိုးရာ မင်းဘယ်ကောင်မလေး
မျိုးကို ကြိုက်မှာလဲကွ ပြောစမ်းပါဦး ငါ ပညာလေး ဘာလေး





ယူရအောင်လို့'

စိုးဇလပ်မျက်နှာ အနီရောင်ပြောင်းလာသည်။

ဇွဲကောင်းထက်ကလည်း မျက်နှာအရောင်ပြောင်းတတ်
သော စိုးဇလပ်၏မျက်နှာပုံရိပ်ကို ဖမ်းတတ်နေလေပြီ။

စိတ်လှုပ်ရှားလျှင်လည်းကောင်း စိတ်ဆိုးလျှင်လည်း
ကောင်း မျက်နှာပြင်ပေါ် အနီရောင်ပြောင်းသွားသည်။ စိတ်ထဲ
မကျေနပ်မှုနှင့်ပေါက်ကွဲလျှင်လည်းကောင်း ကြေကွဲလျှင်လည်း
ကောင်း မျက်နှာပြင် အဖြူရောင်ပြောင်းသွားတတ်လေသည်။

ပင်ကိုယ်အသားအရောင်က အဝါရောင်သန်းသော အ
သားအရေဖြစ်သည်။ သူတို့အသားဖြူပုံနှင့်မတူ။

တစ်ခါတစ်ရံ သူ့အား မိန်းကလေးနှင့်တူတယ်ဟုပြော
လျှင် စတော်ဘယ်ရီရောင်ပြေးပြီး ရှက်ကိုးရှက်ကန်းဖြစ်သွားပုံ
ကို သူသဘောကျကာ ကျီစယ်တတ်သည်။

သို့သော် စိတ်ဆိုးမှာဆိုးသဖြင့် အရမ်းတော့ မစရဲချေ။

'ဇွဲ'

'ဘာလဲ'

'အမေဆိုတာ သားသမီးတွေအပေါ် သိပ်ချစ်တတ်သ
လား။ အဖေတွေထက်ပိုချစ်တာလား'

'အင်း ပိုမယ်ထင်တယ်'

'ဘာကြောင့်လဲ'

'အမေဆိုတာ သားလားသမီးလားမသိခင်ကတည်းက
သူတို့ဝမ်းနဲ့ လွယ်ပိုးထားရပြီး အစားရှောင်ရတယ်။ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ထိခိုက်မလားဆိုတဲ့စိတ်နဲ့ အသွားအလာအနေအထိုင်ကအစ သတိထားလာတတ်ကြတယ်။ မွေးလာတော့လည်း ဇာဆိုတောင်ရှိသေးတယ်။ ယောက်ျား ဖောင်စီး မိန်းမ မီးနေတဲ့လေ သေမင်းခံတွင်းဝရောက်နေတာတောင် သားသမီးအတွက်ဆိုတဲ့ ချစ်ခြင်းမေတ္တာနဲ့'

'တော် တော်တော့ ဖွဲ့'

ဖွဲ့ကောင်းထက်က စိုးဇလပ်ကို ငဲ့စောင်းကြည့်လိုက်သည်။

'ဗုဒ္ဓေါ'

မျက်နှာဖြူဖတ်ဖြူလျော်ဖြစ်ပြီး မျက်ဝန်းဌမျက်ရည်များက လျှံဝေလာရှာ စနိုးတာဝါဖောက်ကာ မျက်နှာကို ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်သော စိုးဇလပ်ကို ဖွဲ့ကောင်းထက်သနားသွားသည်။

စိုးသည် ပြဿနာကောင်လေးဖြစ်သည်။ အဘက်ဘက်ကပြည့်စုံသောဖွဲ့အတွက် မပြည့်စုံသောစိုးသည် ကရုဏာသက်စရာ ဖြစ်လာလေသည်။

'မင်း ကားမောင်းသင်မလား ငါသင်ပေးမယ်'

'မသင်ချင်ပါဘူးကွာ မင်းတတ်ရင် ငါတတ်သလိုပဲပေါ့'

စိုး ပုံမှန်အနေအထားပြန်ရောက်လာသည်။

'အတော်ပဲကွ ထူးကျော်တို့ခြံ သွားရအောင် ထောက်ကြံ့မှာလို့ပြောတယ်'

'မင်းရောက်ဖူးလို့လား'





'မရောက်တော့ မရောက်ဖူးဘူး ဒါပေမယ့် မေးရင် ရတယ် ပြောတယ်'

'မသွားပါနဲ့ကွာ ငါ ဈေးလည်းဝယ်ရဦးမယ်'

'မကြာပါဘူးကွာ'

ဖွဲ့က ကားအသစ်နှင့် ဟိုသွားချင် ဒီသွားချင် ဖြစ်နေခြင်းကို သူ နားလည်သင့်သည်။

သူ့အပေါ် ဒီလောက်ကောင်းသော ဖွဲ့ကိုလည်း အနည်းငယ်တော့ အခွင့်အရေးပေးသင့်သည်ထင်သည်။

'ဒီလိုဆို ထူးကျော်ရှိမရှိ ဖုန်းဆက်ကြည့်မယ် ပေး ဖုန်းငါဆက်မယ်'

ဖွဲ့က ခါးကြားမှဖုန်းကိုဖြုတ်ကာ စိုးဇလပ်ကိုလှမ်းပေးလိုက်သည်။

စိုးက ထူးကျော်၏ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ ထူးကျော်က ထောက်ကြံ့၌နေပြီး ရန်ကုန်ထဲရှိ အစ်ကိုအိမ်၌ သင်တန်းနှင့်ကျောင်းလာတတ်ပြီး အားရက်ဆိုလျှင် အိမ်ပြန်တတ်သည်။

ထူးကျော်မိဘများက ဥစားကြက်ငုံးတို့ကိုမွေးပြီး စိုက်ပျိုးရေးလည်းလုပ်လေသည်။

သူတို့ခြံ၏သာယာပုံအကြောင်းကို ထူးကျော်အမြဲပြောတတ်သဖြင့် ဖွဲ့က သွားချင်နေလေသည်။

'ဟဲလို'

'ထူးကျော်နဲ့တွေ့ချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ထူးကျော် စပီကင်သွားပါတယ်။ ဘယ်သူဆက်တာလဲ ကွယ့်'

ထူးကျော်မရီးဖြစ်ပေမည်။ မိန်းမသံဖြစ်သည်။

'ကျွန်တော်ပါ စိုးဇလပ်ပါ'

'ဩော် အစ်မက မိန်းမသံထဲင်လို့ အခြားသူလားလို့ပါ။ စိုးလား ထူးကျော်ပြန်လာရင် ဘာပြောပေးရမလဲ'

'ရပါတယ်။ မပြောနဲ့တော့ ထူးကျော် အမှတ်မေးမလို့'

'ဒီကောင်လား ကွန်ပျူတာတက်မယ် ပြောတယ် စိုးကော'

ထူးကျော်မရီးက စကားကြောရှည်နေသေးသည်။

ထူးကျော် ခုဘာသာဂုဏ်ထူးပါသဖြင့် သူ့အစ်ကိုအိမ်၌ ဒန်ပေါက်ဆွမ်းကပ်ပြီးကျွေးမွေးစဉ်က ထူးကျော်မိသားစုနှင့် ဖွဲ့နှင့်စိုးပါ ရင်းနှီးသွားကြပြီးဖြစ်သဖြင့် ထူးကျော်မရီးက စကားကြောရှည်ကာ စပ်စုနေသည်။

'ကျွန်တော်က စဉ်းစားတုန်းပဲ ဒါပဲနော် အစ်မ'

စိုးဇလပ် ဖုန်းခလုတ်ကိုပိတ်ပြီး ဖွဲ့၏ဘောင်းဘီ၌ ပြန်ချိတ်မွေးလိုက်သည်။

'မရှိဘူးဆိုတော့ မင်းမသွားချင်တာနဲ့အတော်ပဲပေါ့ကွာ။ ဒါပေမယ့် နေ့လည်စာတော့ တစ်နေရာရာမှာ သွားစားကြရအောင်'

'ငါက အိမ်မှာပဲ ချက်မလားလို့ စိတ်ကူးကာ'

'ပျင်းစရာကြီး စိုးရာ အဲဒီအလုပ်ကြီး မင်းတာဝန်မယူ





လိုက်ပါနဲ့ ငါနဲ့လျှောက်လိုက်စမ်းပါကွာ'

စိုးဇလပ် သက်ပြင်းချလိုက်မိသည်။

ဖွဲ့နှင့်သူသည် တဖြည်းဖြည်း ရည်ရွယ်ချက်ခြင်းမတူသလို ဝါသနာခြင်းကလည်းခြားနားလာလေသည်။

တစ်ချက်ပဲ တူသည်။

ဖွဲ့ကလည်း ကျယ်ဝန်းသောခြံကိုနှစ်သက်သလို သူကလည်း နေချင်စဖွယ်ကောင်းသော ဝန်းကလေးနှင့်အိမ်တစ်လုံးကို နှစ်သက်သဘောကျစွာ ဖန်တီးချင်နေပြီ။

'ဖွဲ့'

'ဘာလဲကွ'

'မင်းတို့က တတ်နိုင်ရဲ့သားနဲ့ဘာလို့ခြံနဲ့ဝန်းနဲ့မဝယ်တာလဲ'

'မင်းနဲ့တွေ့ဖို့သဘာဝက ဖန်တီးပေးလိုက်လို့နေမှာပေါ့ကွာ'

'မနောက်ပါနဲ့ကွ'

'အေးပါကွာ မောင်နှမနှစ်ယောက်က အမြဲနေနိုင်မှာမှမဟုတ်တာ။ ဖေဖေနဲ့မေမေကလည်း သူတို့ဇာတိမြေမှာပဲ ခေါင်းချဖို့ ရည်ရွယ်ထားတော့ ဒီမှာ ခြံဝန်းနဲ့ထားရင် အလုပ်သမားတာဝန်ပိုလာမယ်။ ခုတောင် ဒွေးလေးကို မနည်းပင့်ထားရတာ။ ဒွေးလေးကလည်း ဒေါ်မယ်မရှိတော့ ပျင်းနေပြီလေ။ သူသာပြန်ပြေးရင်တော့ ငါလည်းအိုးပျောက်ခွက်ပျောက်ဖြစ်ပြီး ဆိုင်ထမင်းဆိုင်ဟင်းနဲ့ပဲနှစ်ပါးသွားရမှာ။ ခြံနဲ့ဝန်းရဲ့ဆို အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သမားက ပိုလိုမှာပဲကွ'

'ဒါလည်းဟုတ်တယ်။ ထမင်းဟင်းအတွက်ကတော့ မပူနဲ့ ငါရှိပါတယ်ကွာ'

'ဘာလဲ စိုး မင်းက တရုတ်ကား ကိုရီးယားကားတွေကြည့်ပြီး ကမ္ဘာကျော်စားဖိုမှူးကြီးတွေကို အားကျနေလို့လား'

စိုးဇလပ် ရယ်လိုက်သည်။

'ဟုတ်တယ်ဆိုရင်ကောကွာ'

'ကောင်းတာပဲ ဒီပြင် ဝေးဝေးသွားစရာမလိုဘူး ငါက မင်းရဲ့ပင်တိုင်ဖောက်သည်ကြီးပေါ့ကွာ'

စကားတပြောပြောနှင့် ကားလေးသည် ရွှေညောင်ပင်ဘိုးဘိုးကြီး နတ်နန်းသို့ရောက်လာသည်။

ပန်းသည်တွေ အလုအယက်ကြောင့် စိုးဇလပ် မှန်တင်ထားလိုက်သည်။

'ခင်ဗျားတို့ အဲဒီလိုလုပ်နေရင် ကျွန်တော်ဘယ်လိုဝယ်ရမလဲဗျ ဖယ်ကြဗျာ'

ထိုအခါ တာဝန်ရှိပုံရသောလူကြီးက နှင်ထုတ်ပေးပြီး

'ကဲ အရောင်းရနည်းတဲ့လူတစ်ဦးသာ လွှတ်ပေးဗျာ'

ဟု ဇွဲက ပြောပြီးဈေးဆစ်မနေဘဲ အောင်သပြေနှင့်ဖောင်းတော်စ စံပယ်ပန်းတို့ကို ဝယ်ယူပြီး ကားမှန်၌လည်း ကားရှေ့၌လည်းကောင်း ချိန်ခြေ့ချိတ်ဆွဲလိုက်သည်။

နောက် ရှေ့တိုး နောက်ငင် သုံးကြိမ်မျှလုပ်ကာ ရွှေညောင်ပင်ဘိုးဘိုးကြီးနတ်ကွန်းသို့ ဦးခိုက်လိုက်သည်။





ပန်းသည်ကလည်း သပြေခက်နှင့်ရိုက်ကာ ဆုတောင်းမေတ္တာပို့ပေးလေသည်။ စိုးဇလပ်က မိမိနှင့် ရွယ်တူဖြစ်သော်လည်း အစစအရာရာ ယောက်ျားကြီးတစ်ဦးလို သိတတ် နားလည်စွာလုပ်ရှားတတ်သောဇွဲအား ကြည့်ကာ ပြုံးမိလေသည်။

'ဟူး ဈေးကိုပြန်သွားတာပဲကွာ'

ရွှေညောင်ပင်မှထွက်လာပြီး ခတ်လှမ်းလှမ်းရောက်မှ ဇွဲက စပို့ရှပ် ရင်ဘတ်ကြယ်သီးများဖြုတ်ကာ aircon ဖွင့်လိုက်သည်။

စိုးဇလပ်က စန်းတာဝါတစ်ထုပ်ဖောက်ကာ ဇွဲအားလှမ်းပေးလိုက်သည်။ ဇွဲက လှမ်းယူလိုက်ရာ သူ၏လက်ကိုကိုင်မိသွားရာ စိုးဇလပ် ဆတ်ကနဲ ဖြစ်သွားသည်။

ဇွဲက တာဝါစကိုယူပြီး သူ့မျက်နှာနှင့်လည်ပင်းကိုလက်တစ်ဘက်နှင့် သုတ်ပြီး တစ်ဘက်က စတီယာတိုင်ကို ထိန်းကိုင်ထားသည်။ စိုးဇလပ်က ခုန်နေသောရင်ကိုငြိမ်သက်သွားစေရန်ကားကက်ဆက်ကို လှမ်းဖွင့်လိုက်သည်။

ဇော်ပိုင်သီချင်းခွေ ဖြစ်နေသည်။ ဇွဲက ဇော်ပိုင်၏ခွေများကို အတော်ကြိုက်ပုံရသည်။ ထိုအချိန် တယ်လီဖုန်းမြည်သံကြောင့် ဇွဲက ကက်ဆက်ကိုလှမ်းပိတ်လိုက်ပြီး

'စိုး မင်းပဲ နားထောင်ပေးပါကွာ ကိုယ်လမ်းစည်းကမ်းကို လိုက်နာချင်လို့'

'အေး'

စိုးဇလပ်က ဖုန်းနံပါတ်ကိုကြည့်လိုက်သည်။ သူသိသော



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်မဟုတ်။

'ဟဲလို'

'ဇွဲလား တို့ပါ'

'ဘယ်ကတို့လဲ'

ဇွဲက

'ဘယ်သူလဲ'

ဟုမေးခြင်းကို စိုးဇလပ်အရေးစိုက်မနေဘဲ

'ဘယ်က တို့ရမှာလဲ ယူ့မန်မိုရီထဲ တို့အမည်ကလေး တောင် သွင်းမထားတာ ယူလွန်တာပေါ့ကွာ'

'ရှည်တယ်ကွာ ဘယ်သူလဲလို့မေးနေတယ်'

'ယူ့ ဇွဲမဟုတ်ဘူးထင်တယ် တို့ပါ ဝတီဦး'

'ပေးကွာ'

ဇွဲက လှမ်းပေးသည်။ စိုးဇလပ်က သူ့လက်ထဲလှမ်း ထည့်လိုက်သည်။ မျက်နှာကတော့ နီရဲနေလေပြီ။ ဇွဲက စိုးစိတ်ကိုသိသဖြင့် 'ဟဲလို ကျွန်တော်ကားမောင်းနေလို့ နောက်မှပြန်ခေါ်ပါ့မယ်'ဟုဆိုကာ ဖုန်းစက်ခလုတ်ကိုပါ ပိတ်ပစ်လိုက်သည်။ နောက် ဖုန်းကို ကားဒက်ရှ်ဘုတ်ထဲ ထည့်ထားလိုက်သည်။ စိုးက သူ့ဘက်မလှည့်တော့ ဘေးရှုခင်းကိုသည်းသည်းမည်းမည်း ကြည့်ကာလိုက်ပါလာသည်။ စိုး သက်တူရွယ်တူမိန်းမချောလေးတွေကို ဘာကြောင့်ကြည့်မရသနည်းဆိုတာကို ဇွဲကောင်းထက်နားမလည်နိုင်အောင်ဖြစ်မိလေသည်။

*





## အခန်း(၁၆)

စိုးဇလပ်က ဇွဲကိုအားနာသွားသည်။

ကားနှင့်လည်း လိုက်ပို့ပေးသည်။

နေ့လည်စာ ထမင်းလည်းဝယ်ကျွေးသည်။

နောက် . စီးတီးမတ်ဈေးဝယ်တော့လည်း စိတ်ရှည်လက်ရှည်လိုက်ပေးသည်။ တွန်းလှည်းကို ဝိုင်းတွန်းပေးသည်။ ယခု အပေါ်ထပ်သို့လည်း ဝိုင်းဆွဲတက်ပေးသည်။

ဒီကြားထဲ သူက စိတ်ဆိုးရသေးသည်။

တော်ကြာ ဇွဲက သူ့အပေါ် ကောင်းသော သူငယ်ချင်းသစ်များကို ရှာပြီး တွဲလိုက်မှ သူခံစားနိုင်ပါ့မည်လား။

'ဇွဲ တင်ထားလိုက်ပါကွာ'

'ရတယ်လေ ငါ ဝိုင်းလုပ်ပေးမယ်'

'သွားပါ မင်းနားပါတော့ မင်းက ကားလည်းစိုက်မောင်း ငွေလည်းစိုက်ရ လုပ်အားလည်း စိုက်ရနဲ့ ငါနဲ့အပေါင်းအသင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရတာ မင်းအရမ်းနစ်နာနေပြီ'

ဗွဲကောင်းထက်က ရေခဲသေတ္တာကိုဖွင့်ကာ သားငါးဖော့ဘူးများကို ဝိုင်းထည့်ပေးရင်း

'သူငယ်ချင်းဆိုတာ သာတယ်နာတယ်မရှိဘူးလေ စိုး။ မင်းမျက်နှာနဲ့ မင်းကိုကြီးလို ဂွစာကတောင် မမကို သူ့အိမ်မှာ အလကားပေးနေပြီး ဒရိုင်ဘာအလုပ်ကို အခမဲ့လုပ်ပေးနေတာကိုကော မင်းဘယ်လိုပြောမလဲ'

'ဒါကတော့ကွာ. . ကူညီခွင့်ကြုံလို့ ကူညီရတာကို ဝမ်းတောင်သာရဦးမယ်'

'အင်း ငါလည်း ဒီလိုပဲပေါ့ ညနေ ဘာချက်မလဲ'

'ဝက်တစ်ဘူးထုတ်ထားလိုက် အဲ ငါးဘူးကောပဲ ဂျပန်ငါးအကောင်ကြီးဘူးထုတ်ပြီး အောက်ဆင့်မှာပဲထားထားလိုက်တော့ ဗွဲ မင်း ညနေစာ ဒီမှာလာစားရမှာယ်'

'အေးပါကွာ ငါ့ဟင်းတွေလည်း ယူလာခွင့်ပြုကွာ ခွဲ့နွေးလေးပါခေါ်ပြီး ဝိုင်းလုပ်ဝိုင်းစားမှ'

စိုးဇလပ်က အသီးအနှံများကို ရေခဲသေတ္တာထဲ ထည့်လိုက်သည်။

ဗွဲကပူအိုက်လာသဖြင့် စပို့ရှပ်ကိုချွတ်လိုက်ရာ စိုးဇလပ်မှာ မျက်နှာပူခြစ်လာပြီး ကြောခိုင်းလိုက်သည်။

အစ်ကိုတွေလည်း အပေါ်ပိုင်းအကျီချွတ်နှင့် နေတတ်သည်။ ဒါကို သူ မျက်နှာမပူဘဲ ဗွဲနှင့်ကျမှ မျက်နှာထူပူကာ ဗွဲကိုမကြည့်ရဲအောင် ဖြစ်မိလေသည်။





'ငါ ရေပြန်ချိုးလိုက်ဦးမယ် ပြီးမှ မင်းကိုပြန်လာကူမယ် တစ်ရေးအိပ်ပြီးမှလေ'

'အေး မင်းချက်ချင်းမချိုးနဲ့ နေပူထဲကပြန်လာတာ အပူရှုပ်မယ်'

'အေးပါကွာ'

ဗွဲက အကျီကိုပခုံးပေါ်တင်ပြီးပြန်ထွက်သွားလေသည်။

သူက တံခါးနှစ်ထပ်ပိတ်လိုက်သည်။

ဗွဲပြန်သွားမှ စိုးဇလပ်လည်း အပေါ်ထပ်တက်ခဲ့ပြီး လသာဆောင်ဘက်တံခါးကိုဖွင့်၍ လှန်းစရာရှိသောအဝတ်များကို ထုတ်လှန်းပြီးနောက် ရေချိုးလိုက်သည်။

ထယ်လီဖုန်းခေါ်သံထွက်လာသဖြင့် ပြေးကိုင်လိုက်ရာ ကိုလတ်ဆီမှဖြစ်နေသည်။

'အငယ်ကောင် ဘယ်အချိန်က ပြန်ရောက်သလဲ'

'တစ်နာရီက'

'ဗွဲကော'

'ပြန်သွားပြီ'

'အေး အေး ကိုလတ်တော့ ညမှပဲ ပြန်လာတော့မယ်။ တံခါးနှစ်ထပ်စလုံး ပိတ်ထားရဲ့လား'

'ဟုတ်ကဲ့'

'ဒါပဲလေ ဟင်းက မချက်တတ်ရင် မြှတ်ကြော်တွေသာ လုပ်ထားလိုက်'

'ရပါတယ် ညနေမှ ချက်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပဲ'

စိုးဇလပ် ဖုန်းချပြီး အိပ်ခန်းထဲဝင်ကာ ကုတင်ပေါ်ဝင် လှဲပြီး ကျောဆန့်လိုက်သည်။

ကားစီးရတာလည်း အညောင်းသားပါလား။ တစ်ခဏ အတွင်းမှာပင် အိပ်ပျော်သွားလေသည်။

ဖွဲ့ကောင်းထက်က ရေချိုးပြီး လသာဆောင်၌ သူ့ကိုယ် သုတ်ပဝါကိုတက်လှမ်းရင်း စိုးဇလပ်တို့ဘက်သို့လှမ်းကြည့်လိုက် သည်။

အဝတ်တန်း၌ အဝတ်တွေ ထုတ်လှန်းထားသည်ကို တွေ့ရသည်။

စိုးတစ်ယောက်တည်း ပျင်းနေရှာတော့မည်။ သူလည်း ပျင်းသည်။ လသာဆောင်နှစ်ခုခြားထားသောတံတိုင်းကိုခွကျော် ပြီး စိုးတို့အခန်းဘက်ကူးခဲ့သည်။

အဝတ်လှန်းထားလျှင် အပေါ်ထပ်မှ လသာဆောင်သို့ ထွက်သောတံခါးကို စေ့ရုံ စေ့ထားတတ်ကြောင်း သူက သိပြီး သား။ သူတို့အခန်းလည်း ဒီအတိုင်းပင်ဖြစ်သည်။

ဖွဲ့က ငြိမ်ချက်သားကောင်းနေသော စိုးဇလပ်ကို စရန် အသံမကြားစေရန် ချွတ်နင်းပြီးလာခဲ့သည်။ တိတ်ဆိတ်နေသ ဖြင့် စိုးဇလပ်၏အိပ်ခန်းသို့ တန်းဝင်လိုက်သည်။

စိုးဇလပ်ကို တစ်ခါမှ တီရှပ်လက်တိုနှင့်မမြင်ဖူးချေ။

ယခုတော့ ထူးထူးခြားခြား တီရှပ်အဝါလက်တိုလေးနှင့် အိပ်နေသည်။





ဘောင်းဘီကတော့ အရှည်နှင့်ဖြစ်သည်။ ဘောင်းဘီ ရှည်နှင့်ရှပ်လက်ရှည်သာ ဝတ်တတ်၏။

စိုးဇလပ်လက်မောင်းကို ကြည့်ရင်း သူနှင့်မတူဘဲ ထူး ခြားနေသည်။ မိန်းမလက်မောင်းနှင့် တူသည်။ ဒီကောင်က ဒါ ကြောင့် စိတ်နုတာဟု တွေးကာ စိုးဇလပ်ဘေး ဝင်လှဲချလိုက် သည်။

နောက် စိုးဇလပ်အား ဖက်လှမ်းလိုက်ရာ

'အင့်'

'ဟင်'

စိုးဇလပ် ဆတ်ကနဲထလိုက်သည်။

ဖွဲ့လည်း ဝုန်းကနဲထလိုက်သည်။

စိုးဇလပ်က ရင်ပတ်ကို လက်နှစ်ဖက်ယှက်ကာဖုံးကွယ် ထားလိုက်သည်။

ဖွဲ့ကောင်းထက်မှာ သူရဲသဘက် တွေ့လိုက်ရသကဲ့သို့ မျက်လုံးပြူးမျက်လုံးပြဲ... ပြူးတူးကြောင်တောင်နှင့် ကြက်သေသေနေလေသည်။

နောက်မှ ဖွဲ့သည် အထစ်ထစ်အငေါ့ငေါ့နှင့်

'မင်း ဟာကွာ ဆောရီး ဆောရီး'

ဖွဲ့ကောင်းထက် ကမူးရှူးထိုးနှင့် ပြေးထွက်သွားသည်။

လာလမ်းအတိုင်းပြန်သွားပြီး သူ့အခန်းရောက်သည် နှင့် ရေခဲရည်ကို ယူသောက်လိုက်ရင်း ခေါင်းကိုပါ လောင်းချ လိုက်သည်။

ဒါတောင် ဇောချွေးများပြန်နေဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒွေးလေးက

'ဖွဲ ဘာဖြစ်လာတာလဲ သူရဲဘီလူးနဲ့တွေ့တာ ကျနေတာ ပဲ'

ဒွေးလေးကို စကားပြန်မပြောနိုင်အောင် တုန်လှုပ်ချော ဆဲ ဖြစ်သည်။

သူတို့မိသားစုကပဲ ညံ့ဖျင်းလွန်းတာလား။

စိုးတို့မိသားစုကပဲ ပိရိလွန်းတာလားဆိုတာကို ဖွဲမတွေး တတ်အောင်ဖြစ်မိလေသည်။

ဖွဲ လုံးဝမရိပ်မိခဲ့။ စိုးကိုလည်း ညီအစ်ကိုလို သူငယ်ချင်း လိုသဘောထားကာ ဘေးကပ်အိပ်ပြီး လှမ်းဖက်လိုက်ခြင်းဖြစ် သည်။

ဖက်လုံးကိုဖက်အိပ်သောလက်က အကျင့်ပါနေတာ လည်း ပါသည်။

မထင်မှတ်ဘဲ နူးညံ့အိထွေးသော အထိအတွေ့က စိုး အား မိန်းကလေးဟု ဖော်ကောင်လုပ်လိုက်လေပြီ။

'စိုးရာ မင်းကွာ'

သူငယ်ချင်းတစ်ယောက် ဆုံးရှုံးသွားသလို ဖွဲယူကြုံးမရ ခံစားလိုက်ရလေသည်။

သူအိပ်၍လည်းမရ။ စိုးနှင့်ပြန်ရင်ဆိုင်ရမှာလည်း မျက် နှာပူနေသည်။ အကျီကောက်လဲပြီး ကားသော့ယူကာ

'ဒွေးလေး ကျွန်တော် အပြင်သွားဦးမယ် ကျွန်တော့်ကို မစောင့်နဲ့'





'ဘာမစောင့်ရမှာလဲ'

'ညနေထမင်းစား'

'နေ့လည်စာကကော စားတာလိုက်လို့ ကြွကြွ တောင် ငူက ဖုန်းလာရင် မင်းခြေမငြိမ်တော့တဲ့အကြောင်း တိုင်လိုက် မှာနော် ဖွဲ'

'တိုင်ဗျာ ကြိုက်သလိုတိုင်'

ဖွဲကောင်းထက် အလွန်စိတ်ညစ်ညူးသွားသည်။

တုန်လှုပ်ခြောက်ခြားခြင်းတို့ကလည်း သူ့အား ဖိစီးနှိပ် စက်လျက်ရှိသည်။

စိုးလိုသူငယ်ချင်းဆုံးရှုံးမှာကိုလည်း ယူကြုံးမရ။ စိုးက သူ့အပေါ် အထင်အမြင်သေးသွားမှာလည်း စိုးရိမ်သည်။

သူ ဘာဆက်လုပ်ရမည်နည်း။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၇)

စိုးဇလပ် မျက်ရည်များပိုးပိုးပေါက်ပေါက်ကျလာသည်။

မိန်းမသားတစ်ယောက်၏ စိတ်ထားနှင့် ခံစားချက်မျိုး သူ့ထံ၌ ဘာလို့ ပေါ်ပေါက်လာရသနည်း။

မျက်ရည်ကို လက်ဖမိုးနှင့်ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်ပြီး မျက်နှာသစ်ဘေဇင်၌ ရေဘုံဘိုင်ကိုဖွင့်ချလိုက်ပြီး မျက်နှာကို လက်ခုပ်ထဲမှရေများနှင့် ဆက်တိုက်ဆက်တိုက် ပက်လိုက်သည်။

သတိထားနေသည့်ကြားက ပင်ပန်းပြီး ခြေပစ် လက်ပစ် အိပ်ပျော်သွားရတယ်လို့။

ဇွဲကို ဘယ်လိုရင်ဆိုင်ရမလဲ။

ဇွဲသည် သူ့အား မိန်းမတစ်ယောက် ဆိုတာ တစ်ခါမှ သံသယဝင်ဖူးပုံမရသည်မှာ သေချာသည်။

ဇွဲလက်က သူ့ရင်ပတ်ပေါ်သို့ ကျရောက်သည်နှင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နာကျင်သွားပြီး လန့်ဖြန့်ကာ နိုးပြီး ထထိုင်လိုက်သည်။ ဖွဲ့မှာအံ့အားသင့်ပြီး မျက်နှာကြီးနီရဲကာ ပြေးထွက်သွားလေသည်။

ဖွဲ့သည် လူယုတ်မာတစ်ယောက် မဟုတ်ဘူးဟု . . သူ့အကြွင်းမဲ့ယုံကြည်လေသည်။

သို့သော် ဖွဲ့နှင့် မျက်နှာချင်းပြန်ဆိုင်ဖို့ဆိုသည်မှာ . . အတော်ခက်ခဲသွားလေပြီ။ ဖွဲ့က သူ့ကို ယောကျ်ားလျာတစ်ယောက်အနေဖြင့် အထင် သေးသွားပြီလား။

သို့တည်းမဟုတ် သူ့အား ဖုံးကွယ်ကာ ယောကျ်ားယာန်ဆောင်ပြီး သူငယ်ချင်းအချစ်ကိုရယူသူအဖြစ် အထင်သေးသွားပြီလား။

စိတ်ရှိလက်ရှိ လွတ်လပ်စွာပင် အားပါးတရအော်ငိုပစ်လိုက်သည်။ စိတ္တကျဉ်းကျပ်ခြင်းမှ ထွက်ပေါက်တစ်ခုကို သူ ရလိုက်လေပြီ။

ငိုလိုက်တော့ ရင်ထဲပေါ့သွားသည်။

မျက်နှာပြန်သစ်ပြီး စိုနေသော အင်္ကျီကို ပြန်လဲလိုက်သည်။ ထုံးစံအတိုင်း ဂျင်းရှပ်ပွပွကို ဝတ်ထားလိုက်သည်။

နာရီကြည့်လိုက်တော့ မွန်းလွဲ ၃နာရီပင် ခွဲနေပြီ။

သူ အောက်ထပ်သို့ဆင်းပြီး မီးဖိုချောင်ကိစ္စကိုစိတ်ဝင်စားစွာလုပ်လိုက်သည်။ နိုင်ငံတကာချက်နည်းပြုတ်နည်း ၅၀၀ စာအုပ်ကိုလည်း ဖွင့်ထားရသေးသည်။

မိန်းမတစ်ယောက်အတွက်က မီးဖိုချောင်သည်လည်း





စိတ်ညစ်ချိန်၌ ထွက်ပေါက်တစ်ခုရသည့်နှယ် ဖြစ်သွားတတ်ပါလားဟု စိုးဇလပ်သဘောပေါက်မိလေသည်။

မိန်းမသည် မိန်းမအဖြစ်ပဲ ပီပီသသနေချင်သော စိတ်သည် ရန်ကုန်ကိုပြောင်းလာပြီးမှ ဖြစ်ပေါ်လာသည်။ တိတိကျကျဆိုရလျှင် ဖွဲ့ကိုတွေ့ပြီးမှ ဖွဲ့နှင့်လသာဆောင်မှာဆုံဆည်းချိန်မှစပြီး ဖွဲ့က သူ့အား ယောကျ်ားလေးအမှတ်နှင့် သူ့ပုခုန်းပေါ်လက်တင်လိုက်ချိန်၌ဖြစ်သည်။

သူ့ တစ်ကိုယ်လုံး ဓာတ်လိုက်သလိုဖြစ်သွားပြီး ဆတ်ခနဲ လှုကလည်း တုန်လှုပ်သွားသလို နှလုံးသားက ထခုန်လေသည်မှာ ခပ်ရိုင်းရိုင်းခပ်ကြမ်းကြမ်းပင်။

ထိုအချိန်မှစ၍ ဘဝမှန်ကို လွန်ဆန်ကာ ယောကျ်ားလေးအဖြစ် ဖန်တီးပေးထားသောအစ်ကိုများအပေါ် မကျေမနပ် ဖြစ်လာသည်။

စာမေးပွဲဖြေစဉ်ကလည်း ဆေးတက္ကသိုလ်တက်ရမယ် ဘာသာစုံဂုဏ်ထူးနဲ့ခွဲစိပ်ပါရဂူဘွဲ့ရအောင်ယူရမည်ဟူသော ကိုကြီး၏အမိန့်ကို သူ ဖီဆန်ပြီး ဘာသာစုံ၌ သင်္ချာဘာသာမှလွဲ၍တစ်ပုဒ်စီချန်ဖြေခဲ့သည်။

ဆေးတက္ကသိုလ်ကို သူ့ဝါသနာမပါ။

သူ့ဝါသနာပါသည်မှာ ဗိသုကာပညာဖြစ်သည်။ ရဲတင်းထက်ဆန်သောအဆောက်အဦလည်း ဆောက်ချင်သည်။ နန်းတော်တမျှ ခန်းနားသောအဆောက်အဦးကိုလည်း ဖန်တီးချင်သလို မိသားစုနွေးနွေးထွေးထွေးနေရသော နေအိမ်မျိုးလည်း ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်သည်။ တံတား၊ ဆေးရုံ၊ ကျောင်း စသည်တို့ကိုဖန်တီး ပေးချင်သည်။

တော်သေးသည်။

အတတ်ဆန်းပြီး လျှော့ဖြေမိလိုက်သည်မှာ နည်းပညာ အမှတ်ဝင်၍။

မဝင်သာ မဝင်လျှင် သူပဲ ရင်ကျိုးရမှာဖြစ်သည်။

'ဟိတ် အငယ်ကောင် ဘာတွေတွေးနေတာလဲ'

ကိုထွေး ပြန်လာပြီ။

'ဪ . . တော်သေးတယ် အတတ်ဆန်းမိတာ ဝိုင်တီ ယူနဲ့လွဲတော့မလို့လို့ဆိုတာ တွေးပြီး နောင်တရမိနေလို့ပါ'

'အဲဒါအစ်ကိုတွေရဲ့စေတနာကို အာခံချင်တာကိုး မှတ် ထား သင့်ခန်းစာပဲ ဖြစ်ချင်တဲ့ဆန္ဒရှိရင် ကိုကြီးနဲ့ကိုလတ်ကို မ ပြောရဲရင် ငါ့ကိုပြောပါလား အငယ်ကောင်ရယ် ခုတော့ ပြီးတာ တွေထားပါတော့ ဘယ်နဲ့လဲ ဖွဲ့ကားက စီးလို့ကောင်းလား'

'ကောင်းပါတယ်'

ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး ပုံမှန်လေသံနှင့် ပြန်ဖြေ လိုက်သည်။

'ဘယ်တွေရောက်သေးလဲ'

'ရွှေညောင်ပင်၊ ပြီးတော့ ဒေါ်လာမှာထမင်းစားတယ် စီးတီးမတ်သွားပြီး ပြန်လာတာပဲ မီးပူတိုက်လိုက်ဦးမယ်'

စိုးဇလပ် ရှောင်ထွက်ခဲ့သည်။

ဘောင်းဘီတွေကတော့ ကိုယ့်ဘာသာကိုယ် တိုက်ကြ





ပေတော့။ အင်္ကျီနဲ့ ပုဆိုးများကို တိုက်ပေးလိုက်သည်။ ချိတ်နှင့် ဆွဲချိတ်ထားရုံသာဖြစ်သည်။

'ဒေါ်မယ် ပြန်မလာရင်တော့ ခက်ပြီဗျာ'

'ပြန်လာမှာပါ'

ဒေါ်မယ့်အလုပ်ကို စိုးဇလပ်ဝင်လုပ်ပေးနေသည်။

အစ်ကိုတွေက မနေနိုင် ကြုံလျှင်ကြုံသလိုစိုင်းလုပ်ပေး သည်။

အမှိုက်ချမည့်သူ ဖွမည့်သူလည်း ရှိမှ မရှိပေဘဲ။ အိမ် သန့်ရှင်းရေးက အထူးတလည်လုပ်စရာမလိုပေ။

'ဖွဲ့ကားမတွေ့ဘူး ညနေစာ လာစားဖို့မှာထားရဲ့လား'

'မှာထားပါတယ်'

ထိုအချိန်၌ ဒွေးလေးက သူတို့အခန်းဘက်ကူးလာ၏။

ဘန်းထဲ ထမင်းအုပ်နှင့် ဟင်းပန်းကန်ဥမယ် ထည့်လာ လေသည်။

'လာ ဒွေးလေး'

'ဒီမှာပဲ စားမယ် ပြောပြီး ဖွဲ့က ပြန်ရောက်မလာသေး ဘူး ကားတစ်စီးရတာ မြင်းကိုချိတပ်ပေးလိုက်သလို ဖြစ်နေပြီ ထင်တယ် လာလိုက်တဲ့ဖုန်းတွေကလည်း ဆယ်ယောက်မှာ ကိုး ယောက်က မိန်းကလေးဖြစ်နေတယ်'

စိုးဇလပ်ရင်ထဲ နာကျင်သွားလေသည်။

ဖွဲ့ ဖုန်းကိုပိတ်ထားပြီး ဘယ်တွေများလျှောက်သွားနေ သနည်း။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ စိုးရိမ်လာမိသည်။

ညနေခြောက်နာရီလောက်တွင် သူတို့အိမ်၌ လူစုံလေပြီ။

ဖွဲ့ပြန်မရောက်သေး။

'ဖွဲ့ မိုးမချုပ်တတ်ပါဘူး'

'စားထားကြတော့ သူလာမှ စားမယ်ဆို ပြင်ပေးလိုက်တော့'

ခုနစ်နာရီခန့်တွင် ဖွေးလေးနှင့်သူတို့ညီအစ်ကို လေးယောက် ညနေစားစားလိုက်ကြသည်။

ကိုလတ်က သူ့အား မသိမသာ အကဲခတ်နေသည်ကို ရိပ်မိသဖြင့် စိုးဇလပ် ပုံမှန်အနေအထားအတိုင်းဖြစ်အောင်သတိထားနေလိုက်သည်။

'စိုး မင်းကို ဖွဲ့ဘာပြောသွားသေးသလဲ'

'ဘာမှမပြောဘူး ရေပြန်ချိုးမယ် ဆိုပြီး သူ့အခန်း သူပြန်ကူးသွားတာပဲ'

'ဟုတ်တယ် ကိုလတ်ရဲ့ ရေချိုးပြီး အဝတ်လဲပြီး အပြင်ထွက်သွားတာပဲ စိုးကိုတောင် ဝင်မခေါ်သွားတော့ဘူး'

ဖွေးလေးက သက်သေထူလိုက်သည်။

အောက်ထပ်နေသော ဖွေးလေးကတော့ အပေါ်ထပ်တွင် လသာဆောင်မှတစ်ဆင့် ဒီဘက်အခန်းကိုကူးလာပြီး ဖြစ်ပွားသော မတော်တဆမှုကို ဘယ်သိရှာလေမလဲ။

နှစ်ယောက်တည်းသိသောကိစ္စကို သူနှုတ်ပိတ်ထားသ





ကဲ့သို့ ဖွဲ့ကလည်း ပြောမည်မဟုတ်ဟု ယုံကြည်သည်။ ထိုညစိုးက သူ့ကိုဆရာဝန်ညွှန်ကြားထားသော အိပ်ရေးဝင်ဆေးတစ်ပြားကို သောက်ပြီး အိပ်ချလိုက်သည်။

ဖွဲ့ ဘယ်အချိန်ပြန်လာမည်ကိုလည်း မမျှော်ချင်။

သိလည်း မသိချင်တော့။

ဖွဲ့နှင့် မျက်နှာချင်းဆိုင်ဖို့အရေးကိုတောင် သူအတော်စဉ်းစားနေရသည်။

ဖွဲ့၏ခံစားချက်ကို သူသိနိုင်မည်လည်း မထင်ချေ။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၈)

ဖွဲ့ ဘုရားတွေ တစ်ဆူပြီးတစ်ဆူ လိုက်ဖူးလိုက်သည်။

ခုနေ ဝက္ကာမျိုးနှင့်ထူးကျော်တို့ထံလည်း သွားမတွေ့ချင်။ သွားတွေမိလျှင် ရင်ဖွင့်မိလိမ့်မည်။

ထိုအခါ စိုး၏သိက္ခာကိုထိပါးသွားမှာစိုးရိမ်သကဲ့သို့ စိုးအပေါ် ဟိုကောင်တွေ တစ်မျိုး စိတ်ပြောင်းသွားမည်ကိုလည်း စိုးရိမ်သည်။

နောက်ဆုံး ဗိုလ်တစ်ထောင်ဘုရားနားရှိ ဆိပ်ခံဘောတံတား၌ထိုင်ကာ မြစ်အတွင်း လှေသမ္ဗာန်တို့၏လှုပ်ရှားမှုကို ငေးမောကြည့်နေမိသည်။

မိုးက ရွာချလာသည်။

မိုးပေါက်များ မြစ်တွင်းကျဆင်းရာ ထလာသောဂယက်များကိုကြည့်နေမိသည်။ ည လျှပ်စစ်မီးရောင်များကလည်း မြစ်အတွင်း ရေချိုးဆင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးဇလပ်ကို မိန်းမချောလေးဟု သူမှိခင်အသိအမှတ် ပြုမှု ဟုတ်သားပဲ လက်ချောင်းကလေးတွေ ခြေချောင်းကလေး တွေကအစ မိန်းမနှင့်တူသည်ဟု ထိုအခါမှ သတိပြုမိခဲ့သော် လည်း မိန်းမများလားဟု တစ်ခါ မှမတွေးခဲ့ချေ။

စိတ်ထဲကတော့ ဒီကောင်က ပျော့ညံ့တယ်ဟုတော့ မှတ်ချက်ချထားမိသော်လည်း စိုးကို ဘာကြောင့်ရယ်မသိ။ သူ ဝဏ္ဏမျိုးနှင့် ထူးကျော်တို့ထက် ပိုခင်သည်။ ပို၍ ဦးစားပေး သည်။

ယခုတော့ မမှတ်မထင်သောမတော်တဆမှုကြောင့် သူ့ အား စိုးအထင်သေးသွားမှာကိုစိုးရိမ်သကဲ့သို့ စိုးမျက်နှာကို သူ ဘယ်အကြည့်မျိုးနှင့်ရင်ဆိုင်ရမှန်းမသိအောင်ဖြစ်သွားသည်။

သူ အနည်းငယ် ချမ်းတုန်လာမှ ထပြန်ခဲ့လေသည်။ လမ်းဘေး၌ ခေတ်ဆီဝယ်ထည့်ခဲ့သေးသည်။

တရုတ်တန်း၌ ကြေးအိုးတစ်ခွက်ဝင်သောက်ပြီး အိမ် ပြန်လာတော့ ညဆယ်ရီစွန်းနေပြီ။ သူအမြဲယူထားသော အိမ် သော့နှင့်တံခါးဖွင့်လိုက်စဉ် -

'ဗွဲ'

ကိုလတ်အသံကြောင့် သူတုန်လှုပ်သွားသည်။

ကိုလတ်က သူတို့အခန်းဘက်မှ တံခါးဖွင့်ပြီး သူ့အား ခေါ်လိုက်ခြင်းဖြစ်သည်။

'ဗျာ'

'ဘယ်ကပြန်လာတာလဲ'





ဗွဲကို လျှပ်တစ်ပြက်ဖြတ်ထိုးညာဏ်သိပ်ကောင်းသည်ဟု မေမေက ဝေဖန်ခဲ့လေသည်။

'တောင်ငူကသူငယ်ချင်းတွေ အမှတ်လာထုတ်ရင်း ဖုန်း ဆက်ချိန်းလို့လေ သူတို့နဲ့သွားနေတာ'

'မိုးစိုလာပြီ အဝတ်မြန်မြန်လဲလိုက် ညစာကော စားပြီး ပြီလား'

ကိုလတ်၏စကားများက နွေးထွေးမှုရှိလေသည်။ ကို လတ်တို့မျက်နှာကိုလည်း သူငဲ့ညှာသင့်သည်။

'စားခဲ့ပြီးပြီ သူငယ်ချင်းတွေကိုကျွေးရင်းနဲ့'

'ဖုန်းလည်း မဆက်တော့ စိတ်ပူနေတာ'

'စိုးကော သူ့ကိုတောင် ပြောမသွားမိဘူး စိတ်ဆိုးနေ ပြီလား မသိဘူး'

'မဆိုးဘူးထင်တယ် အိပ်နေပြီ ကဲ ကဲ ဝင်တော့ ဆေး လေးဘာလေး သောက်ပြီး နွေးနွေးထွေးထွေးလေး အိပ်လိုက် တော့ဗွဲ'

'ဟုတ်ကဲ့ ကိုလတ် ဂွတ်နိုက်'

'အေး ဂွတ်နိုက်'

မျက်နှာချင်းဆိုင်တံခါးတို့ပိတ်သွားမှ ဗွဲပင့်သက်ချလိုက် မိသည်။

မနက်ဖြန် စိုးကို ပုံမှန်အတိုင်းဆက်ဆံနိုင်ရန် ကြိုးစား ရဦးမည်။

အဆက်မပြတ် နှာချေလာသောကြောင့် ရေကို ကမန်း



www.burmeseclassic.com

www.burmeseclassic.com



ကတမ်းလော်င်းချိုးပြီး မျက်နှာသုတ်ပြီး ညအိပ်အင်္ကျီကို တန်းဝတ်ကာ အိပ်ရာဝင်ခဲ့လေသည်။

'ဒွဲ လူလေး၊ ဆေးလေးဘာလေးသောက်လိုက်ဦးလေ ဒွေးလေး ကော်ဖီဖျော်ပေးမယ်'

'နေပါစေ အိပ်ချင်ပြီဗျာ'

'မင်းက တစ်နေကုန်လျှောက်သွားနေတာကိုး . စိုးက ဟင်းချက်ကောင်းတယ် မင်းကိုသူစောင့်နေရှာတာ သူ့လက်ရာ စားစေ့ချင်မှာပေါ့'

သူ ဆတ်ခနဲခေါင်းထောင်လိုက်သည်။

'ဒွေးလေး 'အဲဒီအခန်းသွားလို့လား'

'သွားတာပေါ့ စိုးကော ကိုလတ်တို့ကော မင်းကိုစောင့်နေကြသေးတယ် စိုးက ဟင်းမချက်စဖူးချက်ပြီးပင်ပန်းသွားလို့ ထင်တယ် ဘာမှ ဟုတ်တိပတ်တိမစားရှာပါဘူး ဒါကြောင့် ဒီကောင်လေးပိန်တာ ကြည့်ရတာ ပျော့တိပျော့ဖတ်နဲ့'

သူ စောင်ကို မေးစေ့အထိ ဆွဲဖုံးပြီး လှဲချလိုက်သည်။

ဒွေးလေးက သူ့အိပ်ခန်းမီး ပိတ်ပေးပြီး အခန်းထဲမှ ထွက်ကာ အောက်ထပ် ပြန်ဆင်းသွားလေသည်။

သူ စိုးကိုတွေ့ချင်နေသည်။

တွေ့လည်း မတွေ့ရဲ။ မျက်နှာချင်းဆိုင်ဖို့ ခက်နေပြီ။

မနက်ဖြန် သူ ထပ်ရှောင်လျှင် ကိုလတ်တို့ ရိပ်မိလာနိုင်သည်။

သူ ဘယ်လိုဆက်နေရမည်နည်း။





နာရီကိုလှမ်းကြည့်လိုက်သည်။

ညဆယ့်တစ်နာရီကျော်လာပြီ။

စိုးများ လသာဆောင်၌ ရှိနေမလား။ လမိုက်ည ဖြစ်ခြင်းကြောင့် တစ်ယောက်မျက်နှာကိုတစ်ယောက်တွေ့မြင်ဖို့ ခဲယဉ်းသည်။

စိုးအား တောင်းပန်ရမည်။

သူ အသာလေးထထွက်လိုက်သည်။ ထိုညက သူတစ်နာရီနီးပါး လသာဆောင်၌စောင့်နေသော်လည်း စိုး ထွက်မလာချေ။

သူ ချမ်းတုန်လာသဖြင့် အိမ်ထဲပြန်ဝင်လိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၉)

'စိုးရယ် ဒုက္ခပါပဲ ဇွဲဖျားနေပြီ'

'ဟောဗျာ'

စိုးဇလပ် ဒွေးလေး လာပြောတော့ အုံ့ညြကာ စိတ်ပူသွားလေသည်။

ကိုထွေးက ဒီနေ့ကျောင်းစောစောသွားရမည်ဖြစ်သဖြင့် ကိုထွေးကိုပို့ရင်း ကိုငယ်ကိုပါ လှည့်ပတ်ပို့မည်ဆိုကာ စောစောပင်ထွက်သွားကြသည်။

မနက်စာပင် မစားကြတော့။

စိုးဇလပ် ဘာလုပ်ရမှန်းမသိ။

သို့သော် စိတ်ကိုတင်းကာ အခန်းတံခါးကိုပိတ်ပြီး ဒွေးလေးနောက် လိုက်သွားလိုက်သည်။

'ဆေးခန်းကို သွားရင်ကောင်းမယ်ထင်တယ် ကိုလတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဖုန်းလှမ်းဆက်ရအောင်ကလည်း လမ်းမှာပဲရှိဦးမယ်ဆိုတော့ သူ့ရုံးခန်း ပြန်ရောက်ချိန်မှရမယ်'

စိုးဇလပ်က ဒွေးလေးနောက်မှလိုက်ရင်းက ပြောလိုက် သည်။

ဒွေးလေးက

'အပေါ်ထပ်သာတက်သွားတော့ ဒွေးလေး သူ့ကိုလော လောဆယ် ဆေးနဲ့ သောက်ဖို့ တစ်ခုခုလုပ်လိုက်ဦးမယ် စိုး နော်'

'အရည်ပဲလုပ် ဒွေးလေး အဖျားရှိရင် အဖတ်တော့ ကျွေးသေးတာ အကောင်းဆုံးပဲ'

စိုးဇလပ် လှမ်းပြောလိုက်ပြီး လှေကားထစ်ပေါ် တက် လိုက်သည့် သူ့ခြေလှမ်းသည် တုန့်နှေးနေသည်။

တံခါးမရှိ ဓားမရှိဝင်ထွက် သွားလာနေကျဖြစ်ပါလျက် ယခုတော့ တုန်လှုပ်သလိုခံစားနေရသည်။

အစ်ကိုတွေပုံသွင်းထားပေးတာ တစ်နေ့ကအထိတော့ အကောင်းသား။ လွတ်လပ်ခွင့်အပြည့်အဝရနေသည်။

မိန်းမနှင့် ယောကျ်ား သဘာဝကိုက ဆန့်ကျင်ဘက် လား။

စိုးဇလပ် အားတင်းကာတက်ခဲ့ပြီး ဇွဲအိပ်ခန်းထဲသို့ဝင် လိုက်သည်နှင့် စောင်ထဲ၌ငြိမ်သက်နေသောဇွဲကို စိုးရိမ်သွားတာ ဇွဲနဖူးကို စမ်းလိုက်သည်။

'ဘုရားရေ ခြစ်ခြစ်တောက်ပါလား'





ဇွဲက မျက်လုံးအားယူဖွင့်သည်။

'စိုး စိုးလား'

ဟု မပီမသရေရွတ်လေသည်။

စိုးဇလပ်ပြန်ထွက်၊ ဇလုံတစ်ခုထဲ ရေခဲရေထည့်ပြီး မျက်နှာသုတ်ပုဝါကိုနှစ်ပြီး ရေညှစ်၍ ဇွဲ၏မျက်နှာပြင်နှင့်လည်ပင်းတို့ကို ပွတ်ပေးလိုက်သည်။

နှစ်ကြိမ် သုံးကြိမ်မျှ လုပ်အပြီးတွင် ဇွဲသည် ညည်းညူခြင်းရပ်တန့်ပြီး ငြိမ်သက်သွားလေသည်။

ထို့နောက် ဇွဲက အသံပျော့လေးနှင့်

'စိုး'

'ဘာလဲ ဇွဲ'

'ငါ ငါတောင်းပန်ပါတယ် ငါ တကယ်မသိလို့ပါ'

စိုးဇလပ်မျက်နှာ နီရဲမှုက ဖျားနေသော ဇွဲထက်ပင် ပိုသွားနိုင်လေသည်။

'ဘာမှ မပြောနဲ့ ငါ မကြားချင်ဘူး သိလည်း မသိချင်ဘူး'

ဇွဲက မျက်စိဖွင့်လိုက်သည်။ စိုးဇလပ်ကို ကြည့်လိုက်သည်။

စိုးဇလပ်က

'ငါ ဆေးသွားယူလိုက်ဦးမယ်'

ရှက်နေသော စိုးဇလပ်၏မျက်နှာကို ဇွဲ ဖျတ်ခနဲတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်း၍သွေးခုန်နှုန်းမြန်ခြင်းထက်ကို ပိုသော သွေးခုန်နှုန်းက လှည့်ပတ်စီးဆင်းသွားလေသည်။

စိုးဇလပ် ထွက်သွားသည်။

ဇွဲနဖူးပေါ်မှ မျက်နှာသုတ်ပုဝါစကို ဖယ်ပြီး ခပ်လျော့လျော့ပြင်ထိုင်လိုက်သည်။

စိုးနှင့်အတူ ဒွေးလေးပါ ဝင်လာသည်။

'တုတ်ကွေး ကွေးတာပေါ့ ကိုယ်လက်တွေ ကိုက်တယ် မှတ်လား'

'အင်း ဟုတ်တယ်'

'ညက မိုးမိလာတာ ကြွက်စုတ်ကလေး ကျနေတာပဲ ဆေးသောက်အိပ်ပါဆို စကားမှနားမထောင်တာကိုး'

ဒွေးလေးက ပွစိပွစိလုပ်နေသည်။

စိုးဇလပ်က ဇွဲကို ဖျတ်ခနဲ ကြည့်လိုက်သည်။

သူ့အား ငေးကြည့်နေသော မျက်ဝန်းရိပ်က ရီဝေနေသည်။

စိုးဇလပ်မျက်လွှာချလိုက်သည်။

'ဇွဲ ဟောလစ်သောက်လိုက်ဦးနော်'

'ဟောလစ်မသောက်ချင်ဘူး ကော်ဖီပဲ'

ဒွေးလေးက

'မရဘူး နေမှမကောင်းတာ'

'မသောက်ချင်ဘူးဗျာ'

စိုးဇလပ်က မနေသာဘဲ





'ဒါဖြင့် ကော်ဖီပဲ သွားဖျော်ပေးမယ် ရပါတယ် ဒွေးလေး ကျွန်တော်သွားဖျော်လိုက်မယ်'

'နေ နေ ဒွေးလေးပဲ ဖျော်ပေးမယ် စိုးပဲ ရေပတ်တိုက်ပေးလိုက်ပါ'

အဲဒါမှပြဿနာပဲ။

ဇွဲကို ရင်ဆိုင်ရမှာ ခက်နေသည်။

ဒွေးလေးထွက်သွားသည့်တိုင် အတန်ကြာငြိမ်သက်နေကြသည်။

ဇွဲက ရှက်လန့်တကြားဖြစ်ကာ မျက်နှာအထားရခက်နေသော စိုးကို အနေမခက်စေရေး အားပေးချင်သည်။

ဘယ်လိုပေးရမှန်းမသိ။

'စိုး'

ဇွဲကိုယ်တိုင်လည်း တုန်လှုပ်နေလေပြီ။

'စိုး အနေခက်ရင် သွားပါ ရပါတယ်'

ဟု ပြောလိုက်ရာ စိုးမျက်ဝန်းရိပ်မှမျက်ရည်တို့က လိမ့်ဆင်းလာသည်။

'ဟာ မငိုပါနဲ့ စိုးရာ။ ငါ ငါ မင်းကို ဘာမှ မထိခိုက်စေချင်ဘူး မင်းဟာ ငါ့အချစ်ဆုံး အချစ်ဆုံးသူငယ်ချင်းပါ'

စိုးဇလပ် မျက်ရည်ကိုခပ်ကြမ်းကြမ်းသုတ်လိုက်ပြီး ဇွဲအား မျက်နှာသုတ်ပုဝါရေညှစ်ပြီး လည်ပင်းသို့လှမ်းသုတ်လိုက်စဉ် ဇွဲက စိုးဇလပ်လက်ကို လှမ်းဆုပ်ကိုင်လိုက်ပြီး

'အရင်ကလိုပဲ ငါ မင်းအကြောင်းဘာမှမသိဘူးလို့ . .



www.burmeseclassic.com

www.burmeseclassic.com



သဘောထားမယ်ကွာ'

စိုးဇလပ်က သူ့လက်ကို ရုန်းလိုက်သည်။

'မပြောနဲ့တော့ ဘာမှ မပြောနဲ့ ဇွဲ ဒါမှ ငါ အနေခက် သက်သာမယ်'

စိုးဇလပ် တောင်းပန်လိုက်သည်။

ဇွဲ၏မျက်ဝန်းကို ရင်ဆိုင်မကြည့်ရဲအောင်ဖြစ်နေသည်။

'ဒါပေမယ့် မင်းကို ဒီဘဝမျိုး'

'ဇွဲ ကျေးဇူးပြုပြီး ဒီအကြောင်းတွေ ထပ်မပြောပါနဲ့ လား ငါ့ကို ငါ့ကို သူငယ်ချင်းအဖြစ် အသိအမှတ်ပြုသေးတယ် ဆိုရင်'

ဇွဲပင့်သက်ရှိုက်လိုက်သည်။

စိုးဇလပ်၏ခံစားမှုက နက်နက်ရှိုင်းရှိုင်းရှိကောင်း ရှိနေမည်။

မိသားစုကိစ္စနှင့်ပတ်သက်ကောင်းပတ်သက်မည်။ ဟန် မပျက်နေပေးခြင်းက စိုးအတွက်ရော သူ့အတွက်ပါ ကောင်းမည် ဟု သူယုံကြည်သည်။

'ရပါပြီ ကော်ဖီ'

ဖွေးလေးလက်မှကော်ဖီပန်းကန်ကို ယူကာ စိုးဇလပ် က မှတ်ပေးလိုက်လေသည်။

ဇွဲက စိုးဇလပ်ယူလာသောဆေးများကို ယူကြည့်လိုက် သည်။

'ကိုထွေးပြထားတဲ့ဆေးတွေလေ အဖေးမိရင် ဖျားရင်





အဲဒီဆေးတွေသောက်ဆိုလို့ ဟုတ်ရဲ့လား'

ဇွဲက ခေါင်းညိတ်ကာ 'အင်း'လိုက်သည်။

'ကိုင်း စိုးစောင့်ပေးလိုက်ဦး ဖွေးလေး ကြက်စွပ်ပြုတ် လေး လုပ်ပေးလိုက်ဦးမယ်'

'ရေဝတ်က ဆေးသောက်ပြီးရင်မလိုတော့ဘူး ယူသွား တော့ ဖွေးလေး'

'အေး အေး'

ဖွေးလေးက ရေဇလုံနှင့်မျက်နှာသုတ်ပုဝါအစိုကိုယူကာ ထွက်သွားလေသည်။

'အဖျားတိုင်းကြည့်ပြီးပြီလား'

'အင်း တစ်ရာ့လေး ရှိတယ် ညက လသာဆောင်မှာ စောင့်နေသေးတယ်'

'ညက ဆရာဝန်ညွှန်ထားတဲ့ အိပ်ဆေး သောက်အိပ် လိုက်တယ်'

စိုးဇလပ်ရင်ထဲ၌လည်း သူ့ထက်မလျော့ပါးသောခံစား မှုကို ခံစားနေရမည်ဖြစ်ကြောင်း ဇွဲယုံကြည်မိလေသည်။

ဇွဲအား နွေးသွားသော ကော်ဖီပန်းကန်ကို လှမ်းပေး လိုက်သည်။

ဇွဲ ယူသောက်နေစဉ် ရေကျက်အေးကို ငှဲ့ထားပေးပြီး ဆေးများကို ချိုးစိပ်လိုက်သည်။

ဇွဲက စိုးဇလပ်လှုပ်ရှားမှုမှန်သမျှကို ငေးကြည့်နေရင်း မှ စိုး၏လက်ချောင်းများ ဖော့ဖယောင်းပမာဖြစ်နေခြင်းကို ခု



www.burmeseclassic.com

www.burmeseclassic.com



မှုကဲ့ကဲ့ပြားပြား သဘောပေါက်မိသည်။

စိုး၌ သူ့ကဲ့သို့ နှုတ်ခမ်းမွေးစစ မုတ်ဆိတ်ကျင်စွယ်ငုံးစိစိတို့ထွက်မလာခြင်းကို လည်းကောင်း၊ အသံသြဖြစ်မလာဘဲ ဇလုပ်ပင် ထွက်မလာသော စိုးဇလပ်၏အကြောင်းရင်းမှန်ကို ယခုမှသိရှိသဘောပေါက်ကာ သက်ပြင်းချလိုက်သည်။

ဒါကြောင့် . . . .

ဂျင်းထူထူပွပွလက်ရှည်အင်္ကျီကို အမြဲဝတ်တတ်သော စိုးဇလပ်အား မေမေက

'မိန်းမချောလေး'

ဟု ကျောက်ချက်ချသွားခြင်းဖြစ်မည်။

စိုးဇလပ်က

'ငှဲ ဆေးသောက်ပြီး အိပ်လိုက်တော့ နိုးလာလို့ မသက်သာရင် ကိုလတ်ကိုဖုန်းဆက်ခေါ်ပြီး ဆေးခန်းလိုက်ပို့ခိုင်းမယ်'

စိုးဇလပ် ပုံမှန်အနေအထားအတိုင်းကြိုးစားပြီး ပြောလိုက်သည်။

'ကောင်းပြီ ငါအိပ်နေရင် မင်းပြန်သွားမှာလား'

'အင်း'

ဇွဲစိတ်ထဲ၌ စိုးအား သူ့အနားမှာ အမြဲရှိနေစေချင်သလို ခံစားလိုက်ရသည်။

'ဒါပေမယ့် မကြာခဏ ငါ လာကြည့်ပါမယ်ကွာ မင်းအတွက် ငါတစ်ခုခုသွားလုပ်ပေးမယ် ငါးဆန်ပြုတ်ဖြစ်ဖြစ်ပေါ့'

'စိုး ငါ့ကိုခွင့်လွှတ်နော် ငါ တကယ်မသိလို့ပါ'





'ဟာကွာ မပြောပါနဲ့ဆိုကွာ'

စိုးဇလပ်မျက်နှာကြီး ရဲသွားပြီး ကော်ဖီပန်းကန်ကိုယူကာ ထွက်သွားလေသည်။

ဇွဲပြုံးမိလေသည်။

တော်ပါသေးရဲ့။

စိုးက သူ့ကို အထင်လည်း မသေး။

စိတ်လည်း မဆိုး၍ . . ။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၂၀)

'စိုး'

ကိုလတ်အကြည့်က ထူးခြားနေသည်။

'ကျောင်းတွေတက်ရတော့မယ် စိုး ရင်ထဲမှာဘာတွေရှိနေသလဲ ဘာလုပ်ချင်သလဲ ဘာဖြစ်ချင်သလဲဆိုတာ ကိုလတ်ကို မကြောက်ဘဲ ပွင့်ပွင့်လင်းလင်းသာပြော'

ကိုလတ်စကားကို စိုးဇလပ် နားလည်သည်။

ကိုကြီးမပြန်ခင် ညီအစ်ကိုနှစ်ယောက် တိုင်ပင်နေသံကို စိုးဇလပ်ကြားခဲ့ရသည်ပဲ။

ထို့ပြင် ပြောင်းလဲသွားသောကိုကြီး၏စိတ်က စိုး ရုတ်တရက် မေ့မျောပြီး ဆေးခန်းသို့ရောက်သွားသည့်အချိန် ဖြစ်သည်။

ကိုလတ်ပြန်စဉ်းစားမိသည်။ မိန်းမသားတို့၏မြဲမြဲမမွတာလာချိန် အစားမှား၍ သွေးလေချုပ်ကာ ဝေဒနာခံစားနေ



www.burmeseclassic.com

www.burmeseclassic.com



ရချိန်။ ကိုကြီးက သူတို့ကိုအာခံကာ အပြစ်လုပ်သော စိုးဇလပ်အား ဒေါသတကြီးရိုက်မောင်းပုတ်မောင်းလုပ်မိလုဆဲဆဲ ထိတ်လန့်သွားမှုက သွေးလေခြောက်ခြားမတုတ်ဖြစ်ကာ ရုတ်တရက်မေ့မျောကာပုံရက်သားလဲကျသွားသည်အဖြစ်မျိုး ကိုကြီးတို့ ကြုံတွေ့လိုက်ရသည်။

ဆေးခန်းမှ ဆရာဝန်မကြီးက ဆုံးမကာ ဩဝါဒခြွေသည်။

'သဘာဝကိုလွန်ဆန်လို့မရဘူး ××××မှာ ဗိုက်နဲ့ ဆီးစပ်နား ကျပ်တည်းတဲ့အဝတ်အစားတွေကလည်း ဒုက္ခပေးတာပါတယ်။ ရှင်တို့က ယောကျ်ားတွေ၊ မိန်းမသားတွေရဲ့လစဉ်ဖြစ်တဲ့ အာဝေဏိကဝေဒနာနဲ့ပတ်သက်ပြီး အိုကျိဆရာဝန်ထုတ်တဲ့စာအုပ်တွေဖတ် ကြည့်ပါဦး။ ညီမလေးကိုလည်း ပေးဖတ်၊ သူသဘာဝအတိုင်း ရှိနေပါစေ။ သဘာဝကို သူလွန်ဆန်ချင်တာလား ရှင်တို့လွန်ဆန်တာလားဆိုတာ ရှင်တို့မိသားစုကိစ္စပဲလေ။ ဒါဝေမယ့် အခု ကျွန်မပေးရှင့်အတွက်တော့ နောက်တစ်ခါ ဒီလိုမျိုးမဖြစ်ပွားစေဖို့အတွက် ကြိုတင်ကာကွယ်မှုအနေနဲ့သတိပေးချင်တာက သဘာဝကို မလွန်ဆန်ပါနဲ့. သဘာဝကိုလွန်ဆန်တဲ့သူတွေဟာ နော်မယ်မဟုတ်ဘူး။ အက်နော်မယ်ပါ'

ဟု သူတို့အား တော်တော်လေးဆွေးနွေးခဲ့သည်ကို ကိုလတ်က သတိရပြီး ငြိမ်သက်နေသည်။

စိုးဇလပ် ငြိမ်သက်နေသည်။

'စိုး ဒါ ဝန်းကျင်အသစ်ကို စိုး တိုးဝင်ရတော့မှာ ဘဝ





သစ်စလို့ ရတယ် စိုးဆံပင်လည်းရှည်လာပြီ မိန်းမပုံလှလှလေးတူးစတက် ညှပ်လိုက်ပါလား'

ကိုထွေးက ဝင်ပြောလိုက်သည်။

ညီအစ်ကိုတတွေလည်း တိုင်ပင်ထားကြပြီးဖြစ်ပုံရလေသည်။

စိုးဇလပ် စိတ်လှုပ်ရှားလွန်းသဖြင့် မျက်ရည်များ ရစ်သိုင်းဖွဲ့ဝေ့လာပြီး ခြေဖျားလက်ဖျားတို့ အေးစက်လာသည်။

ကိုထွေးက အထက်အောက်ဖြစ်သောစိုးဇလပ်ကိုဖက်ကာ လက်ဖျားကလေးများကို ဆုပ်နယ်ပေးရင်း

'စိုး အငယ်ကောင် မင်းဟာ ငါတို့ရဲ့ ဘဝလေးပါဟာ မင်းကို ငါတို့ သိပ်ချစ်ခဲ့ကြတာ မင်းဘဝကို အကောင်းဆုံးဖြစ်စေချင် ဖန်တီးပေးချင်ကြတာ ငါတို့ရဲ့စေတနာပါဟာ'

စိုးဇလပ် ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်များ ကျလာသည်။

သို့သော် ရုတ်တရက်ကြီးပြောင်းလဲဖို့ဆိုတာ သူ တုန်လှုပ်သလို ခံစားနေရသည်။

ယောကျ်ားကလေးဘဝက လုံခြုံမှုရှိသလို လွတ်လပ်မှုလည်း ရှိသည်။

ဖွဲ့က မိန်းကလေးမှန်းသိသွားသည်နှင့် ဖွဲ့နှင့်နှစ်ယောက်တည်းနေဖို့ အတူသွားလာဖို့ကိုတောင် အတော် စဉ်းစားနေရသည်။

ဖွဲ့ဘက်ကလည်း ပြောင်းလဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်ကလို သူနား ပူးပူးကပ်ကပ်ထိုင်ဖို့နေနေသာသာ သူမျက်နှာကိုပင် စေ့စေ့မကြည့်ရဲတော့။

'တကယ်လို့ ပတ်ဝန်းကျင်အသစ် ထပ်ဖန်တီးမယ်ဆိုရင် ဒီတိုက်ခန်းကိုရောင်းပြီး နောက်တစ်နေရာမှာထပ်ဝယ်၊ အဲဒီကိုပြောင်းတော့ မိန်းကလေးအနေနဲ့ပေါ့ တစ်ခါတည်းပြောင်းလဲပြီးမှဆိုရင် မကောင်းဘူးလား'

ကိုငယ်က အကြံပြုသည်။

ထိုအကြံကို စိုးဇလပ်လက်မခံနိုင်။

ဖွဲ့နှင့် ဝေးရမည့်အရေးကို မလိုလားပြီ။ ကိုလတ်ကော ကိုထွေးကပါ

'မဖြစ်နိုင်ဘူး ဒီပတ်ဝန်းကျင်က ကောင်းတယ် ဖွဲ့က စိုးကို မိန်းမမှန်းသိသွားတော့လည်း ဘာဖြစ်သလဲ'

'ဘာတွေမှန်းလည်းမသိဘူး ကျွန်တော် စိတ်ရှုပ်လာပြီဗျာ အခုနေတော့ ဘာမှမပြောနဲ့ ကျွန်တော် သိပ်စိတ်ပါတဲ့နေ့ ပြောင်းလဲပစ်လိုက်မယ်ဗျာ အိမ်တော့မပြောင်းပါနဲ့'

ကိုလတ်က ပြုံးလေသည်။

'ကိုကြီးကပြောတယ် ဒီတစ်ခေါက် သူဆင်းလာရင်. . အငယ်ကောင်နဲ့ကိုငယ်က ကျောင်းတူတော့ ကားတစ်စီးဝယ်ပေးမယ်တဲ့ စိုးကို အမောင်းသင်ထားလိုက်တော့တဲ့'

ကိုထွေးက

'ကျွန်တော်ကကော'

'ကျွန်တော်တို့က ကားမောင်းတတ်ပြီးသားပဲ ကိုလတ်





ကို ဆိုင်ပို့ပြီး မင်း ကိုလတ်ကားယူသွားရင်လည်း ရတယ် ဖွဲ့က သူ့ကားနဲ့ သွားလည်းရပါတယ်လို့ပြောနေတာပဲ စိုးကိုပါ ပို့ပေးကြိုပေးမယ်တဲ့'

'ရပါတယ်ဗျာ တစ်စီးဆိုလည်း ရတာပဲ ကိုကြီးမှာ သိပ်အခက်အခဲရှိနေရင် မဝယ်နဲ့လို့သာ ပြောလိုက်ပါ'

စိုးဇလပ်က ကိုကြီးတို့ကို ညာတာကာ ပြောလိုက်လေသည်။

ဒေါ်မယ်ဥပြန်ရောက်လာပြီဖြစ်သဖြင့် သူတို့၌အချိန်ပိုများ ထွက်လာကြသည်။

ဖွဲ့နှင့် စိုးဇလပ် ခပ်တန်းတန်းတော့ဖြစ်နေကြသည်ကို ကိုလတ်သတိပြုမိလေသည်။

'ဟော့ စိုး မင်းအတွက်တဲ့ ကိုကြီးက ပေးခိုင်းတာ'

ယွန်းသေတ္တာလေးတစ်လုံးကိုပေးလေသည်။

ကျန်အစ်ကိုများက စိတ်ဝင်စားစွာကြည့်လေသည်။

စိုးဇလပ်က ကြောင်တက်တက်လေးဖြစ်နေရာကိုလတ်ကပင် သော့ဖွင့်ပေးလိုက်သည်။

'ဟင်'

စိန်၊ ပတ္တမြား၊ နီလာ၊ မြ၊ ကျောက်စိမ်း ဆက်လိုက်ဖြစ်နေသည်။ အားလုံးက အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ငေးကြည့်နေကြသည်။

ကိုလတ်က

'မေမေ့ပစ္စည်းတွေလေ. . ခေတ်အရတော့ ပုံစံတွေက



www.burmeseclassic.com

www.burmeseclassic.com



အောက်နေပြီ ဒါပေမယ့် စိုးကြိုက်သလိုပြင်ပြီး ဆင်လို့ရတယ် ခုတော့ ကိုလတ်က ကျောင်းသွားရင် ဝတ်ချင်တဲ့ဆန္ဒရှိရင် ဝတ်ဖို့ဝယ်ပေးတာ ဒီမှာ'

ကိုလတ်က ကတ္တီပါဘူးတစ်ဘူးထုတ်ပေးသည်။

ပလက်တီနမ်ကြိုးမျှင်မျှင်လေးနှင့် စိန်လော့ကက်သေးသေးတစ်ခု။

ဟင်းချိန်းနှင့်စိန်တစ်ပွင့်လက်စွပ်ကလေးဖြစ်သည်။

စိုးဇလပ်က စိတ်ဝင်စားစွာဖြင့် ယူကြည့်ရာ ကိုထွေးက ယူဆွဲပေးလိုက်သည်။

'မှိန်းမလိုပဲ ပြင်တော့ ညီမလေးရာ ငါ့ညီမက အရမ်းချောမှာပဲ'

စိုးဇလပ် မျက်ရည်တွေကျလာသည်။

ဝမ်းသာ၍လား ဝမ်းနည်း၍လား မသိ။ ကြေကြေကွဲကွဲပင် ရှိုက်ငိုချလိုက်သည်။

ကိုလတ်က သူ့ရင်ခွင်ထဲသို့ဆွဲယူကာ ခေါင်းကလေးကို ပွတ်သပ်ပြီး ချော့လိုက်လေသည်။ အတိတ်ကဖြစ်ရပ်ဆိုးကို ပိုးတံပါးမြင်ယောင်ကာ သက်ပြင်းချလိုက်သည်။

*





# အပိုင်း(၃)



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၁)

ဒေါ်နဒီးသည် စဝ်စံထွန်းဆေးရုံ၏ ဆင်ဝင်အောက်၌ ရပ်စောင့်နေသော သီရိကျက်သရေအနီး ဆိုင်ကယ်ကို ထိုးရပ်လိုက်ပြီး ဟဲလ်မက်ကို လှမ်းပေးလိုက်သည်။

'ကားနဲ့လာကြိုပါဆိုမှ'

သီရိကျက်သရေက နှုတ်ခမ်းစူကာ ပြောလိုက်သည်။

'ဆိုင်ကယ်က တောင်တက်လို့ကောင်းတယ်'

'ဘယ်သွားဦးမလို့လဲ'

'မြစိမ်းတောင်'

သီရိကျက်သရေဘာမှမပြောတော့။

ဒေါ်နဒီးနှင့်သူတို့သည် အိုးချင်းထား အိုးချင်းငြိ ကြိုးချင်းထား ကြိုးချင်းငြိ ဆိုသလို မေတ္တာနှောင်ကြိုးတွေ ငြိကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိကျက်သရေက ဟဲလ်မက်ကိုဆောင်းပြီး ဒေါ်နဦး နောက်၌ထိုင်လိုက်ပြီး ဒေါ်နဦးခါးကိုဖက်လိုက်သည်။

ဒေါ်နဦးက ကျေနပ်စွာပြုံးလိုက်ပြီး မောင်းထွက်လိုက်သည်။

သီရိကျက်သရေ၏ မိခင်က 'သူမ ပြောင်းလာစဉ်က တောင်ငူဝင်နားစဉ် ဒေါ်နဦးကိုနဖူးရေဒူးရေကြည့်ကာ သဘောကျသွားခဲ့သည်။

ပြောင်းသွားပြီး တစ်ပတ်အကြာ၌ မိခင်က တောင်ကြီးသို့ လိုက်လာခဲ့သည်။

ဒေါ်နဦး၏ အိမ်နှင့် သိက္ခာရှိသောစောင့်ရှောက်ပေးမှုတို့ကို လေ့လာပြီး သားအမိချင်းတိုးတိုးတိတ်တိတ်နှင့်

'အစ်ကိုအကြီးဆုံးဆိုတော့ တာဝန်ကြီးတယ်ဆိုပေမယ့် သူညီတွေကလည်း အစွမ်းအစကိုယ်စီလေးတွေနဲ့ပဲ မဆိုးဝါးဘူး ကိုယ့်ဘက်ကတော့ မစန့်ပေါ့ သမီးရယ်။ သူ့ဘက်က ပရိုပိုဇ်လုပ်လာရင်တော့ လက်ခံလိုက်ပါ မေမေ့ အိမ်ထောင်ပြုတဲ့အရွယ်ထက်ကို သမီးက နှစ်နှစ်တောင်နောက်ကျနေပြီ'

ဟု မိခင်က ပွင့်ပွင့်လင်းလင်းပြောဆိုပြီးပြန်သွားခဲ့လေသည်။

သိပ်မကြာလှ . . ။ ဒေါ်နဦးတစ်ယောက် အောက်ထပ်၌ အအေးမိပြီးဖျားနေစဉ် သီရိတို့သူငယ်ချင်းနှစ်ယောက်စလုံး သွားရောက် ပြုစုကုသပေးရာ 'သီရိ'ချင်း ထပ်ကာ ယောင်နေသော ဒေါ်နဦး၏အယောင်ကောင်းမှုကြောင့် အဖျားပျောက်သွား





ပြီးနောက် သူတို့နှစ်ယောက် ချစ်သူဘဝသို့ရောက်သွားကြလေသည်။ မြစိမ်းတောင်ပေါ်ဘုရား၌ ဦးချ ရှိခိုးပြီး တောင်ပေါ်မှ တောင်ကြီးမြို့ရှုခင်းကိုလှမ်းကြည့်ရင်း

'ကိုယ် မနက်ဖြန် ရန်ကုန်သွားမယ်'

'ဟင် ကိုကိုက ဘာလို့ကြိုမပြောတာလဲ'

'သီရိက ဘာလုပ်မလို့လဲ လိုက်ချင်လို့လား'

'ပျားလိမ္မော်တို့ဘာတို့ဝယ်ပေးမလို့လေ ကြာမှာလား။ ကိစ္စနဲ့လား'

'ဆိုပါတော့ . . အဲဒီကိစ္စက အရမ်းအရေးကြီးနေတယ်။ ကိုယ်တို့မိသားစုနဲ့ပတ်သက်တယ်။ ကိုယ်မှားခဲ့တဲ့အမှားဟာ စေတနာအမှားလား ဒါမှမဟုတ် ကိုယ်တို့ကပဲ ရူးသွပ်ခဲ့တာလား ဆိုတာ မတွေးတတ်အောင်ဖြစ်နေတယ်'

'ကိုကို သီရိကို ယုံကြည်စိတ်ချတယ်ဆိုရင် ကိုကိုတို့ရဲ့ အိမ်တွင်းရေးပြဿနာကို ပြောပြပါလားဟင်'

ဒေါ်နဦး ပင့်သက်ချလိုက်သည်။ သီရိကျက်သရေ၏ ချောမောပြီးကျက်သရေရှိသောမျက်နှာလေးကို မြတ်နိုးစွာစိုက်ကြည့်လိုက်ပြီး

'မိသားစုဘဝတစ်ခုလုံးမှာ အစ်ကိုကြီးအဖအရာပီသဖို့ အတွက် ကိုယ်စိတ်ရောကိုယ်ရောဘဝရော ပုံနှစ်ပြီး သိပ်ကိုပင်ပန်းခဲ့ပါတယ် သီရိရယ်။ သီရိရင်ခွင်သာ ကိုယ့်အတွက် တကယ့်ကိုနားခိုရာဖြစ်ခဲ့တာပါ။ သီရိကို ကိုယ်အားကိုးလေးစားပြီး ချစ်မြတ်နိုးခဲ့တာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကဲပါ ကိုကိုရယ် ကိုကိုမပြောက်လည်း သီရိက ကိုကို့အချစ်ကို တန်ဖိုးထားပြီး ချစ်တဲ့သူပါ။ ကိုကို့စိတ်ထဲ မွန်းကြပ်နေတာ သီရိကိုမျှဝေပေးပါ ကိုကို။ သီရိက လိုလိုလားလား ဝေမျှပြောင်းယူချင်တဲ့သူပါ'

သီရိက ဒေါနဦး၏ပခုံးစွန်းသို့ခေါင်းမှီကာ ငြင်သာစွာပြောလိုက်လေသည်။

ဒေါနဦးက သီရိ၏ပခုံးကလေးကိုဖက်ထားရင်း ခါးသီးကြောက်လန့်ဖွယ်ရာ အိပ်မက်ဆိုးကြီးကို ပြန်လည်မြင်ယောင်ရင်း သီရိကို မျှဝေလိုက်မိလေသည်။

*





အခန်း(၂၂)

လွန်ခဲ့သော (၁၈)နှစ်ကာလက ဖြစ်သည်။

တောင်ကြီးမြို့နှင့် အလှမ်းကွာဝေးသော်လည်း တောင်ကြီးခရိုင်၏အပိုင်နယ်တွင်း၌ရှိသော ချယ်ရီမြိုင်ဥယျာဉ်ခြံမြေ၏နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံးအတွင်း၌ ဖြစ်သည်။ အချိန်ကာလကလည်း အကာလ ညဉ့်နက်သန်းခေါင်ယံဖြစ်သည်။

ဦးလှစိုးက ခုနစ်လရှိ ကိုယ်လေးလက်ဝန်နှင့်ဇနီးသည်၏အလိုဆန္ဒကိုလိုက်လျောကာ ဇနီးသည်၏ချက်မြှုပ်ဖြစ်သော ချယ်ရီမြိုင်ဥယျာဉ်ခြံသို့ အလည်အပတ်လိုက်ပို့ပေးသည်။

ကိုယ်ဝန်ကိုထပ်မယူသင့်တော့ဘူးဟု ဆရာဝန်က တားမြစ်ထားသော်လည်း

'သမီးလေးတစ်ယောက်လောက်တော့ ,ပါရင်ကောင်းမှာပဲ အမေအတွက် တိုးတိုးတိုင်ပင်ဖော်ရသလို ကိုယ့်ကိုအနိုင်ကျင့်မယ့် သမီးလေးဖြစ်မှာ ကျိန်းသေတယ်'

www.burmeseclassic.com



ဟု သမီးလိုချင်သူ ခင်ပွန်းအတွက်လည်းကောင်း၊

'မေမေ ညီမလေးလိုချင်တယ်'၊

'မေမေ သားတို့အတွက် ညီမလေးမွေးပေး'၊

'မေမေ ညလေးရှိချင်တယ်'

ဟု သားကြီး သုံးယောက်နှင့် ဘာမှမပြောတတ်သေးသော နှစ်ခါလည်သားထွေးလေးအား

'သားကော ညလေးလိုချင်လား'ဟု မေးသောအခါ ခိုးခိုးခစ်ခစ်ရယ်တတ်သော သားထွေးသော်ကဆန်အတွက်လည်းကောင်း ဦးလှစိုး၏ဇနီး သားငါးယောက်၏မိခင် ဒေါ်နန်းဝေဝေမြတ်က နောက်ထပ်ကိုယ်ဝန်ထပ်ယူလိုက်လေသည်။

အဝါနုရောင် ပန်းနုရောင်လေးတွေအဝတ်များပြီး ပန်းပန် သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်းတတ်သော ဇနီးသည်ကို အရိပ်တကြည့်ကြည့်နှင့် ဦးလှစိုးသည် အလွန် ကျေနပ်နေကာ

'သမီးလေးမွေးမှာ ကျိန်းသေတယ် ဝေ'

'ဝေ ချယ်ရီမြိုင်ကို ခဏပြန်ချင်တယ် မောင်'

'ကိုယ်လေးလက်ဝန်ကြီးနဲ့ကွာ'

'ခုမှ ခုနစ်လပဲရှိသေးတာမောင်ရာ တော်ရုံနဲ့ သွားဖြစ်မှာမဟုတ်ဘူး။ အဘနဲ့မယ်မယ်တို့ဂူကို ကန်တော့ချင်လို့ပါ'

ချယ်ရီမြိုင်မှ တောင်ကြီးသို့ သျှောင်နောက် ဆံထုံးပါ လိုက်ပါလာခဲ့ရသောဇနီးသည်ကို ငဲ့ညှာကာ ဒတ်ဆန်းကားလေးနှင့်သားများကိုပါခေါ်ကာ ဝါဆိုလပြည့်နှင့် လပြည့်ကျော် တစ်



ရက်၊ နှစ်ရက် တစ်ညအိပ်ဆိုကာ လိုက်ပို့ပေးလေသည်။

'မောင် ကားစီးလို့လားမသိဘူး။ နေရတာ တစ်မျိုးကြီးပဲ။ ဇလပ်ပန်းလေးတွေ လှလိုက်တာမောင်ရယ် မနက်ဖြန် သားတို့နဲ့ ဝါဆိုပန်းခူးကို ခြံထဲမှာပဲ ခူးပြီး ရွာဦးဘုရားမှာရယ် အိမ်ဘုရား မှာရယ် ကပ်လိုက်နော်'

ချယ်ရီမြိုင် ရောက်ကတည်းက နန်းဝေဝေမြတ်သည် စကားအလွန်ပြောလေသည်။

'သားကြီး ကိုကြီးရေ ဘာလေးလိုချင်လဲ'

'ညီမလေးလေ'

'အင်း မွေးပေးမှာ. . သိပ်ချောသိပ်လှတဲ့ ညီမလေးကို မွေးပေးမှာ ဖေဖေတို့မေမေတို့မှာရှိတဲ့ အလှတွေ သားတို့ညီအစ်ကိုတွေထက်လည်းလှတဲ့ ညီမလေးကို မေမေ မွေးပေးမှာ။ အဲ အငယ်ဆုံးလည်း ဖြစ် တစ်ဦးတည်းသောညီမလေးလည်း ဖြစ်တော့ သားတို့အပေါ် အနိုင်ကျင့်ပြီး နွဲ့ဆိုးဆိုးလိမ့်မယ်။ ခွင့်လွှတ်ရမယ်နော် လက်နဲ့ရိုက်နှက်တာမျိုးမလုပ်ရဘူး'

ဆယ်နှစ်အရွယ်သားကြီးဒေါနဦးနှင့် ခြောက်နှစ်အရွယ် သားလတ် ထနောင်းညိုကို ဒေါ်နန်းဝေဝေမြတ်က တတွတ်တွတ်မှာမိလေသည်။

'အဂါနေ့မှာ လာမယ်လို့ မယ်မယ်က အိပ်မက်ထဲမှာ ပြောတာပဲ သားရေ။ မယ်မယ်ဆိုတာ သားတို့အဘွားလေ။ သူ့ကို မေမေ အိပ်မက်မက်ထားတယ်။ တကယ်လို့ ဒီနေ့က အဂါနေ့ဆိုတော့ ဒီနေ့မွေးခဲ့ရင် စိုးဇလပ်လို့ နာမည်ပေးလိုက်နော်။

www.burmeseclassic.com



သားတို့လေးယောက်စလုံးမှာ ဖေဖေ့နာမည်မပါတော့ ညီမလေးမှာ ဖေဖေ့နာမည်ပါအောင် မှည့်ပေးရမယ်။ ကိုကြီးနဲ့ ကိုလတ်မှတ်မိလား'

'ဟုတ်ကဲ့'

ဦးလှစိုးကတော့ ဒေါ်မယ်ဥတို့လင်မယားနှင့် အတူ သားများ အိပ်ယာကို ပြင်ဆင်ပေးနေသည်။

အိမ်ကြီးက အိမ်စောင့်ဦးအိုက်စံကို ထားထားခဲ့သည်။ ဦးအိုက်စံက အောက်ထပ်၌သာ အနေများသည်။ တစ်ခါတစ်ရံ တောင်ယာထဲ၌ပင် သွားနေသည်။ တစ်ခါတစ်ရံလည်း ရွာထဲ သွားနေတတ်သည်။

ထိုနေ့ညနေစာကို မိသားစုက မြိန်ရည်ယှက်ရည်စား သောက်ပြီးနောက် အိပ်ယာဝင်ကြသည်။

ညကိုးနာရီခန့်တွင် ဒေါ်နန်းဝေဇွေမြတ်စတင်ကာ ဗိုက်နာလေသည်။

'အား သေတော့မယ် အမေရဲ့'

မိုးတွေကလည်း သည်းသည်းမည်းမည်း ရွာသွန်းလာသည်။

'ဟာ ဒုက္ခပဲ ကိုလေးမောင် ဘယ်လိုလုပ်မလဲ'

'ရွာထဲက ဝမ်းဆွဲကို ပြေးခေါ်လိုက်မယ်'

ဦးအိုက်စံက မိုးရွာထဲ မြင်းစောင်းထဲမှမြင်းတစ်ကောင်ကိုဆွဲယူပြီး စီးနှင်ထွက်သွားသည်။

'ရွှေညောင်မှာ ဆရာဝန်ရှိတယ်. . . ကားနဲ့ သွားခေါ်ရ





အောင်'

ဦးလှစိုး ဘာလုပ်ရမှန်းမသိ။

'တစ်ခါတည်း ခေါ်သွားရင်ကော'

'လမ်းက ကြမ်းတယ် ညကြီးဆိုတော့ မကောင်းပါဘူးကွာ။ ဆရာဝန်ပဲ သွားပင့်တာကောင်းမယ်'

'ဒါဖြင့် သွားရအောင်'

ဦးလှစိုးနှင့်ဦးလေးမောင်ထွက်သွားကြသည်။

အိမ်ထဲ၌ ဒေါ်မယ်မနှင့် ရွာမှ ဧည့်သည်လာသဖြင့်ဝိုင်းလုပ်ပေးသော ဦးအိုက်စံ၏ညီမနှစ်ယောက်ရှိနေသည်။

မိုကလည်း ထစ်ချုန်းရွာနေသည်။ ကောင်းကင်၌လည်း လျှပ်ရောင်တဝင်းဝင်း။ အငယ်ဆုံး နှစ်ခါလည်းအရွယ် သော်ကဆန်က နိုးလာတော့ ကျန်ကလေးတွေပါ နိုးလာသည်။

ဒေါ်နဦးက နို့ဗူးလေးနှင့် သော်ကဆန်ကိုချော့ကာ တိုက်လိုက်သည်။ ထနောင်းညိုက ကျော်စံကားလက်ကိုဆွဲကာ မိခင်၏တံခါးဝ၌သွားရပ်နေရာ ဒေါ်နဦးက ညီငယ်ကိုချော့ရင်းနောက်မှလိုက်ကာ

'အိပ်ခန်းထဲ မဝင်ရဘူးတဲ့ ကိုလတ်'

'မေမေ ဘာဖြစ်လို့လဲ'

'ညီမလေးမွေးမှာမို့လို့လေ'

မီးနေခန်း၏ရှေ့၌ စုရုံးကာထိုင်လိုက်ကြသည်။

သူတို့အားလုံး မျှော်လင့်နေသည်က

'မေမေဗိုက်ဗိုက်ကြီးထဲမှ ညီမလေးထွက်လာတော့မှာ

www.burmeseclassic.com



နော်'

ဟု ကျော်စံကားက ပြောကာ သူတို့မျှော်လင့်နေကြစဉ် လျှပ်ပန်းလျှပ်နွယ်တို့ ဝင်းလက်ပြီး မိုးခြိမ်းသံတစ်သံကြားလိုက်ရပြီးနောက် လျှပ်စစ်မီးများပြတ်တောက်သွားကာ ကလေးငိုသံများနှင့်အတူ မီးနေခန်းမှလည်း 'အူဝဲ အူဝဲ အူဝဲ'ဟူသော အာခေါင်ခြစ်ငိုသံနှင့်အတူ လူသားသစ်လေး၏လောကကိုစိမ်ခေါ်လိုက်သံကြောင့် သူတို့အားလုံး မျက်ရည်များ စီးဆင်းရာမှ ရပ်တန့်သွားလေတော့သည်။

*





အခန်း(၂၃)

ဝါဆိုလပြည့်၏ ညသန်းခေါင်ယံရောက်ခါနီး ၅မိနစ်အလို၌ သူတို့လိုချင်သောညီမလေး လူ့ပြည်ရောက်လာသည်။

သို့သော် သူတို့၏မိခင် ဆုံးပါးသွားသည်။

တစ်ယောက် လာသည်။ တစ်ယောက် ထွက်ခွာသွားသည်။

တစ်ဆက်တည်းပင် ဖခင်ဦးလှစိုးသည် ဆရာဝန်သွားပင့်ရင်း ကားအက်ဆီဒင့်ဖြစ်ကာ ဆေးရုံရောက်သွားသည်။

ကိုယ်အောက်ပိုင်း သေပြီး ဒုက္ခိတဘဝနှင့် မိန်းမအလောင်းကိုပင် သင်္ဂြိုဟ်ခွင့်မရလိုက်ချေ။ တကယ့် စိတ်ရောဂါဝေဒနာသည်လုံးလုံးဖြစ်သွားသည်။

'သမီးမလိုချင်ဘူး။ မလိုချင်ဘူး သမီးမယူဘူး မမွေးနဲ့ မမွေးနဲ့'

ဟုအလန့်တကြားအော်တတ်သောဖခင်ကြောင့် ဒေါ်နုဦးက ၁၀နှစ်အရွယ်လည်းဖြစ်ပြီး သားကြီး ဖြစ်နေခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ရာဖြစ်ရပ်ကို အရိုးထဲစွဲကာ ဖျောက်ဖျက်မရနိုင် သည့်အဆုံး ဖခင်အား ညီလေးပါဟု ပြောသော်လည်း ဖခင် သည် စိုးဇလပ်ကို လုံးဝချီပိုးခြင်းမရှိခဲ့။

ပိုးချဲနှင့်သွားလာ အရက်သောက်ရင်းနှင့်သာ အချိန် ကုန်ဆုံးနေခဲ့သည်။

ဒေါ်နုဦးနှင့် ထနောင်းညိုတို့က ဒေါ်မယ် ဦးလေးမောင် ဦးအိုက်စံတို့၏အကူအညီနှင့် တောင်ကြီးပြန်လာခဲ့သည်။ ဖခင် ကတော့ ချယ်ရီမြိုင်၌သာ အချိန်ကုန်ဆုံးရင်း ဒေါ်နုဦး ၁၆နှစ် သားအရွယ်မှာပင် အသည်းရောင်ဘီပိုးဖြစ်ရာ ဆေးဝါးကုသမှု ကောင်းစွာမခံယူသဖြင့် ကွယ်လွန်သွားရှာသည်။

ဖခင်က သေဆုံးသွားသည်အထိ စိုးဇလပ်ကို စကားဟ ဟ မပြောသလို စိုးဇလပ်ကလည်း ဖခင်ကို ကြောက်လန့်စရာ လူဆိုးကြီးတစ်ယောက်အနေနှင့် သတ်မှတ်ထားပြီး ရှောင်ရှား ခဲ့သည်။

သူတို့ညီအစ်ကိုတွေက စိုးဇလပ်ကို ညီမလေးအဖြစ် လက်မခံတော့ဘဲ ညီလေးအဖြစ်နှင့်သာ ပုံသွင်းခဲ့လေသည်။

သို့သော် သဘာဝကို သူတို့လွန်ဆန်ထား၍မရတော့။ အရွယ်ရောက်လာသည်နှင့် မိန်းမသည် မိန်းမသာဖြစ်နေခြင်း ကို သူတို့ သတိပြုမိလာသည်။

မိန်းကလေးသည် ယောကျ်ားလေးလောက် သက်လုံမ ကောင်း။

သူတို့ စိုးဇလပ်စိတ်ကိုသာ ယာယီသဘော ပြောင်းလွှဲ





ထားလို့ ရမည်။ ခန္ဓာကိုယ်နှင့် သွေးသားတည်ဆောက်ဖွဲ့စည်း ပုံကို ပြုပြင်ပြောင်းလွှဲ၍မရချေ။

'အငယ်ကောင်ဟာ ပန်းနုရောင်လေးတွေ အဝါနုလေး တွေကို ကြိုက်တတ်သလို ပန်းတွေကို နှစ်သက်လာတယ်'

'ကိုကိုရယ် အချိန်မနှောင်းသေးပါဘူး။ စိုးကြည့်ရကာ စိတ်ဆတ်တာကလွဲရင် စိတ်ထားမှန်ပါတယ်။ အိန္ဒြေလည်း ရ တယ်။ သီရိကလည်း မောင်လေးကိုတောင် စိုးကို နမူနာထားပြီး ဆုံးမနေတာ'

'ဟုတ်လား ဘယ်လိုဆုံးမသလဲ'

'စိုးကိုကြည့်စမ်း ယောကျ်ားပီသတယ် အိန္ဒြေရရနဲ့ ပြ လောင်ခတ်တဲ့ပုံစံ စကားကို ဟောဟောရမ်းရမ်းပြောတတ်တဲ့ပုံစံ လည်းမရှိဘူး အတုယူစမ်း ယောကျ်ားဆိုတာ တည်တည်ကြည် ကြည်ခန့်ခန့်ညားညားနေရတယ်လို့လေ အဟင်းဟင်း အဲဒီတော့ ခွဲကဘာပြောတယ်ထင်သလဲ'

ဒေါ်နုဦးသည် ခံစားခဲ့ရသမျှတို့ကို ချစ်သူအား မျှဝေ ပေးလိုက်ရသဖြင့် အတော်ပင် ပေါ့ပါးသွားသလို ခံစားလိုက်ရ သည်။

'ဟင် မမပဲ ကိုကြီးလို တည်တည်ကြည်ကြည်နေတော့ ကြည့်မရဘူး လူ့ဂွစာဆိုတဲ့လေ'

ဒေါ်နုဦး ပေါ့ပါးစွာရယ်လိုက်မိလေသည်။

'ဟတ် ဟား ဟား ကိုယ့်ကို သီရိက ဂွစာတဲ့လား ကိုကို ဂွစာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



သီရိကျက်သရေက ပြုံးလိုက်ရင်း

'ဟုတ်တယ်လေ သီရိကိုမြင်တိုင်း ရှောင်သွားတတ်တာကိုး မျက်နှာကြီးက တင်းလို့'

'သိပ်လှပြီး သိပ်ကျက်သရေရှိတဲ့ မိန်းမမှန်း မြင်ကတည်းက နှလုံးသားက တန်းသိပြီးသားပါ။ ဒါပေမယ့် ကိုယ့်မှာတာဝန်ကကြီးလွန်းတော့ အချစ်နဲ့အိမ်ထောင်ရေးအတွက်အချိန်မပေးနိုင်ဘူးလေ'

'ဒါဖြင့် ခုတော့ကော'

'ကိုလတ်က ကိုယ့်တာဝန်တွေလွှဲပြောင်းယူပြီလေ။ ကိုကြီး နားပါတော့တဲ့။ ပြီးတော့ စိုးဇလပ်အပေါ်လည်း ကိုယ်တို့လွတ်လပ်ခွင့်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ။ သူ့ကြောင့် မိခင် ဆုံးရတယ်။ ဖခင်ဒုက္ခိတရောက်ရတယ်ဆိုတဲ့အစွဲကိုလည်း အားလုံးက ဖျောက်ဖျက်ပစ်လိုက်ပြီး သူ့စိတ်ကြိုက်လျှောက်လှမ်းပါစေ ဒုက္ခမရောက်ရအောင် ဘေးက ဖေးမပေးရုံ လမ်းညွှန်ပြပေးရုံပဲ လုပ်တော့မယ်'

'ဒါဖြင့် ကိုကို ရန်ကုန်သွားရမယ့်အကြောင်းရင်းက'

'ကုန်ဖိုး ငွေချေစရာရှိတာ ချေ၊ သိမ်းစရာရှိတာ သိမ်းရင်း ကိုလတ်လုပ်ငန်းချဲ့ဖို့စီစဉ်ပေးခဲ့မလို့ပါ။ နောက်စိုးအတွက် ကားတစ်စီးထပ်ဝယ်ပေးခဲ့မလို့'

'ဇွဲမှာရှိသားပဲ ဇွဲကို စိုးအတွက် အကြိုအပို့လုပ်ခိုင်းလို့ရတာပဲ'

ဒေါ်နန်ဦးက သီရိကျက်သရေကို ကြည့်ကာ ခေါင်းကို





တဖြည်းဖြည်းခါရမ်းလိုက်ရင်း

'သူများအားကိုးတတ်တဲ့ အကျင့်ထက် ကိုယ့်ကိုကိုယ်အားကိုးစေချင်တယ်။ မိန်းမသားတစ်ယောက်အနေနဲ့က အစ်ကိုတွေဘယ်လောက်ခြံရံခြံရံ ကိုယ့်ကိုကိုယ်ထိန်းသိမ်းဖို့ဟာလည်း အများကြီးလိုအပ်တယ်ဆိုတာလည်း သိစေချင်တယ်။ သီရိလိုပေါ့ သီရိတောင် ကားတစ်စီးနဲ့ ကျောင်းတက်တယ်။ အလုပ်ခွင်ဝင်မှ ချစ်သူနဲ့ အိမ်ထောင်ဖက်တစ်ဦးတစ်ယောက်တည်းကိုသာ ရွေးချယ်တယ်။ ဒါမျိုး ဖြစ်စေချင်တယ် စိုးကို အဓိကထားသွားတွေ့မှာ'

'ဇွဲသာ စိုးကို မိန်းကလေးမှန်းသိသွားရင် ဘယ်လိုနေမလဲ မသိဘူး'

'ပြောမယ့်သာ ပြောရတာ စိုးကိုယ်တိုင်လည်း အစ်ကိုတွေကြားမှာ နေလာတော့ အပြောအဆို အမူအယာက အစယောကျ်ားလေးစတိုင် ဝင်နေပြီးသားပါ။ ကိုင်း နေတောင်ဝင်သွားပြီ လာ ပြန်ကြစို့ တော်ကြာ မှောင်ရီပျိုးစမှာ သီရိကိုတွေ့တဲ့လူတွေက မြစိမ်းရောင်ညီအစ်မနဲ့မှားပြီး ဥစ္စာစောင့်ထင်နေပါဦးမယ်'

'သွား ကိုကိုပို'

ဒေါ်နန်ဦးက သီရိကျက်သရေကို လက်ကမ်းပေးကာ ဆွဲထူလိုက်သည်။ နောက် ဆိုင်ကယ်လေးဖြင့် နှစ်ယောက်သားမြစိမ်းတောင်ပေါ်က ဆင်းလာကြလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၄)

'ဟဲလို ဇွဲလား မမပါ'

ဇွဲကျောင်းထက်က ညဘက်ဖုန်းလာသည်နှင့် တောင်ငူကသော်လည်းကောင်း တောင်ကြီးကသော်လည်းကောင်း ဖြစ်မည်ဟု တွက်ဆပြီးသားပင်။

ဖုန်းဒိုင်ခွက်ကိုပင် မကြည့်တော့။

'မမလား'

'အေး ကိုကြီးက မနက်ဖြန် ရန်ကုန်ကို ဆင်းလာမယ်တဲ့ ဇွဲဘာမှာချင်သေးလဲ'

'မမှာတော့ဘူး စားစရာကတော့ ကိုကြီးပါလာရင် ဒီဘက်က စားရတာပဲ'

'ကျောင်းကော ဖွင့်တော့မှာဆို'



www.burmeseclassic.com

www.burmeseclassic.com



'လိုပါသေးတယ်'

'ကားမောင်းရင် သတိထားနော် တွေ့ကရာမိန်းကလေးတွေလည်း ကားပေါ်တင်မနေနဲ့ဦး'

'မမကလည်း တွေ့ကရာတော့ ဘယ်တင်မလဲ ကိုယ့်ဘော်ဒါတွေတော့ တင်မှာပေါ့'

'ဒါထက် မောင်လေး စိုးနဲ့ကော အဆင်ပြေရဲ့လား'

စိုးဇလပ်အကြောင်း မမကို ပြောသင့်မပြောသင့် စဉ်းစားလိုက်သည်။

မပြောတော့ပါဘူး။

စိုးအနေခက်သွားမှာကို သူစိုးရိမ်သည်။

'ဘာ မပြေစရာရှိသလဲ ပြေပါတယ်။ စိုးက အေးဆေးတယ်'

'အင်း အင်း ပြေရင်ပြီးတာပါပဲ ဖေဖေတို့ဆီကကော ဖုန်းလာသေးသလား'

'လာပါတယ် မမကော အဆင်ပြေရဲ့လား အလုပ်ကို မေးတာမဟုတ်ဘူး ကိုကြီးနဲ့ကိုမေးတာ'

'တယ် ဒီကောင်လေး တော်ပြီ ဒါပဲအိပ်တော့ ဂွတ်နိုက်'

ဇွဲက ပြုံးကာ ပခုံးတွန့်လိုက်ပြီးဖုန်းစက်ခလုတ်ကိုပိတ်လိုက်သည်။

မျက်စိကြောင်သွားပြီ။

အိပ်မရတော့သဖြင့် လသာဆောင်အပေါ်သို့ တက်ခဲ့သည်။





လသာဆောင်၌ သူ့ထက်စောပြီး ရောက်နေနှင့်သူ ရှိလေသည်။

'ဟော့ကောင် စိုး'

သူ့ဘက်သို့ လှမ်းကြည့်သည်။

သူက အုတ်နံရံပေါ် ခွထိုင်ထားလေသည်။ စိုးဇလပ်က လှည့်ကြည့်လိုက်ပြီး

'ဘာလဲ'

ဟု ခပ်ဆတ်ဆတ်ထူးလိုက်သည်။

'ဂီတာတီးမလား'

'မင်းတီးလေ ငါ နားထောင်ရင်း အိပ်တော့မယ်။ အိပ်မရလို့ ထွက်လာတာ'

'ဒါဖြင့် ငါ ဂီတာသွားယူလိုက်ဦးမယ်'

'အင်း'

ဇွဲက အထဲပြန်ဝင်ကာ ဂီတာယူပြီးပြန်တက်လာသည်။

အုတ်ကန်ပေါ်မှတဆင့် တံတိုင်းပေါ် တင်ပလ္လင်ထိုင်လိုက်စဉ် စောစောက နေရာမှာ စိုးဇလပ်မရှိတော့ချေ။

ဇွဲ စိတ်ပေါက်ပေါက်နှင့် ဂီတာကို တစ်ပုဒ်ပြီး တစ်ပုဒ်ဆက်တိုက်တီးခတ်လိုက်လေသည်။

စိုးဇလပ် သူ့အား မသိမသာရှောင်နေလေသည်။ ဒါကို ဇွဲ မကျေနပ်နိုင်။ သူငယ်ချင်းတွေပဲ။ မင်းဘာပဲဖြစ်ဖြစ် တို့တွေ ဒီအတိုင်းပဲ ဆက်ခင်သွားရအောင်ဟု သူပြောထားပြီး သားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနေမကောင်းစဉ် လာရောက်ပြုစုစောင့်ရှောက်ပေးခြင်းအတွက်လည်း ကျေးဇူးတင်ရသည်။ သူ အကြာကြီးနေပြီး နံနက်ခင်း ရောက်ခါနီး အအေးဓာတ်လွှမ်းမိုးလာမှ သူအိမ်ထဲ ပြန်ဝင်အိပ်လိုက်လေသည်။

စိုးဇလပ်က အခန်းချင်းကပ်နေသောတိုက်ခန်းဖြစ်ခြင်းကြောင့် ဖွဲ့၏ဂီတာသံမပျောက်မချင်း သူအိပ်၍မရ။

ဖွဲ့အကြည့်က သူ့အား ရိုးသားဖြူစင်စွာပင်ကြည့်သည်။ သို့သော် ခပ်တန်းတန်းတော့ဖြစ်သွားကြသည်။

ဒါကလည်း မိမိအား မိန်းမသားဟု ဖွဲ့ သိသွားပြီးမှတော့ မိမိဘက်က လိုက်လျောနေခြင်းသည် မိန်းမတစ်ယောက်၏ သိက္ခာကိုများ ထိခိုက်စေမလား။ ဝါဝါလင်းထိန်တို့ ဝတီဦးတို့ ဆူးပန်းတို့အပေါ် တန်ဖိုးမထားသလိုမျိုး၊ သူတို့ယောက်ျားလေး သူငယ်ချင်းတွေနှင့်ဝေဖန်သလိုမျိုး မိမိအား ဝေဖန်နေမည်လား။

ဒါကို စိုးဇလပ်စိုးရိမ်လာသည်။

နောက် ဝါ ဝါလင်းထိန်နှင့်ဝတီဦးအပေါ် ရဲတင်းလွန်းသည်ဟု သူကြည့်မရသလို ယောက်ျားလေးလိုနေလာပြီး ငယ်စဉ်ကတည်းက ယောက်ျားစိတ်ဓာတ်မျိုးအစ်ကိုတွေဖန်တီးထား၍ ခေါက်ရိုးကျိုးနေပြီဖြစ်သောသူ၏ရဲတင်းမှုကို ရှုတ်ချမှာလည်း စိုးရိမ်ပြန်သည်။

ခုတလော အစ်ကိုတွေက ပြောင်းလဲလာသည်။

သူ့အတွက်ဟုဆိုကာ မိန်းမစပို့ရှပ်တွေ စကဒ်တွေ ရယ် ဒီမိတ်ဂါဝန်လှလှလေးတွေ ဝယ်ပေးလာတတ်သည်။ ဘီဒိုထဲ၌





လာထည့်ပေးထားသည်။ နောက် အလှပြင်ပစ္စည်းများ။ မှန်တင်ခုံတောင် မှာထားပြီတဲ့။

'ဟာဗျာ ရှက်စရာကြီး'

ဟု သူက ပြောသောအခါ အစ်ကိုတွေ ဝိုင်းရယ်ကြသည်။

ခုတော့ သူတို့ကပဲ ညီမလေးပြန်လိုချင်နေကြသည်။

သို့သော် အစ်ကိုတွေသည် မွေးနေ့ပွဲဆို ဘယ်သူ့မွေးနေ့ပွဲမှ မကျင်းပပေး။ အထူးသဖြင့် စိုးဇလပ်၏မွေးနေ့ကို အစ်ကိုတွေ ဖျောက်ဖျက်ထားကြသည်။

စိုးဇလပ်မွေးသောနေ့သည် မေမေကွယ်လွန်သောနေ့ ဖခင်အောက်ပိုင်းသေသောနေ့အဖြစ် ကြေကွဲစွာခံစားနေရသဖြင့် ဝါဆိုလပြည့်ကိုပင် ကျော်လွှားချင်နေကြသူများ ဖြစ်သည်။

ညီမလေးကြောင့် သူတို့မိသားစု ဘဝပျက်ခဲ့ရသည်။

ဖခင်က အရက်ကျေးကျွန်ဖြစ်သွားသည့်တိုင် သားကြီးကိုတော့ သူ့စီးပွားရေးကိစ္စအဝဝနှင့် စာရင်းဇယားလုပ်ကိုင်ပုံနှင့် နောက်လုပ်ငန်းအတွက် မှတ်ပုံတင်ခြင်းကအစ ရှေ့နေသူငယ်ချင်းနှင့်ဆောင်ရွက်ပေးထားခဲ့သဖြင့် ဖခင်ကွယ်လွန်သွားသော်လည်း ကိုကြီး၏အစွမ်းအစကြောင့် သူတို့ အခြေအနေ မပျက်နေနိုင်သလို မျက်နှာလည်းမငယ်ရချေ။ လူတန်းစေ့နေနိုင်ခဲ့သည်။

စိုးဇလပ် အစပိုင်းကတော့ သူ့ဘဝကို ယောက်ျားလေး အမှတ်နှင့်သူ့မှတ်ယူကာ တကယ်ပင်မေ့နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရွယ်နှင့်အချိန်က စကားပြောလာသည်။

အပျိုဘော်ဝင်စအရွယ်ကစပြီး သူ့ဘဝသူမကျေမနပ် ဖြစ်လာသည်။

အစ်ကိုတွေနဲ့ ဘာကြောင့်မတူရသနည်း။

ဒေါ်မယ်က တိုးတိုးတိတ်တိတ်နှင့် သူ့ဘဝကို ရှင်းပြပေးခဲ့သည်။ မိန်းမသားတစ်ယောက်၏ သဘာဝနှင့် အနေအထိုင်ကိုပါ ညွှန်ပြပေး ဆုံးမပေးတတ်သည်။

ငယ်စဉ်က အမေမရှိ။ အဖေကိုကြောက်ရွံ့စရာကောင်းသော လူကြီးတစ်ယောက်အနေနှင့် အဖေကို ရှောင်ပုန်းတတ်ပြီး၊ သူ့ကိုယ်သူလည်း ယောကျ်ားလေးတစ်ယောက်ဟု ထင်မှတ်နေခဲ့သည်။

အပေါင်းအသင်းသူငယ်ချင်းဟူ၍လည်း အစ်ကိုတွေသာ ရှိခဲ့သည်။ ကျောင်းဆိုလည်း ဆေးခွင့်နှင့်သာ အများအားဖြင့် ခွင့်ယူပြီး အိမ်၌ပင် စာသင်ပေးခဲ့ကြသည်။

ဆယ်တန်းရောက်တော့လည်း အပြင်ဖြေတဲ့။

အပျိုဘော်ဝင်စအရွယ်မှစ၍ လောကကြီးကို မကျေမနပ်ဖြစ်ရမည်လား၊ အစ်ကိုတွေကို မကျေမနပ် ဖြစ်ရမည်လား၊ မသိစိတ်နှင့် အနာတရ ဖြစ်လာသည်။

ပထမဦးဆုံး ဆန့်ကျင်မိသည်က အစ်ကိုတွေက ဆေးတက္ကသိုလ်တက်ရမည်။ ဘာသာစုံ ဂုဏ်ထူးထွက်ရမည်ဟူသော အမိန့်ကို စတင်ဆန့်ကျင်ပြလိုက်သည်။

ယခုမိန်းကလေးဘဝပြောင်းလဲတော့တဲ့။





ခေါက်ရိုးကျိုးနေပြီဖြစ်သော စက္ကူကို ပြန်ဖြန့်တော့ ခေါက်ရိုးရာများကတော့ ကျန်ရစ်ခဲ့သည်မှာ ကျိန်းသေသည်။

မိန်းမတစ်ဦးကဲ့သို့ အလှပြင်ဆင်ပြီးနေထိုင်ဖို့ဆိုသည်မှာ ရှက်ရွံ့စရာလိုခံစားရပြီး ဘာလုပ်ရမှန်းမသိ။

'ကျောင်းစတက်တာနဲ့ ကွင်းဖြစ်ရမယ်ကွာ'

'ဟုတ်တယ် ကိုယ်တော့ မောကြောဆိုက်မှာ ကျိန်းသေတယ်။ ဒါပေမယ့် ကိစ္စမရှိဘူး အငယ်ကောင် အဲ အငယ်အတွက် ကိုယ်ဂုဏ်ယူချင်တယ်ကွာ'

မိန်းကလေးသူငယ်ချင်းမရှိတော့ သူ့အတွက် အခက်ကြီးခက်နေပြီ။

ဒါကို ရိပ်မိပုံရသော ကိုလတ်က

'အငယ် ဆူးပန်းနဲ့ဖြစ်ဖြစ် ဝါဝါနဲ့ဖြစ်ဖြစ် Beauty Saloon ကိုသွားပါလား'

'ဟာ ရှက်စရာကြီး စိတ်ရှုပ်လိုက်တာဗျာ။ ကျွန်တော်ဒီအတိုင်းနေသွားလို့မရဘူးလား။ ခင်ဗျားတို့ပဲ အမျိုးမျိုးဗျာ'

စိုးဇလပ် စိတ်ရှုပ်စွာဖြင့် အခန်းထဲ အောင်းနေလိုက်သည်။

မနက်ဖြန် ကိုကြီးရောက်လာလျှင်လည်း ဘာတွေညွှန်ကြားဦးမည် မသိ။

'ဒေါက် ဒေါက် အငယ်ကောင် အဲ အငယ်မ . . မင်းအတွက် ဆံပင်ပုံစံ wall sheet မိုက်တယ်နော် အုန်းမွှေးလုံးကေ two step လေးနဲ့ဆို မင်းခေါင်းနဲ့လိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ ရှုပ်တယ် ကိုထွေး သွားကာ အဲဒီဆံပင်ပုံတို့ ကိုထွေးပဲထား'

ကိုထွေးက တံခါးခေါက်ကာ တံခါးအောက်မှနေ၍ သူ ဝယ်လာသော အမျိုးသမီးဆံပင်ပုံစံအမျိုးမျိုးနှင့် walll sheet ကို လှမ်းထိုးပေးလိုက်သည်။

'ဟ ငါထားလို့ ဖြစ်မလား ဂျယ်ကြီး ဖြစ်သွားမှာပေါ့။ အငယ်မ ငါ မင်းနဲ့လိုက်မယ့် ဝတ်စုံလေး အရုပ်မဆီက ချွတ် ယူလာခဲ့တယ် ထွက်ယူကြည့်စမ်း'

'သွားကွာ သွား ဘာမှမကြည့်ချင်ဘူး မယူချင်ဘူး'

'အေးပါ ယူချင်တော့ ယူဝတ်ကြည့်ပေါ့ဟာ'

အစ်ကိုတွေကို စိတ်ဆိုးရလည်းအခက်ဖြစ်နေသည်။

တတယ်လိုချင်တာက ညီမလေး။

နောက် မိခင်အသက်နှင့် လဲလှယ်ရသော ညီမလေး ကြောင့် သူတို့ညီမလေးကို မလိုချင်တော့။ လူရိုးလူကောင်းကြီး မိသားစုကိုလည်း အလွန်ချစ်သောဖခင်ကလည်း ဘဝပျက်ခဲ့ ရသည်။ ဖခင်၏ဘဝနှင့်လဲလှယ်ရသော ညီမလေးကို သူတို့ ဖျောက်ဖျက်ကာ ညီလေးအဖြစ် ဖန်တီးခဲ့တာလည်း ဒီအစ်ကို တွေ။

ယခုတော့ ညီမလေးပြန်လိုချင်ပြီတဲ့။

သူ ဘာလုပ်ရမည်နည်း။

'ဒေါက် ဒေါက်'

'လာပြန်ပြီ သွား သွား နားငြီးတယ် စိတ်ရှုပ်တယ်'





'စိုး ဖွဲ့ပါကွ'

'ဖွဲ့'

'လာကွာ ဟိုကောင် ထူးကျော်က သူ့ ထောက်ကြံ့ကဲ အိမ်မှာ ညမနက် ထမင်းကျွေးပြီးဧည့်ခံမယ်တဲ့ကွ'

အိမ်ထဲမှာ နေရဖန်များတော့လည်း အပြင်ထွက်ချင် လာပြန်ပြီ။ သို့သော် ကိုလတ်တို့၏ခွင့်ပြုချက်ကို ယူရမည်။

ဖွဲ့ကပဲ ယုန်သူငယ်လိုနာစေးနေတာလားမသိ။ သူ့အား မိန်းကလေးလို ပြောင်းလဲဖို့ကိစ္စကို တစ်ခွန်းမှမဟသကဲ့သို့ အစ်ကိုတွေ၏လှုပ်ရှားမှုများကိုလည်း တစ်ခွန်းမှ အကောင်းအဆိုး မေးမြန်းခြင်းမပြုဘဲ မသိကျိုးကျွံပြုထားလေသည်။ ယခုလည်း တံခါးအောက်က wall sheetက အတွင်းနှင့်အပြင် တစ်ဝက် ဆီရှိနေရာ ဖွဲ့မြင်မှာ ကျိန်းသေသည်။

'ဘယ် အချိန်သွားမှာလဲ'

'အခုပဲ သွားမယ်လေ ဝဏ္ဏနဲ့ဝါဝါလိုက်မယ်'

'မင်းတို့ပဲသွား နောက်မှ ကိုလတ်နဲ့လာခဲ့မယ်'

'ဟာ မဟုတ်တာ ကိုလတ်က မအားလို့ ထူးကျော်က ဖိတ်ထားပြီးသား ဝါဝါလည်း ခွင့်ယူတော့ ဆိုင်မှာ လူနည်းနေ လို့ မင်းကိုပဲထည့်လိုက်ရတာ လိုက်သွားလိုက် အငယ် ကိုလတ် တို့လည်း ဆိုင်သွားတော့မယ်'

ကိုလတ်အသံပါ ထွက်လာတော့ စိုးဇလပ် မနေသာ တော့။

'ဧည့်ခန်းမှာသွားစောင့်နေ ငါလာခဲ့မယ်ကွဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ကို မကျေနပ်နိုင်။ ဝါဝါလင်းထိန်ကပါဦးမည်။ ဆူးပန်းက ဒီလောက် ဖွဲ့ကိုမကပ်။ ဝါဝါလင်းထိန်က အလွန်ကပ်သည်။

နောက်တစ်ယောက် ရှိသေးသည်။ မျက်နှာချင်းဆိုင်တိုက်က ဝတီဦး။ ဖွဲ့နှင့် အခွေဆိုင် စာအုပ်အငှားဆိုင်တို့၌ ဆုံအောင် ဖန်တီးနေတတ်ပြီ။ ဖွဲ့ကတော့ ပျို့တိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်နေလေပြီ။

စိုးဇလပ် သက်ပြင်းချလိုက်ပြီး ကုတင်ပေါ်မှထကာ တံခါးအောက်၌ တိုးလိုးတန်းလန်းရှိနေသော wall sheet ကိုဆွဲယူကာ ကုတင်ပေါ်ပစ်တင်လိုက်ပြီး ရေချိုးခန်းသို့ဝင်လိုက်သည်။ အစ်ကိုတွေလည်း အပေါ်ထပ်၌ ရှိမနေကြတော့။ ထူးကျော်က မနေ့ကတည်းက ဖုန်းဆက်ပြီးဖိတ်ထားပြီးသားဖြစ်သော်လည်း စိတ်တွေထွေပြားမှုကြောင့် သူမေ့လျော့နေခဲ့သည်။ ဖွဲ့လာရောက်ခေါ်မှ သတိရသည်။ ထူးကျော်နှင့် ဝဏ္ဏကတော့ ပေါင်းသင်း၍ ကောင်းသည်။ ယောကျ်ားလေးသူငယ်ချင်းများသာ ရှိခဲ့၍လားမသိ။ မိန်းကလေးသူငယ်ချင်းမထားတတ်သလို ကြည့်မရလည်း ဖြစ်နေတတ်သည်။ ဒုက္ခပါပဲ ဒီစိတ်ဟာ ဘာစိတ်လဲ။ ကောင်းသောစိတ်မှဟုတ်ရဲ့လား။ ကိုကြီးလာလျှင် စိတ်ကျန်းမာရေးဆရာဝန်နှင့်သွားရောက်ဆွေးနွေးကြည့်ရင် ကောင်းမလားဟု သူစဉ်းစားမိသေးသည်။

'စိုး'

'ဒေါက် ဒေါက်'





ခေါ်မယ်အသံ။

'မြန်မြန်လုပ် ဖွဲ့က အအေးမိမယ်တဲ့'

'ပြီးပြီ ခေါ်မယ် ကိုလတ်တို့ကော'

'သွားပြီ'

တော်တော်ဟုတ်သည့်အစ်ကိုတွေ။ သူစိမ်းယောကျ်ားလေးနောက် လျှောလျှောလျူလျူထည့်ရဲသည်။

စိုးဇလပ် ဝတ်ကျင့်ဖြစ်နေသော ဂျင်းသားအညိုအဝါဖောက်အကွက်စိပ်ရှပ်အင်္ကျီနှင့် ဂျင်းသားအညိုရောင်ဘောင်းဘီကိုသာ ဝတ်ပြီး အောက်ထပ်သို့ပြေးဆင်းခဲ့လေသည်။ ဖွဲ့က ဝင့်သက်ချလိုက်သည်ကို သူတွေ့မြင်လိုက်ရသည်။

'ဟိုကောင်တွေကော ရောက်ပြီလား ဝင်ခေါ်ရမှာလား'

'မခေါ်ရဘူး။ မင်းနဲ့ငါ နှစ်ယောက်တည်းသွားမှာ'

'သူတို့က ဘာနဲ့သွားမှာလဲ'

'မင်းမသိဘူးမှတ်လား ဝဏ္ဏက သူ့မိဘတွေက ကားတစ်စီးဝယ်ပေးလိုက်ပြီ။ အဲဒီကားနဲ့ဝါဝါကိုခေါ်ပြီး အစောကြီးသွားနှင့် ကြပြီ'

'အစောကြီး'

'ထူးကျော်ကိုဝိုင်းကူပေးမလို့လေ။ သွားကြစို့ ခေါ်မယ်နဲ့ ခွေးလေး ညစာပါ ကျွန်တော်တို့နှစ်ယောက်မစားဘူးနော်'

'အေး အေး'

ဘာကြောင့်ရယ်မသိ။ ဝါဝါလင်းထိန်နှင့် ဝဏ္ဏပါဘဲ သူတို့နှစ်ယောက်တည်း ထောက်ကြံ့ကိုသွားရမည်ဆိုတော့ စိုး



www.burmeseclassic.com

www.burmeseclassic.com



ဇလပ် ပျော်သွားလေသည်။ ဖွဲ့ကို မသိမသာ အကဲခတ်လိုက်သည်။

ရိတ်သင်ပြီးစ ဖြစ်သောကြောင့် နှုတ်ခမ်းအထက်နှင့် မေးစေ့ပါးသိုင်းနေရာတို့မှာ စိမ်းညိုနေသည်။ ဆံပင်တိုတိုညှပ်ထားသဖြင့် ဂုတ်သားများ ဝင်းစိုနေသည်။ ကော်လံ မပါသော တီရှပ်မီးခိုးပြာလေးနှင့်ဂျင်းဘောင်းဘီနက်ပြာလေးကို ဝတ်ထားသည်။

ဖွဲ့သည် ကြည့်၍ကောင်းသောကောင်ကလေး တစ်ယောက်ဟု သူ အသိအမှတ်ပြုထားသည်။ ဖွဲ့ကိုကြည့်ရင်း ရင်က ပုဇွန်ဆိတ်တစ်ကောင်လို တဆတ်ဆတ်ခုန်နေလေသည်။

ဒါကို စိုးဇလပ် လက်မခံနိုင်။

သူငယ်ချင်းဖွဲ့ကို သူငယ်ချင်းအဖြစ်သာ သဘောထားပေါင်းသင်းခြင်း ဖြစ်သည်။ သူငယ်ချင်းကြားမှာ ရင်ခုန်သံစဉ် မြန်စရာမလိုဟု သူခံယူထားသည်။

*





## အခန်း(၂၅)

'ဟာ အိမ်ကလေးက ချစ်စရာလေး ပန်းခင်းနဲ့မြက်ခင်းနဲ့ သာယာလိုက်တာ'

ဖွဲ့က စိုးကို အမှတ်မထင်ငဲ့စောင်းကြည့်လိုက်သည်။

မျက်ဝန်းနှစ်ပွင့်က ကြယ်ပွင့်ကလေးများလို ဖိတ်ဖိတ်တောက်သွားသည်မှာ အလွန်ကြည့်၍ကောင်းနေသည်။ မိန်းမသားတစ်ယောက်ကဲ့သို့ ပန်းခင်းကိုနှစ်သက်ခြင်းက ပေါ်လွင်နေသည်။

ဖွဲ့ရင်ထဲ၌ စိုးကို မိန်းကလေးသဏ္ဍာန်မျိုးမြင်ချင်သောဆန္ဒဖြစ်ပေါ်ခဲ့သည်မှာ စိုးကို မိန်းမဟုသိလိုက်ချိန်က စတင်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကိုလတ်တို့ ညီအစ်ကိုတွေက သူတို့နှစ်ယောက်အား လွှတ်လပ်စွာသွားလာခွင့် ပြုထားသည်။ စိုးအကြောင်းနှင့်ပတ်သတ်၍ သူတို့ဘာမှမမေးသလို ပြောလည်းမပြောကြ။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ခြင်းကိုက သူ့ရင်ကို တအုံနွေးနွေးနှင့်ခံစားနေရသည်။ စိုးအကြောင်းနှင့်ပတ်သက်ပြီးမြှုသိပ်ထားရသောကြောင့် သူ့ရင်ထဲမှာ လေးလံလာသည်။ သယ်ဆောင်ထားရသော ထိုဝန်ထုပ်ဝန်ပိုးကို သူဖြေထုတ်ချင်ပြီ။

အိမ်ရှေ့၌ ကား ၃-၄စီးရပ် ထားသည်။ အိမ်က တစ်ထပ်ခွဲတိုက်လေးဖြစ်သည်။

သူတို့ ရောက်သွားချိန်က ဘုန်းကြီးတရားနာချိန် ဖြစ်နေသည်။ ထို့ကြောင့် ခပ်လှမ်းလှမ်း၌ ရပ်ပြီး ပန်းခင်းဘက်လျှောက်ခဲ့လိုက်သည်။ ရာသီအလိုက်ပန်းခင်းဖြစ်သည်။ ဂန္ဓမာ၊ ဟော်လံသစ္စာပန်း၊ ယိုးဒယားဂန္ဓမာ၊ သစ္စာပန်းတို့ကို အတန်းလိုက် စိုက်ပျိုးထားသည်။

'စိုး တောင်ကြီးမှာကော ပန်းခင်းရှိသလား'

'မရှိပါဘူးကွာ ကိုကြီးတို့က ဆယ်ဘီးကားတွေနဲ့ ကုန်တွေနဲ့ရှုပ်နေတာပဲ သဘာဝအလှဆိုလို့ ချယ်ရီမြိုင်ကိုရောက်မှပဲ ခံစားနိုင်တယ်'

'ချယ်ရီမြိုင်အိမ်ကြီး ရှိသေးလား'

'ဘုန်းကြီးကျောင်းအဖြစ် လှူလိုက်ပြီလေ'

'ဘယ်တုန်းကလဲ'

'ဒီမှာအခြေချမယ်လို့ ဆုံးဖြတ်လိုက်ချိန်ကပဲ ကျောင်းကို ညီအစ်ကိုတွေထဲက ပြင်ချင်တဲ့သူ သွားရောက်ပြင်ဆင်နိုင်ဖို့တော့ ကိုကြီးက ချယ်ရီမြိုင်နှစ်ဆောင်မြှုပ်အိမ်ကြီးနဲ့ မနီးမဝေးက မြေထစ်ဧကကိုတော့ ချန်ထားပြီး တစ်ထပ်တိုက်ပုလေး





ဆောက်ထားပေးတယ်။ အဲဒီမှာတော့ ရွာကလူတွေကို ပန်းစိုက်ထားခိုင်းတယ်။ ချယ်ရီမြိုင်တ မြေကွက်နဲ့ ဥယျာဉ်က ပေါ်လာတဲ့ သီးနှံတွေကိုလည်း ဘုန်းကြီးရဲ့ လိုအပ်ချက်တွေ ဘုန်းကြီးကျောင်းပညာသင်ရေးနဲ့ ကျောင်းနဲ့ ကျေးရွာဆေးပေးခန်းအတွက် လိုအပ်သလို လှူဒါန်းဖို့ပါ ရေစက်ချလှူဒါန်းခဲ့တယ်လေ'

'သာဓုပျာ သာဓု သာဓု'

ဇွဲက ကလေးတွေလို မိဘထံ လက်ဝါးဖြန့်ခံပြီး မုန့်ဖိုးတောင်းသော သူတို့မောင်နှမနှစ်ယောက်နှင့်စာလျှင် ကိုကြီး၏အုပ်ချုပ်မှုအောက်မှ ညီများက လိုက်နာပြီးနေထိုင်နိုင်ခဲ့သည်ကိုက ချီးကျူးစရာကောင်းလှလေသည်။

'ငါတော့ မိဘတွေရဲ့ကျေးဇူးတရားကို မင်းတို့ညီအစ်ကိုတွေနဲ့ တွေ့ဆုံခွင့်ရမှ ပိုပြီး နားလည် သဘောပေါက်လာတယ် ဒါကြောင့် ငါ ဝါသနာပါလို့ ရွေးချယ်တဲ့ဘာသာရပ်မှာ အထူးချွန်ဆုံးဖြစ်အောင် ကြိုးစားသွားဖို့ ဆုံးဖြတ်လိုက်ပြီ မင်းကော စိုး မင်းရည်ရွယ်ချက်က ဘာလဲ အစ်ကိုကြီးတွေရဲ့ စေတနာကိုကော နားလည်ရဲ့လား'

ဇွဲက စိုးမျက်နှာကို စေ့စေ့ကြည့်ပြီးမေးလိုက်သည်။ စိုးက ခေါင်းကိုတစ်ချက်ပွတ်လိုက်ပြီး

'ဟာကွာ ဘာတွေမှန်းလဲမသိဘူး စိတ်ရှုပ်တယ်ကွာ'

ယောက်ျားဆန်သော်အမူအယာများက အကျင့်ပါနေမှုရသော စိုး၏ ပြုအမူများကို ဇွဲက ပြုံး၍ကြည့်နေမိရာ စိုးက ရုတ်တရက်ပြုံးမိလိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြည့်တာလဲ အဲဒီလိုမကြည့်နဲ့ကွာ ငါမကြိုက်ဘူး'

ဟု မျက်နှာနီရဲတွတ်လာပြီး သူ့လက်မောင်းကို လက်သီးနှင့်လှမ်းထိုးပြီး ဘောက်ဆတ်ဘောက်နှင့် ထူးကျော်တို့အိမ်ဘက်သို့ လျှောက်သွားလေသည်။

ဖွဲ့က ဟက်ကနဲရယ်ပြီး စိုးနောက်မှ ခပ်ခွာခွာလိုက်ခဲ့လေသည်။ စိုး၏ ရှက်စနိုးဖြစ်သွားသောဟန်ပန်လေးကိုလည်း သူ သဘောကျနေလေပြီ။ စိုး မိန်းမစိတ် လုံးလုံးလျားလျားဝင်လာပြီး မိန်းမဆန်ဆန်ဝတ်စားဆင်ယင်ရန် သူ မည်သည့်နည်းနှင့်ဆွဲဆောင်ပေးရမည်ကို ဖွဲ့အမြဲတွေးနေဟာတ်လေပြီ။

သူငယ်ချင်းတွေနဲ့လည်း ဖွင့်ဟမတိုင်ပင်ရဲ။ စိုးအစ်ကိုတွေနှင့်လည်း မတိုင်ပင်ရဲ။ သူတစ်ယောက်တည်း ကြိတ်တွေးရင်း စိတ်မှာပင်ပန်းနေရသည်ကိုတော့ စိုးဇလပ်က မသိရှာပေ။

စိုးဇလပ်ကိုယ်တိုင်တာလည်း မိန်းမလိုဝတ်စားဆင်ယင်ရမှာ ရှက်နေဟန် တူသည်။ စိုးမျက်နှာကလည်း မကြည်လင်။ စိတ်ရှုပ်ထွေးနေပုံရသည်။

'ဟော့ကောင် ဖွဲ့နဲ့စိုး လာလေကွာ'

ထူးကျော်က သူတို့အား ရိပ်ခနဲ လှမ်းတွေ့လိုက်ပုံရသည်။

အိမ်ထဲမှထွက်လာပြီး လှမ်းခေါ်လိုက်သည်။

'ဘုန်းကြီး တရားဟောနေတာ အနှောက်အယှက်ဖြစ်မှာ စိုးလို့'

'ပြီးပြီ ဆွမ်းဘုဉ်းနေပြီ လာလာ'





ဝါဝါလင်းထိန်နှင့် ရွယ်တူ မိန်းကလေးနှစ်ယောက်ကို တွေ့လိုက်ရသည်။ ထူးကျော်က

'ဒါ ငါ့ညီမလေး နီနီကျော်တဲ့'

ဟု သူတို့ကို မိတ်ဆက်ပေးလိုက်သည်။

နီနီကျော်က လှသည်။ အထူးခြားဆုံးက ဆံပင်အလှဖြစ်သည်။ ဖြူဖြူပိန်ပိန်သွယ်သွယ်လေးနှင့်နီနီကျော်၏နောက်ကြောတစ်ပြင်လုံးကို ပိတုန်းရောင်တောက်နေသော ဆံပင်ကဒူးခေါက်ကွေးအထိ ဖုံးအုပ်ထားလေသည်။

'မင်းမှာ ညီမရှိတာ အခုမှသိတယ်'

'ညီမလေးက ဒီနှစ်ဆယ်တန်းလေ သူကတော့ ဒီမှာပဲကျောင်းတက်တယ် မေမေတို့နဲ့မခွဲနိုင်ဘူးလေ'

ဖွဲ့နှင့်စိုးအား နီနီကျော်က ပြုံးပြကာ

'အစ်ကိုတို့ကို ခေါ်ခဲ့လေ ထမင်းစားခန်းမှာနေရာရှိပါတယ် ကိုဝဏ္ဏလည်း အဲဒီမှာပဲ'

ဖွဲ့က ပြုံးကာ

'အိုကေ ဒါဖြင့်လည်း လိုက်ရတာပေါ့'

စိုးက မျက်စောင်းခဲလိုက်သည်ကို ဖွဲ့၏မျက်ဝန်းထောင့်စွန်းတလှစ်ခနဲတွေ့လိုက်ရာ ဖွဲ့ရင်ထဲ၌ဖျတ်ခနဲတုန်ခါသွားသည်။

မျက်စောင်း. . . ။

လှမ်းလိုက်တဲ့ မျက်စောင်းလေး။ သူ့ထံသို့ ဖြတ်ခနဲပစ်လွှတ်လိုက်သည့် မျက်စောင်းလေး။

မနာလိုဝန်တိုမှုများကြောင့် မျက်စောင်းက စိမ်းကား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သူ့ရင်သို့ ဖောက်ဝင်သွားရာမှ သူ့ခေါင်းထဲသို့လည်း ဖြတ်ခနဲအလင်းတန်းတစ်ခုရောက်လာသည်။

မနာလိုဝန်တိုခြင်းသည် အချစ်၏သင်္ကေတတစ်မျိုးဟု သူကြားဖူးထားသည်။

စိုးသည် မိန်းမလှလေးများကို သူ အလေးစားယူရှိခြင်းကို မကျေမနပ်ဖြစ်ခြင်းဖြစ်သည်။ ဒါ မနာလိုခြင်းကလွဲပြီး ဘာအကြောင်းမှ မရှိနိုင်။

မိန်းမစိတ်ရှိသောစိုးအား ပြောင်းလဲရန် မခဲယဉ်းတော့ပေ။ နည်းလမ်းကောင်း သူ့အာရုံထဲ ဖျတ်ခနဲ ပေါ်လာလေပြီ။

နီနီကျော်နှင့် ဝါဝါလင်းထိန်ကအစ ဆူးပန်း၊ဝတီဦးတို့ကိုအရောတဝင်နေလိုက်ရန် သူဆုံးဖြတ်လိုက်သည်။ တစ်ဘက် မိန်းကလေးတွေလည်း မထိခိုက်စေရန် အကြံဉာဏ်သုံးရဦးမည်။

*





အခန်း(၂၆)

'ဝါဝါ နင်နဲ့က ဝဏ္ဏနဲ့လား ထူးကျော်နဲ့လား'

'နင် ဘယ်သူနဲ့လို့ထင်သလဲ'

ဝါဝါလင်းထိန်က သရက်ပင်ခြေရင်းကို ဝိုင်းကာ ရိုက်ထားသောကွပ်ပျစ်တွင် ထိုင်ကာ နီနီကျော်နှင့် စကားပြောနေရာ သူက စိုးအလစ်တွင် အောက်ထပ်သို့ဆင်းခဲ့ပြီး သူတို့အနီး ထိုင်ကာ ဝင်ရောလိုက်သည်။

ဝါဝါလင်းထိန်က မဖြေသေးဘဲ သူ့အား မေးခွန်းပြန်ထုတ်ရာ သူက

'ငါ မခန့်မှန်းတတ်လို့ နင့်ကိုမေးတာပေါ့'

'နင်ခန့်မှန်းကြည့်ပါဦး'

အခုရေးထဲ ဝါဝါလင်းထိန်က အထာကိုင်နေသည်။ နီနီကျော်က ရယ်လျက်

'နီနီ ခန့်မှန်းပေးရမလား ကိုဇွဲ'

'လုပ်ပါဦး ကျေးဇူးတင်ရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မရဘူး နီနီ သူ့ဘာသာသူ ခန့်မှန်းပါစေ ဖွဲ့က လူလည် ပါ'

သူတို့ရယ်မောပြောဆိုနေစဉ် ပြတင်းပေါက်လိုက်ကာကို ဖယ်ကာ ရပ်လာသော စိုးဇလပ်၏ပုံရိပ်ကို ဖွဲ့က လှမ်းတွေ့လိုက်လေသည်။

နီနီကျော်ခေါင်းပေါ် သို့ကျလာသောခါချဉ်ကို လှမ်းဖယ်ပေးလိုက်သည်။

'ခါချဉ်ဟ နေရာပြောင်းရင် ကောင်းမယ်ထင်တယ်'

'လက်ဖက်ပန်းကန်ထဲမကျလို့တော်သေးတယ် မရဘူးယူ လူလည်မလုပ်နဲ့ ဖွဲ့၊ နင့်မေးခွန်း နင်ပြန်ရုပ်သိမ်းမယ်ဆိုရင်တော့လည်း ဂိုးတော့'

ဝါဝါလင်းထိန်က လက်ဖက်ခပ်စားရင်း သူ့အား ပြောလိုက်သည်။

'ဝဏ္ဏနဲ့'

သူ လွှဲပြောင်းပြောလိုက်သည်။

'ဟာဟ မှားတယ်'

'ဒါဖြင့် ထူးကျော်နဲ့ပေါ့ ဟုတ်လား'

'ဟုတ်တယ်နော် ယျောင်းမ'

နီနီကျော်က ရယ်ကာ

'ဟုတ်တယ်'

'နင်က လူကဲခတ်ပညာကျွမ်းသားပဲ'

'ငါက တုတ်ရမ်းလိုက်တာ'





'ဘာလဲ တုတ်ရမ်း'

'ရမ်းတုတ်လေ'

သုံးဦးသား ရယ်မောလိုက်ကြသည်။

အမှန်တော့ ဖွဲ့သည် တမင်ဝင်ရောတမင်ရယ်နေခြင်းဖြစ်သည်။ ထူးကျော်နှင့်ဝါဝါလင်းထိန်တို့ ငြိနေကြသည်ကို သူသိပြီးသားဖြစ်သည်။ ထူးကျော်က သူနှင့် ဝဏ္ဏကို တိုင်ပင်ပြီးသားဖြစ်သည်။ ဝဏ္ဏကတော့ သူ့တိုက်ခန်းကို လာရင်း ဝတီဦးကို သဘောကျနေသည်။ ဝတီဦးနှင့် ဝဏ္ဏကြား၌ သူ ဖူးစာရေးနတ်မင်းလုပ်ရတော့မည်။

သူမသိမသာ ပြတင်းပေါက်ကိုလှမ်းကြည့်လိုက်သည်။ လိုက်ကာဆွဲစေ့ထားပြီး စိုးဇလပ် မရှိတော့ချေ။

စိုးဇလပ်ကိုမမြင်ရတော့ သူ ရင်ထိတ်သွားသည်။ ဘယ်ကောင်တွေနှင့်များ သွားရောနေသလဲ။

'ထူးကျော်ဆီသွားလိုက်ဦးမယ် ဒါထက် ဝါဝါ နင်ဘယ်အချိန်ပြန်မှာလဲ'

'ညနေမှလေ ငါ ကိုလတ်ဆီမှာ တစ်နေ့လုံးခွင့်ယူထားတာပဲ ထူးကျော်ပြန်မှပြန်မယ်'

'ဒါဆို ဝဏ္ဏကောပေါ့'

စိုးဇလပ်က အောက်သို့ဆင်းလာသည်။

'ငါပြန်မယ်'

'ဟာ ဘာဖြစ်လို့လဲ'

'ကိစ္စရှိတာသတိရလို့ မင်းနေချင်နေနေ ငါ လိုင်းကားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပဲ ပြန်မယ်'

'ဟာ မဟုတ်တာ'

'ဘာဖြစ်လို့လဲ စိုးဇလပ်'

ဝါဝါလင်းထိန်က လှမ်းမေးလိုက်သည်။

စိုးဇလပ်က လှည့်မကြည့်ဘဲ

'ကိုယ်ရေးကိုယ်တာကိစ္စပေါ့ မင်းကိုပြောရမှာလား'

'ဟင် ကိုစိုးဇလပ်ကလဲ ကိုကို ပြောတော့ ညနေအထိ နေကြမှာဆို'

နီနီကျော်ကပါဝင်ပြောလိုက်သည်။ နီနီကျော့်ကိုကြည့်ရသည်မှာ စိုးဇလပ်ကို မျက်စိကျနေပုံရသည်။

အင်းလေ.. စိုးဇလပ်ပုံစံကလည်း တကယ့်ယောကျ်ားလေးပဲ။ ဝန်မခံသရွေ့ ဘယ်သူကမှ မိန်းကလေးပါဟုခန့်မှန်းမိကြမည်မဟုတ်ချေ။

'အစက ဟုတ်တယ် ခုမှကိစ္စတစ်ခုကိုသတိရလို့ ငါသွားမယ် ဇွဲ'

'ဟာ.. မင်းသွားမှတော့ ငါလည်း ပြန်မှာပေါ့'

'မင်းနေချင်နေပါ ငါ သာသနာဖျက်မလုပ်ချင်ဘူး'

'ကဲပါကွာ ထူးကျော်ကို သွားပြောလိုက်ဦးမယ် ခဏစောင့်'

ဇွဲ ကိုယ်ရှူးကိုယ်ပြန်ပတ်နေပြီ။

စိုးစိတ်ကို စမ်းကာမှ စိုးက သူ့အားပြန်စမ်းနေပြီ ထင်သည်။ စိုးအား အမှန်ဆို တစ်ယောက်တည်းလွှတ်လိုက်ရမည်။



သူက မိန်းကလေးတွေနှင့် ရောပြီး နေပြခဲ့ရမည်။ ခုတော့ စိုးအားစိတ်မချ။ လိုင်းကားစီးတတ်မှာလည်း မဟုတ်။ တောင်ပေါ်သားက ရန်ကုန်ရောက်လာတာကဖြင့် မကြာသေး။သွားလာလျှင်လည်း အစ်ကိုတွေနှင့် သူကသာ လိုက်ပို့ပေးနေကျ။ ထူးကျော်နှင့် ဝဏ္ဏကို တောင်းပန်လိုက်သည်။

'ကဲပါ ပြန်ပါ ရပါတယ် စိုးပြန်မယ်ဆိုကတည်းက မင်းပါပြန်မယ်ဆိုတာ သိပြီးသား မင်းတို့နှစ်ယောက်က နှစ်ကိုယ့်တစ်စိတ်လေ'

ဇွဲက ဝဏ္ဏစကားကို ငြင်းချက်မထုတ်တော့ဘဲ ဟဲကနဲရယ်ကာ ထူးကျော်မိဘများကိုပါ နှုတ်ဆက်စဉ် ထူးကျော်အစ်မက ပန်းတစ်စည်းလက်ဆောင်ပေးလိုက်သည်။

'ဘုရားပန်း စိုးနဲ့ဇွဲ အိမ်ရောက်မှခွဲယူတော့'

ဟုဆိုကာ ယိုးဒယားဂန္ဓမာ တစ်စည်းကို ဖက်နှင့်ထုပ်ကာ ပေးလိုက်လေသည်။

'မမ ကျွန်တော်တို့ပြန်မယ် နောက်မှ အစ်ကိုတွေနဲ့လာလည်ဦးမယ်'

ထူးကျော်အစ်မကတော့ ကျစ်ဆံမြီးအရှည်ကြီး တစ်ချောင်းတည်းကျစ်ထားပြီး အဖျားထုံးထားသည့်တိုင်အောင် မြေပြင်သို့ထိလုထိခင်ဖြစ်နေသည့်ဆံရင်း၌ နှင်းဆီတစ်ပွင့်ပန်ထားသည်။

မိန်းမပီသပြီး ကျက်သရေရှိလိုက်တာဟု ဇွဲတွေးမိနေစဉ် စိုးဇလပ်က ထူးကျော်အစ်မ ဖြူဖြူကျော်ကို နှုတ်ဆက်လိုက်

www.burmeseclassic.com



လေသည်။ ကားပေါ် နှစ်ယောက်သား ထိုင်မိကြသည်။ သူက ပန်းစည်းထုပ်ကို နောက်ခန်းဆိုဖာပေါ် အသာလှမ်းတင်ထားလိုက်သည်။

ဝါဝါလင်းထိန်၊ နီနီကျော်၊ ဖြူဖြူကျော်နှင့် ထူးကျော်၊ ဝဏ္ဏမျိုးတို့က လက်ပြကျန်ရစ်သည်။ သူတို့ကပြန်ပြရင်း ကားမောင်းထွက်ခဲ့သည်။ ထူးကျော်တို့ခြံဝန်းမှလွန်ပြီး အဝေးပြေးလမ်းမပေါ်ရောက်မှ သူက

'မင်း ဘာဖြစ်လို့လဲ ကိုလတ်ကို ညနေမှ ပြန်လာမယ် ပြောထားခဲ့ပြီးပြီဟာကိုကွာ'

'ဒီနေ့ ကိုကြီးပြန်လာမယ်'

'ဒီနေ့မှထွက်လာမှာ ညနေ ဒါမှမဟုတ် မနက်ဖြန်မနက်မှရောက်မှာပါ လေယာဉ်နဲ့လာရင် မနက်ဖြန်မှတ်လား'

'အင်း မင်းဘယ်လိုသိသလဲ'

'မမ ဖုန်းဆက်တယ်'

'မမကို. .'

စိုးဇလပ်မေးရန်ကြံရွယ်ပြီးမှ မေးရန်မဝံ့မရဲဖြစ်သွားပုံရသည်။ဆက်မမေးတော့ဘဲ မျက်နှာနီရဲလာပြီး မျက်နှာလွှဲလိုက်သည်။

ဌွဲက တမင်ကျည်စယ်လို၍

'ဘာလဲ စကားကိုဆက်ပြောလေ မြုံစိစိနဲ့ ထူးကျော်မိသားစုကို အားနာဖို့ဘယ်လောက်ကောင်းသလဲ ညနေအထိနေမယ်ဆိုတာ ပြောပြီးသား'





'ဌွဲ နင် ကားအခုရပ်'

'ဘာဖြစ်လို့ရပ်ရမှာလဲ'

'ငါဘာသာငါပြန်မယ် ထူးကျော်မိသားစုကိုအားနာတာလား ထူးကျော်အစ်မကိုလား ညီမကိုလား ဝါဝါလားပြော မင်းဘယ်သူနားနေချင်တာလဲ ရပ်ကွာ ငါဘာသာ ငါပြန်မယ်'

စိုးက တံခါးကိုဖွင့်ရန် ကြိုးစားသော်လည်း သူက ပါဝါဖြင့် တံခါးအားလုံးကိုပိတ်ထားပြီး ဖြစ်နေသည်။

'ခုတစ်မျိုး တော်ကြာတစ်မျိုး လုပ်လို့ ရမလား ငါက ယောကျ်ားစကားပဲ တစ်ခွန်းပြောပြီးရင် ပြင်လို့ မရဘူး မင်းကို ပြန်ပို့မယ်ဆိုရင် ရောက်အောင် ပို့မယ်ကွာ လမ်းမှာချထားတဲ့ အလုပ် ငါမလုပ်ဘူး'

စိုးဇလပ်က သူ့အား မကျေမနပ်ကြည့်သည်။

'ပြောစမ်း မင်းငါ့ကိုပြန်ပို့ရလို့ မကျေမနပ်ဖြစ်နေတာလား မင်းဘယ်သူ့ကိုချိန်နေတာလဲ ဒီနေ့ကိစ္စအတွက် ငါကမင်းကိုယ်စား တောင်းပန်ပေးရမလား ငါ့ကို မအော်နဲ့ကွ'

'ယောကျ်ားလေးကွ လှလှလေးမြင်ရင် ပတ်သက်ချင်တာ သဘာဝပဲ ဘယ်သူ ဘယ်သူရယ်လို့မှ အစွဲမထားသေးဘူး ရွေးစရာတွေများလေ ကောင်းလေပဲ အဲဒီထဲကမှ ငါ့ရင်ကိုလှုပ်ခတ်စိုးမိုးနိုင်တဲ့သူမျိုးကို နောက်ဆုံးဇကာတင်ရွေးမယ်ကွာ ဘာဖြစ်သလဲ ယောကျ်ားလေးအတွက်အချိန်တွေအများကြီးရှိတယ်။ မိန်းကလေးအတွက်သာ သမီးကညာ အခါမလင့်စေနဲ့ ဆိုတဲ့ စကားရှိတာ'



www.burmeseclassic.com

www.burmeseclassic.com



ဇွဲက စိုးဇလပ်အား သွေးတိုးစမ်းသည့်သဘောမျိုးနှင့် စကားရှည်ရှည်ဝေးဝေးပြောလိုက်သည်။ စိုးဇလပ် ဆတ်ခနဲတစ်ဘက်သို့တိုးကပ်ပြီး

'တော်ပြီ မင်းလိုကောင်နဲ့ ငါ အပေါင်းအသင်း မလုပ်တော့ဘူး'

ဇွဲက ဟက်ခနဲတစ်ချက်လှောင်ရယ် ရယ်လိုက်ပြီး

'ဘာဖြစ်လို့လဲကွ'

'နှာဘူး'

'ဟောဗျာ ရည်းစားတောင်တစ်ယောက်မှမထားရသေးဘူး နှာဘူးဖြစ်ရပြီလား လှတာလေးတွေနဲ့ရောရုံတင်မဲ ရှိသေးတာ မင်းကော ဘယ်သူ့ကိုကြိုက်နေလို့လဲပြောထား မင်းပစ္စည်းဆိုရင် ငါကြိုတင်ရှောင်နိုင်အောင်လို့လေ'

'ဇွဲ မင်းပါးစပ်ပိတ်ထား ငါစိတ်ဆိုးလာပြီနော်'

ဇွဲက တဟဲဟဲရယ်ကာ

'စိတ်ဆိုးရင် မင်းက ငါ့ကိုဘာလုပ်မှာလဲ ဆွဲထိုးမှာလား ထိုးလိုက်လေကွာ'

'ဒိုင်း'

'ဟာ'

ဇွဲကားကိုရပ်လိုက်ရသည်။

စိုးဇလပ် ကားတံခါးကို သူ့ခေါင်းနှင့် ဆောင့်ပစ်လိုက်ပြီး မျက်ရည်များပိုးပိုးပေါက်ပေါက်ကျလာသည်။

'စိုး ဟာကွာ'





ဇွဲ ဘာဆက်လုပ်ရမှန်းမသိ။

စိုးကိုလှမ်းဆွဲရန်လက်လှမ်းလိုက်ပြီးမှ သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်သည်။

ကားကို လမ်းဘေးသို့ချရပ်လိုက်သည်။ နောက် ကိုယ့်အတွက်နှင့် ကိုယ်စူးလေပြီ။ စိုးကို ထိလည်း မထိရဲ၊ ချော့ဖို့ကိုလည်း ဘယ်လိုချော့ရမှန်း မသိ။ မျက်နှာ လွှဲကာ ကားဒက်ချ်ဘုတ်ပေါ် ခေါင်းတင်ကာ တသိမ့်သိမ့်တုန်ခါနေသော စိုးဇလပ်အား မထိရဲ မကိုင်ရဲနှင့်

'စိုး စိုး ငါ တောင်းပန်ပါတယ် ငါ့ကို မင်း ကြိုက်သလို အပြစ်ပေးပါ'

ဟု အသံတုန်ခါလျက်တောင်းပန်လိုက်သည်။

*

www.burmeseclassic.com







## အခန်း (၂၇)

စိုးဇလပ်ရင်မှာ လှိုက်တက်လာသော ကြေကွဲခြင်းတို့က ဘယ်လိုမှထိန်းမရတော့။

တံခါးကို ခေါင်းနှင့်တိုက်လိုက်စဉ် ထိန်းချုပ်ထားသော မျက်ရည်များက အတားအဆီးမဲ့ကျဆင်းလာသည်။

ရှက်လိုက်တာ။

သူ့မျက်ရည်များကို တစ်မိမ်းယောက်ျားတစ်ဦး မြင်သွားနလေပြီ။ အံကြိတ်ရင်း ကားဒက်ချ်ဘုတ်ပေါ် ခေါင်းတင်ကာ မျက်ရည်များကိုရပ်တန့်အောင် စိတ်ကို ထိန်းချုပ်နေသည့်ကြားက မရတော့။

မောကာ အသက်ရှူကျပ်လာသည်။

အားတင်းကာ ခေါင်းထောင်ဖို့ကြိုးစားလိုက်သည့်ကြား



www.burmeseclassic.com

www.burmeseclassic.com



က နက်ရှိုင်းသောချောက်ကြီးတစ်ခုထဲသို့ ထိုးကျဆင်းသလို ခံစားလိုက်ရရာ နီးစပ်ရာ နွယ်တစ်မျှင်ကို လှမ်းယူ ဆွဲဆုပ်ကိုင်လိုက်သည်။

'ဇွဲ'

'စိုး'

ဇွဲလန့်သွားသည်။

စိုးဇလပ် ခေါင်းထောင်ရန်ကြိုးစားရင်းမှ ဝုန်းခနဲ ပြန်ကျသွားသည်။

လက်က တန်းလန်းကျလာသဖြင့် ဇွဲလှမ်းဆွဲကာ ကားကူရှင်သို့ မှီချပေးလိုက်လေသည်။

'မြတ်စွာဘုရားကယ်တော်မူပါ'

သူ့အမေ ယောင်သကဲ့သို့ ယောင်လိုက်မိလေသည်။

ဇွဲ စိုးကိုကူရှင်ပေါ် အသာမှီကာ လက်တစ်ဘက်က စိုးအားထိန်းပြီး ကားကိုမောင်းထွက်ခဲ့သည်။

တော်သေးသည်။

ထောက်ကြံ့နှင့် မင်္ဂလာဒုံကြား၌ ဆေးခန်းသင်္ကေတ ဆိုင်းဘုတ်တွေ့သည်နှင့် ကားကိုကွေ့ချပြီး တစ်ထပ်တိုက်ပုကလေးရှေ့ရပ်လိုက်သည်။

ဒေါ်သီတာ (MBBS.Yangon) ဟူသော ဆိုင်းဘုတ်ကြောင့် သူအားတက်ကာ ကားရပ်လိုက်ပြီး စိုးဇလပ်ကိုထမ်းချလိုက်သည်။ လူက ပိန်သော်လည်း အရပ်က ငါးပေခွဲခန့် ရှိသဖြင့် နင့်နေသည်။



'ဒေါက်တာ ဒေါက်တာ'

ကားဟွန်းသံကြောင့်လည်းပါမည်ထင်သည်။ ဆီးရောင်မှန်တံခါး ပွင့်လာပြီး ခပ်သေးသေးကွေးကွေး အမျိုးသမီးတစ်ယောက်ထွက်လာရာ မြင်ဖူးသလိုလို ရှိ၍ လျှပ်တစ်ပြက် စဉ်းစားနေစဉ်

'ဟင် သီရိမောင်လေးပါလား'

လက်စသတ်တော့ မမသူငယ်ချင်းဖြစ်နေပါလား။ မြင်ဖူးသလိုလိုရှိခဲ့သည်ကိုး။

'လာ လာ ဘာဖြစ်လို့လဲ ကုတင်ပေါ်တင်လိုက်'

တလစပ်မေးလာသောမေးခွန်းကိုမဖြေဘဲ စိုးကို လူနာကုတင်ပေါ်သို့တင်ပေးလိုက်သည်။

'ဖြူဖျော့နေပါလား'

ဇွဲ စိုး၏ဖွေးဆွတ်နေသောမျက်နှာကိုကြည့်ပြီး အတော်စိုးရိမ်သွားသည်။

တစ်ခါကဖြစ်သလို ဖြစ်သွားတာလား။

ဆရာဝန်က နားကျပ်နှင့်စမ်းပြီး သွေးချိန်လိုက်သည်။

'သွေးပေါင်ကျနေတာ'

'လက်နဲ့ခြေထောက်လေးတွေကို ဆုပ်ထားပေးလိုက်ပါ အေးစက်နေတယ် ဆေးထိုးပေးလိုက်မယ်'

သူ စိုး၏လက်ဖျားနှစ်ဘက်ကိုယူကာ ဆုပ်နယ်ပေးလိုက်သည်။

ရေခဲလိုအေးစက်နေသော လက်ချောင်းလေးများ နွေး

www.burmeseclassic.com



ထွေးသွားစေရန် ဆုပ်ထားစဉ် ဆရာဝန်က အညာစောင်တစ်ထည်ယူလာပြီး ခြုံပေးလိုက်သည်။

'သီရိအိမ်တက်တုန်းက တို့လာဖူးတယ် မောင်လေးနဲ့ အိမ်နီးချင်းကောင်လေး အင်း. . ယောကျ်ားမိန်းလေးပဲ သူ့ကိုလည်း အစ်မမှတ်မိတယ်'

ဖွဲ့မျက်နှာနီရဲသွားသည်။

စိုးလက်ကို လွှတ်ချရန်နိုးဖြစ်သွားသော်လည်း နေပါစေ စိုးက လူနာပဲ သူပြုစုခြင်းက ရိုးသားဖြူစင်မှု ရှိသည်။

'သီရိက တော့င်ကြီးကိုပို့စတင်ကျတယ်မှတ်လား သွားဖြစ်လား'

'ဟုတ်ကဲ့ သွားဖြစ်ပါတယ်'

'တို့က ဖောင်ကြီးကို ပို့စတင်လေ ဒီနေ့ ပိတ်ရက်ဖြစ်လို့ ကံကောင်းတာ'

'အချိန်ပေးနိုင်ရင် ပုလင်းကြီးတစ်ပုလင်းလောက် မျိုတ်လိုက်ရင် ကောင်းမယ် မပေးနိုင်ရင်တော့လည်း အကြောဆေးပဲ ဆေးစပ်ပြီး ထိုးပေးလိုက်မယ် ဘယ်လိုလဲ'

'သတိရလာမှာလား'

'ရလာမှာပါ ဆေးထိုးပြီး မကြာခင် ဒါပေမယ့် ညနေမင်းတို့နားက ဆေးခန်းထပ်ပြလိုက်ဦး ပရက်ရှာတော်တော်ကျနေတယ်'

မျက်နှာပူတာကလည်းတစ်ကြောင်း ဒေါက်တာသီတာရှေ့ ကြာကြာ မနေချင်တော့။





ဒေါက်တာသီတာရှေ့၌ စိုးကို သူ ပြုစုမှုကို ခပ်ပြုံးပြုံးကြည့်နေရာ မလုံမလဲဖြစ်နေတာလည်းပါသည်။ ဒေါက်တာသီတာက အကြောဆေးနှင့်ဆေးများကိုစပ်ပြီး

'အင်း အကြောလေးတွေက စိမ်းနေပေမယ့် အကြောသေးပုံပဲ လက်ကောက်ဝတ်မှာပဲ ထိုးရအောင် မောင်လေး သူ့လက်သီးကိုဆုပ်လိုက်၊ ဟုတ်ပြီ တစ်ဘက်က ဒီနားညှစ်ပေးထား၊ အင်း ဆရာဝန်မမောင်ဆိုတော့ လုပ်တတ်မှာပါ'

ဒေါက်တာသီတာက မမသူငယ်ချင်းဟုမပြော၊ စကားလည်း အတော်ပြောလေသည်။

ရှပ်အကျီလက်ကြယ်သီးဖြုတ်ပြီး လက်ကို ခေါက်တင်ပေးထားရာ ဆင်နှာမောင်းသဖွယ် သွယ်ပျောင်းပြီး ဖယောင်းသားသဖွယ်ဖြူသွယ်သော လက်ကလေးက သူတို့ယောကျ်ားလေးလက်များနှင့်ဆန့်ကျင်ဘက်ဖြစ်နေလေသည်။

'အင်း မိန်းကလေးလိုသာ ဝတ်လိုက်ရင် မြင်သူတွေသမင်လည်ပြန်ငေးရအောင် လှမှာ ကျိန်းသေတယ်'

ဆေးထိုးပြီး ဂွမ်းနှင့်ပလာစတာလေးကို အပ်နေရာမှာ ကပ်လိုက်စဉ်မှာပင် ဒေါက်တာသီတာက စကားဆက်ပြန်လေသည်။

ဆေးထိုးစဉ်မှာပင် အနည်းငယ် လူးလွန့်လာပြီး ဆေးထိုးပြီး ငါးမိနစ်အကြာတွင် ပြန်သတိရလာသောစိုးက ရှေ့တရက်ထဟန်ပြင်လိုက်ရာ ဖွဲ့က ပုခုန်းလေးကို အသာဖိပြီး

'စိုး မင်းအရမ်းမထနဲ့ဦး'



www.burmeseclassic.com

www.burmeseclassic.com



စိုးက သူနှင့်ဒေါက်တာသီတာကိုကြည့်လိုက်ပြီး

'ကျွန်တော် ဘာဖြစ်လို့လဲ'

'သွေးပေါင်တွေ တအားကျနေတယ် သွေးအားတိုးစေတဲ့ အစားအစာတွေ များများစားပေး အအေးမမိစေနဲ့ ဇွဲ ဂရုစိုက်လိုက်ဦး'

ဇွဲက ဒေါက်တာသီတာက ဘာကိုရည်ရွယ်ပြီးပြောမှန်းမသိသော်လည်း မျက်နှာမထားရခက်သွားသည်။

စိုးကို မကြည့်ရဲဘဲ

'ဒေါက်တာ ဆေးဖိုး ဘယ်လောက်ကျပါသလဲ'

ဘောင်းဘီအိတ်ကပ်ထဲမှ ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်ရာ

'နိုး နိုး သူငယ်ချင်းအရင်းကြီးနဲ့ ပတ်သက်သူတွေဆီက တို့ယူလို့ ဖြစ်မလား သီရိဖုန်းဆက်ရင်သာ တို့သတိရနေတဲ့ အကြောင်းပြောပြလိုက်ပါ'

စိုးက စောင်တို အသာခေါက်ရန် ပြင်လိုက်စဉ် ဇွဲက ဆတ်ခနဲဆွဲယူကာ ခေါက်ပေးလိုက်သည်။

'နေသာရဲ့လား စိုး'

'အင်း'

'ရရဲ့လား ငါတွဲမယ်'

'ရတယ်'

စိုးက သံပြတ်နှင့်ဖြေသည်။ လက်ပင့်တင်ခေါက်ထားသော ရှပ်အင်္ကျီကိုပြန်ဖြေလိုက်ပြီး ကြယ်သီးတပ်လိုက်သည်။





'ကျေးဇူးတင်ပါတယ် ဒေါက်တာ ကျွန်တော့်ကို ခွင့်ပြုပါဦး'

စိုးက နှုတ်ဆက်ပြီး ဆေးခန်းထဲမှ ထွက်သွားရာ ဇွဲကပါ ဒေါက်တာသီတာအား

'ခွင့်ပြုပါ ဒေါက်တာ'

ဟု ကမန်းကတန်းနှုတ်ဆက်ပြီး စိုးနောက်ကို လိုက်ရသည်။ စိုးက ကားပေါ်မတက်ဘဲ ဆေးခန်းနှင့်တစ်ခြံကျော်သို့ လျှောက်သွားရာ

'စိုး ဘယ်လဲ'

ဇွဲ စိတ်အနှောက်အယှက်အတော်ဖြစ်ရလေပြီ။

စိုးက စတိုးဆိုင်တစ်ခုထဲဝင်ပြီး မုန့်ပုံးတစ်ပုံးဝယ်လေရာ

'ဘာလုပ်တာလဲ'

'ဆေးဖိုးမှ မယူတာ တစ်ခုခုတော့ ပြန်ပေးသင့်တာပေါ့ ပန်းတစ်ဝက်ပေးဦး အိမ်မှာ ဒေါ်မယ် ဒီနေ့ပဲ ဘုရားပန်းတွေ တင်ထားတယ် ကိုကြီးကလည်း ဝယ်လာမှာ ဒေါက်တာကိုပေးလိုက်မယ်'

'အင်း အကုန်ပေးလိုက် အိမ်မှာလဲ. . .'

'တစ်ဝက်ပဲ တစ်ဝက်က ဘုရားသွားလှူမလို့'

စိုးက ခပ်ဆတ်ဆတ်ပြောပြီး ဆေးခန်းသို့ပြန်လျှောက်သွားရာ ဇွဲက ကားဆီသို့ ပြန်သွား၊ ပန်းစည်းကို တစ်ဝက်ခွဲပြီး ဆေးခန်းသို့ပြန်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးမျက်နှာကနီရဲနေသည်။

'ဒေါက်တာသီတာက စိုးလက်မောင်းကို ရင်းရင်းနှီးနှီး လှမ်းဆုပ်ကာထားပြီး

'မမ မပြောတာ မမေ့နဲ့နော်'

ဟု နောက်ဆုံးမှာလိုက်သံကိုကြားလိုက်သော်လည်း ဇွဲက မမေးရဲ။

'အတော်ပဲ ဘုရားပန်းတွေ လဲမလို့ ဈေးသွားမယ်လို့ စဉ်းစားထားတာ ကျေးဇူးပဲနော် ကိုင်း သွားကြ မိုးတွေမည်းနေတာပဲ ကားကိုဂရုစိုက်မောင်းနော် ဇွဲ'

'ဟုတ်ကဲ့'

အစ်မသူငယ်ချင်း ဆိုတော့လည်း ရင်းရင်းနှီးနှီးပင်။ အစ်မကြီးလေသံနှင့် ပူပန်ပေးလိုက်သေးသည်။

ဇွဲက စိုးအား မသိမသာအကဲခတ်ပြီး ကားတံခါးဖွင့်ပေးလိုက်သည်။ စိုးက ကားပေါ် တက်ထိုင်ပြီး ပိတ်လိုက်သည်။ ဇွဲက ကားပေါ်ရောက်ပြီး မောင်းထွက်လာတော့

'နေသာရဲ့လား စိုး'

'အင်း'

'ဘယ်သွားချင်လဲ'

'အိမ်ပဲ ပြန်မယ်'

'ပန်းတွေ ဘုရားသွားလှူမယ်ဆို'

'အင်း ဒါပေမယ့် မိုးတွေ ရွာလာပြီ အိမ်ပဲပြန်ကြရအောင်'





'အင်းလေ မင်းလည်း တစ်ရေးအိပ်ပြီး နားလိုက်တာကောင်းပါတယ် ကားပေါ်မှာ အိပ်လိုက်ပါလား'

'မင်းအပေါ် မတရားဘူးဖြစ်သွားမှာပေါ့ မင်းက ကားမောင်းနေပြီး ဘေးက ငါက အိပ်နေတော့ တရားပ့ါမလား'

'တရားပါတယ် မင်းမှနေမကောင်းဘဲ'

'ဆေးအရှိန်ကြောင့် ထင်တယ် ငါအိပ်ချင်လာပြီ မင်းတရားတယ်ဆို ငါအိပ်မယ်နော်'

'အိပ်လေ ပျော်အောင် အိပ်ပါ'

သူက ကူရှင်နောက်မှီအား လှဲပေးလိုက်သည်။

စိုးက ခါးပတ်ပတ်ပြီး နောက်မှီသို့လှဲချကာ မျက်စိမှိတ်လိုက်သည်။

'အိမ်ရောက်ရင်နှိုးနော် ဇွဲ ကျေးဇူးပဲ ငါမဟာန်နိုင်တော့ဘူး'

'မူးနေတာလား'

'အိပ်ချင်တာပါ'

စိုးငြိမ်သက်သွားသည်။ သူစိတ်ထဲစိုးရိမ်သွားသည်။ စိုးမေ့မျောသွားတာလား။ နေမကောင်း၍ မှိန်းနေတာလား ဟူသော သံသယနှင့် သူ ကားအရှိန်ကိုလျှော့လိုက်သည်။

'စိုး'

'အင် ငါဘာမှမဖြစ်ဘူး အိပ်ချင်တာပဲရှိတယ်။ မောင်းကွာ'

ထိုအချိန်တွင် မိုးက ဝုန်းကနဲ ညာသံပေးတော့ ပြိုဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။ လေကလည်း မိုးမင်းကိုအားပေးလျက် တဟူးဟူးညာသံပေးနေလေသည်။ ဒီလိုမှန်းသိလျှင် ဒေါက်တာသီတာဆေးခန်းမှာပဲ ပုလင်းကြီးချိတ်ကာ စိုးကိုအိပ်ခိုင်းထားပြီး သူကဘေးမှာစောင့်ပေးနေလိုက်လျှင် အကောင်းသား။ ခုတော့ ထစ်ချုန်းမိုး၏ အပေါင်းအသင်းနှင့် ဝုန်းဒိုင်းကျဲမှုအောက် သူကားကို သတိထားမောင်းနေရသည်။ လမ်းလယ်ကပင် သတိထားမောင်းခဲ့သည်။

မင်္ဂလာဒုံရုပ်ရှင်ရုံအနီး မလှမ်းမကမ်းတွင် ကားကိုဘေးချရပ်လိုက်ပြီး စိုးကို လှည့်ကြည့်လိုက်သည်။

စိုးက တကယ်ပင်အိပ်ပျော်နေသည်။ စိုးနဖူးကိုအသာစမ်းကြည့်လိုက်သည်။ အေးတော့ အေးနေသည်။ မှန်ရှုံ့ပိတ်ထား၍ အဲယားကွန်းက မဖွင့်၍မရချေ။ ပန်ကာကိုလည်း ဖွင့်ထားရသည်။ ကားတွင်း အငွေ့များနှင့် မှုန်ဝေနေရာ ကားမှန်ကို သူသုတ်လိုက်သည်။ စိုးကို သူအကျီစားလွန်သွားခဲ့သလား။ စိုးကပဲ မနာလိုဝန်တိုစိတ်အခြေခံ၍ သူ့အပေါ် ချစ်ခင်နေခြင်းလား။ စိုး၏အခုအနေအထားမျိုးနှင့် သူ အချစ်မခံလို။ စိုးကို မိန်းမပီပီသသပုံစံလေး သူ မြင်တွေ့လိုသည်။ စိုးဇလပ်စိတ်က မိန်းမစိတ်ဖြစ်လာပြီး သူ့အပေါ် မည်ကဲ့သို့သဘောထားမည်ကို သူဆန္ဒစောစွာသိချင်နေပြီးမှ သူ့စိတ်ကို သူအံ့သြသွားရသည်။

စိုးကို လက်ဖျားကလေးထိကိုင်ဖို့အရေး နဖူးလေးကိုစမ်းဖို့အရေးကိုတောင်မဝံ့မရဲဖြစ်မိသည်။ စိုးနှာခေါင်းမှအသက်မှန်မှန်ရှူရဲ့လားဟု သူသိချင်လာသည်။ စိုးကြည့်ရသည်မှာ ပုံ





ပြင်ထဲမှ စန္ဒီးဗိုက်မင်းသမီးလေးကို အဆိပ်သင့်ပန်းသီးကြောင့်မေ့မျောနေတာနှင့်ပင်တူနေရာ သူ လက်ညှိုးလေးတစ်ချောင်းနှင့် စိုး၏နှာခေါင်းဝ၌ အသာထားကြည့်သည်။ ထွက်လေလေးလာတိုးမှ သူ၏လက်ကိုရုပ်သိမ်းကာ ပင့်သက်ရှိုက်လိုက်မိသည်။

စိုးစိတ်ဆင်းရဲအောင် သူမလုပ်တော့ဘူးဟု ဗွဲဆုံးဖြတ်လိုက်သည်။ မိုးရှိန် နည်းနည်းလျော့ပါးလာသည်နှင့် သူကားမောင်းထွက်ခဲ့လိုက်သည်။ စိုးကတော့ အပူအပင်အကြောင့်အကျကင်းစွာဖြင့် သူ့အားစိတ်ချလက်ချထားကာ အိပ်မောကျနေဆဲပင်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၂၈)

စိုး နိုးလာပြီ။

ဟင် ကားပေါ်မှာရှိနေဆဲပါလား။

ဘုရားရေ. . ။

စိုး ဘေးကိုကြည့်လိုက်သည်။ ငွဲက ကားကို ဂရုတစိုက် မောင်းနေဆဲ။

'ငွဲ'

'ဟင် စိုးနိုးပြီလား'

'ဘယ်လို ဘယ်လိုဖြစ်တာလဲ'

ငွဲက ပြုံးကာ ကူရှင်ကို ပြန်မတ်ပေးလိုက်သည်။ မိုးက ခပ်ဖွဲဖွဲလေး ကျဆင်းနေဆဲ။

'မင်းအိပ်ပါစေဆိုပြီး ငါက ကားလမ်းရှင်းတဲ့နေရာတွေ ရှောက်မောင်းပေးနေတာ ခုတ်ဆီကုန်ခါနီးလို့ကောင် ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်လိုက်သေးတယ်''

'ဟာကွာ မင်းဟာက မဟုတ်သေးဘူး ဖွဲ ကြည့်စမ်း ဘုရားရေ ညနေတောင်ရောက်တော့မယ် သုံးနာရီခွဲ'

စိုး ဖွဲ့စေတနာကြောင့် တုန်လှုပ်သွားသည်။

'အိမ်ရောက်ရင် နှိုးပါလို့ပြောထားရဲ့သားနဲ့ကွာ'

'မင်းကို အိပ်စေချင်လို့ပေါ့ကွာ ငါက စေတနာနဲ့ပါ'

'ဒါဖြင့် မစ္စတာဂစ်တာကို မောင်းကွာ မင်းကို ကော်ဖီလိုက်တိုက်မယ်'

'မမောင်းတော့ဘူး အိမ်ပဲပြန်မယ် အိမ်ရောက်မှမင်းဖျော်တိုက်ကွာ မင်းလက်နဲ့တိုက်တာပဲ ငါသောက်ချင်တယ် စိုး'

စိုးဇလုပ်ရင်ထဲ လှုပ်ခါသွားရပြန်ပြီ။

စောစောကတော့ မိန်းမချောလေးတွေအကြောင်းကို ရွှန်းရွှန်းဝေလို့။

ယခုတော့ သူမဟုတ်သလိုပင်။

'စိုး နေသာရဲ့လား အိပ်ချင်သေးလား အိမ်ရောက်လို့ မင်းအိပ်ပျော်နေရင် ငါ နှိုးရက်မှာမဟုတ်ဘူး မင်း ကိုယ်ကြီး ထမ်းတက်ဖို့ကလည်း တစ်ထပ်လောက်ဆို အကြောင်းမဟုတ်ဘူး ၄ထပ်ဆိုတော့ ခက်တယ် ဒါကြောင့် မင်းအိပ်ပျော်လက်စနဲ့ ပျော်ပါစေဆိုပြီး ကားလျှောက်မောင်းနေတာ'

'မင်း ညောင်းနေမှာပေါ့ ငါ လိုင်စင်မရှိသေးပေမယ့် မောင်းတတ်တယ် တောင်ကြီးမှာ ကိုကြီးအလစ် မောင်းနေကျကွ'





'စိုး'

'ဘာလဲ'

'မင်း မပြောင်းလဲတော့ဘူးလား'

'ဘာကိုလဲ'

'မင်းကို ငါ မိန်းကလေးလိုမြင်ချင်ပြီကွာ'

'ဟာကွာ'

စိုးမျက်နှာထူပူသွားရပြန်ပြီ။

'သဘာဝအတိုင်း ရှိသင့်ပါတယ် စိုးရာ ဒါ ငါ့စေတနာပါ'

'တော်ကွာ'

'ငါ့ကိုခင်ရင် ပြောင်းလဲပေးပါလားကွာ'

'ဘာလဲ ငါ ပြောင်းလဲပြီဆိုရင် မင်းက ရည်းစားစကားပြောမလို့လား မပြောဘူးလို့ ကတိပေးရင်တော့ တစ်မျိုးပေါ့'

စိုးက ဖွဲ၏အရှိုက်ကိုအလစ်ထိုးပစ်လိုက်သည်။

မြောင်ကျသောအမေးကြောင့် ဖွဲ အောင့်သည်းအောင့်သက်ဖြစ်သွားသည်။

စိုးဇလပ်၏စကားလုံးပစ်ချက်က အရှိုက်ကိုထိသွားလေသည်။

သူ့စေတနာကိုထိပါးခြင်းဟူသောအစွဲဖြင့် ဖွဲ၏ရိုးသားသောမာနကိုထိပါးစေသလိုဖြစ်သွားရာ

'ဒီအတွက် စိတ်ချပါ မင်းအပေါ် ငါထားတဲ့မေတ္တာက ဖြူစင်တယ် ခိုင်မာတယ် မိန်းမကို မိန်းမအဖြစ်နဲ့မြင်တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



တာ ငါ့ရဲ့သစ္စာပဲ မင်းတောင်းတဲ့ကတိကို ငါပေးနိုင်တယ် မင်းဟာ ယောကျာ်းဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ငါ စိုးဇလပ်ကို အိမ်နီးချင်း သက်တူရွယ်တူသူငယ်ချင်းအဖြစ် ဆက်လက်ချစ်ခင်သွားနိုင်တယ်'

စိုးက ဇွဲ၏စကားကြောင့် သရော်သလို ပြုံးမိလေသည်။

'ကောင်းပြီလေ မင်းဟာ ငါ့ရဲ့အနီးကပ်ဆုံး အရိုးသားဆုံးစောင့်ရှောက်ပေးမယ်ဆိုရင်တော့လည်း ကြိုးစားပြီး ပြုပြင်မယ် ငါ သိတယ် ငါ မိန်းမလိုဝတ်စားဆင်ယင်လိုက်ရင် အစ်ကိုတွေတောင် ခေါင်းကိုက်ရမယ့်အဖြစ်ကြုံမှာ အဟုတ်ဟုတ်'

စိုးက လှောင်ရယ်ရယ်လိုက်သည်။

ဇွဲက စိုးဘယ်လိုပြောပြော လှောင်လှောင် စိတ်မဆိုးတော့။

ကျေနပ်နေပြီ။

စိုး ပြုံးပျော်ရွှင်လန်းနေတာကိုပဲ သူမြင်တွေ့လိုသူ ဖြစ်ရာ

'ကောင်းပြီလေ မင်း စိန်ခေါ်မှတော့ ငါက တိမ်ပေါ်အထိလိုက်ရဲတဲ့သူပဲ ပြင်စမ်း မင်းကြိုက်သလိုသာပြင် ဒါပေမယ့် တစ်ခုတော့သတိပေးမယ်နော် ဟီရိုသြတ္တပ္ပနဲ့ကင်းကွာတဲ့ ဝတ်စားဆင်ယင်မှုတော့ ငါ အားမပေးနိုင်သလို မင်း အစ်ကိုတွေလည်း အားပေးမှာမဟုတ်ဘူးနော်'

'ငါသိပါတယ် မင်းဆရာမလုပ်ပါနဲ့'

စိုးက သူ့အား မျက်စောင်းထိုးကာ ပြောလိုက်ခြင်းကို





ဇွဲက မနောခွေ့သွားပြီး ပြုံးလိုက်မိလေသည်။

စိုးအပြုအမူလေးတွေ မိန်းမ ဆန်လာပါက သူရင်ထဲ ဒီထက်မက ကြည်နူးနိုင်လိမ့်မည်ထင်ပါသည်။

သို့သော် . . .

ချီနှောင်လိုက်သော စိုးကတိစကားက သူ၏ရင်တွင်းကို ဖောက်ထွင်းမြင်ယောင်နေသည့်အလားပင်။

*



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၄)



www.burmeseclassic.com

www.burmeseclassic.com







အခန်း (၂၉)

'ဒွေးရေ စိုးက မင်းကျောင်းချိန် ဘယ်အချိန်လဲတဲ့'

စိုးက ကိုယ်တိုင် မလာဘဲ ဒေါ်မယ်ကို မေးခိုင်းလိုက်သည်။

'စိုး ဘာလုပ်နေလဲ'

'မသိဘူး ရေချိုးနေတယ်ထင်တယ်'

'ကိုးနာရီမှာ သွားမယ်'

'သူက ရှစ်နာရီတဲ့ ပို့နိုင်ရင်လိုက်ပို့ပေးဖို့မှာလိုက်တယ်'

'ပို့ပေးမယ်လေ'

ကိုယ်က နောက်ဆုံးနှစ်ရောက်လာပြီ ဖြစ်၍ စိုးနှင့်ကျောင်းချင်းမတူ။ စိုးက သူ့ဘဝကို ပြောင်းလဲပါမည်ဟု ပြောထားသော်လည်း တစ်နေ့ကအထိ မပြောင်းလဲသေး၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတွေက သူတို့ကြောင့် ပြောင်းလဲခဲ့ရသောဘဝတုမှ ဘဝအစစ်အမှန်ကို ပြန်ရောက်စေရန် ပံ့ပိုးပေးကြသည်။ အဝတ်အစားဘီရိုတစ်လုံးနှင့်အပြည့်ဖြစ်စေရန် စက်ချုပ်ဆရာကို အိမ်ခေါ်ပြီး ဖိစကဒ် စကဒ်လုံချည်တို့ကအစ ချုပ်ပေးကြသည်။ အင်္ကျီကို ရယ်ဒီမိတ်တင်မက တိုင်းရင်းဖြစ်ဒီဇိုင်းလေးတွေနှင့်လည်း ချုပ်ပေးသည်။

မှန်တင်ခုံတစ်လုံးဝယ်ပေးပြီး စိုးဇလပ်အခန်းထဲမှ သူတို့ဘီရိုများကိုထုတ်ပြီး ဘုရားခန်းတွင် ပြောင်းထားကြပြီး စိုးဇလပ်ဘီရိုနှင့်မှန်တင်ခုံစာကြည့်စားပွဲ အကုန်ပြုပြင် ပြောင်းလဲပေးသည်။

စိုးဇလပ်က ရယ်ကာ အစ်ကိုများကို

'စိတ်ချပါ ကျွန်တော် အချိန်တန်ရင်ပြောင်းမှာပေါ့'

ဟုပြောကာနှစ်ဆိမ့်ထားရာ အစ်ကိုများနှင့်အတူ သူပါလိုက်ပြီး ရင်မောနေရသည်။ မနေ့ညကတော့ တိုင်ယ်နှင့် ဆံပင်ညှပ်ဆိုင် သွားသည်။ တူးစတက်လေး ညှပ်လာသည်။ သို့သော် ဦးထုပ်ဆောင်းလာသည်။

တော်တော်ရှုတ်သည့် စိုးဟု သူ မချင့်မရဲဖြစ်မိသော်လည်း ရှက်မှာစိုး၍ ချောင်းကြည့်ရုံမှအပ ဘာမှမပြောရဲ။ ပေါ်ပေါ်တင်တင်ပင် မကြည့်ရဲခဲ့ချေ။

စိုး သူ့အား ရှောင်နေသည်မှာ တစ်ပတ်နီးပါးရှိနေပြီ။ ကိုကြီးကပြန်လာပြီး တစ်ပတ်နေသွားသည်။ စိုးအတွက်ဟု ရည်စူးကာ မီတ်ခ်တူးကား ငွေမှင်ရောင်လေးဝယ်ပေးခဲ့သည်။ အစ်ကို





တွေ အားတဲ့သူက လိုက်ကြိုလိုက်ပို့ပေးရမည်ဟု အမိန့်ချသွားခဲ့သည်။ လွန်ခဲ့သောဝစနှစ်ကျော်ကာလကတမ်းတာခဲ့သော သူတို့၏ညီမလေးသည် ယခုမှ အသက်ဝင်လှုပ်ရှားမွေးဖွားလာဟန်တူသည်။ သူပင်လျှင် အစ်ကိုတွေနားနီး၍ စိုးအတွက်အလှပြင်ပစ္စည်း ဖိနပ်ကအစ ဒေါ်မယ်ဆီက အတိုင်း ယူကာ ဝယ်ပေးခဲ့သည်ကို စိုးပင် မသိချေ။

ယခုတော့ ဇွဲရေချိုးပြီး အဝတ်အစား မြန်မြန်လဲလိုက်သည်။ မနက်စောစောကတော့ ကားကိုရေဆေးပြီးပြီဖြစ်သဖြင့် သန့်ကာ တောက်ပြောင်နေသည်။ ဝရံတာမှ ကားကို ငုံ့ကြည့်လိုက်ပြီး နာရီကြည့်လိုက်သည်။ ကိုလတ်ကားကို မတွေ့ရတော့ချေ။ မတ်ခ်တူးကတော့ ရှိနေသည်။

ထိုအချိန် လှျပ်စစ်ခေါင်းလောင်း မြည်လာသည်။ သူ ရင်ခုန်စွာဖြင့် တံခါးဖွင့်ပေးရန်ပြေးလာစဉ် ဒွေးလေးက ဖွင့်ထားပြီးဖြစ်နေသည်။

'ကိုထွေးပါလား စိုးကော'

'အေးကွာ သွားမယ်တဲ့'

မရွှေချောစိုးက အစ်ကိုကို အကြိုတော်ထောက် လွှတ်လိုက်သေးသည်။

'ဒေါ်မယ် ဘာကြည့်တာလဲ ကျွန်တော် စိတ်ညစ်သော်ပြီဗျာ'

စိုးအသံ သူတို့အခန်းမှထွက်လာသည်။

ကိုထွေးက သူ့အား



www.burmeseclassic.com

www.burmeseclassic.com



'ရှက်တော်မူနေတယ် လာဆင်းနှင့်မယ် ကိုထွေးအပြန် ကြိုပေးမယ် ဒွေးလေး ဝရံတာကပဲ ကြည့် ရှက်ပြီး ပြန်လဲနေမှ ဒုက္ခရောက်နေဦးမယ်'

အစ်ကိုတွေက သူတို့ညီမလေးအတွက် တော်တော်ပဲ အကဲပိုနေကြပုံရသည်။

'အေးပါဟယ် တကဲတည်းလုပ်တာများ ဂုဏ်ယူစရာပေါ့ တော်'

ဒွေးလေးကပြောပြီး တံခါးကိုပိတ်လိုက်သည်။

သူလည်း ကျောပိုးအိတ်ကိုယူကာ ကိုထွေးနှင့်အတူ အောက်ထပ်သို့ဆင်းခဲ့လေသည်။ ကိုထွေးက ကားကိုစက်နှိုးရင်း လှေကားဝသို့မသိမသာလှမ်းကြည့်နေသည်။ နောက် ဟွန်းသံ တစ်ချက်ပေးလိုက်သည်။ လှေကားဆီမှ ချူသံကြားရသည်။ ဗွဲ ရင်တွေ အဆမတန် ခုန်လာသည်။ စိုးဇလပ်ကို စိတ်ကူးထဲက နေ ပုံဖော်ကြည့်ပြီးသားဖြစ်သည်။

'အာ'

ကားထဲမှ ထိုင်ရင်း မျက်လုံးက လှေကားဝဆီသို့သာ ရောက်နေသည်။

ဟင်. .

မိုးပေါ်က နတ်သမီးလေး နတ်သက်ကြွေလာသလား အောက်မေ့လိုက်ရသည်။ သူပါးစပ်အဟောင်းသားငေးကြည့် မိသည်။ လုလိုက်တာ စိတ်ကူးကမ္ဘာထဲကထက် အများကြီး ပို လှနေသည်။





ရင်တွေ တဒိန်းဒိန်းခုန်လာသည်။ ဒုက္ခပါပဲ ဒီအတိုင်း သာဆိုလျှင် ဖွဲကောင်းထက်တစ်ယောက်တော့ ခက်ခက်ရချည် ရဲ့။ အနာဂတ်ပန်းတိုင်နှင့်အချစ် ရောထွေးသွားလျှင်၊ ကတိ ဖျောက်ဖျက်လျှင်ရမယ့်အပြစ်ဒဏ်ကကော. . .။

သူက ရှေ့ခန်းတံခါးဖွင့်ပေးထားသော်လည်း နောက် ခန်းကိုဖွင့်ကာထိုင်လိုက်သဖြင့် သူရင်ထဲ မကျေမနပ်ဖြစ်သွား သည်။ စိတ်လှုပ်ရှားမှုကိုဖုံးကွယ်သည့်အနေဖြင့်

'ရှေ့မှာ ဘာလို့လာမထိုင်ရတာလဲ အမိရဲ့ ကျုပ်က ခင် ဗျားဒရိုင်ဘာလား'

'မပြောနဲ့ကွာ ငါငိုမိလိမ့်မယ်'

'ဗုဒ္ဓေါ'

သူကပဲ တရားခံဖြစ်ရတော့မည့်ပုံပင်။ သူ ကားမောင်း ထွက်လိုက်သည်။ ကိုထွေးက လက်လှမ်းပြလိုက်သည်။ ကိုထွေး က သူတို့ကားကို ဦးစားပေးပြီး နောက်မှ လိုက်ထွက်ခဲ့သည်။

ပကတိဖြူစင်ဝင်းမွတ်နေသောအသားအရည်ကို လိုး ရှင်း လူးထားပုံရသည်။ သို့သော် ပင်ကိုယ်အသားအရည်ကပဲ အရောင်ပြောင်းနေသလား မသိ။ ရှက်သွေးစို့နေသောပါးပြင် က စတော်ဗယ်ရီရောင်ပြေးနေသည်။ ဝတ်ထားသည်က ထော ပတ်သီးမှည့်ရောင်လေးနှင့်လိုက်ဖက်သောအညှိအစင်းအကွက် ချိတ်ဆင်ဆန်းပါသော တိုင်းရင်းဖြစ်မာစရိုက်ကို သေသပ်စွာ ဝတ်ဆင်ထားသည်။

ခါးသေးရင်ချီ ပဒုမ္မကြာမှန်း မြန်မာအမျိုးသမီးအဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားကြောင့် ပေါ်လွင်ထင်ရှားနေသည်။ ပလက်တီနံနှင့် စိန်ပွင့်လော့ကက်၊ လက်စွပ်၊ ဟင်းချိန်း အပြည့်အစုံပါလား။ ဖိနပ်ကတော့ သူဝယ်ပေးထားသော ရှားနှစ်ရောင်ကတ္တီပါ သဲကြိုးလေး၌ ခြူလုံးလေးများတပ်ဆင်ထားသောဖိနပ်လေးဖြစ်သည်။

သူကျေနပ်သွားသည်။

ကားမောင်းရင်း မည်ကဲ့သို့စကားစရမှန်းမသိ။ စိုးရှက်နေမှန်းသိသည်။

'စိုး'

'ဘာလဲကွ'

မိန်းမဆန်သောအသုံးအနှုန်းများက ရှိနေဆဲပင်။ ကိစ္စမရှိဘူး တဖြည်းဖြည်းတော့ ပြောင်းလဲလာမှာပါဟု ဖြေစိတ်ကလေး တွေးလိုက်သည်။

'ဘယ်အချိန်ပြီးမှာလဲ'

'နေ့လည် နှစ်နာရီဆယ့်ငါး ကိုထွေး လာကြိုပေးမယ် ပြောတယ် မင်းလာမကြိုနဲ့'

'စောစောကကြိုပြောရင် ငါပဲလာကြိုပါတယ် မင်းအချိန်ဖယ်ထားပေးထားလေကွာ'

'အင်း ကိုလတ်က အစ်ကိုတွေကို မိတ္တူဆွဲပြီး အကြိုအပို့လုပ်ခိုင်းပြီးသား ဒီနေ့က ကိုလတ်မအားလို့ မင်းကို အကူအညီတောင်း ရတာ'

'အစ်ကိုတွေထဲမှာ ငါ့ကို ဘာလို့မထည့်တာလဲ'

'မင်းက သူငယ်ချင်းပဲကွာ ကျောင်းချင်းလည်း တူမှ မ



တူတာ'

'ဘာပဲဖြစ်ဖြစ် ငါ မင်းကို အကူအညီပေးမယ်လို့ပြောပြီးသားပဲ စိုး'

'အေးကွာ နောက်တော့ပြန်ညှိကြတာပေါ့ မင်းရည်မှန်းချက်အတွက်ဆို အချိန်တွေက တန်ဘိုးရှိလာလိမ့်မယ် ငါ့ကိုပေးမယ့် အချိန်အစား စာကြည့်တိုက်တို့ ဆရာတွေထံမှာတို့ မင်းအချိန်ပိုသုံးသင့်တယ် ထင်လို့ပါ'

စိုးက အနည်းငယ်အသားကျသွားဟန်တူသည်။ နောက်မှာဆိုတော့ မျက်နှာချင်းဆိုင်စရာမလိုတာလည်းပါသည်။

'ဩော် မင်းကို တစ်ခုတောင်းပန်ချင်တယ် စိုး'

'ဘာလဲ'

'ရှေ့တိုက်က ဝတီဦးကလည်း ဆေးတက္ကသိုလ်ပဲ'

'ဘုရားရေ'

'အဲဒါ ငါနဲ့ကျောင်းသွားအပြန် လိုက်ချစ်လို့တဲ့ အကူအညီတောင်းတယ်'

ကားနောက်ကြည့်မှန်ထဲမှတစ်ဆင့် စိုး၏မျက်နှာဖူးဖူးကလေးကိုကြည့်လိုက်သည်။

စိုးမျက်နှာတင်းခနဲဖြစ်သွားသည်။ အမှန်တော့ သူသွေးတိုးစမ်းနေခြင်းဖြစ်သည်။ တကယ်တော့ ဝဏ္ဏမျိုးနှင့်ဝတီဦးသည် သူ၏အောင်သွယ်ကောင်းမှုနှင့်အတွဲဖြစ်သွားကြလေပြီ။ ဝဏ္ဏမျိုးကလည်း အိမ်စီးပင်ဖြစ်ရာ ဝတီဦးအား အကြိုအပို့အတွက်တာဝန်ယူပြီးသားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ဘာဖြစ်လဲ'

'အပမ်းမှမကြီးတာ ကူညီလိုက်ရမလား'

'ရတယ်လေ အဲဒီလိုဆို မင်းကားကို ငါဘယ်တော့မှမစီး တော့ရုံပဲရှိတယ်'

'အဲဒါ သဝန်တိုတဲ့သဘောလား'

သူက ပြုံး၍မေးလိုက်သည်။

စိုး၏မျက်နှာနီရဲတွတ်သွားပြီး

'မင်းစကားက ဘာသဘောလဲ မင်းပေးထားတဲ့ ကတိ မေ့သွားပြီလား'

'မင်းကို ကိုယ်ဘာပြောလို့လဲ ကိုယ့်စိတ်ကို ပြောတာမှ မဟုတ်တာ မင်းစိတ်ကိုမေးတာလေကွာ'

'အခုမှ စကားတောင်စားနဲ့ လာတွေ့နေတယ် မင်းကား မင်းသဘောပဲ ဒါပေမယ့် ငါ့သဘောကတော့ မင်းကားပေါ်မှာ မိန်းမတွေတစ်ယောက်ပြီးတစ်ယောက်ပြောင်းတင်တာမျိုး ဆို ရင် ငါ့ရဲ့ဂုဏ်သိက္ခာကိုပါထိခိုက်စေနိုင်တဲ့အတွက် မင်းအခြား မိန်းမတစ်ယောက်ကိုတင်လိုက်ပြီဆိုတာနဲ့ ငါမင်းကားမစီးတော့ ဘူး ဒါပဲ ဋ္ဌေ'

ဋ္ဌေက ပြုံးနေလိုက်သည်။

စိုး၏ အပြောအဆိုက ယောက်ျားဆန်နေသေးသော် လည်း နားထောင်၍ကောင်းနေသည်။

သူ နားထဲယဉ်ပါးနေပြီ။

ထိုမျှဆတ်ဆတ် ခပ်ပြတ်ပြတ် အပြောအဆိုကိုတစ်





သူ့ရင်ကိုစွဲနေလျှင် ချိုသာချွဲနွဲ့သော မိန်းမဆန်သော်အပြောအ ဆိုနှင့်သာဆိုပါက သူ၏ထိန်းချုပ်နိုင်သောစွမ်းအင်မှန်သမျှတို့ အရည်ပျော်ကုန်မှာ ကျိန်းသေသည်။

'ဘာပြုံးတာလဲ ဋ္ဌေ'

'လှလို့'

'ဘာ'

'ဟုတ်တယ် မင်းက အဲဒီလိုဝတ်တော့လည်း လှတာပဲ'

'သွားစမ်းပါ'

မျက်နှာထားရခက်ပြီး ရှက်ကိုးရှက်ကန်းနှင့် ဖိုင်တွဲကို ဖွင့်ကာ မျက်နှာကွယ်ထားလိုက်ပုံလေးက သူ့ရင်ကို စွဲသွားလေ ပြီ။

ခက် ခက်ရချည်ရဲ့။

မင်းဟာ ယောက်ျားစစ်စစ် စိုးဖြစ်ခဲ့လျှင် သိပ်ကောင်း မှာပဲ။

သို့ဆိုပါက သူသည် လွတ်လပ်စွာဖြင့် စကြိုးစားနိုင် မယ်။ ရင်ထဲ ဘယ်သူ့ကိုမှထည့်မထားဘဲ ပျော်ပျော်ပါးပါးနှင့် လူငယ်တို့၏ဘာသာဘာဝ ပေါ့လားဝါးလားလေးလည်း လုပ် ရင်း မိန်းမချောလေးတွေကို လိုက်ကာ ရောတောချီလုပ်၍ ရ သည်။

ယခုတော့ စိုး၏လပ်က သူငယ်ချင်းဟူသော သံယော ဇဉ်နှောင်ကြိုးနှင့် သူ့အားရစ်ပတ်ချီနှောင်ပြီးမှ သူ့နှလုံးသားကို ပြောင်း၍ ရစ်ပတ်ချီနှောင်လိုက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'စိုးရာ မင်းကြောင့် ငါတော့ ရှုးရလိမ့်မယ် ထင်တယ် ကွာ'

ဟူသော စကားကိုတော့ ရင်ထဲ၌သာ ညည်းတွားလိုက်သည်။

နှုတ်မှမဖွင့်ဝံ့ရဲ။

တော်ကြာ မရွှေစိုးက ဖြူဖျော့ပြီး သတိလစ်သွားရင် သူပဲမောကြောဆိုက်ရဦးမည်ဖြစ်သည်။

*





## အခန်း(၃၈)

'အဲဒါမှ ဒုက္ခပဲ ဖွဲ့'

စိုးဇလပ်စိတ်တွေ ဘယ်လိုက ဘယ်လိုဖြစ်ပြီး ပြောင်းလဲသွားမှန်းမသိ။

အစ်ကိုတွေကြား၌ ယောကျ်ားလေးစိတ်မျိုး ထားကာ သွားလာစဉ်တုန်းကကဲ့သို့သောရဲရင့်မှုမျိုး လုံးဝပျောက်ဆုံးသွားပြီ။ ယခုမှ မူကြိုစတက်မည့် ကလေးငယ်တစ်ဦးလို ကျောင်းဝရောက်သည်နှင့်ဘယ်ကနေ ဘယ်အတန်းရှာပြီး ဘယ်လိုစတက်ရမည်မသိ။

'ဘာဖြစ်လို့လဲ စိုး'

'ငါ့မှာ သူငယ်ချင်းမှ မရှိတာ ဘယ်အတန်းကို ဘယ်လိုသွားတက်ရမှာလဲ ကိုယ်ကလည်း ဒီနေ့မှ ပရက်ဘ်ကယ်ရှိရတာယ်လို့'

www.burmeseclassic.com

www.burmeseclassic.com



စိုးဇလပ် မလိုချင်သောမိန်းမဘဝကို အစ်ကိုတွေကပဲ ပြန်ရှုံးသည်ပို့ဆောင်ပြီး ခုတော့ အနားမှာ ဖွဲ့သာမရှိလျှင် သူဘာ လုပ်ရမှန်း မသိ။

'ငါ လိုက်ပို့ပေးမယ်လေ ငါ နင့်ကို နင်တက်ရမယ့် အတန်းထဲအထိပို့ပေးပြီး အဖော်ရမှပြန်မယ်'

ဖွဲ့က အလွန်သဘောကောင်းသူဖြစ်သည်။

သို့သော် သူ့ကြောင့် ဖွဲ့ကျောင်းပျက်မှာလည်း စိုးရိမ် ပြန်ရာ

'မင်း အတန်းပျက်မှာပေါ့'

'တစ်ချိန် လွန်ရော ကျွံရော နှစ်ချိန်တော့ လွတ်သွား မှာပေါ့ ကိစ္စမရှိပါဘူး။ နောက်မှပြန်မေးလည်းရမှာပါ ကဲလာ'

ဖွဲ့က စိုးကို သူကိုယ်တိုင်လည်း စိတ်မချဖြစ်နေတာပါ သည်။ ခုပဲကြည့် စိုး ကားပေါ်က ဆင်းလိုက်သည်နှင့် စိုးထံ ရောက်လာသော ပုရိသတို့၏ အကြည့်က သူတို့ထုံးစံအတိုင်း အကြည့်များတို့ဖြစ်ပြီ။

ဂုဏ္တတ္ထိယတို့အကြည့်က အားကျသောအကြည့်။

သူ့ရင်ထဲ၌ စိုးနှင့်တွဲရခြင်းအတွက် အလိုလိုဂုဏ်တက် သလိုခံစားရပြီးမှ စိုးအား ကျီစယ်ချင်လာပြန်သည်။

'ဒုက္ခပဲ စိုး မင်းနဲ့ ငါ့ကို အတွဲထင်သွားရင် မင်းတော့ အောက်ပြီ နံပါတ်ကြီးနဲ့ဆိုပြီး မင်းနား ဘယ်သူမှ ကပ်ရဲတော့ မှာ မဟုတ်ဘူး'

'ဖွဲ့ မင်း ဘယ်လိုဖြစ်နေတာလဲ ငါကျောင်းတက်တာ





အတွဲရဖို့ မဟုတ်ဘူး'

သူ့အား ခပ်တိုးတိုးကျိတ်၍မာန်မဲလိုက်သည်။ စိုးဇလပ် ဘာပဲပြောပြော ဖွဲ့အနားမှာရှိနေလျှင် ပြည့်စုံပြီး လုံခြုံမှုရှိသွား သလို ခံစားလိုက်ရကြောင်း သူ့ကိုယ်သူ ဆန်းစစ်မိလိုက်လေ သည်။

ဖွဲ့ကိုကြည့်သော ဂုဏ္တတ္ထိယတို့၏ မျက်လုံးကို စိုးဇလပ် မနာလိုဝန်တိုဖြစ်မိလေပြီ။

'ဖွဲ့ မင်းလက်မောင်း ငါ့ခဏငှား'

'ဟောဗျာ'

'ငါ ခြေလှမ်းမှားချင်လာပြီ မင်းလက်မောင်းကို ငါလှမ်း ကိုင်အားပြုမှဖြစ်တော့မယ်'

'ယူပါဗျာ ခဏပဲငှားငှား အပိုင်ပဲယူယူ မင်းစိတ်ကြိုက် သာ ကိုင်ကိုင် ချိတ်ချိတ် မင်းပြုသမျှ နုရမယ့်ဖွဲ့ဘဝပါကွာ'

ဖွဲ့က တမင်သူ့အနေမခက်စေရေးအားပေးနေခြင်းဖြစ် ကြောင်း စိုးက သိနေပြန်သဖြင့် ဖွဲ့ကို ကျေးဇူးတင်မိပြီးရင်းတင် မိရာက အားကိုးစိတ်တို့က ပိုလာလေသည်။

'ကျေးဇူးပဲကွာ ငါသာ ဒီပုံစံနဲ့မင်းသာလိုက်မပို့ပေးရင် ငါပြန်ပြေးမိမှာကျိန်းသေတယ် မင်းစာလွတ်သွားတာရှိရင် ငါ ပြန်ကူးပေးပါ့မယ်ကွာ'

'အဲဒီ ကွာကြီး မထည့်ဘဲ ကောင်မလေးတွေလိုပြော၊ ပြီးတော့ တောင့်တောင့်ကြီးလမ်းမလျှောက်နဲ့ဦး'

'ဟောဗျာ ဒုက္ခပါပဲ. . စည်းကမ်းချက်တွေက တစ်ခုပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတိုးလာပါလား'

'မိန်းမဆိုရင် မိန်းမဆန်တာပဲကောင်းပါတယ် စိုး စိုးက ဇွဲသူငယ်ချင်းလေ စိုးရဲ့ပြောင်းလဲမှုကိုအားပေးထောက်ခံခဲ့တဲ့ဇွဲက စိုးကိုကူညီသင့်တာပေ့ါ မဟုတ်ဘူးလား'

စိုးဇလပ် ကျေနပ်စွာပြုံးလိုက်သည်ကို ဇွဲကောင်းထက်က ငဲ့စောင်း အကြည့် မြင်လိုက်သည်။ မြုံးလိုက်လျှင် အင်မတန်ကို ကျက်သရေက အလှကို ပံ့ပိုးဖြည့်စွက်လိုက်လေသည်။ ဇွဲရင်ကိုလှုပ်ခတ်သွားစေသည်။ သို့သော် ချက်ချင်းပင် ထိန်းချုပ်ပြီး စိုးဇလပ်စာသင်ယူရမည့်အတန်းသို့ပို့ပေးလိုက်သည်။ ကျောင်းသူ ၁ဦး ၂ဦးနှင့်အဖော်ရရှိသွားသောအခါ

'ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းလေးကို ခင်ဗျားတို့လက်ထဲအပ်ခဲ့ပြီ ကျောင်းဆင်းရင် သူ့အစ်ကိုလာကြိုလိမ့်မယ် စိတ်ချသွားမယ်နော်'

ဇွဲကို စိုးဇလပ် မျက်စောင်းထိုးလိုက်မိသည်။

'ဘုရားရေ ဒီချစ်မျက်စောင်းမျိုး ထိုးတတ်ဖို့ သူ့အားဘယ်သူမှမသင်ပေးခဲ့ဘဲ သူ့အလိုအလျောက်တတ်နေပါလား' ဟုစိုးက တွေးမိပြီး လျှာလေးတစ်လစ်ဖြစ်သွားလေသည်။ ဇွဲက စိုး၏တုန့်ပြန်ချက်ကို ရင်ထဲမှမချင့်မရဲလေးခံစားလိုက်ရပြီး စားပွဲကိုလက်သီးနှင့်ဖွဖွလေးထုပြီး

'အားလုံးပဲခွင့်ပြုပါဦး နောက်အားလုံးကို ကျေးဇူးပြုပါဦးမယ် စိုး ဇွဲသွားမယ် ဖြစ်ပါတယ်နော်'

စိုးက ဇွဲအား ပြုံးပြလိုက်သည်။





'ကျေးဇူးပဲ ဇွဲ ကိုယ့်ကိုသာ ကြိုခိုင်းလိုက်နော် သူ့ မင်းအဲ ဇွဲဆီကို ဖုန်းဆက်လိမ့်မယ် ကိုလတ်နဲ့ကိုထွေးရောပဲ'

'ဟုတ်ကဲ့ပါ အစ်ကိုတွေမေးသမျှ ကိုယ်သေသေချာချာ ဖြေပေးလိုက်ပါ့မယ် စိတ်ချလက်ချသာနေခဲ့တော့'

'အိုကေ သွားတော့လေ ဇွဲ'

ဇွဲကမခွဲနိုင်မခွာရက်ပုံစံလေးဖြစ်နေရာ စိုးဇလပ်က မြုံးကာ တာ့တာ လုပ်ပြလိုက်တော့မှ ဇွဲသည် ကျေနပ်ပြုံးပြုံးကာ ထွက်သွားလေတော့သည်။

'မလွယ်ပါလား အချစ်ဆုံးသူငယ်ချင်းတွေ မခွဲနိုင်မခွာရက် စိတ်မချနိုင်ပုံက ကိန္နရာမောင်နှံချောင်းခြားနေကြသလိုပါလား'

သူငယ်ချင်းအသစ်လေးက သူ့အား နောက်ပြောင်လိုက်သည်။ ထိုနောက်ပြောင်မှုကို စိုးဇလပ် ကျေနပ်စွာဖြင့် ပြုံးရုံပြုံးနေလိုက်သည်။

သူ့စိတ်ထဲ၌လည်း သူ့အပေါ် အစစအရာရာကောင်းလွန်းသော ဇွဲကောင်းထက်ကို သူတစ်ယောက်တည်း သီးသန့်ပိုင်ဆိုင်ချင်သည်။ ထို့ကြောင့် ဇွဲနှင့်ပတ်သက်ပြီး သူသာလျှင် တစ်ဦးတည်းမှုပိုင်ဖြစ်ဖို့ ဆိုတာကလည်း ခက်နေပြီ။ ကိုယ့်ရှုးတိုယ်မှတ် ဆိုသလို ဇွဲအား ချီနှောင်ထားခဲ့သော ကတိစကားကြောင့် ဇွဲဘက်မှဘာမှမစလာဘဲပြောင်းသွားလျှင် အခက်ကြီးခက်တော့မည်။

အင်း မိန်းမမာယာသဲကိုးဖြာလို့ ဘာကြောင့်များ စာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတွေက တင်စားကြပါလိမ့်။ မိန်းမမာယာဆိုတာ သင်ယူစရာ ကောလိုအပ်သလား။ သင်ယူစရာမလိုဘဲ နှလုံးသား၏စေ့ဆော်မှုကြောင့် ပေါက်ပွားလာတတ်သလား။

ခက်ပြီ။ မိန်းမအဖြစ်ကိုရောက်တော့လည်း လိုအင်တွေက များလာလိုက်တာ။ တော်ပြီ တော်ပြီ။ စာပဲ ဂရုစိုက်တာ ကောင်းပါတယ်ဟု တွေးပြီး သူငယ်ချင်းအသစ်များနှင့် တစ်ဦးကိုတစ်ဦး မိတ်ဆက်ရင်း သင်ခန်းစာပို့ချပေးမည့်နည်းပြ ဝင်အလာကိုစောင့်နေလိုက်ကြသည်။

*





## အခန်း (၃၁)

ဇွဲ မနေနိုင်။ ကျောင်းစတက်သောသူထံသို့ တောင်ငူတာဖုန်းကော၊ တောင်ကြီးကဖုန်းပါ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဝင်လာသည်။

'အဆင်ပြေပါတယ် ဖေဖေတို့ကို အထူးအဆန်းပြောရဦးမယ်'

'ဘာများလဲသားရဲ့'

'စိုးလေ'

'ဘယ်က စိုးလဲ'

'ဩော် ဖေဖေကလဲ. . မျက်နှာချင်းဆိုင်အခန်းက စိုးဇလပ်လေ'

'ဩော် အငယ်ဆုံးကောင်လေးလား'

'အဲ. . အငယ်ဆုံးကောင်လေးက ကောင်မလေး ဖြစ်သွားပြီဗျ'

www.burmeseclassic.com



'ဗျာရေ ဘာ ဘာ သား ဘာပြောလိုက်တယ် ပြန်မိန့်ပါဦး'

ဖေဖေက သူတို့မောင်နှမကို အမြဲအလိုလိုက်ကာ . . . နောက်နောက်ပြောင်ပြောင်နှင့် သူငယ်ချင်းလိုပေါင်းတတ်သူလည်းဖြစ်၍မေးခွန်းပြန်ထုတ်လိုက်သည်။

'စိုးဇလပ်က ထကယ်တော့ ယောက်ျားလေးမဟုတ်ဘူး ဖေဖေ မိန်းကလေးပဲ'

'ဟေ သားက ဘယ်လိုလုပ်သိသလဲ'

ဇွဲကောင်းထက်က စိုးနှင့်သူနှစ်ဦးတည်းသိသော လျှို့ဝှက်ချက်ကိုတော့ ဘယ်သူ့ကိုမျှဖွင့်ပြောလိမ့်မည်မဟုတ်ချေ။

'အစ်ကိုတွေက အန္တရာယ်ကင်းအောင် ယောက်ျားလေးလိုဝတ်ပေး သင်ပေးထားပြီး သူတို့သွားလေရာခေါ်နေကြတာကိုး ခုတော့ မရတော့ဘူး အချိန်က စကားပြောလာတော့ စိုးဇလပ်က မိန်းကလေးလိုဝတ်ပြီးကျောင်းတက်တော့ သားသိသွားတာပေါ့'

'အင်း ဒီအတိုင်းသာဆိုရင်တော့ သားက စိတ်နဲ့ခန္ဓာ အိုးစားကွဲပြီး ကျောင်းတက်ရတော့မယ်ထင်တယ်'

'ဘာပြောတာလဲ ဖေဖေ'

'သားရဲ့ခန္ဓာကိုယ်က အမ်စီမှာ စိတ်က ဝိုင်တီယူမှာ ကျောင်းတက်တော့မယ်ထင်တယ်လို့ပြောတာ'

'ဟာဗျာ ဖေဖေကလဲ'

'ဖေဖေကလဲ လုပ်မနေနဲ့ မင်းကောင်ထီးကလေး[illegible]





ကောင်မလေးဖြစ်သွားတော့ အတော်လှသွားမှာပဲ ထင်တယ် ဟုတ်လားသား'

ဇွဲက ရယ်လျက်

'ဟုတ်တယ် ဖေဖေ ရက်ရက်စက်စက် လှတယ် ကျွန်တော် ဧေနေလောက်အောင်ကိုလှတယ်'

'အင်း ဒါဆိုရင် မင်းမေမေကို ဖောက်သည်ချလိုက်ဦးမယ် ပုတီးစိပ်တော်ကြောင့်ရဲ့လားမသိဘူး မျက်လုံးက ဖေဖေ့ဆီ ပဲရောက်နေတာ ဟားဟား ဂွတ်နိုက်သား'

ဇွဲက ရယ်ကာဖုန်းချလိုက်သည်နှင့် ဖုန်းခေါ်သံကထွက်လာပြန်သည်။

'ဟဲလို'

'ဇွဲ [illegible]ယ်သူနဲ့ဆက်နေတာလဲ'

'ဖေဖေ့ဆီကဖုန်းလာလို့'

'အင်း စိုးအကြောင်းဖောက်သည်ချနေတာလား'

'ဟင် မမက သိပြီးပြီလား'

'သိတာမှကြာပြီ ကိုကြီးပြောပြတယ်လေ'

'အား ဟုတ်သားပဲ မမရဲ့နှစ်ကိုယ့်တစ်စိတ်ကြီး ရှိနေတာကိုး'

'ကောင်လေးနော် အစ်မကို စ,စရာလား ပုံကိုက ဧော်ဧော်အူမြူးနေတဲ့ပုံပဲ သိပ်လှလား'

'လှတယ် ရက်ရက်စက်စက်ကိုလှတယ် ကျွန်တော်စိတ်[illegible]လောက်အောင်ကိုလှနေတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက်တည်းရှိတဲ့သူဖြစ်ခြင်းကြောင့် ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းပင်ရှိရာ သူက ခံစားရသမျှကိုရင်ဖွင့်လိုက်သည်။

'စိတ်မချရင်လည်း ဖွင့်ပြောထားလိုက်ပေါ့ ဒါပေမယ့်ပညာရေးကိုတော့ အနှောက်အယှက်မဖြစ်စေနဲ့နော်'

'စိတ်ချပါမမရာ မမမောင်ပဲ ဒီအတွက်နဲ့တော့ ကျွန်တော့်ရည်မှန်းချက်ကိုအပျက်မခံနိုင်ပါဘူး နှလုံးသားနဲ့ဦးနှောက်တစ်ကဏ္ဍစီပဲ ကွိုင်ပူးမခံဘူး'

ဖွဲ့ကောင်းထက်၌ ယုံကြည်ချက် ရှိနေသည်။ ခွဲစိတ်အထူးကုသမားတော်ကြီးဖြစ်ရမည် ဟူသော ရည်ရွယ်ချက်ကတစ်ကဏ္ဍ။ ချစ်တာက တစ်ကဏ္ဍပင်။ နှလုံးသားကိစ္စကြောင့်ရည်မှန်းချက်ကိုစွန့်လွှတ်ရမယ်ဆိုခြင်းသည် ခပ်ညံ့ညံ့လူတွေ၏ဆင်ခြေသက်သက်ဖြစ်သည်ဟု ယုံကြည်သည်။

'အေး မင်းက ယောကျာ်းလေး စိတ်ဓာတ်ကလည်း မိဘမျိုးရိုးအလိုက် ခိုင်မာတယ်ဆိုတာ ငါယုံကြည်ပေမယ့်. . .'

'အဟမ်း ကိုယ့်ဘက်ကိုယ်ယက်. . .'

'ခွေးကောင်လေး အစ်မကို ပြောတာ နားထောင်စမ်း ဘုရားအလောင်းဥဒေါင်းမင်းတောင် မာယာကျော့ကွင်းက မလွတ်ကင်းနိုင်ရင် မင်းလိုသာမန်လူသားက. .'

ဖွဲ့ စိုးဇလပ်ကိုထိလျှင်မရတော့. .

'စိုးကလည်း မာယာကျော့ကွင်းဆင်မယ့်သူ မဟုတ်ပါဘူးမမရာ ဖွဲ့ကိုတောင် ပညာရှိဆန်ဆန်နဲ့နှိပ်စက်ထားတာ ကို





ရှည်ရှည်နဲ့လှန်ထားတယ်လေ'

'အင်း အဲဒါလဲ မာယာတစ်မျိုးပဲပေါ့ ကောင်းပါတယ်မိန်းမဆိုတာ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့အတွက် မာယာလက်နက်လည်း သုံးတတ်ရမယ် ဒါမှ မိန်းမဆန်သောမိန်းမဖြစ်လာမှာပေါ့ နောက်ရှိသေးတယ် ထားပါတော့ မိန်းမအချင်းချင်းယှိုင်းပင်းရမယ် ဘာပဲဖြစ်ဖြစ် စိုးကို မောင်လေး စောင့်ရှောက်ပေးမယ်လို့ မမယုံကြည်သလို စိုးအစ်ကိုတွေကလည်းယုံကြည်တယ်လေ'

'ဟုတ်တယ် ကျွန်တော်ကလည်း ယုံကြည်မှုကို အလွဲသုံးစားမလုပ်ပါဘူး'

'ယုံပါတယ် မမလည်း ရှေ့လလောက်ကို စာမေးပွဲဖြေဖို့ လာရလိမ့်ဦးမယ်'

'ဟုတ်လား မမ'

'အဲဒီအခါမှပဲ စိုး လှမလှ ကြည့်တော့မယ်လို့'

'ကျွန်တော့်မျက်စိထဲမှာတော့ ကမ္ဘာပေါ်မှာ အလှဆုံးပဲ'

'ကိုယ်ထင်ရင် ကုတင်ရွှေနန်းပေါ့ ကိုင်း ဒါပဲ ဘိုင့်'

မမဖုန်းချသွားပြီ။ သူ ဂျီအက်စ်အမ်ဖုန်းလေး ဖွင့်ထားလိုက်သည်။ စိုးက ဖုန်းခေါ်လျှင် ခက်မည်။ စိုးတို့တိုက်ခန်းအာလိုင်းဖုန်းတော့ရှိသည်။

ညနေက စိုးပြန်လာချိန်၌ သူကအတန်းမပြီးသေး။ လွဲသွားသည်။ ညနေကတော့ သူတို့အခန်းသို့ ဖွဲ့ကူးလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိုးက ရေချိုးနေသည်တဲ့။ ယခင်ကလို အပေါ်ထပ်သို့ စွတ်ခနဲမတက်ရဲတော့။ အလိုလိုရှိန်းသွားကြသည်။ ဒါကလည်း သွေးမတော်သားမစပ် ယောကျ်ားနှင့် မိန်းမတို့အတွက် လူနေထိုင်မှုအတွက် အလိုလို သိတတ် နားလည်ခြားနားသော လူမှုရေးစည်းကမ်းတစ်ချက်ဟု ဖွဲ့နားလည်သလို စိုးလည်းနားလည်သဘောပေါက်ပုံ ရသည်။ သို့သော် ချစ်စိတ်ကိုတော့ ဘယ်လောက်ကြာကြာမျိုသိပ်ပြီး စည်းချထားနိုင်မည်ကိုတော့ ဖွဲ့ကိုယ့်ကိုကိုယ်အာမခံနိုင်ရန် ခက်နေသည်။ စိုးချပေးထားသောစည်းကို စိုးကိုယ်တိုင် ရုပ်သိမ်းပေးမှသာလျှင် ရနိုင်မည်။ စိုး ဖုန်းမဆက်သောအခါ သူကပင်ဆက်ရန် ရည်ရွယ်ပြီးမှ ဖုန်းခတွေရဲ့ ဈေးနှုန်းက တက်နေပြီ။ အိမ်နီးချင်းပဲဟုဆိုကာ မျက်နှာပူပူနှင့် သူတံခါးသွားခေါက်လေသည်။ ကိုလတ်လာဖွင့်ပေးသည်။

'ဖွဲ့ လာလေ'

'မလာတော့ပါဘူး ကိုလတ် စိုးကော အိပ်ပြီလား'

'အိပ်သွားပြီ'

'မနက်ဖြန် စိုးကို ပို့ပေးရမလားလို့'

'မနက်ဖြန် ကိုငယ်ပဲ အကြိုအပို့လုပ်လိမ့်မယ် ကျေးဇူးပဲ ဖွဲ့ စိုးက ပြန်လာတော့ အစ်ကိုတွေကို ရန်တွေ့တယ် ဖွဲ့သာ မပါရင် သူ ဘယ်အခန်းဘယ်လိုသွားရှာရမယ်မှန်းတောင် မသိဘူးတဲ့ နောက်တော့ ကိုလတ်တို့သတိထားပြီး ကြိုပို့ပေးပါမယ် ကွာ ဖွဲ့ကိုတကယ်ကျေးဇူးတင်တယ်'

'ဟုတ်ကဲ့ ဒါဆိုလည်း ကျွန်တော့်ကို ကိုလတ်တို့



တဲ့နေ့ကြိုပြောထားပါ ကျွန်တော့်အတန်းချိန်တွေက စောနေလို့'

'အေးအေး ဒီတစ်ပတ်အတွက်တော့ ပြည့်သွားပြီ အဆင်ပြေပါတယ် ဖွဲ့လည်း ကိစ္စရှိရင် ကိုလတ်တို့ကိုပြောပါ အားမနာနဲ့'

'ဟုတ်ကဲ့ အိပ်တော့မယ် ကိုလတ်'

ဖွဲ့ မအီမလည်ကြီး ခံစားနေရပြီ။ စိုးကို ပို့ခွင့်ကြိုခွင့်မှမရလျှင် သူတို့အနေစိမ်းသွားတော့မည်။ ယခင်ကလို လွတ်လွတ်လပ်လပ် အခန်းကူးလည်ဖို့ကလည်း ရှိန်းနေကြပြီ။ အပြောကြီးခဲ့သောသူအား နှလုံးသားက ပညာပြနေပြီလား။ ထိုနေ့ညသူစာကျက်၍မရခဲ့ချေ။ လွတ်သွားသောစာများကို ပြန်ကူးပြီး အိပ်ရာဝင်ခဲ့လိုက်လေသည်။

မရွှေစိုးကတော့ အိပ်မောကျနေလောက်ပြီ။

*

www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၃၂)

စိုးဇလပ်သည် မှန်တင်ခုံတွင်အလှပြင်ရင်း ကိုယ့်ရုပ်သွင်ကိုယ်ကြည့်ကာ ပြုံးမိလေသည်။

ယခင်ကထက် ခြားနားနေပြီ။

အလှတွေကြွယ်ပြီး အလှဘုရင်မအဖြစ် ရွေးချယ်မှုကိုပင် ခံခဲ့ရသည်။

၁ဂနှစ်လုံးလုံး သဘာဝကို လွန်ဆန်ပြီး မြူမှောင်တွေပိန်းနေသော သောကကြောင့် စိတ်အနာတရဖြစ်ကာ အမှန်တရားတစ်ခုကိုဖုံးအုပ်ထားချင်သော အစ်ကိုတို့၏အစွဲအလမ်းလွင့်ပြယ်သွားသည့်နောက် လောကကြီး၏အလှအပ သာယာမှုတွေကို ကြည်ကြည်လင်လင်မြင်ရလေပြီ။

ပထမဦးဆုံးမြင်လိုက်ရသည်က မှန်ထဲ၌ ကြည်လင်နေသော မျက်နှာတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်၏ရှိသင့်ရှိထိုက်သောအလှအပ ဟူသမျှတို့ကို ပိုင်ဆိုင်ခွင့် ရရှိခြင်းကိုကပင် ထူးခြားသော ရှားပါးသော အတိတ်၏ကောင်းမှုတစ်ရပ်ပင်။

ကြတ္တိရုပ် ခန့် ဥစ္စာမည်သည်ဟူသောစာဆိုသည် မိန်းမတို့အတွက် အလေးထား တန်ဘိုးမြှင့်တင်ပေးထားခြင်းဖြစ်သည်ဟုစိုးဇလပ်သဘောပေါက်လာသည်နှင့်အမျှ မမြင်ဖူးသောခတ်ပုံကိုကြည့်ကာ ပုံရိပ်သဏ္ဍာန်ကိုပင် မှန်းဆ၍ပင်မရသော မိခင်မေတ္တာနှင့်ကျေးဇူးတရားကိုနားလည်သဘောပေါက်လာသည်။

ဖခင်ပေါ်၌လည်းခွင့်လွှတ်နားလည်မိလေသည်။

မိဘနှစ်ပါးကို စိတ်ထဲကြိတ်၍ တောင်းပန်နေမိသည်။ သမီးကို မိန်းမချောလေးအဖြစ် လူ့လောကကိုအရောက်ပို့ပေးခဲ့တဲ့ မေမေနဲ့ဖေဖေ့ကို ကျေးဇူးတင်ပါတယ်။ နောက်ဘဝတွေမှာလည်း မေမေ ဖေဖေတို့ရဲ့ သား သို့မဟုတ် သမီးအဖြစ်နဲ့ ပြည့်စုံတဲ့မိစုံဖစုံမိသားစုဘဝမျိုးရယူချင်ပါတယ်။

ဇွဲကို သူချစ်နိုင် မချစ်နိုင် မဆန်းစစ်ချင်သေး။

မိန်းမသားဘဝ၌ လှလှပပလေးနှင့် ကြွေရရလျှောက်လှမ်းချင်သေးသည်။ ဇွဲက မျောက်မီးခဲကိုင်မိသလို မနေနိုင်မထိုင်နိုင် သူ့အလစ်ကိုချောင်းကာ သူတို့တိုက်ခန်းသို့ ကူးလာတိုင်း အစ်ကိုတွေနား၌ သူနေကာ ဇွဲ၏အကူအညီကိုငြင်းဆန်လိုက်သည်။

'ဇွဲမျက်နှာပျက်နေလေပြီ။

'စိုးရေ အငယ်မလေး ဒီနေ့ကျောင်းသွားဦးမှာလား





'သွားမှာပါ လာပြီလာပြီ'

အဝတ်အစားခရေဇီဖြစ်တယ်လို့ပြောပြော တစ်နေ့တစ်မျိုး မရိုးအောင် ဝတ်ဆင်နိုင်သလို ခေါင်းမှခြေအဆုံး ဖက်ရှင်ကျအောင် ပြင်ဆင်ထားသည်။

ပင်ကိုယ်အလှအခံရှိသဖြင့် မျက်နှာကိုအထူးပြင်စရာမလို ခပ်ပါးပါးလောက်နှင့်ပြီးသည်။

'စိုး ကျောင်းသွားတော့မလား'

'ဟုတ်ကဲ့ ဒေါ်မယ်'

သူတို့တံခါးဖွင့်လိုက်သည်နှင့် သစ်သားတံခါးကိုဖွင့်ပြီးသံပန်းတံခါးကိုကိုင်ကာ ရပ်နေသော ဒွေးလေးက

'ဇုလိုက်တာ စိုးရယ် ဘာအရောင်ဝတ်ဝတ် လှတာပဲ'

'မုန့်ဝယ်ခဲ့မယ် ဒွေးလေး'

'အေးအေး'

လှေကားမှ ကိုငယ်နှင့်အတူ ဆင်းလာခဲ့သည်။ ကိုငယ်က ကျောင်းရှေ့ကားဝင်၍ရသည့်နေရာအထိ မောင်းပို့ပေးတာချခဲ့ပေးပြီးနောက် သူကျောင်းသို့ပြန်မောင်းသွားလေသည်။

'စိုး'

'ဟင် ဇွဲပါလား ဘယ်သူဆီလာတာလဲ'

ဇွဲရင်ထဲ ခံပြင်းသွားသည်။

မေးလိုက်သောမေးခွန်းက စိမ်းကားလွန်းသည်ဟု ထင်သည်။

'အတန်းမတက်နဲ့ တစ်နေရာရာကိုသွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



'သူရားရေ ဖွဲ့ဘယ်တုန်းက လူဆိုးဖြစ်သွားတာလဲဟင်'
'မင်းရဲ့စိမ်းကားရှောင်တိမ်းမှုကြောင့် ဖြစ်သွားတာ'
ဖွဲ့ မခံချိမခံသာဖြစ်နေသည်။

မိန်းမသားများ၏သဘောသည် စောကြောရ ခက်ခဲသည်။

နှုတ်ခမ်းကိုပိတ်ကာ ပိပိရိရိနှင့် တွန့်ရုံကလေးပြုံးလိုက်သော စိုးဇလပ်အပြုံးက အောင်နိုင်သူ၏လှောင်ပြုံးဟု သူထင်ကာ ရင်မှာဆတ်ဆတ်ခါနာကျင်လာသည်။

'ဖွဲ့ဘာဖြစ်နေတာလဲ မျက်နှာကြီးကလည်း သုန်မှုန်နေတာပဲ မှန်ကော ကြည့်ရဲ့လား'

'စိုး ကိုယ်တောင်းပန်ပါတယ် ကိုယ့်ကို တစ်ချိန်စာအချိန်ပေးပါလား'

ဖွဲ့ကို မငြင်းရက်တော့။

ဖွဲ့၏စေတနာ မေတ္တာနှင့်ကူညီခဲ့သော ဖြူစင်မှုများကို သူခံစားခဲ့ရပြီးဖြစ်သည်။

'လာ ကင်တင်းမှာသွားထိုင်ရင်း ဖွဲ့ပြောချင်တာ ပြောစိုးနားထောင်ပေးမယ်'

စကားပြောပုံကအစ ပြောင်းလဲလာသည်။

တစ်ပတ်ဆယ်ရက်အတွင်းပြောင်းလဲမှုက တကယ့်ကိုနတ်ရေကန်ထဲကျသွားရာမှ ပြောင်းလဲပြီး ပြန်တက်လာသည့် နတ်သမီးကိုယ်ပွားလို့ပင် သူထင်မှတ်နေသည်။

လမ်းလျှောက်ပုံကအစ သိမ်မွေ့ငြင်သာနေသည်။





ကင်တင်း၌ လူရှင်းချိန်ဖြစ်သည်။ နံနက်စောစော ဆိုတော့ အိမ်ကမစားသောက်ရသေးသူများသာ ကြိုကြားကြိုကြား ရှိနေသည်။

နေရာသန့်သန့်လေး၌ မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။ ကော်ဖီနှစ်ခွက်မှာလိုက်ပြီး ဖွဲ့က

'မင်းကိုယ့်ကို ဘာဖြစ်လို့ရှောင်နေတာလဲ'

'ဘာကိစ္စရှောင်ရမှာလဲ ဖွဲ့ထင်လို့ပါ'

'ကိုယ်အိမ်လာတဲ့အခါ ဘာဖြစ်လို့ထွက်မလာတာလဲ'

'မအားတာနဲ့ကြုံကြိုက်လို့ဖြစ်ပါလိမ့်မယ်'

စိုးဇလပ်က အေးဆေးစွာပင် ဖြေလေသည်။

'လသာဆောင်မှာ ကိုထွေး ကိုငယ်တို့နဲ့ ဂီတာတီးရင်ကော ခါတိုင်းလို ဘာဖြစ်လို့ထွက်မလာတာလဲ'

'အိုး ဖွဲ့ရယ် အရင်ကနဲ့တူတော့မလား လူအားလုံးက မိန်းမလို့သတ်မှတ်ထားမှတော့ ကျွန်မက မြန်မာမိန်းမသားတစ်ယောက်ရဲ့ကျေ့သိက္ခာရှိတဲ့အနေအထိုင်မျိုးပဲနေရမှာပေါ့ အစ်ကိုတွေကပေးတဲ့လွတ်လပ်ခွင့်ကို ကျွန်မက ပစ်စလက်ခတ်လက်လွတ်စပယ်သုံးပစ်လို့ဖြစ်ပါ့မလား'

ဖွဲ့ငြင်း၍မရပါ။

သို့သော် ရင်ထဲမှာတော့ ခံရခက်နေသည်။

အချိန်တိုတိုအတွင်းမှာ ပြောင်းလဲသွားလိုက်တာ မယုံကြည်နိုင်အောင်ပင်ဖြစ်မိသည်။

'ကိုယ်တို့က သူငယ်ချင်းတွေပဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်း သူငယ်ချင်းဆိုပြီး ဆိတ်ကွယ်ရာမှာကော ယောကျ်ားမိန်းမနှစ်ယောက်တည်းတွေ့လို့ဖြစ်ပါ့မလား'

'အဲဒါကိုက ကိုယ့်သိက္ခာကို စော်ကားသလိုဖြစ်နေပြီ'

'နေပါဦးဖွဲ့ရယ် အတန်းမတက်ဘဲ ဘာဆိုလုပ်တာလဲ'

'မင်းဆီလာတာ အိမ်မှာလည်း နှစ်ယောက်ချင်းမတွေ့ရ ကျောင်းကြိုကျောင်းပို့လည်း မလုပ်ရတော့ ကိုယ်မနေတတ်ဘူး'

ဖွဲ့တတ်နိုင်သမျှတော့ မြို့သိပ်ပြီး စိုးဇလပ်ကိုရှင်းပြလိုက်သည်။

'အဲဒါကိုက ဖွဲ့မှားတာ ဖွဲ့ရည်မှန်းချက်အတွက်ကို အဓိကထားရမယ် ဦးစားပေးရမယ်'

'သွားကဏ္ဍနဲ့ သူပါ စိုးရာ စိုးကိုယ့်အပေါ် အရင်ကလိုပဲ ပြန်နေပေးပါလား ကိုယ်တစ်ယောက်တည်းနေရတာပျင်းတယ်'

'ဖွဲ့ ဒါတော့ လွန်ပြီကွာ ကျွန်မက ရှင့်အပျင်းပြေဖို့ ပျော်တော်ဆက်လုပ်ပြီး ရှင့်အနားမှာခစားပေးနေရမှာလား'

စိုးဇလပ် မျက်နှာလေးတည်တည်နှင့်ပြောလိုက်သည်။ ဖွဲ့က ကော်ဖီကိုတစ်ငုံသောက်လိုက်ပြီး စိုးဇလပ်ကိုကြည့်ကာ

'ကိုယ့်ကို အပြစ်ရှာနေတာလား ကိုယ်စိတ်ထဲမှာ မင်းကိုထားတဲ့တန်ဘိုးက အကြီးမားဆုံးပါ'

'တွေ့ချင်တယ် မြင်ချင်တယ် အရင်တုန်းကလိုပဲ သွားလာချင်တယ်ဆိုတာဖွဲ့ရဲ့ဆန္ဒဖွဲ့ရဲ့အလိုလေ ဒါပေမဲ့ ယောကျ်ားဆိုတာ ကိုယ့်ရဲ့ဆန္ဒဟာ တစ်ဘက်သူကို အကျိုးယုတ်စေတယ်





ဆိုရင် ကိုယ့်ဆန္ဒကိုမျိုသိပ်ထားရမှာပေါ့'

ဖွဲ့ စိုးဇလပ်ကို နားမလည်နိုင်တော့။

'ဖွဲ့က စိုးနဲ့အရင်ကလိုဖဲ့နေချင်တယ်ဆိုတဲ့ဆန္ဒဟာ စိုးကိုအကျိုးယုတ်စေသလား'

'ယုတ်စေတယ်'

'ဟင်'

'အရင့်က စိုးဇလပ်ကို ဖွဲ့က ယောကျ်ားလေးလို့ပဲ ထင်တယ် မြင်တယ် ဒီတော့ ဖွဲ့က စိုးကိုဆက်ဆံပုံကအစ ပတ်ဝန်းကျင်အမြင်မှာ ရှင်းတယ် တင့်တယ်တယ်။ ဒါပေမယ့် . စိုးဟာ မိန်းမဆိုတာ ဖွဲ့သိသွားသလို ပတ်ဝန်းကျင်ကလည်းသိနေပြီ စိုးက ဖွဲ့နဲ့တွဲသွားတွဲလာလုပ်ပြီး တစ်နေ့မှာ စိုး အိမ်ထောင်ဘက်တွေ့လို့ အဲဒီအိမ်ထောင်ဘက်က စိုးနဲ့ဖွဲ့အပေါ် အမြင်မကြည်လင်ရင် စိုးတို့မိန်းမသားပဲ နစ်နာရမှာမဟုတ်လား'

ဖွဲ့ရင်ထဲ လက်မခံနိုင်တော့

'စိုး'

စားပွဲပေါ်တင်ထားသောစိုး၏လက်ဖျားကို လှမ်းအုပ်မိုးဆုပ်ကိုင်လိုက်သည်။

'ဟင် ဒါဘာလုပ်တာလဲ'

'စိုးရဲ့သူငယ်ချင်း စိုးရဲ့ချစ်သူ၊ စိုးရဲ့အိမ်ထောင်ဘက်ဟာ ဖွဲ့တစ်ယောက်တည်းပဲဖြစ်ရမယ် ဒီလိုဆိုရင် စိုး ဖွဲ့ကိုရှောင်နေဦးမှာလား'

'ကတိလည်း မတည်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



စိုးဇလပ်က ဖွဲ့လက်မှသူ့လက်ကိုရုန်းထွက်လိုက်သည်။ စိတ်ဆိုးဟန်တော့မပြချေ။

'ဟုတ်တယ် ရည်မှန်းချက်ကိုလည်း မထိခိုက်စေဘဲ နှလုံးသားစေ့ဆော်မှုကြောင့်ဖြစ်ပေါ်လာတဲ့ခံစားချက်ကိုလည်း လိုက်လျောလိုက်ကြရအောင်နော် စိုး'

'ဖွဲ့က လူဆိုးပဲ အချစ်ဆိုတာ စောစွာနဲ့နှောက်ကျွစွာပဲ ကွာချင်ကွာမယ် လူတိုင်းကြုံတွေ့ရမှာပဲ မှတ်လား'

'ဟုတ်တယ်လေ'

'ကျွန်မရဲ့မိန်းမသားဘဝက ခုမှစတင်တာ မွေးကင်းစ ပဲရှိသေးတဲ့အတွက် အချစ်ဆိုတာကြီးကို ရုတ်တရက် မကြိုဆို ချင်သေးဘူးဖွဲ့'

'ဟင်'

စိုးဇလပ် တော်တော်စကားတတ်တာပဲဟု ဖွဲ့ရင်ထဲမှတ် ချက်ချလိုက်သည်။

စိုးဇလပ် သူ့ဘဝကို သူမကျေနပ်။

အစ်ကိုတွေကို စိတ်ခုလေတိုင်း စာအုပ်တွေနဲ့သာ မိတ် ဆွေဖွဲ့ပြီးနေခဲ့သည့်အတွက် သူ့မိတ်ဆွေစာအုပ်များပြောသော သံယောင်ကိုလိုက်နေခြင်းဟု သူသဘောပေါက်လိုက်သည်။

'စိုးကို ကိုယ်ကလည်း ရုတ်တရက်ကြီး မကြိုဆိုခိုင်းပါ ဘူး အချစ်ဆိုတာကို စိုး သေချာစွာဆန်းစစ်နိုင်ပါတယ် ဒါပေ မယ့် စိုးသတိလစ်မှာစိုးလို့ သတိပေးပါရစေ စိုး အချစ်ကို လက် တဲ့ သွားမစမ်းပါနဲ့နော်'





စိုးဇလပ်က သွားမပေါ်အောင် ပိပိရိရိလေး ပြုံးလိုက် သည်။ ပြီးမှ

'ကျွန်မ နားလည်ပါတယ် မိန်းမကောင်းပန်းပန် တစ်ပွင့် တန်တဲ့လေ ကျွန်မ ဖွဲ့ကိုသူငယ်ချင်းသံယောဇဉ် ဖွဲ့ရဲ့ကူညီဖူး တဲ့ကျေးဇူးတွေကိုထောက်ထားပြီး ဖွဲ့ကိုချစ်ဇာယ်ထင်ပြီး လက် ခံပြီးကာမှတကယ်တမ်း မချစ်ဖူးဆိုတာမျိုးဖြစ်ပေါ်ခဲ့ရင် ကျွန်မ ဘာလုပ်ရမလဲ'

'ဟာ'

ဖွဲ့မျက်နှာ နီရဲသွားသည်။ အချစ်သည် အပြန်အလှန် သက်ရောက်တတ်သည်။ အချစ်၌ ရိုက်လင်းတန်း ရှိလျှင် ပြန် လင်းတန်းပြန်လာတတ်သည်ဟု ဖွဲ့ယုံကြည်သည်။

'မဟာနဲ့ဖွဲ့ ဥပမာဆိုတာလေးနဲ့ အဆိုးကိုလည်း ထား တွက်သင့်တယ်လေ'

'ကိုယ်က ကိုယ့်စိတ်ကိုကိုယ်သိတယ် စိုးမိန်းမမှန်းမသိ ခင်ကတည်းက စိုးကိုသူငယ်ချင်းအနေနဲ့ဦးစားပေးချစ်ခဲ့တယ်။ မိန်းမမှန်းသိတော့ စိတ်လှုပ်ရှားခဲ့တယ် စိုးက ရှောင်လေဝေးလေ ဖြစ်လေ ကိုယ်က စိုးနဲ့နီးချင်လေဖြစ်လာတယ်။ ဒါဟာ ကိုယ်စိုး ကိုချစ်နေတာလို့ နားလည်လာပြီး ကိုယ့်နှလုံးသားကိုကိုယ်ဆန်း စစ်ကြည့်တော့ ပေတစ်သီး ကျီးတစ်သားလိုအချစ်မျိုးနဲ့ စိုးကို ဘဝခရီးဖော်အဖြစ် ရည်ရွယ်ပြီချစ်နေတာလို့ နားလည်တယ်'

စိုးက ပြုံးပြုံးလေးနားထောင်နေသည်။ ပြီးမှ

'ကျွန်မကတော့ ဘဝမှန်ကို ဟန်ဆောင်မြူတိမ်ခိုးတိမ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွေရဲ့ ဖုံးလွှမ်းခြင်း ခံထားရတော့ မိဘနဲ့ သားသမီးချစ်ခြင်း ညီအစ်ကိုမောင်နှမချစ်ခြင်းတွေကိုတောင် မြင်တတ်ခဲ့တာမဟုတ်ဘူး ဖွဲ့ရယ်'

'စိုးရယ် ဖွဲ့ကိုယုံကြည်ပါ'

ဖွဲ့က ခခယယတောင်းပန်လိုက်သည်။ အချစ်မှာ မာနမရှိဘူးဟု သူယုံကြည်သည်။

'ကျွန်မ အခုမှ လောကကြီးကိုမြင်လာတာပါဖွဲ့၊ မိန်းမသားတစ်ဦးရဲ့ဘဝနဲ့ လောကကြီးကို အခုမှ ဘွားခနဲ ထိပ်တိုက်ရင်ဆိုင်လိုက်ရတာဆိုတော့ မိန်းမသားဆိုတာ စောင့်ထိန်းသင့်တဲ့အရာတွေ အများကြီးရှိတယ်'

'စိုးစကားတွေ ကိုယ်နားမလည်တော့ဘူးကွာ'

'ဒါလည်း သဘာဝကျပါတယ် ဘာဖြစ်လို့လဲ ဆိုတော့ ဖွဲ့က ယောကျ်ား၊ ကျွန်မက မိန်းမဖြစ်နေလို့ပဲ'

'မင်းကွာ အရင်စိုးသာဆို မင်းကို ဆွဲထိုးပစ်လိုက်ပြီ'

'ခု မလုပ်ရဲဘူးမှတ်လား ဒါလည်း သဘာဝပဲလေ. . ယောကျ်ားတစ်ယောက်ဟာ အားနွဲ့တဲ့မိန်းမသားတစ်ယောက်ကိုညှာတာရမယ် ဖွဲ့မှာ အဲဒီစိတ်ဓာတ်ရှိတာကောင်းပါတယ် ဒါပေမယ့် ဖွဲ့သဘာဝက လှတာလေးတွေ မြင်ရင် ရောခဲ့တာတွေရှိတော့'

ဖွဲ့ ကိုယ့်ရှူးတိုယ်ပြန်ပတ်ပြီ။

'အဲဒါ စိုးစိတ်ကိုစမ်းတာ သူတို့ကိုစိတ်ဝင်စားလို့မဟုတ်ဘူး တကယ်ပါ'





'ကဲပါ အချိန်လည်းမရှိဘူး ဖွဲ့စကားတွေ မှန်မမှန် ကျွန်မ လေ့လာဦးမယ် ကျွန်မနှလုံးသားကိုလည်း ကျွန်မ ဆန်းစစ်ရဦးမယ် ကံကြမ္မာက ဖန်တီးလို့ လူ့ဘဝထဲ မိန်းမသားတစ်ယောက်အနေနဲ့ရောက်လာခဲ့တဲ့ကျွန်မဟာ ကျွန်မရရှိလာတဲ့မိန်းမသားဘဝကိုတန်ဘိုးထားမြှင့်တင်ချင်သေးတယ်ဖွဲ့ အနေနီးစပ်လို့ သံယောဇဉ်တွယ်တာလေး တစ်ခုတည်းနဲ့ အချစ်ဖြစ်ပေါ်လာတယ်ဆိုတာလည်း မယုံချင်သေးဘူး ဒါကြောင့်ပါ'

'မင်းကွာ စိုး ကိုယ့်အပေါ် ရက်စက်တယ်'

ဖွဲ့က နာကျင်စွာညည်းတွားလိုက်သည်။ စိုးက ပြုံးအား

'စိတ်ချပါ ဖွဲ့ ကျွန်မရဲ့နှလုံးအိမ်ရဲ့ စေ့ဆော်မှုကြောင့်ဖြစ်ပေါ်လာတဲ့ ခံစားမှုအတော်များများကို ဖွဲ့က ပိုင်စိုးထားပါတယ် ခုမှ မိန်းမသားဘဝကို လမ်းလျှောက်စပြုနေတဲ့ကျွန်မကိုသာ လဲပြိုမသွားအောင် ဖွဲ့က သူငယ်ချင်းကောင်းအနေနဲ့ နားလည်မှုနဲ့ ဆက်လက်တွဲခေါ်သွားပေးမယ် မှတ်လားဟင် ကတိဖျက်တဲ့ဖွဲ့ကို ကျွန်မစိတ်မဆိုးခဲ့တာကို ဖွဲ့က ကျေးဇူးတောင်တင်သင့်သေးတာ'

ဖွဲ့က လက်နှစ်ဘက်ကို မြှောက်ပြလိုက်ပြီး

'အရှုံးပေးပါတယ်မစိုးဇလပ်ရယ် မိန်းမသားဘဝကို ခုမှလှမ်းလျှောက်စပြုပေလို့သာပဲ စကားအရာက လိမ်မာလှတာဗျာ ကောင်းပါပြီ စိုးကို ဖွဲ့ချစ်တယ် နောက်ဆုံးထွက်သက်အထိမျှော်လင့်ပြီးချစ်သွားမယ် စိုးအဖြေကိုလည်း အမြဲစောင့်မျှော် နေမယ် နေ့စဉ်နေ့တိုင်းလည်း စိုးကိုချစ်ကြောင်းနဲ့ တဆာ



www.burmeseclassic.com

www.burmeseclassic.com



ဆာနဲ့ စိုးအဖြေကိုလည်း တောင်းနေမှာပဲ အဲဒါဘာဖြစ်လို့လဲ သိလား'

'ဟင့်အင်း'

'ဘယ်သိမလဲ ခင်ဗျားကမိန်းမကိုး ကိုင်းမှတ်ထား ကျွန်တော်က ယောကျ်ားဖြစ်တဲ့အတွက် သူလိုချင်တာ ရအောင်ယူဖို့အတွက် နည်းဗျူဟာတွေ တတ်နိုင်သလောက် ထုတ်သုံးနေတာ ဖြစ်တယ်ဆိုတာပဲ'

ဇွဲကိုကြည့်ကာ စိုးက ကျေနပ်စွာပြုံးလိုက်သည်။

'ကောင်းပြီလေ ဇွဲက ဇွဲအပိုင်းနဲ့ကြိုးစားပေါ့ ကျွန်မကလည်း ကျွန်မနည်းကျွန်မဟန်နဲ့ ဇွဲကိုလေ့လာနေတယ်ဆိုတာ ဇွဲမမေ့ပါနဲ့ သွားတော့မယ် ဇွဲ အချိန်နီးပြီ'

'ကိုယ်လိုက်ပို့ပေးမယ်'

'မပို့ပါနဲ့ မျက်လုံးပေါင်း ထောင်သောင်းရှေ့မှာလည်း ကျွန်မ လမ်းမမှားအောင်လျှောက်တတ်နေပါပြီ ဇွဲ ဒါမှမကျေနပ်လို့လိုက်ချင်သေးသပဆိုရင်လည်း ကိုယ်ရံတော်အဖြစ်လိုက်ခဲ့ပေတော့'

ဇွဲ အောင့်သည်းအောင့်သက်ဖြစ်သွားသော်လည်း စိတ်မဆိုးပေ။ စိုးဇလပ်ဘေး ယှဉ်တွဲကာ စာသင်ခန်းအထိ လိုက်ပို့ပေးလိုက်လေသည်။ အချစ်မှာ သာသည်နာသည်မှမရှိပေဘဲ။ အမိပ္ပာယ်ဖွင့်ဆိုရခက်ခဲသော အချစ်က သူ့အား လွှမ်းမိုး ချုပ်ကိုင်ထားနေလေပြီ။

*





BURMESE CLASSIC

## အခန်း (၃၃)

နောက် ၂နှစ်ခန့်အကြာ။

ဇွဲကောင်းထက်က မိဘများကို မရမက ပူဆာတောင်းဆိုမှုကြောင့် ဇွဲ၏မိဘများက စိုးဇလပ်၏အစ်ကိုကြီးထံ စိုးဇလပ်ကိုတောင်းယူကာ ဆီဒိုးနားဟိုတယ်၌လည်းကောင်း၊ တောင်ငူမြို့ရှိ မိဘများနေအိမ်၌လည်းကောင်း၊ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်မင်္ဂလာဆောင်ပွဲ ကျင်းပပေးလိုက်ကြရလေသည်။

ကိုကြီးဒေါနဦးနှင့် သီရိကျက်သရေပင်လျှင် လက်ထပ်ရန် နောက်သို့တစ်နှစ်နောက်ဆုတ်ပေးလိုက်ရလေသည်။ တစ်နှစ်တည်း မင်္ဂလာနှစ်ခု မပြုကောင်း၍ ဟူသော မြန်မာအယူကြောင့်ပင်။

ကိုလတ်ထနောင်းညို၊ ကိုငယ်ကျော်စံကားနှင့် ကိုထွေးဘော်ကဆန်တို့မှာလည်း အိမ်ထောင်ပြုရန် စိတ်မကူးကြသေး။ ရည်းစားပင်မရှိကြသေး။'



www.burmeseclassic.com

www.burmeseclassic.com



ညီမချောလေးကို အလှည့်ကျကြိုပို့စောင့်ရှောက်နေရသောတာဝန်များမှလွတ်ကင်းသွားလျှင်တော့ သူတို့လွတ်လပ်သွားပြီး သူတို့ဘဝခရီးဖော်အတွက် သူတို့အချိန်ပေးနိုင်တော့မည်။

ဇွဲကောင်းထက်နှင့်စိုးဇလပ်တို့မင်္ဂလာပွဲတွင် သတို့သားကော သတို့သမီးပါ အလွန်ချောမောလှပသဖြင့် နေနဲ့လ စိန်နဲ့မြသဖွယ် လိုက်ဖက်ညီလွန်းလှသည်။

သတို့သားကော သတို့သမီးကော ပြုံးနေကြသည်။

သတို့သားအပြုံးကတော့ ရိုးစင်းသည်။ သူလိုချင်တာကို ရသည်။ သူချစ်သူကိုပိုင်ဆိုင်ခွင့်ရလိုက်သဖြင့် အလွန်ကျေနပ်သောအပြုံးဖြစ်လေသည်။

သတို့သမီးကတော့ နှုတ်ခမ်းပါးလေးတွန့်ကွေးရုံလေး ပြုံးသည်ဆိုရုံမျှလောက်ကလေး ပြုံးနေသည်။

သို့သော် သူ့အပြုံးသည် လှပသကဲ့သို့ အဓိပ္ပာယ်နက်ရှိုင်းမှုများစွာရှိလေသည်ကိုတော့ မိန်းမသားအချင်းချင်းသာ သိရှိနားလည်နိုင်လေမည် ထင်ပါသည်။

မြပုလဲခင်

နံနက် ၉း၄၅နာရီ

၁၂-၈-၂၀၀၄

BURMESE CLASSIC

www.burmeseclassic.com